အရဟံ

အရဟံ

# ဂုဏ်တော်တန်ခိုး

နှင့်

# သိဒ္ဓိအမျိုးမျိုး

သုသက

စာပေဝါသနာရှင်လူငယ်များပြုစုပျိုးထောင်သော

# စပယ်ဦး

စပယ်ဦးစာပေဖြန့်ချိရေး

ဘာသာရေးစာပေ ကြိုတင်ခွင့်ပြုချက်အမှတ် (၈၁၉)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက် အမှတ် (၃၀၄)
ခွင့်ပြုချက်အရ ထုတ်ဝေသည်။

သုသုက
(စာရေးသူ၏မူပိုင်)

ပြည်လုံးကျွတ်ဖြန့်ချိရာဌာန

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း၊ ရန်ကုန်မြို့။
(ဖုန်း-၇၆၃၇၈)

# ဓာရုပ်
# ဂုဏ်တော်တာဒိုဝိုး
နှင့်
# သိဒ္ဓိဓာပျိုးမျိုး

သုသုက

၁၈

ပထမအကြိမ်၊ ၁၉၇၀-ခုနှစ်၊ မေလ၊ အုပ်ရေ(၂၀၀၀)
ဒုတိယအကြိမ်၊ ၁၉၇၁-ခုနှစ်၊ စက်တင်ဘာလ၊ အုပ်ရေ(၂၀၀၀)
တတိယအကြိမ်၊ ၁၉၇၄-ခုနှစ်၊ မေလ၊ အုပ်ရေ(၁၅၀၀)

---

**မျက်နှာဖုံးပန်းချီ**
ပန်းချီ ဝေမွန်လင်း

---

**အော့ပ်ဆက်ဖလင်**
ဇမ္ဗူအေး ဘလောက်တိုက်

---

**စာအုပ်ချုပ်**
မိဘမေတ္တာ စာအုပ်ချုပ်

---

**ပုံနှိပ်သူ (မျက်နှာဖုံး/အတွင်း)**
ဒေါ်သန်းသန်း (၀၂၆၀၇) စပယ်ဦးပုံနှိပ်တိုက်
အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း
ရန်ကုန်မြို့။

---

**ထုတ်ဝေသူ**
ဒေါ်တင်တင်ရွှေ(၀၁၇၈၀) ကုဏ္ဍလာစာပေ
အမှတ် ၁၉၅၊ (၇)လမ်း၊ ၄-ရပ်ကွက်၊ တောင်ဥက္ကလာပ
ရန်ကုန်မြို့။

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| စာရေးသူ၏ ဥယျောဇဉ် | |
| ပါရမီရှင် သူမြတ်အပေါင်းသို့ (ယထာဘူတလမ်းညွှန်) | |
| လိုရာသိဒ္ဓိအမွှမ်းတည်း | ၁၇ |
| မြတ်စွာဘုရား၏အမှာ | ၁၉ |
| ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး | ၂၃ |
| ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးများ | ၂၅ |
| သိင်္ဂါလမာတာ | ၂၇ |
| ဖုဿဒေဝ | ၂၈ |
| ဗိတိဟုန် | ၂၉ |
| နန္ဒိဝါကိုဏ္ဍ | ၃၁ |
| ဘုရားတမိသူ | ၃၄ |
| ဗုဒ္ဓါနုဿတိ၏ ဂုဏ်ကျေးဇူးတော် | ၃၅ |
| မိဖုရားစောလုံနှင့် ဂုဏ်တော်တန်ခိုး | ၃၆ |
| ကန်တော့ပန်း | ၃၈ |
| အောင်ခြင်း (၈) ပါး အချုပ်ဂါထာ | ၄၀ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပုတီးစိပ်ခြင်း | ၄၄ |
| ပုတီးတရာ့ရှစ်လုံး | ၄၆ |
| ပဏာမ ပြင်ဆင်မှုများ | ၅၀ |
| ဘေးကင်းရန်ကွာ စည်းချရန် ဝါထာ | ၅၃ |
| အာဇီဝဋ္ဌမက သီလ | ၆၂ |
| ဂါရဝ တရားထိုင်နည်း | ၆၇ |
| သီလသစ္စာ | ၆၉ |
| အဓိဋ္ဌာန်သစ္စာ | ၇၀ |
| တိုင်တည်ခြင်း | ၇၁ |
| မေတ္တာကိုပွားပါ | ၇၂ |
| သူပြုတဲကုသိုလ် | ၇၃ |
| ကွန်ချာကြီးများ | ၇၅ |
| တရာ့ရှစ်နဝင်း | ၇၈ |
| ဂဏ်တော်ကွန်ချာကြီးနှင့် ထူးခြားချက် | ၈၀ |
| သရဏဂုံကွန်ချာကြီး | ၁၀၉ |
| သရဏဂုံသုံးပါးနှင့် မကြောင့်မကြ မတောင့်မတ (ဦးပညာ) | ၁၁၆ |
| သရဏဂုံသုံးဆယ် | ၁၂၂ |
| ပဋ္ဌာန်းကွန်ချာကြီး | ၁၃၁ |
| အဋ္ဌရာယ်ကင်း ၂၄ ပစ္စည်း စည်းချနည်း | ၁၄၄ |
| သာဓကများ | ၁၄၇ |
| ဂုဏ်တော်ကိုးပါး ရှိခိုးဆုတောင်း | ၁၅၀ |
| သိန်းဆုပေါက်နည်း (ဦးဘာစိန်) | ၁၆၀ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အကျိုးပေးမြန်သော ဂုဏ်တော်ကွန်ချာ | ၁၆၂ |
| ဂုဏ်တော်မြတ်ကိုးပါး အောင်သိဒ္ဓိဂါထာ | ၁၆၇ |
| ဂုဏ်တော်များအား ပွားများအားထုတ်သည့်အတွက် မဂ်ဖြစ်ပုံ | ၁၇၈ |
| ပထမံ ဦးအောင်၏ ပုတီးစိပ်နည်းများ | ၁၈၁ |
| စိပ်ပုတီးဖြင့် စေတီတည်ခြင်း | ၁၈၅ |
| စိပ်ပုတီးတန်ခိုး (အရှင်မဟောသမပဏ္ဍိတ) | ၁၉၁ |
| ဘုရားဂုဏ်တော်ကိုးပါး | ၁၉၉ |
| တရားဂုဏ်တော်ခြောက်ပါး | ၂၀၁ |
| သံဃာဂုဏ်တော်ကိုးပါး | ၂၀၄ |
| ဂုဏ်တော်နှင့် အညတြရဲဘော် (သူရ ကျော်မောင်) | ၂၀၉ |
| ကိုးဌာန ပုတီးစိပ်နည်း အကျဉ်း | ၂၁၆ |
| ကိုးဌာန ပုတီးစိပ်နည်းအကျယ် | ၂၁၉ |
| မဟာရဘနာ ဂုဏ်တော်ကြီး | ၂၂၈ |
| ဂုဏ်တော်ကိုးပါး အဓိပ္ပာယ်အကျဉ်း | ၂၄၆ |
| တရားဂုဏ်တော် ခြောက်ပါး အဓိပ္ပာယ် အကျဉ်း | ၂၄၈ |
| သံဃာဂုဏ်တော်ကိုးပါး အဓိပ္ပာယ်အကျဉ်း | ၂၄၉ |
| သရဏဂုံသုံးပါး အဓိပ္ပာယ်အကျဉ်း | ၂၅၀ |
| ပဋ္ဌာန်းပစ္စည်း ၂၄ ပစ္စည်း အဓိပ္ပာယ်အကျဉ်း | ၂၅၁ |
| ဘုရားဂုဏ်တော်ကိုးပါး ရှိခိုးဆုတောင်း အဓိပ္ပာယ်အကျဉ်း | ၂၅၅ |
| တနည်း ဘုရားဂုဏ်တော်ကိုးပါး ရှိခိုးဆုတောင်း အဓိပ္ပာယ်အကျဉ်း | ၂၅၇ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တရားဂုဏ်တော် ခြောက်ပါး ရှိခိုးဆုတောင်း အဓိပ္ပာယ်အကျဉ်း | ၂၅၀ |
| သံဃာဂုဏ်ကိုးပါး ရှိခိုးဆုတောင်း အဓိပ္ပာယ်အကျဉ်း | ၂၅၉ |
| ကြိုးစားသော သူမြတ်များအတွက် | ၂၆၀ |
| ပွဲတွေ့နည်းများ | ၂၆၂ |
| ဂုဏ်တော်များကို ပွားများအားထုတ်ရသော အကျိုး | ၂၆၃ |
| နမောဘဿ ဘုရားရှိခိုး | ၂၆၅ |
| လက်ဆောင်ပါးလိုက်ပါရစေ (ဦးစိုးမြင့်) | ၂၇၀ |
| နမောငါးချက် စီးပွားတက် | ၂၇၆ |
| ဂုဏ်တော်အနက် အတိုကောက်များ | ၂၇၉ |
| ဂုဏ်တော်ကိုးပါး အနုလုံ ပဋိလုံစိပ်နည်း | ၂၈၀ |
| ထူးခြားသော အရဟံဂုဏ်တော် | ၂၈၂ |
| အရဟံ ဂုဏ်တော်လေးပါး ပွားများအားထုတ်နည်း | ၂၈၄ |
| အရဟံဂုဏ်တော်နှင့် ကျင့်စဉ်ကြီး | ၂၈၆ |
| ဘုရားလေးဆူ (စ မ) ဘုရားရှိခိုး | ၂၉၀ |
| ဣဒ္ဓာသယ မနောမယိဒ္ဓိ ပုတီးစိပ်နည်း | ၂၉၂ |
| “တြင်း”ကြေ ဂုဏ်တော်ပုတီးပွားများ အားထုတ်နည်း | ၂၉၃ |
| ငါးစား၍အပြန် (တက္ကသိုလ် ကျော်ကျော်လှိုင်) | ၂၉၆ |
| အကျိုးပေးမြန်သော သရဏဂုံမန္တန်များ | ၃၀၆ |
| ကြံတိုင်းအောင်သော အန္တရာယ်ကင်း အကွယ်အကာ ပုတီးစိပ်နည်း | ၃၀၇ |
| သောကကင်းဝေး ပုတီးစိပ်နည်း | ၃၀၈ |

## မာတိကာ

**အကြောင်းအရာ** | **စာမျက်နှာ**


ဆင်းရဲကင်းသော ပုတီးစိပ်နည်း ၃၀၉
ထူးခြားသော ပထဝီဇယမန္တန်ကြီး ၂ ပုဒ် ၃၁၂
ပထဝီဇယမန္တန် ၁၄ ဂါထာအနက် ၃၁၄
မဟာအတုလပထဝီဇယမန္တန်တော်ကြီး ၃၁၉
တန်ခိုးလျှံသော ပထဝီဇယမန္တန်တော်များ ၃၂၀
၇ ရက် သားသမီးများ ကုသိုလ်ကံပွင့်
ဘုရားရှိခိုး ဆုတောင်း ဂါထာတော်များ
တနင်္ဂနွေ သားသမီးများ ၃၃၁
တနင်္လာ သားသမီးများ ၃၃၂
အင်္ဂါ သား သမီးများ ၃၃၄
ဗုဒ္ဓဟူး သား သမီးများ ၃၃၅
ကြာသပတေး သား သမီးများ ၃၃၆
သောကြာ သား သမီးများ ၃၃၇
စနေ သား သမီးများ ၃၃၉
ရွှေကျင်ဆရာတော်၏ မေတ္တာ ၃၄၂
မေတ္တာကို ကုသိုလ်ရရုံပွားနည်း ၃၄၅
အပ္ပနာချဉ်ရအောင် မေတ္တာပွါးနည်း ၃၄၆
မေတ္တာအဖွင့် ၃၄၇
မေတ္တာရှင် ဦးသီလ ကိုယ်တော် ၃၆၄
နေ့စဉ် ပါရမီဆယ်ပါး လွယ်လွယ်နှင့် အသားတက်သွားပုံနှင့်
မျက်မှောက်တွင် တွေ့ကြုံခံစားရသော မေတ္တာအကျိုး
ဆယ့်ဘပါး ၃၇၀

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မေတ္တာအဆီအနှစ်ကို ကျမ်းဂန်နှင့် ညှစ်၍ပြချက် | ၃၇၅ |
| ဘယ်ဘာသာနှင့်မဆို မေတ္တာပွားများ၍ | |
| အကျိုးများသော နွားမဝတ္ထု | ၃၇၈ |
| သူငယ်များပင် ပွားများချင်စရာ မေတ္တာ | |
| ပွားများနည်း အမျိုးမျိုး | ၃၈၁ |
| မေတ္တာဖြင့် စည်းချခြင်း | ၃၈၅ |
| ပါဠိ မြန်မာ မေတ္တာပို့တမှု | ၃၈၈ |
| ပေးသနားတော်မူသော မေတ္တာကို ခံယူပုံ | ၃၉၁ |
| အမျှဝေ | ၃၉၄ |
| မေတ္တာပို့ခြင်းနှင့် ပတ်သက်၍ ဖြည့်စွက် တိုက်တွန်းချက်များ | ၃၉၆ |
| စာရေးသူ၏ နိဂုံး | ၄၁၀ |

# စာရေးသူ၏ ဥယျောဇဉ်

အချင်းသူတော်ကောင်း....

ဤ "ဂုဏ်တော် တန်ခိုးနှင့် သိဒ္ဓိအမျိုးမျိုး" စာအုပ်ငယ်အား ပြုစုရန် အနှစ်နှစ် အလလမှ စိတ်တွင်းဝယ် ချင်ခြင်းတပ်မက်သကဲ့သို့ တောင်းမိပါသည်။ သို့သော် ရေးနိုင်သောစွမ်းအားလည်းမရှိ၊ အကြောင်းလည်း မတိုက်ဆိုင်ခဲ့ပါ။ ထို့ကြောင့် ဂုဏ်တော် တန်ခိုးနှင့် သိဒ္ဓိအမျိုးမျိုးတို့သည် စာရေးသူ၏ စိတ်ကူးယဉ်အိပ်မက်ဝယ် ဝိုးတဝါး ရှိနေပြီး မကြာမီ ပျက်ပြယ်သွားပါသည်။

ဤစာအုပ်မျိုး ရေးက မြန်မာနိုင်ငံတွင် ထုတ်ဖူးခဲ့ပါသည်။ သို့သော် ပြည့်ပြည့်စုံစုံကား မဟုတ်၊ တပိုင်းတစနှင့် အတိုအစများသာ ဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူသည် ဤဂုဏ်တော်တန်ခိုးနှင့် သိဒ္ဓိအမျိုးမျိုး စာအုပ်ငယ်ကို ပြုစုရေးသားရန် စိတ်ဆန္ဒ ပြင်းပြခဲ့ရပါသည်။ ဤပြင်းပြခဲ့သည့် ဆန္ဒကိုလည်း ပြည့်စုံစေရန် ရှင်တော်ဗုဒ္ဓထံမှောက်၌ ဝတ်ပြုသည့်အခါတိုင်း နေ့စဉ် ဆုတောင်းခဲ့ပါသည်။ ဤဆုတောင်းကားပြည့်ပါပြီ....

# စာရေးသူ၏ ဥယျောဇဉ်

ဤ 'ဂုဏ်တော်တန်ခိုးနှင့် သိဒ္ဓိအမျိုးမျိုး' စာအုပ်ငယ်အား ထုတ်ဝေရန် အကြောင်းအမျိုးမျိုးက တိုက်ဆိုင်လာပါသည်။ ရေးသားဖြစ်အောင်လည်း အကြောင်းအမျိုးမျိုးက နှိုးဆော်လာပါသည်။ ထို့ကြောင့် ဤစာအုပ်ငယ်အား ထွက်ရှိလာရန် အချိန် တိုတိုဘောင်းဘောင်း အတွင်းတွင် အပြင်းအထန် ကြိုးစားခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ် ဗိဋကတ်တိုက်နှင့် အမျိုးသားစာကြည့်တိုက်တို့၌ လိုအပ်သော အချက်အလက်များကိုပါ ထပ်မံ ရှာဖွေ လေ့လာခဲ့ပါသည်။

မြန်မာလူမျိုးတို့သည် ကိုရင်ဘဝမှသည် စိပ်ပုတီးကို လက်မှ ကိုင်ဆွဲခဲ့ကြသည်။ ယခုအခါတွင် လူငယ် အများ အပြား ပုတီးသမားအဖြစ် ဝမ်းသာဖွယ်ရာ တွေ့ရသည်။

အခါကြီး ရက်ကြီးများ၊ လပြည့် လကွယ် နေ့များတွင် ကျောင်းကန်ဘုရားတို့၌ ဥပုသ်သည်တို့ဖြင့်ပြည့်ကျပ်နေသည်။ ဥပုသ်သည်တိုင်း စိပ်ပုတီးလက်ကိုင်ထားသည်။ 'ဗုဒ္ဓါနုဿတိ ဘာဝနာ'ကို ပွားများသည်။

ယနေ့ မြန်မာနိုင်ငံတွင် အခါကြီး ရက်ကြီးများ၌သာ မဟုတ်။ နေ့စဉ် ဘုရားပေါ်တက်၍ ပုတီးစိပ်သူများ၊ ဆိတ်ငြိမ် ရာ၌ ပုတီးစိပ်သူများ မိမိအိမ်၌ ပုတီးစိပ်သူများဖြင့် စည်ကား သိုက်မြိုက်နေသည်။ ဤသည်မှာ အလွန် မွန်မြတ်သော မြန်မာ တို့၏ သွင်ပြင်လက္ခဏာရပ်များ ဖြစ်ပါသည်။

ယိုသို့ ယနေ့မြန်မာနိုင်ငံ၌ ရှိနေသော အခြေအနေသည် စာရေးသူအား ဂုဏ်တော်တန်ခိုးနှင့် သိဒ္ဓိအမျိုးမျိုး စာအုပ် ငယ် ရေးသားရန်အကြောင်း ဖန်တီးသကဲ့သို့ ရှိနေပါသည်။ ထို့ကြောင့် အကျိုးတရား ဖြစ်စေရန်အတွက် စာရေးသူသည် တိုတောင်းသော အချိန်ကာလ၌ပင် ဤကျမ်းကို ပြုစုလိုက်ရ ပါသည်။

## စာရေးသူ၏ ဥယျောဇဉ်

ဤကျမ်းတွင် စာရေးသူ လက်လှမ်းမီသမျှတို့အား ရှေးသူတော်စင်ကြီးများ၏ ဩဝါဒ စရိယအတိုင်း ရေးသားခဲ့ပါသည်။ ပြည့်စုံနိုင်သမျှ ပြည့်စုံရန်လည်း ကြိုးပမ်းခဲ့ပါသည်။ သူ့အခန်းကဏ္ဍအလိုက်၊ ခွဲခြမ်းစိတ်ဖြာခဲ့ပါသည်။ သို့သော် ပြီးပြည့်စုံနိုင်ဦးမည်တော့ မဟုတ်ပါ။ သို့သော် ရှေးသူတော်စင်ကြီးများ၏ ဩဝါဒ စရိယအတိုင်း စနစ်တကျ အားထုတ်ချင်သူများ-

ဂုဏ်တော်ကို တခမ်းတနား၊ အသေးစိတ် ခွဲခြမ်းစိတ်ဖြာ၍ ပွားများအားထုတ်ချင်သူများ-

ဂုဏ်တော်ကို ကျင့်စဉ်တရပ်အဖြစ် စနစ်တကျ ကျင့်ကြံ အားထုတ်ချင်သူများအတွက် မကွယ်မဝှက် ပညာခန်းဆိုင်ရာများကို အသေးစိတ် တင်ပြထားပါသည်။

### အချင်းသူတော်ကောင်း....

ထို့ကြောင့် သင့်လက်၌ ရောက်ရှိနေသော ဤစာအုပ်ငယ်သည် သင့်ရှေ့၌ ခင်းကျင်း၍ ပြသထားသော ကျောက်မျက်ရတနာများကဲ့သို့ ရှိပါမည်။ အလုံးကြီးကြီးလည်း ရှိပါသည်။ သေးသေးလည်း ရှိပါသည်။ အရောင်မျိုးစုံ တောက်ပ၍ နေပါသည်။ မိမိ ကြိုက်နှစ်သက်သော ကျောက်မျက်ရတနာများကို လိုသလို ရွေး၍ ယူနိုင်သည်။ အချင်းသူတော်စင် လက်၌ ရောက်ရှိနေသော ဤစာအုပ်ပါ ဂုဏ်တော်များကို ကြိုက်သလို ပွားများနိုင်ပါသည်။ ကျောက်မျက်ရတနာများကို ရွေးလိုက်သောအခါ အရောင်အမျိုးမျိုး ထွက်လာသလို ဂုဏ်တော်အမျိုးမျိုးကို ပွားများ အားထုတ်လိုက်သောအခါ သိဒ္ဓိအမျိုးမျိုး ရရှိလာမည် ဖြစ်ပါသည်။ ပြောမယုံ ကြုံမှသိ

## စာရေးသူ၏ ဥယျောဇဉ်

ဆိုသကဲ့သို့ မိမိကိုယ်တိုင် ပွားများ အားထုတ်လျှင် မိမိ ကိုယ်တိုင် ခံစားစံစားရမည်သာ ဖြစ်ပါသည်။ အဘယ် မျှလောက် တန်ခိုးကြီးမား၍ အဘယ်မျှလောက် မြင့်မြတ် အဖိုးမဖြတ်နိုင်ကြောင်းကို မိမိ ကိုယ်တွေ့ ခံစားရမှ ဝိ၍ လေးနက်ပါသည်။

**အချင်းသူတော်ကောင်း....**

ဤစာအုပ်တွင် မလိုလားအပ်သော ချွတ်ယွင်းချက်များ၊ အမှားအယွင်းများ တွေ့ရှိပါက စာရေးသူ၏ အပြစ်သာ ဖြစ်ပါသည်။ အကယ်၍ ဤစာအုပ်ပါ နည်းနာ၊ နိဿယများ အတိုင်း ပွားများအားထုတ်၍ အကျိုးထူး ခံစားရပါမူ ဤဂုဏ်တော်များအား အမျိုးမျိုး ကြံဆခဲ့သော ရှေးသူတော် စင်ကြီးများကိုသာ ကြီးစွာသော ဥပကာရဖြင့် ပူဇော် ကန်တော့ပန်းဆင်ကြရန် ပန်ကြားအပ်ပါသတည်း။ ။

သုသုက

# ပါရမီရှင် သူမြတ်အပေါင်းသို့

အချင်းသူတော်ကောင်း....

အချင်း၌ ဖြည့်ကျင့်ပြီးအပ်သော ပါရမီရှိပါ၏။ ရှေးကမ္ဘာ ကမ္ဘာများနှင့် ဤဘဒ္ဒကမ္ဘာ၌ ရှင်တော်ဗုဒ္ဓတို့၏ သာသနာ အတွင်းတွင် အကြောင်းအားလျော်စွာ ဖြည့်ကျင့် ခဲ့ရသော ပါရမီများ ရှိခဲ့ကြောင်း ယုံကြည်ပါ။

ဖြည့်ကျင့်ခဲ့သော ပါရမီများမရှိခဲ့ပါမူကား ယခု ရှင်တော် ဘုရား၏ သာသနာတော်၌ သက်ဝင် ယုံကြည်နေရခြင်း ဖြစ် မည်မဟုတ်ပါ။ အချင်း၌ အချင်း ကိုယ်တိုင်ကပင်လျှင် ကိုယ့် ကိုယ်ကိုယ် ကြည်ညိုလေးစားလောက်သော စိတ်နှလုံးဓာတ် ဖြစ်ပေါ်လာခဲ့သည်များကို မှတ်မိပါလိမ့်မည်။ ဤသို့ စိတ်ရင်း ကောင်း မြင့်မြတ်ခြင်းတို့မှာ ရှေးအဆက်ဆက်က ဖြည့်ကျင့် ခဲ့၍ ဆောင်ရွက်ခဲ့ဖူးသော အကြောင်းတရား ပါရမီများ၏ အကျိုးကျေးဇူးပင် ဖြစ်ပါ၏။ ထိုပါရမီမျိုးစေ့ ကျေးဇူး တရားတို့သည် ယခုအခါ လက်ဆုပ်လက်ကိုင် ထင်ရှားစွာ မားမားမတ်မတ် ဖူးပွင့်လာရန် အချိန် ဆိုက်ရောက်နေ လေပြီ။

## ပါရမီရှင် သူမြတ်အပေါင်းသို့

ရှင်တော်မြတ်၏ သာသနာ ဗဟိုစည်ကြီးသည်ကား အချိန်မှန်မှန် ဆော်ယွန်းလျက်ရှိ၏။ သာသနာ့ အရောင်ဓာတ်ကြီးသည်လည်း လရောင် နေရောင်မျှမက လက်လက်ဝင်း ထွန်းလင်း တောက်ပလျက် ရှိ၏။ ဖြည့်ကျင့်ခဲ့ဖူးသော ပါရမီရှိပြီး ပုဂ္ဂိုလ်ကြီးငယ် ဉာဏ်ရင့် ဉာဏ်လတ် ဉာဏ်ငယ် အားလုံးတို့သည် သာသနာ အချိန်အတွင်း၌ သာသနာ့ အလင်းရောင်ကြီးတို့ကို ရယူကြ၍ ပါရမီမျိုးစေ့တို့၏ ဖူးပွင့်ဝေဆာ အဖြစ်ကို ရလျက် အမှောင်ဓာတ်သိမ်းပြီး သာသနာ့အလင်းနယ်၌ ရှင်တော်မြတ်၏ သားတော်စစ်စစ်၊ သမီးတော်စစ်စစ် အဖြစ်ဖြင့် ရှင်တော်မြတ်သည် ပင်ပန်းကြီးစွာ လေးသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်တိုင် ဖြည့်ကျင့်ရှာဖွေ၍ထားတော်မူခဲ့သော သာသနာ့ အမွေတော်အစစ်ကို ကြည်လင် ချမ်းသာစွာ ခံယူ၍ အားသစ်ဖြစ်ကုန်စို့။

ယထာဘူတ လမ်ညွှန်

# လိုရာသိဒ္ဓိအမွှမ်းတည်း

“နာနာအဟိတ်၊ စုန်းဘုတ်ပြိတ်နှင့်၊ ထိတ်ခတ်
သံကြိုး၊ လက်နက်မျိုးကို၊ မစိုးမနှောင့်၊ မကြောင့်မကြ၊
မကြောက် ရအောင်၊ ကာယ သိဒ္ဓိ၊ အငြှိသား၊
အောင်ဘိ ကွယ်ကာ၊ ဆိုရန်မှာမူ၊ တေဇာ ပြင်းရှိန်၊
အသူရိန်နှင့်၊ ဒေဝိန္ဒရာဇ်၊ အောင်ပွဲ ဖြစ်သော်၊
နတ်စစ်သည်ပုံ၊ ရဲယုံကြုံ၍၊ ကိုယ်လုံအောင်ဆု၊ ရမည်
မှုကို၊ ဤသတ္တုပဒေ၊ စိရင်ထွေဖြင့်၊ တောင်မေရုဖျား၊
နတ်လေးပါးတို့၊ စိုက်ထားလေးဆူ၊ တံခွန်ထူလည်း၊
လိုသူနတ်မင်း၊ လေးပါးချင်းတို့၊ မကင်းရာဂ၊ ဒေါသ
မောဟာ၊ ရှိသည်တာကြောင့်၊ အတ္တာနတ္တံ၊ အမြဲမှန်၍၊
ကြောက်ရွံ့သမျှ၊ ထိုနတ်တို့မှာ၊ ကိုယ့်ဖို့ကိုယ့်တာ၊ မလုံ
ရွာခဲ့၊ ရာဂဒေါသ၊ မောဟမဆံ၊ ကင်းဝေးလံ၍၊ မရွံ့
ကြောက်တတ်၊ မြတ်ထက်မြတ်မူ၊ ထိုနတ်လေးပါး၊
တန်ခိုးများထက်၊ ကိုးစားအလှန်၊ ယုံကြည်ရန်လျှင်၊
သုံးတန်အမြတ်၊ ရှိသတတ်ဟု၊ လူနတ်ဦးခွန်း၊ မိန့်တော်
ညွှန်းသည်၊ ရွှေခွန်းတော်ချက်၊ ထရှားလျက်ကို၊
ဆောင်ရွက်မခြား၊ မရှာမှားလင့်၊ သုံးပါးရတနာ၊
ဂုဏ်မြတ်စွာသည်၊ လိုရာသိဒ္ဓိ၊ အမွှမ်းတည်း”။

( နရသုခိ—ဆေးကျမ်းမှ )

# မြတ်စွာဘုရား၏အမှာ

အခါတပါး၌ ဘုရားရှင်သည် သာဝတ္ထိမြို့၏ အနီး ဇေတမင်း၏ ဥယျာဉ်တွင်းရှိ အနာထပိဏ်သဌေး၏ ကျောင်း၌ သီတင်းသုံးနေတော်မူ၏။

ထိုစဉ် ဘုရားရှင်သည် ရဟန်းတော်များကို "ချစ်သားရဟန်းတော်တို့" ဟု ခေါ်တော်မူ၏။ ထိုရဟန်းတော်များသည် ဘုရားရှင်အား "အရှင်ဘုရား" ဟု ရိုသေစွာ ထူးကြကုန်၏။ ဘုရားရှင်သည် ထိုရဟန်းတော်များကို အောက်ပါ အကြောင်းအရာများအား မိန့်ကြားတော်မူပေ၏။ မိန့်ကြားတော်မူပုံမှာ "ချစ်သားရဟန်းတို့ ရှေးကပင် တာဝတိံသာနတ်နှင့် အသူရာနတ်တို့၏ စစ်ထိုးပွဲသည် ပြင်းပြင်းထန်ထန် ဖြစ်ခဲ့ဖူးပြီ၊ ချစ်သားတို့ ထိုစဉ်အခါ စတုမဟာရာဇ် တာဝတိံသာနတ်တို့ကို ဤသို့ ပြောဆို၏။ ပြောဆိုပုံမှာ...."

"အချင်းတို့ စစ်မြေပြင်သို့ သွားကြကုန်သော သင်တို့အား ကြောက်ခြင်း၊ ကြက်သီးထခြင်း၊ မွေးညင်း

ထောင်ခြင်းသည် အကယ်၍ ဖြစ်ခဲ့ငြားအံ့၊ ထိုအခါ ငါသိကြား၏ အောင်လံဖျားကို ကြည့်ကြ ကုန်လော့။ မှန်၏။ ငါသိကြား၏ အောင်လံဖျားကို ကြည့်ကြကုန်သော သင်တို့အား ကြောက်ခြင်း၊ ကြက်သီးထခြင်း၊ မွေးညင်း ထောင်ခြင်း ဟူသမျှ ငြိမ်းအေး ပပျောက်လတ္တံ့။

- ငါသိကြား၏ အောင်လံဖျားကို အကယ်၍ မကြည့် မကြကုန်သည် ရှိသော်၊ ပဇာပတိ နတ်မင်း၏ အောင်လံ ဖျားကို ကြည့်ကြကုန်လော့။ မှန်၏။ ပဇာပတိ နတ်မင်း၏ အောင်လံဖျားကို ကြည့် ကြ ကုန် သော သင်တို့အား ကြောက်ခြင်း၊ ကြက်သီးထခြင်း၊ မွေးညင်းထောင်ခြင်း ဟူသမျှသည် ငြိမ်းအေးပပျောက်လတ္တံ့။

- ပဇာပတိနတ်မင်း၏ အောင်လံဖျားကို အကယ်၍ မကြည့်မကြသည်ရှိသော် ဝရုဏနတ်မင်း၏ အောင်လံဖျားကို ကြည့်ကြကုန်လော့။ မှန်၏။ ဝရုဏနတ်မင်း၏ အောင်လံ ဖျားကို ကြည့်ကြကုန်သော သင်တို့အား ကြောက်ခြင်း၊ ရွံ့ခြင်း၊ ကြက်သီးထခြင်း၊ မွေးညင်းထောင်ခြင်း ဟူဟူ သမျှသည် ငြိမ်းအေးပပျောက်လတ္တံ့။

- ဝရုဏနတ်မင်း၏ အောင်လံဖျားကို အကယ်၍ မကြည့်မကြကုန်သည်ရှိသော် ဤသာန နတ်မင်း၏ အောင်လံ ဖျားကို ကြည့်ကြကုန်လော့။ မှန်၏။ ဤသာန နတ်မင်း၏ အောင်လံဖျားကို ကြည့်ကြကုန်သောသင်တို့အား ကြောက် ခြင်း၊ ကြက်သီးထခြင်း၊ မွေးညင်းထောင်ခြင်း ဟူဟူသမျှ သည် ငြိမ်းအေးပပျောက်လိမ့်မည်ဟု ပြောဆိုလေသည်။

"ချစ်သားရဟန်းတို့ - စတုမဟာရာဇ် တာဝတိံသာနတ်တို့၏ အရှင်သခင် သိကြားၡ၏ အောင်လံဖျားကို မော်ကြည့်ကြကုန်သောနတ်၊ ပဇာပတိနှင့် ဝရုဏနတ်မင်း၏ အောင်လံဖျားကို မော်ကြည့်ကြသောနတ်၊ ဝရုဏနတ်မင်း၏အောင်လံဖျားကိုမော်ကြည့်ကြသောနတ်၊ ဤသာနနတ်မင်း၏ အောင်လံဖျားကို မော်ကြည့်ကြကုန်သော နတ်တို့အားကြောက်ခြင်း၊ ကြက်သီးထခြင်း၊ မွေးညင်းထောင်ခြင်း ဟူဟူသမျှသည် ပျောက်သော်လည်း ပျောက်ရာ၏။ မပျောက်သော်လည်း ရှိရာ၏။ ထိုသို့ ပျောက်ခြင်း မပျောက်ခြင်းသည် အဘယ်ကြောင့်နည်းဟူမူ ချစ်သားရဟန်းတို့ "ပဇာပတ်၊ ဝရုဏ၊ ဤသာန၊ နတ်မင်းတို့နှင့်တကွ စတုမဟာရာဇ် တာဝတိံသာနတ်တို့၏ အရှင်သခင် ဘုရင်သိကြားသည် ရာဂလည်း မကင်းသေး၊ ဒေါသလည်းမကင်းသေး၊ မောဟလည်း မကင်းသေး သူကိုယ်တိုင်ကပင် ကြောက်ရွံ့တတ်၏။ သူကိုယ်တိုင်ကပင် ထိတ်လန့်တတ်၏။ သူကိုယ်တိုင်ကပင် တွက်ပြေးတတ်၏။ ဤအကြောင်းတို့ကြောင့် ထိုကြောက်ခြင်း၊ ကြက်သီးထခြင်း၊ မွေးညင်းထောင်ခြင်း ဟူဟူသမျှသည် ပျောက်သော်လည်း ပျောက်ရာ၏။ မပျောက်ပဲလည်းရှိရာ၏။

"ချစ်သားရဟန်းတို့ ငါဘုရားကား အမှန်ခင်ခစ် ဤသို့ ပြောပြဆိုးမ၏။ ချစ်သားရဟန်းတို့ တောအရပ်သို့ ဖြစ်စေ၊ သစ်ပင်ရင်းသို့ဖြစ်စေ၊ ဆိတ်ငြိမ်ရာအရပ်သို့ဖြစ်စေ ချဉ်းကပ်နေကြကုန်သော သင်ချစ်သားတို့အား ကြောက်ခြင်း၊ ကြက်သီးထခြင်း၊ မွေးညင်းထောင်ခြင်း အကယ်၍ ဖြစ်လာငြားအံ့။ ထိုအခါ ငါဘုရား၏ "အရဟံ"အစရှိသော ဂုဏ်ကျေးဇူးတော်များကိုသာလျှင် အထပ်ထပ်အခါခါ အောက်မေ့ကြကုန်လော့။

(တတိယအကြိမ်) ၁၄၄၃၂ ဝပါ သိဒ္ဓိ

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်

မှန်၏။ ချစ်သားရဟန်းတို့ ငါဘုရား၏ အရပ်အစရှိသော ဂုဏ်ကျေးဇူးတော်များကို အထပ်ထပ်အခါခါ အောက်မေ့ကြကုန်သော သင်ချစ်သားတို့အား ကြောက်ခြင်း၊ ကြက်သီးထခြင်း၊ မွေးညင်းထောင်ခြင်း ဟူဟူသမျှသည် ငြိမ်းအေးပပျောက်လိမ့်မည်။

"ငါဘုရား၏ ဂုဏ်တော်များကို အကယ်၍ အထပ်ထပ်အခါခါ မအောက်မေ့ကြကုန်သည် ရှိသော် တရားတော်၏ "သွာက္ခာတတာ"စသော ဂုဏ်ကျေးဇူးတော်တို့ကို အထပ်ထပ်အခါခါ အောက်မေ့ကြကုန်လော့။ မှန်၏။ ချစ်သားရဟန်းတို့ တရားတော်၏ သွာက္ခာတတာစသော ဂုဏ်ကျေးဇူးတော်ကို အထပ်ထပ်အခါခါ အောက်မေ့ကြကုန်သော သင်ချစ်သားတို့အား ကြောက်ခြင်း၊ ကြက်သီးထခြင်း၊ မွေးညင်းထောင်ခြင်း ဟူဟူသမျှသည် ငြိမ်းအေးပပျောက်လိမ့်မည်။ တရားတော်၏ ဂုဏ်ကျေးဇူးတော်တို့ကို အကယ်၍ အထပ်ထပ်အခါခါ မအောက်မေ့ကြကုန်သည် ရှိသော် သံဃာတော်၏ "သုပ္ပဋိပန္နတာ" စသော ဂုဏ်ကျေးဇူးတော်တို့ကို အထပ်ထပ်အခါခါ အောက်မေ့ကြကုန်လော့။ မှန်၏။ ချစ်သားရဟန်းတို့ သံဃာတော်၏ သုပ္ပဋိပန္နတာစသော ဂုဏ်ကျေးဇူးကို အထပ်ထပ်အခါခါ အောက်မေ့ကြကုန်သော သင်တို့အား ကြောက်ခြင်း၊ ကြက်သီးထခြင်း၊ မွေးညင်းထောင်ခြင်း ဟူဟူသမျှသည် ငြိမ်းအေးပပျောက်လိမ့်မည်။ ထိုသို့ငြိမ်းအေးပပျောက်နိုင်ခြင်းသည် အဘယ်ကြောင့်နည်းဟူမူ ချစ်သားရဟန်းတို့ သုံးတိုက်လုံး (သုံးလောက)၏ ဥဩယျဓိဟု အမှန်ကိုယ်တိုင် သိပေသည့် ငါဘုရားကား ရာဂလည်းကင်းပြီ၊ ဒေါသလည်းကင်းပြီ၊ မောဟ

လည်းကင်းပြီ၊ ကြောက်ခြင်းလည်းမရှိ၊ ကြက်သီးထခြင်းလည်း မရှိ၊ ထိတ်လန့်ခြင်းလည်းမရှိ၊ ထွက်ပြေးခြင်းလည်းမရှိ၊ ဤ အကြောင်းတို့ကြောင့် ထိုကြောက်ခြင်း၊ ကြက်သီးထခြင်း၊ မွေးညင်းထောင်ခြင်း ဟူဟူသမျှသည် အမှန်ငြိမ်းအေးပပျောက် နိုင်သည်'' ဟူ၍ မိန့်တော်မူပေသည်။

(ဓဇဂ္ဂသုတ်-ဒေသနာတော်)

## ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး

ဤသို့လျှင် ရှင်တော်ဗုဒ္ဓသည် ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးတို့ကို ဖွင့်ဆိုဖော်ညွှန်း ဟောကြားတော်မူခဲ့ပေသည်။ ဤလောကတွင် သုံးပါးမြတ်စွာ၏ ဂုဏ်ကျေးဇူးတို့သည် ကြီးမားလှပါပေ၏။

ဤသို့သော သုံးပါးရတနာတို့၏ ဂုဏ်ကျေးဇူးတို့ကို မမေ့မလျော့ ဆောက်တည်တော်မူကြကုန်သော သူမြတ်အပေါင်း တို့အား ရှင်တော်ဗုဒ္ဓသည် အဘယ်ကဲ့သို့သော ကောင်းကျိုးချမ်းသာကို ရရှိခံစားစေနိုင်ကြောင်းကို အောက်ပါအတိုင်း ဖွင့်ဆိုဟောကြားတော်မူခဲ့ပြန်ပေသည်။

၁။ ဧဝံ အစိန္တိယာဗုဒ္ဓါ၊
ဗုဒ္ဓဓမ္မာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။

၂။ ဧဝံ အစိန္တိယာ ဓမ္မာ၊
ဓမ္မေ ဓမ္မာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။

၃။ ဧဝံ အစိန္တိယာ သံဃာ၊
သံဃေ ဓမ္မာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။

(၃ ဂါထာလုံး အကျဉ်း)

ဤသို့ ဘုရား တရား သံဃာ ရတနာ သုံးပါးဟူသည် မကြံစည်နိုင်ကုန်၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတို့သည်လည်း မကြံစည်နိုင်ကုန်၊ ထိုသို့ မကြံစည်နိုင်ကုန်သော ရတနာသုံးပါးနှင့် ဂုဏ်ကျေးဇူး တို့ကို ကြည်ညိုမြတ်နိုးသူတို့အား မကြံစည်နိုင်သော အကျိုး ကျေးဇူးကို ရရှိခံစားရသည်။

(သံယုတ်-ပါဠိတော်)

ရှင်တော် ဗုဒ္ဓသည် ဤသို့ ရတနာ မြတ်သုံးပါး၏ ဂုဏ်တော် ကျေးဇူးတော်ကို ဖွင့်ဆိုခဲ့သည်။ ဖွင့်ဆိုခဲ့သည့် အတိုင်းလည်း သုံးပါး မြတ် ရတနာတို့၏ ဂုဏ်တော်အား အလေးအမြတ်ထား၍ ကြည်ညိုမြတ်သန်သောသူတို့၏ ဝတ္ထုများကို အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပေသည်။

# ရတနာမြတ် သုံးပါး
# ၏
# ဂုဏ်ကျေးဇူးများ

ဂေါတမရှင်တော်ဘုရား လက်ထက်တွင် အငှင်သဘုတိ အမည်ရှိ ရဟန္တာမြတ်ရှိသည်။ အရှင်မြတ်သည် လွန်ခဲ့သော ကမ္ဘာတသိန်း ပဒုမုတ္တရာဘုရားရှင် ပွင့်တော်မူစဉ် အခါက ဟံသာဝတီပြည်တွင် ကြွယ်ဝသော ပုဏ္ဏားမျိုး၌ နန္ဒမည်သော လုလင်ဖြစ်ခဲ့သည်။ ထိုနန္ဒပုဏ္ဏားသည် အရွယ်ရောက်သောအခါ ရသေ့ရဟန်းပြု၍ ဟိမဝန္တာ၌ ရှစ်သောင်းလေးထောင်ကုန်သော ရသေ့တပည့်တို့နှင့် တကွ နေထိုင်လေသည်။ ထိုစဉ် အခါ မြတ်စွာဘုရားသည် ရသေ့တို့ထံသို့ ဒေသစာရီ ကြွချီတော်မူလာရာ ရသေ့တို့သည် ပန်း၊ သစ်သီး အမျိုးမျိုးတို့ဖြင့် ပူဇော်သက္ကာရ ပြုကြလေသည်။ "ဘာဝေဟိ ဗုဒ္ဓါနုဿတိံ ဘာဝနာနံ အနုတ္တရံ" ဟူသော ဒေသနာတော်ဖြင့်....

"နန္ဒရသေ့ သင်သည် ဘာဝနာတကာတို့ထက် အမြတ်ဆုံးသော ဗုဒ္ဓါနုဿတိ ဘာဝနာကို စီးဖြန်းလေလော့" ဟု မိန့်တော်မူပြီး စီးဖြန်းစေတော် မူ၏။

(တတိယအကြိမ်) စပယ်ဦး၊ ၈၁၀ပေ

ထိုသို့ စီးဖြန်းသော နန္ဒရသေ့အား ဤသို့ ဗျာဒိတ် ပေးတော်မူခဲ့၏။

"နန္ဒရသေ့ သင်သည် ဤဗုဒ္ဓါနုဿတိ ဘာဝနာကိုစီးဖြန်းသော ကောင်းမှုကြောင့် ကမ္ဘာသုံးသောင်းပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ နတ်တို့ကို အစိုးရသော သိကြားမင်းအဖြစ်လည်း အကြိမ်ရှစ်ဆယ် ဖြစ်လတ္တံ့၊ လေးကျွန်းကို အစိုးရသော စကြာမင်းအဖြစ်လည်း အကြိမ်တထောင် ဖြစ်လတ္တံ့၊ ပဒေသရာဇ်မင်း၏ အဖြစ်ကိုကား မရေမတွက်နိုင်အောင် ဖြစ်လတ္တံ့၊ သင်သည် ဘဝကြီးငယ်၌ ကျင်လည် ရသော်လည်း အသုံးအဆောင် ရတနာတို့ဖြင့် ပေါများလတ္တံ့၊ ထိုသို့ ပေါများသော ရတနာတို့ဖြင့် အစဉ်ရှိနေမည်သာ ဖြစ်သည်။ ဤသို့ဖြင့် သင်သည် ကမ္ဘာတသိန်း အပါယ်သို့မလား၊ သင်သည် ကမ္ဘာတသိန်း လွန်မြောက်သော အခါ ဂေါတမ မြတ်စွာဘုရား လက်ထက်တော်၌ ကုဋေရှစ်ဆယ်သော ဥစ္စာရတနာ ကြွေးကျွန်သင်းပင်းတို့ကို စွန့်၍ သာသနာတော်၌ ရဟန်းပြုသဖြင့် သုဘူတိ မည်သော ရဟန္တာ ဖြစ်လတ္တံ့။ ဂေါတမ ဘုရားက သင့်ကို ချီးကျူး၍ ကောင်းမှုခံထိုက်သည်၏ အဖြစ်ကိုလည်းကောင်း၊ မြတ်သော အသက်ကို ခံထိုက်ခြင်း၌လည်းကောင်း ဤနှစ်ပါးသော အရာတို့၌ ဧတဒဂ်ထားလတ္တံ့" ဟူ၍ ဗျာဒိတ်ပေးတော်မူသည်။

နန္ဒရသေ့သည် ထိုဘဝမှ စုတေလေသော် ပဒုမုတ္တရဘုရားမြတ်၏ ဗျာဒိတ်တော်အတိုင်း ကမ္ဘာတသိန်း ကာလပတ်လုံး အပါယ်သို့ မလားပဲ။ လူ့ပြည်၊ နတ်ပြည်သို့သာ စုန်ချီ ဆန်ချီ ကျင်လည်၍ ဂေါတမဘုရားလက်ထက်တော်၌ ရဟန်းပြုသဖြင့်

အရဏဝိဟာရ၊ ဒက္ခိဏေယျ ဤနှစ်ပါးသော အရာတို့၌ ဧတဒဂ် ရသော သုဘူတိ ရဟန္တာ ဟူ၍ ထင်ရှားဖြစ်လာ၏။

အပါဒါန် ပါဠိတော်
ထေရဂါထာ အဋ္ဌကထာ။

## သိင်္ဂါလမာတာ

ထို့အပြင် သိင်္ဂါလ မာတာ မည်သော ဘိက္ခုနီမတပါးသည် ပဒုမုတ္တရဘုရားရှင် လက်ထက်တော်ဝယ် အမတ်ကြီး၏ သမီးဖြစ်ခဲ့လေသည်။ အရွယ်သို့ရောက်လျှင် ရဟန်းပြုလေသည်။ ထို့နောက် ရတနာမြတ်သုံးပါးတို့အား အမြတ်ဆုံး ဌာနရာ၌ ထားလေသည်။ တရားကိုလည်း အစဉ်ကြားနာလေသည်။

သိင်္ဂါလ မာတာသည် ဘုရားရှင်ကို ကြည်ညိုသောစိတ် အာရုံပြင်းထန်လေသည်။ ထိုကောင်းမှု အစုစု တို့ကြောင့် တသိန်းကမ္ဘာ ရှည်မြင့်စွာသော ကာလပတ်လုံး အပါယ်သို့ မလားပဲ ရှိခဲ့သည်။ ဂေါတမရှင်တော်ဘုရား လက်ထက်တော်သို့ ရောက်သောအခါ သူဌေးသမီးဖြစ်၍ သူဌေးသားနှင့် ထိမ်းမြားပြီး၊ သိင်္ဂါလ သတို့သားကို ဖွားမြင်လေသည်။ ထို့နောက် ရဟန်းပြုပြီးလျှင် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားစေ၍ ရဟန္တာမ အဖြစ်သို့ ရောက်လေသည်။

မြတ်စွာဘုရားအား ကြည်ညိုသော အမျိုးသမီးတို့တွင် ဤ သိင်္ဂါလမာတာသည် အထူးအကဲ အလွန် သဒ္ဓါကြည်ညိုသော အရာ၌ ဧတဒဂ်ရလေသည်။

(ထေရီ အဋ္ဌကထာ)

## ဖုဿဒေဝ

တဖန် ဖုဿဒေဝ မထေရ်သည် မာရ်နတ် ဖန်ဆင်း၍ ပြအပ်သော ဘုရားရှင်၏ အသွင်သဏ္ဌာန်ကို မြင်မိရာမှ "ရာဂ၊ ဒေါသ မကင်းပဲလျက် ဤမာရ်နတ်သည် တင့်တယ်သေး၏။ ရာဂ၊ ဒေါသ၊ မောဟ ကင်းပြီးသော ဘုရားရှင် ကိုယ်တော်မြတ်ကြီး မှာမူကား အဘယ်ဆိုဖွယ်ရာ ရှိချေအံ့နည်း၊ အလွန်လျှင် တင့်တယ်စွာ ရှိပေမည်တကား" ဟု ဘုရား၌ ညွတ်နူးသော ဗုဒ္ဓါရမ္မဏ ပီတိကို ရ၍၊ ဝိပဿနာကို ကြိုးစားပွားများ အားထုတ်လေလျှင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေသတည်း။

(ဓိနည် ပရိဝါ အဋ္ဌကထာ)

(ပီတိငါးမျိုး=ခုဒ္ဒကာပီတိ၊ ခဏိကာပီတိ၊ ဩက္ကန္တိကာပီတိ၊ ဥဗ္ဗေဂါပီတိ၊ ဖရဏာပီတိ ဟူ၍ ငါးမျိုးရှိသည်။)

ကြက်သီးမွေးညင်းထ၍ ရှင်လန်းနှစ်လိုခြင်းသည် ခုဒ္ဒကာပီတိဖြစ်သည်။ လျှပ်စစ်ပြက်သလို တခဏမျှ နှစ်လိုခြင်းသည် ခဏိကာပီတိ ဖြစ်သည်။ လှိုင်းတံပိုးအဟုန် လွှမ်းတက်သလို တကိုယ်လုံး လွှမ်း၍ နှစ်လိုဖွယ်ဖြစ်ခြင်းသည် ဩက္ကန္တိကပီတိ ဖြစ်သည်။ ကြကြရှရှ နှစ်လိုခြင်းသည် ဥဗ္ဗေဂါပီတိဖြစ်သည်။ လေပြည့်သော အဝတ်ပုဆိုးသို့ တဟူးဟူး ဖောင်းသလို တကိုယ်လုံး ပျံ့နှံ့စေ၍ တက်သော ပီတိသည် ဖရဏာပီတိ ဖြစ်သည်။ ဤပီတိ ငါးမျိုးတို့တွင် ဖရဏာပီတိကို ရမှသာလျှင် ဥပစာရစျာန်ကို ရသည်။ (အကျယ်ကို သိလို့မူ ဝိသုဒ္ဓိမဂ်ကို ရှုကြပါကုန်)

## မြတ်ဘုရားဂုဏ်နှင့် ပီတိအဟုန်

ဂီရိကဏ္ဍကျောင်း၏ ဂေါစရဂါမဖြစ်သော ဝတ္တကာလက အမည်ရှိသော ရွာသာရွာ၌၊ ဘုရား တရား သံဃာတော်တို့ကို အလွန်ရှိသေသော အမျိုးသမီး တယောက်ရှိသည်။ တညသ၌ သူမ၏ မိဘတို့သည် တရားနာရန်နှင့် တရားပွဲသို့ သွားရန် ပြင်ဆင်ကြသည်။ အမိအဘတို့က သူတို့၏ သမီးအား "ချစ် သမီး၊ သင်သည် လေးသော ကိုယ်ဝန်ရှိပေ၏။ ကာလမဟုတ် သွားခြင်းငှာမသင့်၊ ထို့ကြောင့် သင်ချစ်သမီး နေခဲ့ပါလော့" ဟု ဆိုသွားကြလေ၏။

ထိုအခါ အချိုးသမီးငယ်သည် လိုက် လို ငြား သော် လည်း မိဘတို့စကား မြေဝယ်မကျ နားထောင်သော အမျိုးကောင်း တယောက်ဖြစ်သည့်အားလျော်စွာ အိမ်၌နေပြီးလျှင် အိမ်တံခါး ၌ရပ်လျက် ငေးမျှော်ယင်း ကျန်ရစ်ခဲ့သည်။ ထိုညမှာ လမင်း ထိန်ထိန်သာလျက် ရှိသည်။ တောင်ထိပ်တွင်ရှိသော အာကာသ စေတီပြင်ကို ကြည့်သည်ရှိသော် ပရိသတ်တို့သည် စေတီတော် အား ပန်းနံ့သာ ဆီမီးတို့ဖြင့် ပူဇော်ခြင်းကို မြင်၍ နေရပေ သည်။ ထိုအခါ အမျိုးသမီးသည် "သူတပါးတို့မှာ မှုကား ဘုန်းကံရှိပေစွ တကား၊ စေတီပြင်သို့ သွား၍ တရားတော်ကို နာကြရကုန်၏" ဟု နှလုံးသွင်းလျက် ပုလဲဆိုင်နှင့်တူသော စေတီ တော်မြတ်ကို ဘုရားအသွင် အာရုံယူကာ ဥဗ္ဗေဂါပီတိ ဖြစ်၍ နေပေသည်။

ထိုစဉ် အမျိုးသမီးသည် ကောင်းကင်အပြင် အဇဋ္ဌာခွင်ဝယ် လေဟုန်ဖြင့် လွင့်စဉ်၍ မိဘတို့မရောက်ခင် စေတီရင်ပြင်ပေါ်သို့

ရောက်သွားပေသည်။ ထို့နောက် ကြည်ညိုလှသော သဒ္ဒါစိတ်တို့ဖြင့် မြတ်စွာဘုရားအား ရည်မှန်း၍ ဝတ်ပြုနေပေသည်။ ထိုစဉ် မိဘတို့ ရောက်လာပြီး....

"ချစ်သမီး၊ သင် ဘယ်သို့ ဤစေတီပေါ်သို့ ရောက်ရှိလာသနည်း" "သမီးကောင်းကင်ခရီးမှ ဤစေတီသို့ လာခဲ့ပါသည်" "သင် ချစ်သမီး ကောင်းကင်ခရီးဟူသည် ရဟန္တာအရှင်မြတ်များသာ သွားလာနိုင်ကြပေကုန်၏။ အမှန် ဖြေကြားလော့" ဟု အတန်တန် မေးလေသော် သမီးငယ်သည် လရောင်ဖြင့် မြင်နေရသော စေတီတော်အား မြတ်စွာဘုရားအမှတ်ကြည်ညိုသဒ္ဒါဖြစ်ရာမှ ရပ်သည်ကိုလည်း ရပ်မှန်းမသိ၊ ထိုင်သည်ကိုလည်း ထိုင်မှန်းမသိပဲ၊ ဤစေတီရင်ပြင်ပေါ်သို့ ရောက် လာ ရ ပုံ ကို အေးစိတ် ပြန်လည်ရှင်းပြလေသည်။ ထိုအခါကျမှ မိဘတို့က ယုံကြည်ကြလေသည်။

ယသ္မာ နုဿရ ဏေနာပိ၊ အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ မဓိ ဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ၊
သဗ္ဗုပ္ပဒ္ဒဝ ဇာလမှာ၊ ယက္ခာ စောရာဒိ သမ္ဘဝါ၊
ဂဏနာနစ မုတ္တာမံ။

ယဿ၊ အကြင်အရပ်အစရှိသော ဂုဏ်တော်အပေါင်းတို့ကို။ အနုဿရဏေနာပိ၊ အောက်မေ့ ဆင်ခြင်ကာမျှဖြင့်လည်း၊ အန္တလိက္ခေပိ၊ တည်ရာမထင် ထက်ကောင်းကင်၌လည်း၊ ပါဏိနော၊ ဇီဝိန်မပြတ် သတ္တဝါအရပ်ရပ်တို့သည်၊ ဘူမိယံဝိယ၊ တည်ရာထင်ရှား မြေပြင်များ၌ကဲ့သို့၊ သဗ္ဗထာ၊ ခပ်သိမ်းဝဝ ပကာရအားဖြင့်၊ ပတိဋ္ဌံ၊ မှီရာသမှု တည်ရာစုကို၊ အဓိဂစ္ဆန္တိ၊ ချမ်းသာ

သူခ ခံစားရ၍ ကမ္မအဟုန်ရကြကုန်၏။ ယက္ခာစောရာဒိသမ္ဘဝ ါ၊ ဘီလူး သူခိုး ရန်သူမျိုး စသည်ကြောင့်ဖြစ်သော၊ သဗ္ဗုပဒ္ဒဝ ဇာလမှာ၊ ခပ်သိမ်းဘေးရန် ကြမ္မာကံဟူသော ကွန်ရက်မှ၊ မုတ္တာနံ၊ ထွက်မြောက်ဖူးငြား သတ္တဝါအများတို့၏၊ ဂဏနာ၊ ဤရွေ့ဤမျှ ရှိပေစွဟု တွက်ကများပြား သချာများသည်။ နစအတ္ထိ၊ မရှိသည်သာတည်း။

(ဇေဂုသုတ်-ပါဠိတော်)

## အောက်လမ်းအတတ်နှင့် မြတ်ဗုဒ္ဓဂုဏ်တော်

သီဟိုဠ်ကျွန်း၌ မဟာတိတ္ထပဌ မည်သော ဆိပ်ကမ်းသာ ရွာ တရွာ ရှိလေသည်။ ထိုရွာ၌ နန္ဒိဝါဏိဇ္ဇ အမည်ရှိသော ကုန်သည် တယောက် နေသည်။ ထိုကုန်သည်သည် ရတနာ သုံးပါးကို ဆည်းကပ်ခြင်း၊ မေတ္တာကို ပွားများအားထုတ်ခြင်း ပြင်းထန် ပေသည်။

တရံရောအခါတွင် နန္ဒိဝါဏိဇ္ဇ ကုန်သည်သည် မယားအား အိမ်တွင် ထားခဲ့၍ တရပ်တပါးသို့ လှေကြီးဖြင့် စီးပွားရှာ ထွက်ခွာသွားပေသည်။

တနေ့သ၌ ထိုမဟာတိတ္ထပဌ ရွာကြီးတွင် ပွဲလမ်းသဘင် ကျင်းပလေသည်။ ထိုစဉ် နန္ဒိဝါဏိဇ္ဇ၏ ဇနီးချောသည် ပြတင်း ပေါက်မှ အမှတ်မထင် ပွဲကြည့်မိလေသည်။ ထိုစဉ် မဟာတိတ္ထပဌ ရွာခား သိဝ သည် နန္ဒိဝါဏိဇ္ဇ၏ ရှုမငြီးသော ချစ်ဇနီးကို

တွေ့၍ စွဲမက်သွားလေသည်။ ထို့ကြောင့် လူများလွှတ်၍ ကာမပိုင် ရှိ,မရှိ မေးမြန်း စုံစမ်းစေသည်။

ကာမပိုင် ရှိမှန်းသိသောအခါ သိဝ ရွာစားသည် ကျွန်မ တယောက်ကို ငွေအသပြာ ၁၀၀၀ ပေး၍ အောင်သွယ်ခိုင်းသည်။ ငြင်း၍ ဒုတိယအကြိမ် ငွေ ၂၀၀၀ ပေး၍ အောင်သွယ်ခိုင်းပြန်သည်။ ငြင်း၍ အောင်သွယ်ကျွန်မ ပြန်လာရပြန်သည်။ ထို့အတူ တတိယ အကြိမ် ၃၀၀၀၊ စတုတ္ထ အကြိမ်တွင် အသပြာ ၄၀၀၀ စသည်ဖြင့် ငွေဖြင့် မြူဆွယ်နေလေရာ နောက်ဆုံး သူ့ယောကျာ်း နန္ဒိဝါဏိဇ္ဇ မရှိလျှင်၊ သေဆုံးခဲ့လျှင် သိဝ ရွာစားအား ယူနိုင်မည် ဖြစ်ကြောင်း ပြောကြားလိုက်လေ့သည်။

ထိုအခါ သိဝ ရွာစားသည် အောက်လမ်း ဆရာ တယောက်အား အသပြာငွေ ၁၀၀၀ ပေး၍ လူသေအား သချိုင်း၌ မန္တန်ဖြင့် ဝိရင်ပြီး ထက်စွာသော သန်လျက်ကို ပေး၍ နန္ဒိဝါဏိဇ္ဇကုန်သည်အား သတ်ရန် စေလွှတ်လိုက်လေသည်။

အဆိုပါ ဖုတ်ဝင်နေသော လူသေကောင်သည် သန်လျက်ကို ထမ်းကာ နန္ဒိဝါဏိဇ္ဇ ကုန်သည်၏ လှေနောက်သို့ လိုက်လေ၏။ ထိုအသွင်သဏ္ဍာန်ကို လှေသမားများကမြင်၍ အော်ဟစ်ရာ 'နန္ဒိဝါဏိဇ္ဇ' ကုန်သည်က-

"အချင်းတို့ မကြောက်ကြလင့် ဘုရား၏ ဂုဏ်တော်၊ တရားတော်၏ဂုဏ်တော်၊ သံဃာတော်တို့၏ ဂုဏ်တော်တို့ကို ရွတ်ဖတ်ကြ ကုန်လော့" ဟူ၍ ပြောဆိုသည့် အတိုင်း လှေ

သမားတို့သည် ဂုဏ်တော်တို့ကို ရွတ်ဖတ်ကြကုန်၏။ ထိုအခါ ပြေးလာသော ဖုတ်ကောင်သည် လှေကြီးကို သံတံတိုင်းများ ခတ်၍ ထားသဖြင့် မဝင်နိုင်ပဲ ပြန်သွားပြီး သိဝရှာစားနှင့် အောက်လမ်း ဝိဇ္ဇာရှေ့တွင် လဲကျသေဆုံးသွားသည်။

ထိုအခါ သိဝရှာစားသည် အောက်လမ်း ဝိဇ္ဇာအား အသပြာ ၁၀၀၀ ပေး၍ ဒုတိယအကြိမ် နန္ဒိဝါဏိဇ္ဇ ကုန်သည်အား သတ်ရန် လူသေအား လွှတ်ပြန်သည်။ ထိုအကြိမ်တွင်လည်း ပထမအကြိမ်ကဲ့သို့ ဖုတ်ကောင်မှာ မကပ်နိုင်ပဲ ပြန်လာပြီး လဲကျ သေဆုံးသွားပြန်သည်။

တဖန် သိဝ ရှာစားသည် အလျှော့မပေးပဲ အောက်လမ်းဆရာအား နောက်ထပ် ငွေအသပြာ ၁၀၀၀ ပေး၍ လူသေအား အသက်သွင်းခိုင်းပြီး နန္ဒိဝါဏိဇ္ဇအား အသတ်ခိုင်းပြန်သည်။ ဖုတ်ကောင်သည် လှေကြီးရှိရာသို့ သန်လျက်ထမ်း၍ ပြေးလာရာ နန္ဒိဝါဏိဇ္ဇနှင့် တပည့် လှေသမားတို့သည် ဂုဏ်တော်တို့အား ရွတ်ဖတ်ကြရာ မန္တန်ဖြင့် စီရင်လွှတ်လိုက်သည့် လူသေကောင်မှာ အနားသို့ မကပ်နိုင်ပဲ လှည့်ပြန်သွားလေသည်။

သိဝ ရှာစားနှင့် မန္တန်ဆရာ ရှေ့သို့ ရောက်သောအခါ ၎င်းတို့(၂)ယောက်၏ ခေါင်းကို သန်လျက်ဖြင့် ဖြတ်၍ လဲကျသေဆုံးသွားလေသည်။

(သီဟဠဝတ္ထု)

## ✓ဘုရားတပည့်မိသူ ရွှေပန်းကုံးရ

ကဿပ မြတ်စွာဘုရား လက်ထက်တော်က ဖြစ်သည်။ မြွေအလမ္ပာယ် ဆရာတယောက်သည် မြွေဖမ်းရန်အသွား မိုးချုပ်၍ ရွာတရွာသို့ ဝင်ရောက်အိပ်လေသည်။ ထိုရွာသူ ရွာသားများမှာ ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများ အားထုတ်ကြသူများ ဖြစ်သည်။ ထို့ကြောင့် အလမ္ပာယ်ဆရာသည် တညလုံး ဒွတ်ဖတ်သံများကို ကြား၍ နေရပေသည်။

နံနက်သို့ ရောက်သောအခါ အလမ္ပာယ်ဆရာသည် မြွေဖမ်းရန် ထိုရွာမှထွက်၍ နဂါးမင်းကို မြွေအမှတ်ဖြင့် ဖမ်းလေရာ နဂါးမင်းသည် အမျက်ပြင်းစွာထွက်၍ အလမ္ပာယ်ဆရာကို သတ်ရန် လိုက်လေသည်။ ထိုအခါ အလမ္ပာယ်ဆရာသည် အသက်ဘေးမှလွတ်ရန်ပြေးရာမှ ကျောက်ခဲကိုတိုက်မိပြီး ''ဗုဒ္ဓါနုဿတိ'' ဘာဝနာကို ရွတ်ဖတ်မိသည်။ ထိုအခါ နဂါးမင်းသည် ''ထိုသူကား သူတော်ကောင်း ဖြစ်ပေဒွတကား။ သူယုတ်မာမဟုတ်၊ ထို့ကြောင့် ငါသည် ထိုသူအား မသတ်ဖြတ်ပဲ ချမ်းသာကို ပေးတော့အံ့''ဟု နှလုံးသွင်းပြီး ရွှေပန်းကုံး သုံးပွင့်ကို ပေးလေသည်။

''တပွင့်ကို စေတီအား ငါ၏ကိုယ်စား ပူဇော်လေ'' ဟူ၍လည်းကောင်း။

''တပွင့်ကို သင်၏ကိုယ်စား ပူဇော်လေ''ဟူ၍လည်းကောင်း။

''ကျန်တပွင့်ကို သင်အသက်မွေးလေ''ဟူ၍ ပြောဆို လွှတ်လိုက်လေသည်။

စပယ်ဦးစာပေ (တတိယအကြိမ်)

## ဗုဒ္ဓါနုဿတိ၏ ဂုဏ်ကျေးဇူးတော်

မဟာကပ္ပိန္န မင်းကြီးသည် ကုက္ကုဋဝတီ ပြည်ကြီးကိုစွန့်၍ ဘုရားရှင် ကိုယ်တော်မြတ်ကြီးထံသို့ လာခဲ့သည်။

ထိုစဉ် အစောက်တဂါဝုတ် အနံရှစ်ဂါဝုတ် ရှိသော အပရဝဇ္ဇာ မြစ်ဆိပ်သို့ရောက်သည်။ မြစ်ဆိပ်၌ လှေရှာသော် ကြာလင့်၍နေမည်၊ လှေမရှာပဲ ရတနာ မြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်၍"ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း"ကို စီးဖြန်းလျက် မြင်းစီး တထောင်နှင့်တကွ ဖြတ်၍ ဒုန်းစိုင်းလေသည်။ ထိုစဉ်ရေအပြင်ကို မြေပြင်ကဲ့သို့ စိုင်းနှင်သွားနိုင်ပြီး ခွာဖျားကိုမျှ ရေမစွတ်ပဲ မြတ်စွာဘုရားထံသို့ အေးချမ်းစွာ ရောက်ရှိသွားပေသည်။

(ထေရ အဋ္ဌကထာ)

အချင်းသူတော်ကောင်း....ဤသည်တို့မှာ ဘုရားရှင်၏ ဂုဏ်တော်တို့ကိုမမေ့မလျော့ ရွတ်ဖတ်ပွားများအားထုတ်ခြင်းကြောင့် ရအပ်သော ချမ်းသာသုခများ ဖြစ်ပါသည်။ အကျယ်ကိုသိလိုပါမူ "ဓမ္မပဒအဋ္ဌကထာ၊ ထေရာဂါထာအဋ္ဌကထာ၊ ထေရီအဋ္ဌကထာ၊ အပဒါန်ပါဠိ၊ ဝိမာနဝတ္ထုပါဠိအဋ္ဌကထာ"တို့ကို ကြည့်ရှုကြပါကုန်။

တဖန် ဦးကုလား၏ ရာဇဝင်တော်ကြီး၌ ရတနာမြတ်သုံးပါးတို့အား အထွတ်အမြတ် ထားခဲ့သော မိဖုရားစောလုံသည် ဖိုစင်သို့တက်တိုင်း မီးများငြိမ်း၍ ငြိမ်း၍ သွားခဲ့သည်။ နောက်ဆုံး စိတ်လျှော့လိုက်သော အခါမှသာ တခဏချင်း မီးများ လောင်ကျွမ်းသွားပုံကို အောက်ပါအတိုင်း ရေးသားမှတ်တမ်း တင်ခဲ့သည်။

## မိဖုရားစောလုံနှင့် ဂုဏ်တော်တန်ခိုး

မင်းကြီးကား နွေအခါသော် ရေဖျန်းကစားမြဲ ဖြစ်၍ နန်းတော်ကသည် မြစ်ဆိပ်တိုင်အောင် ကာရံမိုးစေ၍ မြစ်ဆိပ်မှာလည်း လူသူမမြင်သာအောင် ကာရံပြီးသော် နန်းတော်က မိဖုရားမောင်းမတို့နှင့်တကွ တနန်းဥမင်ထဲကိုကြွတော်မူ၍ရေဆိပ်မှာ ရေကစားတော်မူ၏။ တရံရောအခါမောင်းမငယ်တယောက်ကို နှုတ်ထည့်တော်မူ၍ မိဖုရားစောလုံ၏ မျက်စိ၊ မျက်နှာ၊ ဦးဆံကို ရှမ်းရှမ်းစွတ်စိုအောင် ရေပက်ရ၏။ စောလုံလည်း မင်းကြီးကို နှလုံးနာတော်မူ၍ မင်းကြီးစားတော်ဝယ် ဆေးခတ်ထည့်ပြီးသော် စောမောက်ကို "ငါကိုယ်မကျန်း ငါ့ကိုယ်စား မင်းကြီးကို စားတော် ကျွေးပါချေ"ဟူ၍ ဆို၏။ စောမောက်လည်း အဖြောင့်မှတ်၍စားတော်ကျွေးလေ၏။ စားတော်ခေါ်ကာ မူးမူးတွင် အောက်က ခွေးချေ၍ ထိုစားတော်ကို ခွေးကိုပေး၍စားစေ၏။ ခွေးလည်း ထိုထမင်းကို စားသောကြောင့် သေလေ၏။ မင်းကြီးလည်း ရှင်မောက်ကို စစ်မေးတော်မူသော် စောလုံစားတော်ဖြစ်သည်၊ ကျွန်ုပ်ကိုစားတော်ကျွေးပါချေဆို၍ ကျွေးရသည်ဟုနားတော်လျှောက်၏။ မင်းကြီးလည်းစောလုံကို ခေါ်တော်မူ၍ စစ်မေးတော်မူသော် မပြက်မကွယ်သာ ဖြစ်၍ ဤသို့ဆို၏။ "ဟယ်ပန်းပွတ်သည်မြေး နှင့်ကို ငါ လုပ်ကျွေးမွေးမြူ၍ နင် ခုငါ့ကို သူကောင်းပြုလျှင် ဤသို့သောကိုယ်ဖြစ်၍ အထင်အရှားဖြစ်ပြီးမှမောင်းမငယ်ကိုနှုတ်ထည့်၍အများတကာ ရှေ့တွင် အဝတ်အစား ဦးဆံစွတ်အောင် ရေနှင့် လောင်းသော ကြောင့် နှလုံးထောင့်၍ ကြံသည်"ဟု ဆို၏။ မင်းကြီးလည်း

ပန်းပဲတထောင်ခေါ်၍ သံကျပ် လုပ်စေပြီးသော် ကျပ်တင်လေ ဟူ၍ မိန့်တော်မူ၏။

စောလုံလည်း သူသတ်တို့ကို ရွှေငွေများစွာပေး၍ သံကျပ် မပြီးမချင်း ခုနစ်ရက်တိုင် သီလဆောက်တည်၍ အဘိဓမ္မာတရား တော်တို့ကို နာ၏။ ခုနစ်ရက်နေ့ည ပတ်လုံး "ဣတိပိသော၊ သွာက္ခာတော၊ သုပ္ပဋိပန္နော" အစရှိသောရတနာသုံးပါးကျေးဇူး တော်ကို အောက်မေ့လျက် ပီတိစိမ့်သတည်း။ ခုနစ်ရက်စေ့ပြီး သော် လျှောက်ပတ်ချေငံစွာသောစကားဖြင့် အရှင့်မြောက်သား တော် အမျက်ကြီးလှသည်၊ လာတော်မူတော့ဟု ခေါ်လေ၏။ စောလုံလည်း ပုတီးလက်စွဲလျက် သံကျပ်ရဲရဲထက် တက်သည်။ မီးသုံးကြိမ်သေသောဟူ၏။ သုံးကြိမ်စေ့ပြီးသော် ငါသည်ခဏ ချင်း ကျွမ်း၍ ပျောက်စေသော် ငါတောင်းသော ဆုအတိုင်း လည်းပြည့်စုံသည်ဖြစ်စေသောဟု ပတ္ထနာပြု၍ သေလေ၏။

(ဦးကုလား ရေးသားသော
မဟာရာဇဝင်ကြီး ပထမအုပ်)

## မိမိလည်း ခံစားနိုင်သည်

အချင်း သူတော်ကောင်း........ ဤသည်တို့မှာ ရတနာမြတ် သုံးပါးတို့အား အလေးအမြတ် ထားကာ "ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း"ကို ပွားများအားထုတ်သူတို့၏ ဂုဏ်ကျေးဇူးအချို့ကို အမြွက်မျှ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

(တတိယအကြိမ်) စပယ်ဦးစာပေ

ယနေ့ ယခုမျက်မှောက်ခေတ်တွင်လည်း ရတနာမြတ်သုံးပါး၏ဂုဏ်ကျေးဇူးကို မမေ့မလျော့ ပွားများအားထုတ်သူများ အကျိုးကျေးဇူးခံစားရပုံတို့ကို ရှည်အံ့စိုး၍ မတင်ပြလိုတော့ပါ။ ထိုကျေးဇူးဂုဏ်တို့ကို အချင်းသူတော်ကောင်းလည်း ခံစားနိုင်ပါသည်။ အချိန်အခါမလင့် မမေ့မလျော့ ကြိုးစားအားထုတ်ပါလော့။

## ကန်တော့ပန်း

— ပဒုမံ ယထ ကောက နုဒံ သုဂန္ဓံ
ပါတော သိယာ ဖုလ္လံ မဝီတဂန္ဓံ
— အင်္ဂီ ရသံ ပဿ ဝိရောစမာနံ၊
တပန္တ မာဒိစ္စ မိဝန္တလိက္ခေ။ ။

ပါတော၊ ၆. အရုဏ်တက် နံနက်အခါကာလ၌။ ဖုလ္လံ၊ အငုံရင့်၍ ပွင့်ခြင်းသို့ရောက်သော။ ကောကနုဒံ၊ စက္ကဝတ်တို့၏၊ နှစ်သက်ရင့်ကျူးကွန့်မြူး မြည်ကြွေးခြင်းကို ဖြစ်စေတတ်သော ကြောင့်။ ကောကနုဒ အမည်ရှိသော၊ ပဒုမံ၊ ထိန်ဝေနီမြန်း ပဒုမ္မာရွှေကြာပန်းသည်။ သုဂန္ဓံ၊ မွှေးပျံ့ကြိုင်လှောင်းကောင်းသော ရနံ့ရှိသည်။ အဝီတဂန္ဓံ၊ ထုံကြိုင်ပျံ့သင်း၊ မကင်းသော ရနံ့ရှိသည်။ သိယာ ယထာ၊ ဖြစ်သကဲ့သို့။ ပါတော ကဆုန်လပြည့်နေ့နံနက်၊ အရုဏ်တက်ခါနီး ကာလ၌။ ဖုလ္လံ၊ သစ္စာလေးဆင့် မဂ်ခြည်သင့်၍ ပွင့်တော်မူသော၊ သုဂန္ဓံ၊ ကိုယ်တော်ရနံ့၊ ဂုဏ်တော်နံ့တို့ဖြင့် သင်းပျံ့ကြိုင်လှောင်း ကောင်းမြတ်

တင့်တယ်နှစ်သက်ဖွယ်သော ရန့်ရှိတော်မူထသော။ အဝိတဂန္ဓံ၊ မပြတ်ထုံသင်းမကင်းသော ကိုယ်တော်ရန့် ဂုဏ်တော်ရန့်လည်း ရှိတော်မူထသော။ အင်္ဂီရသံ၊ တဆယ့်ရှစ်တောင် အမြင့်ဆောင်သည့် ရွှေရောင်ပြက်ပြက် တခဲနက်သော ကိုယ်တော်အလုံးမှတဖိတ်ဖိတ် တလက်လက် ထွက်တော်မူသော ရောင်ခြည်အယှဉ်လည်း ရှိတော်မူထသော။ အန္တလိက္ခေ၊ အဇဋ္ဌာပြင်မိုးကောင်းကင်၌၊ တပန္တံ၊ ထွန်းလင်းတောက်ပသော၊ အာဒိစ္စမိဝနေမင်းကိုယ်ကဲ့သို့တပန္တံ၊ ထွန်းလင်းတောက်ပတော်မူသည်ဖြစ်၍ ဝိရောစမာနံ၊ တင့်တယ်တော် မူလှသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပဿ၊ ဉာဏ်စက္ခုဖြင့် 'သတိပြု' ၍ ကြည့်ရှုပါလော့။ အဟံ၊ ဘုရားတပည့်တော်သည်။ ပဿာမိ 'ဉာဏ်သတိ' ဖြင့် ကြည့်ရှုညွတ်နူး ဖူးမြော်ပါ၏။

(ဂူဠ္ဌပဏ္ဏကဂါထာ)

# အောင်ခြင်း (၈)ပါး အချုပ်ဂါထာ

မာရံ ယက္ခံ ဂဇံ စောရံ၊
စိဉ္စမာနဉ္စ သစ္စကံ၊
နာဂံ ဗကံ ဇိနိ ဇိနော၊
ဟောတု မေ ဇယ မင်္ဂလံ။ ။

ယောဇိနော၊ အကြင်ငါးမာန်ပါယ်ဘိ ဂုဏ်သတ္တိကြောင့် ဇိနအမည် ရွှေဘွဲ့တော်ချီအပ်သော မြတ်စွာဘုရားသည်။ မာရံ၊ ယူဇနာ တရာ့ငါးဆယ် အံ့ဖွယ်ကြီးဘိ ဂိရိမေခလာ မည်သော တွင်ခြင်း နတ်ဆင်မင်းထက် စီးနင်းတက်၍ ကြောက်မက်ဖွယ် သော စင်သည်ဗိုလ်ပါနှင့် ငဲယာစီးယှက် လက်ရုံးတထောင် ဖန်ဆင်း ဆောင်၍ နိုင်အောင်စစ်ထိုးကျော်လွန်ဟိုးသား တန်ခိုး တောက်ပ တေဇထန်ပြင်း မာရ်နတ်မင်းကိုလည်းကောင်း။

ယက္ခံ၊ စွယ်ရှည်ငေါငေါ မြင်သူမောမျှ နက်ကျောနီကျင် မွေးမှင်မုတ်ဆိတ် ဖွားရငြိတ်သား လန့်ထိတ်ဖွယ်သော ကြီးရောနှင့် သင်္ချာများမြောင် လေးထောင့်သုံးရာ နှစ်ဆယ် သော အောင် များစွာလူသား နေထိုင်စားသည့် စွမ်းအားကြီးလှ အာဠဝက ယက္ခဘွင်ခြင်း ဘီလူးမင်းကိုလည်းကောင်း။

စပယ်ဦးစာပေ (တတိယအကြိမ်)

ဂဇံ၊ ဆယ့်ခြောက်မောင်းအိုး ဖြိုးဖြိုးပြည့်နှက် သေအရက်ကို တိုက်လျှပ်ထန်ပြင်း နင်းစိမ့်ရည်မှတ် ဒေဝဒတ်တို့ တိုက်လွှတ်သောအား ဘုရားမြတ်စွာ ဆွမ်းခံရာ၌ ပက်ပါဦးတည် စူးစူးရည်၍ သတ်မည်ကေန် အမြန်ပြေးလာ သံကြိုးကြာနှင့် နာဠာဂီရိ မည်ရှိခေါ်တွင် မင်းစီးဆင်ကိုလည်းကောင်း။

စောရံ၊ သုံးယူဇနာ ရှည်စွာချင့်မှန်း ခရီးလမ်းကို မပန်းမဟိုက် မရှိုက်လျှင်ပြင်း တဟုန်ခြင်းဖြင့် ပြေးနင်းစွမ်းနိုင် ပြိုင်သူဘက်ရှား လူအများကို လှံခားဆွဲကာ ဖမ်းသတ်ကာလျှင် ယူကာလက်ညှိုး ကြိုးဖြင့်သီရုံး ပန်းကုံးအသွင် လည်ဝယ်ဆင်သောကြောင့် အင်္ဂုလိမာလ မည်ရတွင်ပြီး သူခိုးကြီးကိုလည်းကောင်း။

စိဉ္စမာနဥ္စ၊ ပရိသတ်အား မြတ်ဘုရားလျှင် တရားဟောကာ နေစဉ်ခါ၌ သေချာပြေပြစ် ပတ်ရစ်ဖွဲ့နှောင် ကိုယ်ဝန်ဆောင်၍ တုန်းခေါင်လူဖျား ကျွန်ုပ်အား ပြစ်မှားပြီးကာ ဘယ့်ကြောင့်သာလျှင် အိမ်ရာမပြင် သူတော်စင်သို့ မမြင်သောထွေ ဣန္ဒြေနှင့် နေသနည်းဟု အမှုဖွေရှာ စွပ်စွဲလာသော စိဉ္စမာမည်ထုတ် မိန်းမယုတ်ကိုလည်းကောင်း။

သစ္စကံ၊ ဝါဒတထောင် အာဂုံဆောင်၍ ဂုဏ်ရောင်လွှားပ မိုက်မာနကြောင့် အနိစ္စ အနတ္တ သခါရကို အနိစ္စ အတ္တာ ထင်၍ သာလျှင် မြတ်စွာရှင်စော တရားဟောလည်း သဘောမကျ မှားလေစွဟု ရှုတ်ချခါခါ ပြစ်တင်လာသော မိစ္ဆာယူကြိုက် ပရပိုက် သစ္စက ကုဋ္ဌိတ္တထိုလည်းကောင်း။

နာဂံ၊ လေးလျှံရောင်စို တောင်မြင့်မိုရ်ကို ကိုယ်ဖြင့် ခုနစ်ထပ် ရစ်ပတ်ကာလွှမ်း တတ်နိုင်စွမ်းသား ကြမ်းတမ်းခက်ထန်

မျက်စောင်းမာန်နှင့် ပဌမံအာလိန္ဒ နေသမျှတလွှား နတ်နဂါး တို့ကို ပိုင်ကာစိုးရ တန်ခိုးပသည် ပနန္ဒတွင်ခြင်း နဂါးမင်းကို လည်းကောင်း။

ဗကံ၊ သဿတဒိဋ္ဌိ များဘိအယူ မိစ္ဆာဟူသား ဘုဇကာမြွေ ကိုက်လေတုံလတ် အဘာသရာ ဗြဟ္မာခပင်း တို့ ဝပ်ခြင်းနှင့် ကြီးမင်းတေဇ တန်ခိုးပသား ဗက မည်သား ထိုဗြဟ္မာကို လည်းကောင်း။

အဇိနို၊ တန်ခိုးဉာဏ်ရှိန် ဝရဇိန်စက်မြတ် အတုလွှတ်ဖြင့် မချွတ် အောင်တော်မူလေပြီ။ တံတေဇသာ၊ ထိုသို့အောင်ခြင်း တရားမင်း၏ ထွန်းဝင်းတေဇော် အာနုဘော်တော်ဖြင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ ရောဂါဘေးဒဏ် ရန်မာရ်ခပင်း စိုးရိမ်ခြင်းကို နှိမ်နင်းအောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာ သည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

အောင်ခြင်း (၈)ပါး ဂါထာအချုပ်ကို ဗားမဲ့ဆရာတော် သီကုံး၍ ညောင်ကန် ဆရာတော် ဦးဗုဒ်က အနက်မြန်မာ ပြန်ဆိုထားခဲ့သည်။

ဥဒယာ ယဿ ကေဿ၊
သဒ္ဓမ္မရံသိ ဇာလိနော၊
ပဗုဇ္ဈိံ သု ဇနမ္ဗုဇာ၊
ဇာတိခေတ္တေ မဟာသရေ။
ဝန္ဒာမိ တံမဟာသူရိံ၊
မဟာမောဟ တမောနုဒံ။
သဉ္ဇာတံ ဟဒယေ မယှံ၊
တမောခန္ဓံ ပနုဒတု။

သဒ္ဓမ္မရံသိဇာလိနော၊ ဓမ္မက္ခန္ဓာဒေသနာပေါင်း ရှစ်သောင်း လေးထောင် တရားရောင်တည်းဟူသော ရောင်ခြည်တော် ကွန်ရက်ကြီးကိုလည်း ဖြန့်ကြက်လင်းပြောင် ဆောင်တော်မူပေ ထသော။ ကေသာ၊ အဝိစိထက် နယ်အချက်တွင် ပြိုင်ဘက်မပြု တဆူတည်းသာ ပွင့်တော်မူပေထသော။ ယဿမဟာသုရဿ၊ အကြင်မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်တည်းဟူသော နေမင်း ကြီး၏။ ဥဒယာ၊ သဗ္ဗညုတ ရွှေဉာဏ်တော် တည်းဟူသော ယုဂန္ဓိုရ်ကောင်းကင်စွန်းက ထွန်းပေါ် ထွက်ပြူ ဥဒည်တော် မူခြင်းတည်းဟူသော လေးကျွန်းတမြင်းမိုရ် ထိုထိုများစွာ ဇာတိ ခေတ်ပေါင်း တိုက်တသောင်းတည်းဟူသော ပဒုမ္မာကြာအိုင် ကြီး၌ ဇနမ္ဗုဇာ၊ ပါရမီဝင့် သမ္ဘာရင့်၍ အခွင့်ဆုံခိုက် ကျွတ် ထိုက်သသူ နတ်လူများစွာ သတ္တဝါတည်းဟူသော ပဒုမ္မာကြာ အပေါင်းတို့သည်။ ပဗုဇ္ဈိံသု၊ သစ္စာလေးဆင့် ငွါးငွါးတင့်၍ ပွင့်တော်မူကြကုန်ပြီ။ မဟာမောဟတမောနုဒံ၊ တသောင်း တိုက်နေ ဗိုလ်ခြေများစွာ သတ္တဝါတို့သဏ္ဍာန်ဝယ် တရံမစဲ အမြဲပိတ်ဖုံး အဝိဇ္ဇာတည်းဟူသော မှောင်အလုံးကိုလည်း ပယ် ဖျောက်တော် မူပေတတ်ထသော။ တံမဟာသုရံ၊ ထိုမြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်တည်းဟူသော နေမင်းကြီးသည်။ မယှံ၊ တပည့်တော်၏။ ဟဒယေ၊ နှလုံးရင်တွင်း၌ သဋ္ဌာတံ၊ ဘဝများစွာ ကပ်ကမ္ဘာက မကွာထက်ချပ် အမြဲကပ်၍ ပါလာ သော။ တမောခန္ဓံ၊ အဝိဇ္ဇာတုံး မှောင်တလုံးကို။ ပနုဒတု၊ ပယ်ဖျောက်ရှင်းလင်း ဝေးစွာငှင်း၍ ချဉ်းနင်း သုတ်သင်တော် မူလိုက်ပါ့ အစိန္တေယျ သုံးလောကထွတ်တင် အရှင်ကိုယ်တော် မြတ်ကြီးဘုရား။

(လယ်တီဆရာတော်ကြီး ရေးသားသီကုံးသည်။)

# ပုတီးစိပ်ခြင်း

ဤသူမြတ်ကျင့်စဉ်၌ ပုတီးစိပ်ခြင်းကို ပြန်လည် ဆန်းစစ်ရန် လိုပါသည်။

စိပ်ပုတီး စိပ်ခြင်းသည် နုဿတိ ဆယ်ပါးတွင် တပါး အပါအဝင် ဖြစ်ပါသည်။ ပုတီးစိပ်ခြင်းအားဖြင့် သမာဓိကို တည်ကြည် ကောင်းမွန်အောင် စောင့်ထိန်း၍ တဖြည်းဖြည်း မွေးမြူခြင်း ဖြစ်ပါသည်။

## အမြတ်ဆုံး အနုဿတိ

အနုဿတိဆယ်ပါးတွင် ဤ ဗုဒ္ဓါနုဿတိသည် အမြတ်ဆုံး ဖြစ်ကြောင်းကို ရှေ့ကပင် တင်ပြပြီးဖြစ်ပါသည်။ ထို့ကြောင့် ရှေးသူတော်စင် သူမြတ် အပေါင်းတို့သည် သရဏဂုံ ၃ ပါးနှင့် တကွ ဂုဏ်တော်များအား အမျိုးမျိုးကို ကြံဆ၍ ရွတ်ဖတ် ပွားများ အားထုတ်ကြလေသည်။ သူမြတ် အပေါင်းတို့သည် သီလ၊ သစ္စာကို အခြေခံ၍ ဤသူမြတ် ကျင့်စဉ်များကို မနား မနေ ကျင့်ကြံအားထုတ်ကြပါကုန်လော့။

သမာဓိစခန်းကို ပိုင်နိုင်လေလေ၊ ထက်မြက်လေလေ ဖြစ်ပါသည်။ သမာဓိစခန်းကို ပိုင်နိုင်စွာ တက်လှမ်းနိုင်ရေးမှာ လွယ်မယောင်နှင့် ခက်၍ တိမ်မယောင်နှင့် နက်လှပါသည်။

## အန္တရာယ်အယှက် သတိထားစရာ

သမာဓိတရားကို ပိုင်နိုင်စွာ ရရှိသောအခါတွင် ရှေးသို့ တက်လှမ်းရေးမှာပို၍ လွယ်ကူလာသလို ထိုသမာဓိအား ဖျက်လိုဖျက်ဆီး အန္တရာယ် အယှက်များကလည်း ပေါများလှပါသည်။ အထူးသတိထားရန်မှာ မိန်းမနှင့် ငွေသာလျှင် ဖြစ်ပါသည်။ သမာဓိစခန်းကို တက်လှမ်းရာတွင် ခက်ခဲသလောက် ကျဆင်းရာတွင် မြန်ပါသည်။ ထို့ကြောင့် ထိုသီလ သစ္စာကတိုကို မကျိုးမပေါက်အောင်စောင့်ထိန်း၍ မေတ္တာ ဘာဝနာများကို မမေ့မလျော့ ပွားများ အားထုတ်ပါလေ့။

## ပုတီးသမိုင်း

ဤနေရာတွင် ပုတီးစိပ်ခြင်းနှင့် ပတ်သက်၍ နောက်ကြောင်း သမိုင်းကို ပြန်ကြည့်ရန် လိုမည်ဟု ထင်ပါသည်။ မြတ်စွာဘုရား မပွင့်မီကပင် အိန္ဒိယပြည်၌ ပေါ်နေပြီဟု ခိုင်လုံသော အထောက်အထားများ အရဆိုပါသည်။

## မြန်မာနိုင်ငံသို့

စိပ်ပုတီးသည် မြန်မာနိုင်ငံသို့ အိန္ဒိယမှတဆင့် ဝင်ရောက်လာခြင်းဖြစ်ပြီး သရေခေတ္တရာနှင့် ပျူမြို့ဟောင်းများကို တူးဖော်ရာ၌ တွေ့ရှိရပါသည်။

## ပုတီး(၃)လုံး

ရှေးက စိပ်ပုတီးများမှာ ချည်ကြိုးကို အထုံးပြုလုပ်ထား ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၌ ပထမဦးဆုံး စိပ်သော စိပ်ပုတီး သည် ဖုထုံးသုံးခု ရှိသည်။ (ဝါ) ပုတီးလုံး ၃ လုံးသာ ပါရှိ သည်။ ထိုပုတီးလုံးမှာ ရတနာ ၃ ပါးအတွက် လည်းကောင်း၊ အနိစ္စ ဒုက္ခ အနတ္တ အတွက်လည်းကောင်း ရည်စူးပွားများခြင်း ဖြစ်သည်ဟု ဆိုပါသည်။

ထို့နောက် ပုတီးအလုံး ၇ လုံး၊ ဗောဇ္ဈင် ၇ ပါးကို ရည်၍ လုပ်သောပုတီးနှင့် ၃၂ လုံးပုတီးများ ပေါ်လာပြန်သည်။ ထို သည်မှာ ၃၂ ကောဋ္ဌာသကို ရည်စူး၍ ၃၂ လုံး ပြုလုပ်စိပ်ခြင်း ဖြစ်ပါသည်။ ထို့နောက် တရာ့ရှစ်လုံးရှိသော ပုတီးများ အဆင့်ဆင့် ပေါ်လာသည်ဟု သုတေသီများက မိန့်ဆိုပါသည်။ အမှန်စင်စစ် စိပ်ပုတီး၏ တိုးတက်ပြောင်းလဲမှုများသည် စိတ် ဝင်စားဖွယ်ရာ ဖြစ်ပါသည်။ ဤနေရာ၌ တရာ့ရှစ်လုံးရှိသော စိပ်ပုတီးကို ရှေးသူတော်စင်တို့ မည်သို့ တရာ့ရှစ်လုံးပြည့်အောင် ယူကြောင်း "လောကီအင်္ဂုတ္တိုရ်မန္တန်ကျမ်း"၌ ဆူးခါးဆရာ တော်ကြီးက အောက်ပါအတိုင်း ပုတီး ၁၀၈ လုံးကို အဆုံး အဖြတ် ပေးလေသည်။

## ပုတီး(၁၀၈)လုံး

နရဝရ ဖြစ်တော်မူသော မြတ်စွာဘုရားသခင်၏ သာသနာ နရဝရကို ကြည်ညိုလေးမြတ် ဆည်းကပ်သော သူတော်ကောင်း တို့သည် သမထ ဝိပဿနာ ဘာဝနာ နှစ်ပါးကိုစွ ပြီးစီးဖွယ်

အကြောင်းဖြစ်သည်ဟု နှလုံးသွင်း၍ တရော့ရှစ်လုံး ပုတီးပြုလုပ် ရွတ်ကြ၊ စိပ်ကြရာ—

ဗုဒ္ဓဂုဏာဋ္ဌ ဆပညာသံ၊
ဓမ္မဂုဏာဋ္ဌ အဋ္ဌတိံသံ၊
သံဃဂုဏာဋ္ဌ စုဒ္ဒသံ။
ကတွာ သုခံဖလံ လဗ္ဘတိ

ဟူ၍ သာမညဂါထာ ပြုလုပ်ပြီးလျှင် ဘုရားဂုဏ်တော် ၅၆။ တရားဂုဏ်တော် ၃၈။ သံဃာ့ဂုဏ်တော် ၁၄။ သုံးခုပေါင်း (၁၀၈)ရသော သင်္ကေတစကားသည် ပါဠိအဋ္ဌကထာ၊ ဋီကာများ၌နိတတ္ထ တိုက်ရိုက်ပင် မလာသော်လည်း၊ နေယျတ္ထ ထောက်ဆဆင်ခြင်လျှင် အသင့်ပင်ဖြစ်သည်။ သင့်ပုံသရုပ်ကား အာဝေဏိကဂုဏ်တော် ၁၈။ ဆအာသာဓါရဏဂုဏ်တော် ၆။ ဒသဗလဉာဏ်တော် ၁၀။ စတုဝေသာရဇ္ဇဉာဏ်တော် ၄။ တိပရိဝဋ္ဋစတုသစ္စဉာဏ်တော် ၁၂။ ယထာတစ္ဆ ဂုဏ်တော် ၈။ စုစုပေါင်း ၅၈ ပါး ရသည်။

တနည်း—အာဝေဏိက အာသာဓာရဏ ဒသဗလ စတုဝေသာရဇ္ဇ၊ စတုပဋိသမ္ဘိဒါဉာဏ ၄။ တိပရိဝဋ္ဋ စုစုပေါင်း ၅၀။ သဝိညာဏကဗုဒ္ဓ-အဝိညာဏကဗုဒ္ဓ-သဥပါဒိသေသ၊ အနုပါဒိသေသနိဗ္ဗာန်-၂ စုစုပေါင်း ၅၆။

တနည်း ဣတိပိသောမှာ နောက်ဆုံး ဣတိပါ ၄၈။ ဗုဒ္ဓံ သရဏံ ၈၊ နှစ်ခုအက္ခရာလုံးရေ ၅၆။

တနည်း ဣတိပိသောမှာ ဝိဘတျန္တပုဒ် ၁၃။ အတ္ထသမ္ဗန္ဓ ၄။ မြှောက် ၅၂။ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက ၃။ သုခပဋိပဒါခိပ္ပါဘိညာ ၁။ စုစုပေါင်း ၅၆။

တနည်း ယဿဒသက္ခရာ
အ,သံ,ဝိ,သု,လော,အ,ပု,သ,ဗု,ဘာ။
ဝစသာပဂုဏအတ္တော၊
အနသာသော သုခံလဘိ။

ဟူ၍ ဝဇီရတ္ထ သင်္ဂဟကျမ်းလာ ဂါထာအတိုင်း အရဟံပဒစသည်မှာ အက္ခရာ ၄၀။ ဗုဒ္ဓံ သရဏံမှာ အက္ခရာ ဂ။ ၂ခု ၄ဂ။ယထာဘုစ္စဂုဏ ဂ။စုစုပေါင်း ၅၆။

တနည်း ဗောဓိမဏ္ဍလ သတ္တဋ္ဌာန ၄၉ မှာ၊ ၇ ဌာနရော ၅၆။

တနည်း တိပရိဝဋ္ဋ ၁၂။ ကိစ္စ ၁၆။စုစုပေါင်း ၄၄။ အာသာဓာရဏ ၆။သဗ္ဗညုတ္တရည်ှ ၆။စုစုပေါင်း ၅၆။

တရားဂုဏ်တော် ၃ဂ မှာ သွာက္ခာတတာဒိ ၆။ ဒွါဒသပဒသုတ္တ ၁၂။အာဒိကလျာဏ စသည် ဂ။ဂမ္ဘီရာဒိ ၉။ ဓမ္မံ သရဏံ ၃။စုစုပေါင်း ၃ဂ။

တနည်း မင်္ဂလာတရားတော်၃ဂပါးအတိုင်းပင်တရားဟူသမျှ ဓမ္မစက္က အဋ္ဌောဂမ ဖြစ်သလို၊ တရားဟူသမျှ မင်္ဂလအဋ္ဌောဂမ ဖြစ်သည်။

တနည်း သွာက္ခာတတာ စသည်မှာ ဝိဘတျန္တပဒ ၁၀။ ဓမ္မံ သရဏံမှာ ၃။ဂမ္ဘီရ၄။ဒွါဒသပဒ ၁၂။စုစုပေါင်း ၂၉။ သုတ္တ ဂေယျစသည် ၉။စုစုပေါင်း ၃ဂ။

တနည်း သွာက္ခာတတာ စသည် အက္ခရာ ၃၃။ ဓမ္မံ သရဏံ ၅။နှစ်ခု ၃ဂ။ဂဏ္ဍာမိ မပါ။

တနည်း ဒီဃနိကာယ် ၃။ မဇ္ဈိမနိကာယ် ၃။ သံယုတ္တနိကာယ် ၅။ အင်္ဂုတ္တရနိကာယ် ၁၁။ ခုဒ္ဒကနိကာယ် ၁၅။ စုစုပေါင်း ၃၇။

တနည်း ဝိနယ ၆။ အဘိဓမ္မ ၇။ သုတ္တန္တ ၃။ စုစုပေါင်း ၁၆။ ဝိမုတ္တိရသ ၁။ ဓမ္မဝိနယ ၂။ ပိဋက ၃။ ဒေသနာ ၃။ သာသနာ ၃။ ကထာ ၃။ သိက္ခာ ၃။ ပဟာန ၃။ ဂမ္ဘီရ ၄။ နိကာယ ၅။ အင်္ဂ ၉။ စုစုပေါင်း ၃၈။

ဝိမုတ္တိရသ ၁။ သမ္ပတ္တိ ၃။ ဝိပတ္တိ ၃။ ပရိယတ္တိပဋိပတ္တိ၊ ပဋိဝေဓ သာသနာ ၃။ အာဂမ အဓိဂမ ၂။ ဒွါဒသမ ၁၂၊ အတ္ထဓမ္မ ဒေသနာ။ ဒေသေတဗ္ဗ ၂။ အင်္ဂါ ၉။ စုစုပေါင်း ၃၈။

သံဃဂုဏ် ၁၄ ပါးမှာ၊ သုပ္ပဋိပန္န စသည် ၄။ အာဟုနေယျ စသည် ၅။ သံဃံ သရဏံ ဂစ္ဆာမိ ၃။ အရိယ အနရိယသမုတိ ၂။ စုစုပေါင်း ၁၄။ သံဃာဟူက ဗောဇ္ဈင် ၇ ပါးကို၊ အဇ္ဈတ္တ ဗဟိဒ္ဓ။ ၂ ပါးပွား ၁၄။ အဂ္ဂဋ္ဌ ၄။ ဖလဋ္ဌ ၄။ ပဋိပန္န ၄။ သေခ၊ အသေခ ၂။ စုစုပေါင်း ၁၄။ မဂ္ဂင် ၈။ ပုဂ္ဂလ ၁။ ဇာတိသာဝက၊ အနုသာဝက၊ စုစုပေါင်း ၁၄။

ကိစ္စ ၄။ အတ္တ ၄။ ပုဂ္ဂလ ၄။ သမတိ အရိယာ ၂။ စုစုပေါင်း ၁၄။

သုပ္ပဋိပန္န ၁။ ဥဇုပ္ပဋိပန္န ၁။ ဉာယ ၁။ သာမီစိ ၁။ ယဒိဒံ ယုဂါနိ ၁။ အဋ္ဌ ၁။ သေ ၁။ အာဟုနေယျ ၁။ ပါဟု ၁။ ဒက္ခိ ၁။ အဉ္ဇလိ ၁။ အနုတ္တရံ ၁။ စုစုပေါင်း ၁၂။ သေခ၊ အသေခ၊ သမုတိ၊ ပရမတ္ထ၊ ဒက္ခိဏေယျ ၂။ စုစုပေါင်း ၁၄။

ယင်းသည့် ပုတီးစိပ်သော နည်းသည် ပိဋကတ် ၃ ပုံ ပါဠိ၊ အဋ္ဌကထာဋီကာ မလာ၊ လောကီယ ဗြဟ္မစာရီ၊ တပသီ၊ ဝိဇ္ဇာ ဇော်ဂျီတို့ အလေ့အကျင့်ဖြစ်သည်။

တနည်း တဏှာ(၁၀၈) ကို ပယ်စရာ ကျင့်သည်ဖြစ်၍ (၁၀၈) ပြုသည်။

တနည်း ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ သုံးပါးမှာ သံဃာသာ ကျေးဇူးများသဖြင့် ယေပုဂ္ဂလာ အဋ္ဌသတံပသဋ္ဌာ အရ(၁၀၈) ပြုသည်။

တနည်း .... လောကီယဝါဒ၊ အတ္တရက္ခဏ အကျိုးငှာ (၁၀၈) နဝင်းအရ ပြုသည်။

တနည်း.... မြတ်စွာဘုရား မဟာပုရိသ အငုပ်တော်၊ ကိုယ်တော်၊ လက်သစ် (၁၀၈) ပြုသည်ကို ရည်၍ (၁၀၈)ပြုသည်။

တနည်း.... မဟာပုရိသများသည် မိမိလက်သစ် (၁၀၈) ရှိသည်ချည်းဖြစ်၍၊ အတ္တရက္ခဏ ပုရိသ ဝရမတ္တာန အကျိုးငှာ (၁၀၈) ပြုသည်။

တနည်း .... သက်တမ်း(၁၀၀)မှာ အဋ္ဌမဂ္ဂင် (၈)ခုထည့်၍ (၁၀၈) ပြုသည်ဟု မှတ်ရမည်။

ပဏာပ ပြင်ဆင်မှုများ

အချင်း သူတော်ကောင်း....

ပထမဦးစွာ ဤသူမြတ်ကျင့်စဉ်ကို ကျင့်ကြံ အားမထုတ်မီ အောက်ပါ အချက်များကို သဘောပြုပါ၊ လိုက်နာပါ။

(၁) သူမြတ်ကျင့်စဉ်ကိုကျင့်ကြံမည့်ပုဂ္ဂိုလ်သည်အမြဲတစေ ကိုယ်စိတ်နှစ်ပါးကျန်းမာ ရွှင်လန်းနေစေရန် ဂရုစိုက်ပါ။

(၂) သူမြတ် ကျင့်စဉ်များကို မကျင့်ကြံမီ ပထမဦးစွာ ကိုယ်လက်သုတ်သင်ပါ၊ဒွါရများကိုစင်ကြယ်အောင် ဆေးကြောပါ၊ပြီးနောက် သန့်ပြန့်သော အဝတ်ကို ဝတ်ဆင်ပါ။

(၃) မိမိ ထိုင်မည့်နေရာသည် ဆိတ်ငြိမ်၍ အနှောင့် အယှက် မရှိသော နေရာ ဖြစ်ရပါမည်။

(၄) မိမိ နေ့စဉ် ထိုင်မည့်နေရာသည် သန့်ရှင်း ကြည်လင် ရပါမည်၊ပတ်ဝန်းကျင်လည်းသန့်ရှင်းနေရပါမည်။ မကောင်းသော အနံ့ အသက်များနှင့် ဝေးရပါ မည်။

(၅) မိမိ အိမ်၊ ကျောင်းတို့၌ဆိုလျှင် အနည်းငယ်သန့်ရှင်း မှုပြုလုပ်ရန်သာလိုသည်။ သို့သော် တောရ ဆောက် တည်သူများအဖို့မူ ထိုင်မည့်နေရာ အစဉ် သန့်ပြန့်နေ ရန်လိုပါသည်။ တောကြမ်းသော နေရာများ၊ ပိုး ကောင်၊ မွှားကောင် ပေါသော နေရာများ၊ကျားရဲ ကြမ်းသော နေရာများတွင် အောက်၌ ဖော်ပြမည့် စည်းကို ချပြီးမှ စိတ်ချလက်ချ သူမြတ်ကျင့်စဉ် ပုတီး ကိုစိပ်ပါ။

(၆) ထိုသို့ ပုတီးမစိပ်မီ အနန္တော အနန္တ ငါးပါးတို့အား ကန်တော့ပန်းဆင်ပါ၊ ထို့နောက် အာဇီဝဋ္ဌမက သီလကို ခံယူ ဆောက်တည်ပါ၊ ပြီးမှ ဂါဝရတရား ထားသော ထိုင်နည်းအတိုင်း ထိုင်၍ ပုတီးကိုစိပ်ပါ။

(၇) ပုတီးစိပ်နေစဉ်အတွင်း အာရုံငါးပါး ဝင်ပေါက်ကြီးမှ (စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှာဒွါရ၊ကာယဒွါရ) ဝင်မလာနိုင်အောင် ပိတ်၍ထားပါ။ မိမိ အာရုံပြုလိုသော ဂုဏ်တော် ကသိုဏ်းဝန်းတပါးတည်းကိုသာ အာရုံပြု၍ မိမိရှေ့ တတောင်ခန့်တွင် မြတ်စွာ ဘုရားကို သပ္ပာယ် ကြည်ညိုဖွယ်ဖန်ဆင်း၍ ထားပါ။

(၈) ပုတီးစိပ်နေစဉ် အတွင်း အဓိဋ္ဌာန်ချက် အတိုင်း တခုခု အနှောင့်အယှက် တွေ့ပါက၊ လာရောက်ဖျက်ဆီးပါက မိမိ အဓိဋ္ဌာန်အတိုင်း မရွှေ့မလျားကျောက်တိုင်ကဲ့သို့ ပြီးဆုံးသည်အထိ ပွားများအားထုတ်ပါ။

ဤသည်တို့မှာ အချင်းသူတော်ကောင်း ပထမဦးစွာ သတိထားရမည့် အချက်များ ဖြစ်ပါသည်။ မိမိအိမ် မိမိကျောင်းများတွင် ကျင့်ကြံရာ၌ မည်သည့် အခက်အခဲ ပြဿနာမှမပေါ်ပေါက်နိုင်သော်လည်း အချို့ အရပ်ဒေသ တောတောင်များမှာ တောကြမ်းခြင်း၊ တောကောင် ကျားရဲ တိရစ္ဆာန်များခြောက်လှန့်ခြင်း စသော ဘေးဒဏ်ကို ခံစားရတတ်ပါသည်။ထို့ကြောင့် ရှေး သူမြတ်ကြီးများ တောရကျောင်း ဆောက်တည်သူများ လက်သုံးထားသော စည်းတားခြင်း၊ စည်းချခြင်း အမှုကို ပြုပါသည်။ ထိုသို့ စည်းတားထားသည့် အတွင်းသို့ မည်သည့် အန္တရာယ် မည်သည့်ကျားရဲ တိရစ္ဆာန်မှ ဝင်ရောက်မလာနိုင်ပါ။ ထို့ကြောင့် ပထမဦးစွာ ပုတီးမစိပ်မီ အောက်ပါ စည်းချဂါထာကို ရွတ်ဆို၍ စည်းချပါလေ။

# ဘေးရန်ကင်းကွာ စည်းချရန်ဂါထာ

## အရှေ့မြောက်ထောင့်အရပ်သို့

၁။ သဗ္ဗေဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊
ပစ္စေကာနဉ္စ ယာဣဒ္ဓိ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ဣဒ္ဓိပတ္တာ ဣဒ္ဓိပတ္တာနံ၊ တန်ခိုးရှိန်စော် အာနုဘော်သို့ ရောက်တော်မူကုန်သော။ သဗ္ဗေ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ဗုဒ္ဓါ ဗုဒ္ဓါနဉ္စ၊ မြတ်စွာဘုရားတို့၏လည်းကောင်း။ ပစ္စေကာနဉ္စ၊ ပစ္စေက ဗုဒ္ဓါတို့၏လည်းကောင်း။ ယာဣဒ္ဓိ၊ အကြင် တန်ခိုး အာနုဘောသည်။ အတ္ထိ၊ ရှိတော်မူပေ၏။ တဿာဣဒ္ဓိယာစ၊ ထိုတန်ခိုး အာနုဘော်ဖြင့်လည်းကောင်း။ အရဟန္တာနံ၊ ရဟန္တာတို့၏ တေဇေနစ၊ တန်ခိုးအာနုဘော်ဖြင့် လည်းကောင်း၊ သဗ္ဗသော၊ ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာမှ။ (ဝါ) အလုံးစုံသော အရှေ့မြောက်ထောင့် အရပ်မျက်နှာမှ။ ရက္ခံ၊ အစောင့် အရှောက် အရံအတားကို။ အဟံ၊ ငါသည်။ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

အရှေ့အရပ်သို့

၂။ သဗ္ဗေဗုဒ္ဓါ ခေမပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယေ ခေမာ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ခေမပ္ပတ္တာ၊ ခေမပ္ပတ္တာနံ၊ ငြိမ်းသိမ်းများစွာ ဘေးကင်းရာသို့ ရောက်တော်မူကုန်သော။ သဗ္ဗေသဗ္ဗေသံ၊ အလုံးစုံကုန်သော။ ဗုဒ္ဓါ ဗုဒ္ဓါနဉ္စ၊ ဘုရားရှင်တို့၏ လည်းကောင်း။ ပစ္စေကာနဉ္စ၊ ပစ္စေကဗုဒ္ဓါတို့၏လည်းကောင်း။ ယေခေမော၊ အကြင်ဘေး မရှိခြင်းသည်။ အတ္ထိ၊ ရှိ၏။ တေနခေမေန၊ ထိုဘေးဥပဒ္ဒဝေါ မရှိခြင်းဖြင့် လည်းကောင်း။ အရဟန္တာနံ၊ ရဟန္တာတို့၏။ တေဇေန၊ တန်ခိုးအာနုဘော်ဖြင့် လည်းကောင်း။ သဗ္ဗသော၊ ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာမှ။ (ဝါ) အလုံးစုံသော အရှေ့အရပ်မျက်နှာမှ။ ရက္ခံ၊ အစောင့်အရှောက် အရံအတား ကို။ အဟံ၊ ငါသည်။ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

အရှေ့တောင်အရပ်သို့

၃။ သဗ္ဗေဗုဒ္ဓါ ဇိနပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယေ ဇိနော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ဇိနပ္ပတ္တာ ဇိနပ္ပတ္တာနံ၊ မာရ်ငါးပါးကို အောင်မြင်ခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ဗုဒ္ဓါ

ဗုဒ္ဓါနဉ္စ၊ ဘုရားရှင်တို့၏လည်းကောင်း။ ပစ္စေကာနဉ္စ၊ ပစ္စေက ဗုဒ္ဓါတို့၏လည်းကောင်း။ ယောဇိနော၊ အကြင်အောင်ခြင်း သည်။ အတ္ထိ၊ ရှိ၏။ တေန ဇယေန၊ ထိုအောင်ခြင်းဖြင့်လည်း ကောင်း။ အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ တေဇေနစ၊ တန်ခိုးအာနုဘော်ဖြင့် လည်းကောင်း။ သဗ္ဗသော၊ ထက်ဝန်း ကျင် အရပ်ဆယ်မျက်နှာမှ။ (ဝါ) အလုံးစုံသော အရှေ့တောင် ထောင့် အရပ်မျက်နှာမှ ရက္ခံ၊ အစောင့်အရှောက် အရံအတား ကို။ အဟံ၊ ငါသည်။ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

**တောင်အရပ်သို့**

၄။ သဗ္ဗေဗုဒ္ဓါ လာဘပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယောလာဘော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

လာဘပ္ပတ္တာ လာဘပ္ပတ္တာနံ၊ လာဘ်ရခြင်းသို့ ရောက်တော် မူကုန်သော။ သဗ္ဗေ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ ဗုဒ္ဓါနဉ္စ၊ မြတ်စွာဘုရားတို့၏ လည်းကောင်း။ ပစ္စေကာနဉ္စ၊ ပစ္စေကဗုဒ္ဓါတို့၏ လည်းကောင်း။ ယောလာဘော၊ အကြင် လာဘ်ရခြင်းသည်။ အတ္ထိ၊ ရှိ၏။ တေနလာဘေန၊ ထိုလာဘ်ရ ခြင်းဖြင့် လည်းကောင်း။ အရဟန္တာနံ၊ ရဟန္တာတို့၏။ တေဇေနစ၊ တန်ခိုးအာနုဘော်ဖြင့်လည်းကောင်း။ သဗ္ဗသော၊ ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာမှ။ (ဝါ) အလုံးစုံသော တောင်အရပ်မျက်နှာမှ။ ရက္ခံ၊ အစောင့်အရှောက် အရံအတား ကို။ အဟံ၊ ငါသည်။ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

## အနောက်တောင်ထောင့်အရပ်သို့

၇။ သဗ္ဗေဗုဒ္ဓါ တေဇပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယောတေဇော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

တေဇပ္ပတ္တာ တေဇပ္ပတ္တာနံ၊ တန်ခိုးရှိန်စော် အာနုဘော်သို့ ရောက်တော်မူကုန်သော။ သဗ္ဗေ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ဗုဒ္ဓါ ဗုဒ္ဓါနဉ္စ၊ ဘုရားရှင်တို့၏ လည်းကောင်း။ ပစ္စေကာနဉ္စ၊ ပစ္စေကဗုဒ္ဓါတို့၏ လည်းကောင်း။ ယောတေဇော၊ အကြင် တန်ခိုးရှိန်စော် အာနုဘော်သည်။ အတ္ထိ၊ ရှိ၏။ တေန တေဇေန၊ ထို တန်ခိုးတေဇော် အာနုဘော်ဖြင့်လည်းကောင်း။ သဗ္ဗသော၊ လက်ဝန်းကျင် အရပ်ဆယ်မျက်နှာမှ။ (ဝါ) အလုံးစုံသော အနောက်တောင်ထောင့် အရပ်မျက်နှာမှ။ ရက္ခံ၊ အစောင့် အရှောက် အရံအတားကို။ အဟံ၊ ငါသည်။ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

## အနောက်အရပ်သို့

၆။ သဗ္ဗေဗုဒ္ဓါ ဗလပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယံဗလံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ဗလပ္ပတ္တာ ဗလပ္ပတ္တာနံ၊ အားတော်ဆယ်ပါးသို့ ရောက်တော်မူကုန်သော။ သဗ္ဗေ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ဗုဒ္ဓါ ဗုဒ္ဓါနဉ္စ၊ ဘုရားရှင်တို့၏လည်းကောင်း။ ပစ္စေကာနဉ္စ ပစ္စေက

ဗုဒ္ဓါတို့၏လည်းကောင်း။ ယံဗလံ၊ အကြင်အားတော်ဆယ်ပါးသည်။ အတ္ထိ၊ ရှိ၏။ တေနဗလေန၊ ထိုအားတော်ဆယ်ပါးဖြင့်လည်းကောင်း။ အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ တေဇေန၊ တန်ခိုးတော် အာနုဘော်ဖြင့်လည်းကောင်း။ သဗ္ဗသော၊ ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာမှ။ (ဝါ)အလုံးစုံသော အနောက်အရပ်မျက်နှာမှ။ ရက္ခံ၊ အစောင့်အရှောက် အရံအတားကို။ အဟံ၊ ငါသည်။ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

အနောက်မြောက်အရပ်သို့

၇။ သဗ္ဗေဗုဒ္ဓါ ယသပ္ပတ္တာ၊
ပစ္စေကာနဉ္စ ယောယသော။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ယသပ္ပတ္တာ ယသပ္ပတ္တာနံ၊ အခြံအရံ အကျော်အစောသို့ ရောက်တော်မူကုန်သော။ သဗ္ဗေသဗ္ဗေသံ၊ အလုံးစုံကုန်သော။ ဗုဒ္ဓါ ဗုဒ္ဓါနဉ္စ၊ ဘုရားရှင်တို့၏လည်းကောင်း။ ပစ္စေကာနဉ္စ၊ ပစ္စေကဗုဒ္ဓါတို့၏လည်းကောင်း။ ယောယသော၊ အကြင် အခြံအရံ အကျော်အစောတို့သည်။ အတ္ထိ၊ ရှိ၏။ တေနယသေန၊ ထိုအခြံအရံ အကျော်အစောဖြင့် လည်းကောင်း။ အရဟန္တာနံ၊ ရဟန္တာတို့၏။ တေဇေန၊ တန်ခိုးအာနုဘော်ဖြင့်လည်းကောင်း။ သဗ္ဗသော၊ ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာမှ။ (ဝါ) အလုံးစုံသော အနောက်မြောက် အရပ်မျက်နှာမှ။ ရက္ခံ၊ အစောင့်အရှောက် အရံအတားကို။ အဟံ၊ ငါသည်။ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

## မြောက်အရပ်သို့

၈။ သဗ္ဗေဗုဒ္ဓါ သိရိပတ္တာ၊
ပစ္စေကာနဉ္စ ယာသိရိ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

သိရိပတ္တာ သိရိပတ္တာနံ၊ အသရေသို့ရောက်တော်မူကုန်သော။ သဗ္ဗ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ဗုဒ္ဓါ ဗုဒ္ဓါနဉ္စ၊ ဘုရားရှင်တို့၏လည်းကောင်း။ ပစ္စေကာနဉ္စ၊ ပစ္စေကဗုဒ္ဓါတို့၏ လည်းကောင်း။ ယာသိရိ၊ အကြင်အသရေတော်သည်။ အတ္ထိ၊ ရှိ၏။ တဿာ သိရိယာစ၊ ထိုအသရေတော်ဖြင့် လည်းကောင်း။ အရဟန္တာနံ၊ ရဟန္တာတို့၏။ တေဇေနစ၊ တန်ခိုးအာနုဘော်ဖြင့် လည်းကောင်း။ သဗ္ဗသော၊ ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာမှ။ (ဝါ) အလုံးစုံသော မြောက်အရပ် မျက်နှာမှ။ ရက္ခံ၊ အစောင့်အရှောက် အရံအတားကို။ အဟံ၊ ငါသည်။ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

## အရှေ့မြောက်ထောင့် အရပ်သို့ ပြန်၍ ထပ်ရွတ်ဖို့

သဗ္ဗေဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊
ပစ္စေကာနဉ္စ ယာဣဒ္ဓိ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(အနက် နောက်က ရေးပြီးပြီ)

**အောက်အရပ်သို့**

၉။ သဗ္ဗေဗုဒ္ဓါ နိစ္စပတ္တာ၊
ပစ္စေကာနဉ္စ ယံနိစ္စံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

နိစ္စပတ္တာ နိစ္စပတ္တာနံ၊ မြဲခြင်းသို့ ရောက်တော်မူကုန်သော။ ဗုဒ္ဓါ ဗုဒ္ဓါနဉ္စ၊ ဘုရားရှင်တို့၏လည်းကောင်း။ ပစ္စေကာနဉ္စ၊ ပစ္စေကဗုဒ္ဓါတို့၏လည်းကောင်း။ ယံနိစ္စံ၊ အကြင်မြဲခြင်းသည်။ အတ္ထိ၊ ရှိ၏။ တေနနိစ္စေနစ၊ ထိုမြဲခြင်းဖြင့် လည်းကောင်း။ အရဟန္တာနံ၊ ရဟန္တာတို့၏။ တေဇေနစ၊ တန်ခိုးအာနုဘော်ဖြင့် လည်းကောင်း။ သဗ္ဗသော၊ ထက်ဝန်းကျင် အရပ်ဆယ်မျက်နှာမှ။ (ဝါ) အလုံးစုံသော အောက်အရပ် မျက်နှာမှ။ ရက္ခံ၊ အစောင့်အရှောက် အရံအတားကို။ အဟံ၊-ငါသည်။ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

**အထက်အရပ်သို့**

၁၀။ သဗ္ဗေဗုဒ္ဓါ ဈာနပတ္တာ၊
ပစ္စေကာနဉ္စ ယံဈာနံ။
အရဟန္တာနဉ္စ တေဇေန၊
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ဈာနပတ္တာ ဈာနပတ္တာနံ၊ ဈာန်သို့ ရောက်တော်မူကုန်သော။ သဗ္ဗေ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ ဗုဒ္ဓါနဉ္စ၊ ဘုရားရှင်တို့၏လည်းကောင်း။ ပစ္စေကာနဉ္စ၊ ပစ္စေကဗုဒ္ဓါတို့၏

လည်းကောင်း။ ယံစျာန်၊ အကြင်စျာန်သည်။ အတ္တိ၊ ရှိ၏။ တေနဈာနေနစ၊ ထိုစျာန်ဖြင့် လည်းကောင်း။ အရဟန္တာနံ၊ ရဟန္တာတို့၏။ တေဇေနစ၊ တန်ခိုးအာနုဘော်ဖြင့်လည်းကောင်း။ သဗ္ဗသော၊ အရပ်ဆယ်မျက်နှာမှ။ (ဝါ) အလုံးစုံသောအထက် အရပ်မျက်နှာမှ။ ရက္ခံ၊ အစောင့်အရှောက်ကို အရံအတားကို။ အဟံ၊ ငါသည်။ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

တိုက်တွန်းချက်။ ။ဤသို့ ဆိုအပ်ခဲ့ပြီးသည့် အတိုင်း ပိုင်းခြားဝေဖန်လျက် အသီးသီး စည်းတားရွတ်ဖတ်သရဇ္ဈာယ်ကြလေ။ ငပ်သိမ်းသော ဘေးရန် ရန်မာန်အပေါင်း မကောင်းဟူသမျှ အန္တရာယ်မတွေ့ကြုံကြပဲ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့်သာ တွေ့ကြုံ ခံစားရပါလိမ့်မည်။ (အရေးကြီးသော နေရာနှင့် နေ့များတွင် အထက်ပါ စည်းချဂါထာကို သုံးထပ်ချပါ။)

(ဦးမေဓာ ဇင်းကျိုက်တောင်၊ ဘုရားနှစ်ဆူကျောင်းတိုက်၊ ဆရာတော်ဘုရားကြီး)

မှတ်ချက်။ ။အထက်ပါ စည်းချဂါထာတော်များကို နေ့စဉ်ရွတ်ဖတ်သရဇ္ဈာယ်ကြပါက အထက်ပါဆရာတော် ဘုရားကြီး အမိန့်ရှိသည့်အတိုင်း အကျိုးထူးများကို ခံစားရရှိပါလိမ့်မည်။

ထို့နောက် အောက်၌ဖော်ပြထားသော အနန္တငါးပါး ကန်တော့ခန်းအား ၃ ကြိမ်တိုင်တိုင် ရွတ်ဆို၍ ကန်တော့ပါ။ (မိမိအိမ် ကျောင်း၌ဖြစ်လျှင် ပန်းရေချမ်း ဆီမီး အမွှေးနံ့သာတို့ဖြင့် ထွန်းညှိပူဇော်ပါ)။

စပယ်ဦး၊ ၁၁၈၀ (တတိယအကြိမ်)

## အနန္တငါးပါးဂုဏ်

အနန္တဂုဏ် ထိုက်တော်မူသော ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြကုန်သော မြတ်ဘုရားရှင် အပေါင်းတို့အား လည်းကောင်း-

အနန္တဂုဏ် ထိုက်တော်မူသော ဓမ္မက္ခန္ဓာ အပေါင်း ရှစ်သောင်းလေးထောင်သော တရားတော်မြတ်အပေါင်းတို့အား လည်းကောင်း-

အနန္တဂုဏ် ထိုက်တော်မူသော အရိယာသံဃာ သမုတိသံဃာ သံဃာတော်အရှင်မြတ် အပေါင်းတို့အားလည်းကောင်း-

အနန္တဂုဏ် ထိုက်တော်မူသော ဤဘဝ ထိုဘဝ ဘဝအဆက်ဆက်မှ တော်စပ်ခဲ့ဖူးသော မွေးသမိခင် မွေးသဖခင် ကျေးဇူးရှင် အပေါင်းတို့အားလည်းကောင်း-

အနန္တဂုဏ် ထိုက်တော်မူသော ဤဘဝ ထိုဘဝ ဘဝအဆက်ဆက်မှ တော်စပ်ခဲ့ဖူးသော ဆရာ ဆရာတော်မြတ် အပေါင်းတို့အားလည်းကောင်း-

အဟံ၊ ဘုရားတပည့်တော်သည်။ ဥဒ္ဒိဿ ရည်မှန်း၍ (ဩကာသ) ၃။ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ၊ တပည့်တော်၏ ကိုယ်တွင်းကိုယ်ပတို့၌ ဤဘဝ ထိုဘဝ အဆက်ဆက်မှ ပါလာခဲ့သော ကာယဒုစရိုက်အမျိုးမျိုး ဝစီဒုစရိုက်အမျိုးမျိုး၊မနောဒုစရိုက်အမျိုးမျိုးအလုံးစုံကုန်သောအကုသိုလ်ဝိပါက် ဝိဘတ္တိမ ပရိယုဋ္ဌာန အနုသယကိလေသာ တို့သည် ပျောက်လိုပါ၏၊ ကင်းလိုပါ၏၊ ရှင်းလိုပါ၏၊ ကျွတ်လိုပါ၏ အရှင်ဘုရား။ (၃ ခေါက်ဆို)။

ထို့နောက် အာဇီဝဋ္ဌမက သီလကို ခံယူပါ။

## အာဇီဝဋ္ဌမက သီလ

✲ သီလသည် အလုံးစုံသော ကုသိုလ်တရားတို့၏ ဖြစ်ကြောင်းမူလ အစဖြစ်ပါသည်။

✲ သီလသည် ကုသိုလ်တရားတို့၏ တည်ရာလည်း ဖြစ်ပါသည်။

✲ သီလသည် အလုံးစုံသော ကုသိုလ်တရားတို့၏၏ ဘေးရန်ကင်းရှင်း လွန်ကြီးထွားအောင် ထိန်းသိမ်းစောင့်ရှောက်တတ်သောကြောင့် ကောင်းမွန်သော အမိလည်း မည်ပါသည်။

✲ သီလသည် အလုံးစုံသော ကုသိုလ်တရားတို့၏ အကြီးအမှူးလည်းဖြစ်သည်၊ ဖြစ်ပွားပေါ်ထွက်ရာ ဌာနခံဘင်းဝလည်း မည်သည်။ ထို့ကြောင့် ငြိမ်းသက်တည်ကြည် သိမြင်ထိုးထွင်းခြင်းသို့ ရောက်လိုသော ပညာရှိပုဂ္ဂိုလ်သည် သီလကိုသန့်ရှင်းအောင် သုတ်သင်ရာသည်။

ရှေးသူတော်စင် သူတော်မြတ်တို့သည် အခါကြီးရက်ကြီးများ၌ "အဋ္ဌင်္ဂသီလ"များကို ဆောက်တည်ကြ၍ ကျန်သောရက်များ၌ အမြဲထိန်းသိမ်း စောင့်ရှောက်အပ်သည့် နိစ္စသီလဟုဆိုအပ်သော "အာဇီဝဋ္ဌမကသီလ"ကို ဆောက်တည်ကြလေသည်။ ငါးပါးသီလသည် အာဇီဝဋ္ဌမကသီလ၌ အဘင်းဝင်ဖြစ်သည်။ ထို့ကြောင့် အာဇီဝဋ္ဌမကသီလကို ဆောက်တည်ပါဟု တိုက်တွန်းလိုက်ရပေသည်။

## အာဇီဝဋ္ဌမကသီလ ဆောက်တည်ရန်

၁။ အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဋ္ဌမကသီလံမမ္မိ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

၂။ ဒုတိယမ္ပိ အဟံ ဘန္တေ...................(ရှေ့အတိုင်းဆို)
၃။ တတိယမ္ပိ အဟံ ဘန္တေ...................(ရှေ့အတိုင်းဆို)
(အာမ ဘန္တေ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(သုံးခေါက်ဆို)

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
၂။ ဒုတိယမ္ပိ ဗုဒ္ဓံ............(ရှေ့အတိုင်းဆို)
၃။ တတိယမ္ပိ ဗုဒ္ဓံ............(ရှေ့အတိုင်းဆို)
(အာမ ဘန္တေ)

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ .................... ဆိုမြဲ ။
၃။ ကာမေသု မိစ္ဆာစာရာ........... ။ ။
၄။ မုသာ ဝါဒါ .................... ။ ။
၅။ ပိသုဏာယ ဝါစာယ........... ။ ။
၆။ ဖရုသာယ ဝါစာယ ........ ။ ။
၇။ သမ္ဖပ္ပလာပါ .................... ။ ။
၈။ မိစ္ဆာဇီဝါ ....................... ။ ။
(အာမ ဘန္တေ)

## သီလတောင်းပုံ အနက်

၁။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော် (တပည့်တော်မ)သည်။ တိသရဏေန၊ သရဏဂုဏ်သုံးပါးနှင့်၊ သဟ၊ တကွ။ အာဇီဝဋ္ဌမက သီလံ၊ အသက်မွေးခြင်းလျှင် ရှစ်ခုမြောက်သော သီလဟု ဆိုအပ်သော။ ဓမ္မံ၊ သိက္ခာပုဒ်တော်ကို။ ယာစာမိ၊ တောင်းပန်ပါ၏အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ မေ၊ တပည့်တော်(တပည့်တော်မ)အား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြုတော်မူ၍။ သီလံ၊ အာဇီဝဋ္ဌမက သီလကို။ ဒေထ၊ ပေးသနားတော်မူပါ အရှင်ဘုရား။

၂။ ဒုတိယမ္ပိ — နှစ်ကြိမ်မြောက်လည်း — ဆိုမြဲ။

၃။ တတိယမ္ပိ — သုံးကြိမ်မြောက်လည်း — ဆိုမြဲ။

(အာမ ဘန္တေ—အနက်)

ဘန္တေ အရှင်ဘုရား၊ အာမ ဝဒါမိ၊ ကြည်...အရှင်ဘုရား ဆိုတိုင်း ချပေးတိုင်း အတူလိုက်၍ ဆိုပါမည် အရှင်ဘုရား။

(နမော တဿ—အနက်)

အရဟတော၊ လူနတ်ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူသော၊ တဿ ဘဂဝတော၊ထိုဘုန်းတော်ခြောက်ပါးသခင်မြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏ အရှင်ဘုရား။

(သရဏဂုံသုံးပါး အနက်)

၁။ ဗုဒ္ဓံ — မြတ်စွာ ဘုရားကို။ သရဏံ၊ ကိုးကွယ်လဲလျောင်း ပုန်းအောင်း မှီခိုရာဟူ၍။ ဂစ္ဆာမိ၊ မှီဝဲဆည်းကပ်ပါ၏ အရှင်ဘုရား။

ဓမ္မံ — မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်
ဆယ်ပါးသော တရားတော်မြတ်ကို....(ဆိုမြဲ)
သံဃံ — မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်
ဤရှစ်ယောက်သော အရိယာ သံဃာတော်
မြတ်ကို .... .... .... (ဆိုမြဲ)
၂။ ဒုတိယမ္ပိ —နှစ်ကြိမ်မြောက်လည်း .... .... (ဆိုမြဲ)
၃။ တတိယမ္ပိ —သုံးကြိမ်မြောက်လည်း .... .... (ဆိုမြဲ)

(အာမ ဘန္တေ—အနက်)

ဘန္တေ အရှင်ဘုရား၊ အာမဩဝ်....သရဏဂုံ သုံးပါးနှင့်
ပြည့်စုံပါပြီ အရှင်ဘုရား။

၁။ ပါဏာတိပါတာ....သူတပါး၏အသက်ကိုသတ်ခြင်းမှ၊
ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်
ရကြောင်း ကောင်း မြတ် သော
သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊
စိတ်၌ မြဲစွာ ဆောက်တည်ပါ၏။
၂။ အဒိန္နာဒါနာ ....အရှင်သည် ကိုယ်နှုတ်ဖြင့် မပေး
အပ်သော သူတပါး၏ ဥစ္စာကို ခိုး
ယူခြင်းမှ .... .... (ဆိုမြဲ)
၃။ ကာမေသု မိစ္ဆာစာရာ.... မသွားအပ်သော သူတပါး
အိမ်ရာကို သွားခြင်း၊ ကျူးလွန်
ခြင်းမှ .... .... .... .... (ဆိုမြဲ)
၄။ မုသာဝါဒါ ....မဟုတ်မမှန်သောစကားကို ပြောဆို
ခြင်းမှ .... .... .... .... (ဆိုမြဲ)

၅။ ပိသုဏာဝါစာ.... သူ နှစ်ယောက် တို့၏ အချစ်ကို ဖျက်ဆီး ကုန်းတိုက်သော စကားကို ပြောဆိုခြင်းမှ .... (ဆိုမြဲ)
၆။ ဖရုသဝါစာ.... ရှုန့်ရင်း ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ .... .... (ဆိုမြဲ)
၇။ သမ္ဖပ္ပလာပါ စီးပွားမဲ့ကို ဖျက်ဆီး တတ်သော သိမ်ဖျင်းသော စကားကို ပြောဆိုခြင်းမှ .... .... .... .... (ဆိုမြဲ)
၈။ မိစ္ဆာဇီဝါ .... ဒုစရိုက်(၇)ပါးကို ကျူးလွန်မှားသောအသက်မွေးခြင်းမျိုးမှ(ဆိုမြဲ)

# ဂါရဝ တရားထိုင်နည်း

ထိုသို့ သီလခံယူပြီးမှ ထိုင်ပါ၊ ထိုင်သောအခါတွင်လည်း တင်ပျဉ်ခွေ ထိုင်နည်းဖြင့် မထိုင်ပါနှင့်၊ တင်ပျဉ်ခွေ ထိုင်နည်းသည် တရားအားထုတ်သူများအတွက် သင့်လျော်သော်လည်း "ဗုဒ္ဓါနုဿတိ ဘာဝနာ" ကမ္မဋ္ဌာန်းကို စီးဖြန်းသူများအဘွက် မသင့်လျော်ပါ၊ ရိုသေကိုင်းရှိုင်းရာ မကျပါ။ ထို့ကြောင့် ဂါရဝ တရားဖြစ်သော ထိုင်နည်းဖြစ်သည့် ကျုံ့ကျုံ့ အမျိုးသမီးများထိုင်သကဲ့သို့ထိုင်ပါ။ ဒူးနှစ်လုံးကို ညွတ်ချိုး၍ ဗယ်လှည့်သန်လျှင် ဗယ်လှည့်၊ ညာလှည့်သန်လျှင် ညာလှည့်၊ ပေါင်ကို အနည်းငယ်ခွဲ၍ ကျုံ့ကျုံ့ထိုင်ပါ၊ (ရှေးက စာရေးသူကိုယ်တိုင် တင်ပျဉ်ခွေ ထိုင်နည်းအတိုင်း ထိုင်ခဲ့ပါသည်။ ဆရာတော်ကြီး တပါးက ဘုရားဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ် ပွားများအားထုတ်နေစဉ် ကိုယ်အမူအရာ နှုတ်အမူအရာ ယဉ်ကျေးရန် လိုကြောင်း၊ ထိုကြောင့် ကျုံ့ကျုံ့ ထိုင်ရန် လိုကြောင်း၊ ညွှန်ကြားချက်အတိုင်း လိုက်နာခဲ့ရာ ပိုမိုထိရောက်သည်ကို တွေ့ကြုံခံစားခဲ့ရပါသည်။ ထို့ကြောင့် သူမြတ်ကျင့်စဉ်ကို ကျင့်မည့် ပုဂ္ဂိုလ်အား ကျုံ့ကျုံ့ထိုင်ရန် ပန်ကြားခြင်းဖြစ်ပါသည်)။

## မေတ္တာပို့ပါ

ထိုနောက် မိမိကိုယ်ကို စောင့်သော ကိုယ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြစ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ တောလမိုင်း၊ တောင်လမိုင်း၊ ကွင်းလမိုင်း၊ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုးကြီးများနှင့် သမ္မာဒေဝ နတ်မြတ်အပေါင်းတို့အားလည်းကောင်း မေတ္တာ ပို့သပါ။

## မလျော့ မတင်း

ထိုသို့မေတ္တာပို့သပြီးနောက် အစီအစဉ်အတိုင်း တေင်ပုတီးကို စိပ်ပါ၊ စိတ်တင်းတင်းကြီးလည်း မထားပါနှင့်။ လျော့လျော့လျဲလျဲလည်း မထားပါနှင့်၊မလျော့မတင်းထား၍ မနှေးမမြန် ပုတီးတလုံးချင်းကိုချပါ၊ဂုဏ်တော် ကသိုဏ်းဝန်းဝယ် စိတ်ကို မြဲမြံစွာထားပါ။ အာရုံကို ဘယ်မှ ထွက်မသွားပါစေနှင့်၊ တခါတရံ အချို့နေရာများ၌ ပုတီးစိပ်ရာတွင် မိမိစိတ်က ခြောက်၍ ထပြေးချင်သောစိတ်၊ အချို့ ဓာတ်များက စမ်းလို၍ စိတ်ကို ကြောက်လာအောင် ခြောက်တတ်ပါသည်။ မကြောက်ပါနှင့်၊ မြတ်စွာ ဘုရားနှင့် အတူတကွ နေနေရသည်။ ဘာမှ ကြောက်ရောမလိုဟု စိတ်တင်းကာ ပုတီးပတ်ကို မပြီးမချင်းစိတ်ပါ။ ပြီးမှ ထပါ၊ ထိုအခါ ဘာမှမဟုတ်ကြောင်း သိရပါမည်။ (ပထမဦးစွာ အထိုင်ပျက်သွားလျှင် နောင်လည်း ပျက်တတ်ပါသည်။ ထို့ကြောင့် ကျောက်သား ကျောက်တိုင်ပမာ ကြံ့ကြံ့ခံ၍ သမာဓိရအောင် ကြိုးစားအားထုတ်ပါ၊ အထူးသတိထားရန်မှာ မိမိ အားထုတ်သည့် အချိန်သည် တိတ်ဆိတ်ချိန်၊ မိမိ

ထိုင်သော နေရာသည် ဆိတ်ငြိမ်သော နေရာဖြစ်ဖို့ အထူး လိုအပ်ပါသည်။)

သူမြတ်ကျင့်စဉ်ကို ကျင့်ကြံ အားထုတ်ရာ၌ "သီလသစ္စာ" သည် အဓိက အရေးကြီးလှပါသည်။ ထို့ကြောင့် မိမိတတ်နိုင်သော တပ်စွမ်းနိုင်သော သီလကံများကို အမြဲ အသက်ထက်ဆုံး စောင့်ထိန်းပါ။

## အသက်ထက်ဆုံး

အင်္ဂါကံကြီးများမှာ အရက်သောက်ခြင်း၊ သူတပါး မယားနှင့် မှောက်မှားခြင်း စသော ကံများ ဖြစ်ပါသည်။ ထိုကံ နှစ်ပါးကိုအသက်ထက်ဆုံးစောင့်ထိန်းနိုင်အောင် ကြိုးစားပါ။ ဘုရားထံသို့ ထိုကံနှစ်ပါး လှူနိုင်ကလှူပါ။ ဤကံနှစ်ပါး ကို လှူဒါန်း၍ သူမြတ်ကျင့်စဉ်ကို ကျင့်ကြံ အားထုတ်ခြင်းသည် ပို၍ ထက်မြက်ပါသည်။ အထူးသဖြင့်နဝင်္ဂသီလများကို နဝင်း ကြေ ကိုးရက်၊ ကိုးရက် အခါဋ္ဌာန်အတိုင်း ဆောက်တည်ခြင်း စသော သီလကံများကို စောင့်ထိန်း၍ သူမြတ်ကျင့်စဉ်များကို ကျင့်ကြံအားထုတ်ပါလျှင် မိမိလိုရာသို့ ချက်ချင်းပေါက်ရောက် နိုင်ပါသည်။

## သီလ ကံနှင့် သစ္စာ

မိမိပါရမီစခန်း ပညာလမ်း၏ တက်စဉ်ကို တက်ရာတွင် လည်းကောင်း၊ တခုခု အခက်အခဲ တွေ့ရာတွင် လည်းကောင်း မိမိထိန်းသိမ်းခဲ့သော သီလကံများကို လုံခြုံစွာ စောင့်ထိန်းခဲ့ ကြောင်းသစ္စာဆိုပါ။ အခက်အခဲ အကျပ်အတည်းများမှ လွတ်

မြောက်ရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဤသူမြတ်ကျင့်စဉ်ကို ကျင့်ကြံ အားထုတ်သူတိုင်း သီလ သစ္စာကံများ မကျိုးမပေါက်စေရန် အထူးသတိထား စောင့်ရှောက်ပါ။

## အဓိဋ္ဌာန်သစ္စာ

ဤသူမြတ်ကျင့်စဉ်တွင် အဓိဋ္ဌာန်ပါရမီသည် အရေးကြီးလှပါသည်။ ထို့ကြောင့် အဓိဋ္ဌာန် ပြုပုံပြုနည်းကို အသေးစိတ်တင်ပြလိုပါသည်။ အဓိဋ္ဌာန်ပြုသည့် အခါတိုင်း လိုသောဆု "တခုတည်းကိုသာ" တောင်းပါ။ မတရား လောဘဇောဟိုက်၍ တောင်းသောဆုသည် ဘယ်တော့မှ မပြည့်ဝပါ။ ထို့ကြောင့် နေ့မြတ်သည် မိမိနှင့် ထိုက်သင့်သောဆုကို တရားမျှတစွာ တောင်းပါ၊ အဓိဋ္ဌာန်ကို အောက်ပါအတိုင်း စနစ်တကျ ပြုလုပ်ဓိဋ္ဌာန်ပါ။ အဓိဋ္ဌာန်ဝင်လျှင် အနည်းဆုံး ကိုးရက်ဝင်ပါ။

၁။ ပထမဦးစွာ တိကျသောနေရာကို ရွေးပါ။

၂။ ဒုတိယ တိကျသော အချိန်ကို သတ်မှတ်ပါ။

၃။ တိကျသောရက်ကို သတ်မှတ်ပါ။

၄။ တိကျသော ပုတီးပတ်ကို သတ်မှတ်ပါ။

၅။ တိကျသော တခုတည်းသော ဆုကို သတ်မှတ်ပါ။

ဥပမာ။ ။မိမိ စတင်မည့် ရက်တွင် မြတ်စွာဘုရားအား လှူဖွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းပြီး အရှင်မြတ်ကြီးဘုရား တပည့်တော် ဘယ်နေ့သွားသည် ဤနေ့ဤရက်တွင် ဤဂေဟာ၌ ဘယ်နှစ်နာရီအတွင်း ဂုဏ်တော် ကွန်ချာကြီးအား တနေ့လျှင် ၁၀ ပတ်၊ ဂုဏ်တော်ပေါင်း တထောင်ကို ကိုးရက် နေ့စဉ်

ပွဲများ အားထုတ်ပါမည်ဟု သစ္စာ အဓိဋ္ဌာန် ပြုပါသည် ဘုရားဟု ၃ ခေါက်ဆိုပါ။

ဤသို့ သစ္စာအဓိဋ္ဌာန် ပြုခဲ့သည့်အတိုင်း ကျင့်ကြံအားထုတ်၍ ပြီးဆုံးအောင်မြင်ပါက တပည့်တော်အား ( .... .... .... .... .... ) ဆုကို ပေးသနားတော်မူပါ အရှင်ဘုရားဟု ၃ ခေါက်ဆိုပါ။

## တိုင်တည်ခြင်း

ထို့နောက် အဆိုပါ သစ္စာအဓိဋ္ဌာန် ပြုထားကြောင်းကို သာသနာစောင့် နတ်များအား တိုင်တည်ပါ။ (ကြေးစည်နှင့် ထု၍ တိုင်တည်လျှင် ပို၍ ကောင်းပါသည်။)

အဓိဋ္ဌာန်ရက် ပြီးဆုံးသော အခါတွင်လည်း အထက်ပါ အရိယာသူတော်စင်များ၊ သာသနာစောင့် နတ်များအား ပြီးဆုံးကြောင်း တိုင်တည်၍ လိုသောဆု တခုတည်းသောဆုကို တောင်းပါ။ နောက် မေတ္တာပို့ အမျှပေးဝေပါ။ ဤသည်မှာ အဓိဋ္ဌာန်ခန်းကို အတိုဆုံးနှင့်အရှင်းဆုံး ကြိုးစားတင်ပြခြင်း ဖြစ်ပါသည်။

# မေတ္တာကို ပွားပါ

ဤလောကီ ပညာကို လိုက်စား ဝါသနာပါသူများမှာ
ရတနာသုံးပါး၏ ဂုဏ်ကို မိမိတို့၏ကိုယ်၌ အမြဲထုံမွမ်းရခြင်း၊
တန်ခိုးကြီးသော တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြို့
စောင့်နတ်၊ ရွာစောင့်နတ်၊ မြစ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊
အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ တောလမိုင်း၊ တောင်လမိုင်း၊
ကွင်းလမိုင်း စသည်တို့ကို အမြဲမပြတ် မေတ္တာသက်ဝင် ချစ်ခင်
လေးမြတ်ရမည်။ သို့မှသာ အနှောင့်အယှက်မရှိသဖြင့် မိမိတို့
မျှော်ကိုးသည့်အတိုင်း အောင်မြင်နိုင်မည်။ လောကီ အင်းအစဉ်
ဟူသမျှတို့၌ ရတနာသုံးပါးကို ဦးထိပ်ထားလျက် မေတ္တာတရား
ကို ပွားများ၍ နေထားတကျ ဝီရိယပါလျှင် ကေန်ပင် အထ
မြောက်နိုင်ပါသည်။

နေထားတကျဟု ဆိုရာ၌၊ "ကောင်းသောဆန္ဒ၊ ကောင်း
သောဝီရိယ၊ ကောင်းသော အသိဉာဏ်" ဤသုံးပါးနှင့် ပြည့်စုံ
လျှင် လိုအပ်သော အကျိုးတို့ကို ပြည့်စုံစေနိုင်ကြောင်း ပညာ
ရှိတို့ မိန့်ဆိုကြလေကုန်၏။

စပယ်ဦးစာပေ (တတိယအကြိမ်)

## ဟုတ်သောအကြံ မှန်သောအကျင့်

ထို့ကြောင့် သမ္မာပယောဂဟု ဆိုအပ်သော "ဝီရိယမှန် အကြံမှန်"တို့ဖြင့် ကောင်းစွာ ဆောင်ရွက်ပါက လိုအပ်သော ပစ္စည်းဉစ္စာ၊ ပညာကုသိုလ် ထိုထိုသော ဂုဏ်အပေါင်းတို့သည် ကောင်းစွာ ပြည့်စုံမြဲဖြစ်၏။ ထိုဝီရိယအမှန် အကြံမှန်ဟု ဆိုအပ်သော သမ္မာပယောဂသည် သိကြားမင်း၏ နှုတ်ထွက်ကိုပင် ပယ်ဖျောက်နိုင်သော သတ္တိရှိ၏ဟူ၍ ဖော်ပြထား၏။

ထို့ကြောင့် အချင်း သူတော်ကောင်း ကျမ်းဦးစကား ပထမ၌ ဖော်ညွှန်းထားသည့် အတိုင်း "ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးမြဲထွေ၊ ကျင့်တတ်စေ"ဟူ၍ ရှေးသူတော်ငင် သူတော်မြတ်ကြီးတို့၏ လမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ်ပါလော့၊ ထို့အပြင် ရှေးသူတော်စင် သူတော်မြတ်တို့ အထပ်ထပ်မှာခဲ့သော လမ်းစဉ်အတိုင်း ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော်ကို အမြဲထုံမွမ်း၍ တန်ခိုးကြီးသော နတ်မင်းများကို အမြဲတစေ မေတ္တာပို့သ၍ အစဉ် မေတ္တာဓာတ်ကို ပြန်လည်ခံယူပါ။ မေတ္တာသည် ပို့တတ်မှ ရောက်သလို၊ ခံယူတတ်မှ ရရှိနိုင်ပါသည်။ ဤကျမ်း၏ နောက်အခန်းတွင် မေတ္တာ၏ အခန်းကဏ္ဍကို သီးခြား ဖော်ပြထားမည် ဖြစ်ပါသည်။

## သူမြတ်ကျင့်စဉ်

သာသနာသက္ကရာဇ် ၁၃၆ ခု၊ ဒုတိယ သုဝဏ္ဏဘူမိ သထုံပြည် သီရိဓမ္မာသောကမင်း လက်ထက်တွင်အိန္ဒိယမှ ရှင်သောဏ

ထေရ်နှင့် ရှင်ဥတ္တရထေရ်တို့ သာသနာပြုကြစဉ် အခါကပင် ပိဋကတ်တော်များ မြန်မာပြည် အောက်ပိုင်းသို့ ရောက်ရှိလာပေပြီဟု ယူဆရပါသည်။ သို့သော် နှုတ်ငုံဆောင်ထားသော ခေတ်ဖြစ်၍ အလွန်ထင်ရှားခဲ့ဟန် မတူပေ။

သာသနာ သက္ကရာဇ် ၉၃၀ တွင် ရှင်မဟာ ဗုဒ္ဓဃောသ ထေရ် သထုံပြည်မှ သီဟိုဠ်ကျွန်းသို့ကြွကာ ပိဋကတ်တော်တို့ကို ရေးကူး၍ သထုံပြည်သို့ ရေးယူလာခဲ့ပေသည်။ ထိုအခါက ပေရေး ပုရပိုက်ရေး ခေတ်ဖြစ်၍ အလွန် ထင်ရှားလာခဲ့သည်။

မြန်မာပြည် အထက်ပိုင်းသို့ကား သာသနာ သက္ကရာဇ် ၁၆၀၁-ခုနှစ်၊ အနော်ရထာမင်း လက်ထက်၌ ပိဋကတ်တော်များ ပုဂံပြည်သို့ ရောက်ခဲ့ပေသည်။ ထိုမှတစတစ ပြန့်ပွားလျက် မြန်မာတပြည်လုံးသို့ ထွန်းလင်းခဲ့ပေသည်။

ဤသို့ရှိရာမှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ သူမြတ်အပေါင်းတို့သည် ပိဋကတ်တော်၌ ပါရှိသော သမာဓိဆိုင်ရာလုပ်ငန်း၊ ဝိပဿနာဆိုင်ရာ လုပ်ငန်းတို့ကို ကြိုးပမ်းအားထုတ်ကာ ပထမအဆင့် သမာဓိရသူ၊ ဒုတိယအဆင့် ဈာန်ရသူ၊ အဘိညာဉ်ရသူ၊ တတိယအဆင့် မဂ်ဖိုလ်ရသူတို့ အလွန်ပေါများ၍ ဗုဒ္ဓသာသနာတော်ကြီးသည် နေရောင် လရောင်ပမာ ထွန်းလင်းခဲ့သည်ဟု ဆိုပါသည်။

# ကွန်ချာကြီးများ

ထိုအခါ သမာဓိဆိုင်ရာ လုပ်ငန်း၊ ဝိပဿနာဆိုင်ရာ လုပ်ငန်းတို့ကို ကြိုးပမ်းအားထုတ်သော ပညာရှိသူတော်ကောင်းတို့သည် တစတစ တိုးတက်၍ သမာဓိဈာန် အဘိညာဉ်မဂ်ဖိုလ်တို့ကို အမြန်ဆုံး ရရှိရေးကို အထူးအလေးပေး၍ တွေးတောကြံစည်အားထုတ်ကြပါသည်။ ထိုအခါ ပိဋကတ်တော်၌ ပါရှိသော ဂုဏ်တော် သရဏဂုံနှင့် ပဋ္ဌာန်းတို့ကို တပါးနှင့်တပါး မူလ မူလီ သွတ်သွင်းကာ အနုလုံ ပဋိလုံ အပြန်အလှန် ဆက်စပ် စီစဉ်လျက် ဂုဏ်တော်ကွန်ချာကြီး၊ သရဏဂုံကွန်ချာကြီးနှင့် ပဋ္ဌာန်းကွန်ချာကြီးတို့ကို ပြုလုပ်ပြီးလျှင် လေ့လာပွားများအားထုတ်ခဲ့ကြသည်။ ထိုသို့ အားထုတ်ခဲ့သည့် အတိုင်းလည်း အခြေခံ ပထမအဆင့် သမာဓိကို အမြန်ရရှိ၍ အကျိုးထူးကို ခံစားကြရသည်။

ဤ ဂုဏ်တော်ကွန်ချာကြီး၊ သရဏဂုံ ကွန်ချာကြီးနှင့် ပဋ္ဌာန်းကွန်ချာကြီးတို့သည် သမာဓိ အမြန်ရရှိရေး အတွက် လက်နက်ကောင်းကြီးများ ဖြစ်ကြပါသည်။ ထို့အပြင် ဤ

ကွန်ချာကြီးများသည် မြန်မာပြည်တွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော် သို့မဟုတ် ၁၁၀၀ ကျော် လောက်ကပင် ပေါ် ပေါက်ခဲ့သည်ဟု ဆိုရပေသည်။

## သမာဓိစခန်းသို့

ထို့ကြောင့် သူမြတ်အပေါင်းတို့သည် ဂုဏ်တော်ကိုဖြစ်စေ၊ သရဏဂုံကိုဖြစ်စေ၊ ပဋ္ဌာန်းကိုဖြစ်စေ ပုတီးစိပ် ပွားများ အားထုတ်ရာ၌ သမာဓိရရှိရေးသည်သာ အဓိက ဖြစ်ကြောင်း ပေါ်လွင်နေပါသည်။ ထိုသမာဓိစခန်းကိုတက်လှမ်းရေးအတွက် ဤသရဏဂုံကွန်ချာ၊ ဂုဏ်တော်ကွန်ချာနှင့် ပဋ္ဌာန်းကွန်ချာ တို့သည် လက်နက်ကောင်းကြီးဖြစ်ကြသည်ဟု ရှေးသူတော်စင် သူမြတ်အပေါင်းတို့က ညွှန်ပြခဲ့ပါသည်။

ဤ ဂုဏ်တော်ကွန်ချာကြီး သရဏဂုံ ကွန်ချာကြီးနှင့် ပဋ္ဌာန်းကွန်ချာကြီးတို့ကို တရာ့ရှစ်နဝင်းနှင့် တရာ့ရှစ်လုံးပုတီး ကိုက်ညီအောင် စီစဉ်ထားကြသည်။ ဂုဏ်တော်တပါးစီကို ရိုးရိုး ပုတီးစိပ်ရာဝယ် သမာဓိ ရခဲလှသော်လည်း ဤသရဏဂုံ ကွန်ချာကြီး၊ ဂုဏ်တော်ကွန်ချာကြီးနှင့် ပဋ္ဌာန်း ကွန်ချာကြီး များကို ပွားများအားထုတ်ရာဝယ် အဘယ်လောက်ပင် စိတ် ပျံ့လွင့်နေစေကာမူ ကိုးရက် အဓိဋ္ဌာန်ဖြင့် ကြိုးစားအားထုတ် ပါက မုချ သမာဓိထူးကို ရရှိလိမ့်မည်ဟု အများ သူတော်စင် အပေါင်းတို့က အမှာရှိပေသည်။

ရှေးရှေးသော ပညာရှိ သူတော်စင် အပေါင်းတို့သည် သမာဓိစခန်းကို ပိုင်နိုင်ရေးအတွက် အထူးတလည် စီရင်ထား

သော သူမြတ်ကျင့်စဉ်များဖြစ်၍ ကြိုးစားကျင့်ကြံ အားထုတ် သလောက် အကျိုးထူးကို ခံစားကြရမည်မှာ မလွဲပေ။

ဤ သူမြတ်ကျင့်စဉ်ကြီးအား ကျင့်ကြံ အားထုတ်သော သူတော်စင်ကို မပြောထားနှင့် စိပ်သောပုတီးကိုပင် သမ္မာဒေဝ နတ်အပေါင်းတို့ စောင့်ရှောက်ကြောင်း တွေ့ရှိရပုံကို သူတော်စင် တဦးက ပြောကြားလေသည်။ ဤသူမြတ်ကျင့်စဉ်သည် ဤအထိ သမာဓိတရားကို ထက်မြက်စွာ ရရှိပေသည်။

## လက်နက်ကောင်းကြီး

ထို့ကြောင့် ပထမဦးစွာ ကွန်ချာကြီးများကို တင်ပြမည် ဖြစ်ပါသည်။ ဂုဏ်တော်ကွန်ချာများမှာ အမျိုးမျိုး ရှိသော်လည်း အောက်ဖော်ပြမည့် ဂုဏ်တော်ကွန်ချာကြီးမှာ သမာဓိ ရရှိရေးအတွက် အခိက လက်နက်ကောင်းကြီး သဖွယ် ဖြစ်ကြောင်းကို ရှေးကပင် တင်ပြဖူးခဲ့လေပြီ။ ဤကွန်ချာကြီးများကို ပွားများအားထုတ်ရသော ကျေးဇူးကား ကြီးမားလှပါသည်။ ယိုသို့ကြီးမားပုံများကို ကြီးကျယ်ခမ်းနားစွာ ရေးသားဖော်ပြ ရသော် တဘက်အစွန်းသို့ ရောက်သွားမည်ကို စိုးသောကြောင့် ဖော်ပြခြင်းမပြုတော့ပေ။ မိမိတို့၏ ဖြူစင်သော စေတနာသန့်သန့် ဖြင့်သာ ပွားများအားထုတ်ပါက ပုတီးအပတ်ပေါင်းတသောင်း၊ ဂုဏ်တော်ပေါင်း တသန်း ပြည့်မြောက်လျှင် ထူးခြားမှုကို မုချ ခံစားရမည်ဟု ရှေး သူမြတ်ကြီးများက မိန့်ဆိုခဲ့ပါသည်။

အထူးသဖြင့် ဤ ကွန်ချာကြီးများသည် သမာဓိစခန်း ပညာလမ်းဝယ် ပိုင်နိုင်ရေးအတွက် အထူးစီစဉ်ထားသော ကျင့်

စဉ်များ ဖြစ်ပါသည်။ ထို့ကြောင့် အထူးကျင့်ကြံ အားထုတ်ကြပါကုန်ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

ဤကွန်ချာကြီးများကို ပုတီးစိပ်ရာဝယ် သူမြတ်အပေါင်းတို့ ခက်ခဲမှု မတွေ့စေရန် သူ့အခန်း သူ့ကဏ္ဍကလေးများဖြင့် ခွဲခြားသတ်မှတ်ထားပါသည်။ တနေ့လျှင် တခန်းစီရသလောက် တက်သွားပါက မကြာမီ ၄က်ချားအတွင်း အဆုံးရရှိသွားမည် ဖြစ်ပါသည်။ ထို့ကြောင့် ကွန်ချာကြီးများကို ၁တင် ပုတီးစိပ်ရာဝယ် မလောပဲ နှေးနှေးနှင့်မှန်မှန် တက်သွားရန် အထူးမှာလိုပါသည်။ ဤသို့လေ့ကျင့်၍ တပုဒ်လုံးကို ပိုင်နိုင်စွာ ရရှိသွားသောအခါ ရှေ့သို့ တပုဒ်တိုး၍ တက်သွားပါက မကြာမီ ရရှိသွားမည် ဖြစ်ပါသည်။

ထို့အပြင်လည်း သမာဓိစခန်း ပိုင်နိုင်ရေးနှင့် ဂုဏ်တော်အကျိုးကျေးဇူး ဝိသေသ လက္ခဏာများကို တင်းပြည့်ကျပ်ပြည့် ခံစားနိုင်ရေးအတွက်လည်း ဤကွန်ချာကြီးများက ထွန်းလင်း၍ ပြသမည်ကို မိမိကိုယ်တိုင် စမ်းသပ်တွေ့ရှိရမည် ဖြစ်ပါသတည်း။

## တချောင့်ရှစ် နဝင်းဟူသည်

ဤဌ် 'နဝင်း'နှင့် '၁၀၈ နဝင်း' တို့၏ အထူးကား အဿဝဏီ၊ ဘရဏီ၊ ကြတ္တိကာ စသော ၂၇ သွယ် နက္ခတ်တို့တွင် တသွယ် တသွယ်၌ လေးပါဒ်စီ ရှိသောကြောင့် နက္ခတ် ၂၇ ကို ၄ ပါဒ်နှင့် မြှောက်သော် ၁၀၈ ပါဒ်ဖြစ်၏။ ၎င်း ၁၀၈ ပါဒ်ကို ၁၂ရာသီနှင့် အညီအမျှ ဖြစ်စိမ့်သော၄ာ ၁၂ ရာသီနှင့် စားသော် တရာသီတရာသီ၌ ကိုးပါဒ်စီ အညီအမျှ

ရကြ၏။ တရာသီ၏ ပါဒ်အစိတ် ၉ ခုကိုပင် 'နဝင်း'ဟု ခေါ်ဆိုပေသည်။ သို့ဖြစ်ရကား ၁၂ ရာသီ နဝင်း၏ အပေါင်းဖြစ်သော ၁၀၈ ပါဒ်ကို တရာ့ရှစ်နဝင်းဟု ခေါ်ဆိုလေသည်။ ၎င်း နဝင်းဟူသော ဝေါဟာရ၏ မူရင်းစကားကား နဝင်္ဂ ဟူသော မာဂဓဘာသာပင်ဖြစ်၍ နဝ အင်္ဂ ဟု ပုဒ်ခွဲပြီးလျှင် နဝသဒ္ဒါ ကိုးဟူသော အနက်၊ အင်္ဂသဒ္ဒါကား အစိတ်ဟူသော အနက်တို့ကို ဟောသည်ဖြစ်ရကား နဝင်းဟူသောပါဠိစကား၏ အဓိပ္ပာယ်ကို မြန်မာလို 'တရာသီ' တရာသီ၌ရှိသော ပါဒ်စိတ် ၉ ဟု အဓိပ္ပာယ်ရလေသည်။

(သုတေသနရှာပြ အဘိဓာန်)

# ဂုဏ်တော်ကွန်ချာကြီးများ
# နှင့်
# တရားရှစ် နဝင်းကိုက်

## ပထမဦးစွာ ပွားများပါ

ပထမဦးစွာ ဂုဏ်တော် ကွန်ချာကြီးများကို မတင်ပြမီ ဂုဏ်တော်ကိုးပါးကို "အနုလုံ ပဋိလုံ" ပုတီးစိပ်နည်းကို တင်ပြလိုပါသည်။ သို့မှသာ ဂုဏ်တော်ကွန်ချာကြီးများကို ပုတီးစိပ်မည့် သူမြတ်သည် အလွယ်တကူ "ဂုဏ်တော်ကွန်ချာကြီးများကိုစိတ်ချမ်းသာစွာ" ပွားများ အားထုတ်နိုင်မည် ဖြစ်ပါသည်။ ဤအနုလုံ ပဋိလုံ ဂုဏ်တော်ကိုးပါး ပုတီးစိပ်နည်းမှာ အပြန်အလှန် အတက်အဆင်း ပုတီးစိပ်နည်းသာ ဖြစ်ပါသည်။ ဤဂုဏ်တော်ကိုးပါး ပွားများ အားထုတ်နည်းများကို အပြန်ပြန်အလှန်လှန် ကြေညက်အောင် ပုတီးစိပ်ထားသော သူမြတ်အဖို့ အပြန်ပြန် အလှန်လှန် လှည့်ပတ်၍သွားသော တရားရှစ် နဝင်းကိုက် ဂုဏ်တော်ကွန်ချာကြီးများကို ပိုင်နိုင်စွာ ပွားများ အားထုတ်နိုင်ပြီး သမာဓိရရှိရေးအတွက် အခြေခံသင်ခန်း အုတ်မြစ်များဖြစ်ကြောင်း တင်ပြအပ်ပါသတည်း။

စပယ်ဦး၊ ၀၇၈ပ (တတိယအကြိမ်)

## အနုလုံ-ပဋိလုံ စိပ်နည်း

| အနုလုံ | ဂုဏ်တော်ကိုးပါး အနုလုံ–ပဋိလုံ ဇယား | ပဋိလုံ |
|---|---|---|
| ၁ | သောဘဂဝါ ဣတိပိ အရဟံ | ၉ |
| ၂ | သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ | ၈ |
| ၃ | သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော | ၇ |
| ၄ | သောဘဂဝါ ဣတိပိ သုဂတော | ၆ |
| ၅ | သောဘဂဝါ ဣတိပိ လောကဝိဒူ | ၅ |
| ၆ | သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသ ဒမ္မသာရထိ | ၄ |
| ၇ | သောဘဂဝါ ဣတိပိ သတ္ထာ ဒေဝ မနုဿာနံ | ၃ |
| ၈ | သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ | ၂ |
| ၉ | သောဘဂဝါ ဣတိပိ ဘဂဝါ | ၁ |

အထက်တွင် ဇယားဖြင့် ဖော်ပြထားသည့်အတိုင်း ဂုဏ်တော်ကိုးပါးအား 'သောဘဂဝါ ဣတိပိ အရဟံ' ဂုဏ်တော်မှစ၍ 'သောဘဂဝါ ဣတိပိ ဘဂဝါ' ဂုဏ်တော်တိုင်အောင် ဂုဏ်တော်ကိုးပါးကို အနုလုံအားဖြင့် အထက်မှအောက်သို့ ဂဏန်းပြထားသော အစဉ်အတိုင်း ဘုရားဂုဏ်တော်ကို အာရုံပြု၍ ဂုဏ်တော်တပါး ပုတီးတလုံးကျစီ ချ၍-ချ၍ စိပ်သွားပါ။

တဖန် "သောဘဂဝါ ဣတိပိ ဘဂဝါ" ဂုဏ်တော်မှစ၍ "သောဘဂဝါ ဣတိပိ အရဟံ" ဂုဏ်တော်တိုင်အောင် ဂုဏ်တော်ကိုးပါးကို ပဋိလုံအားဖြင့် အောက်မှ အထက်သို့ ဂဏန်းပြ

ထားသော အစဉ်အတိုင်း ဘုရား၏ ဂုဏ်တော်ကို အာရုံပြု၍ ဂုဏ်တော်တပါး ပုတီးတလုံးကျစီ စိပ်သွားပါ။

ထိုသို့ အနုလုံ ပုတီးခြောက်ခေါက်၊ ပဋိလုံ ပုတီးခြောက် ခေါက်ပေါင်းအနုလုံ-ပဋိလုံ(၁၂)ခေါက်အပြန်အလှန်စိပ်ပါက ပုတီးအလုံးရေ (၁၀၈)လုံး ပုတီးတပတ်ရသွားပါမည်။နောက် ဆုံး အလုံးတွင် "သောဘဂဝါ ဣတိပိ အရဟံ"ဟု ကျလာလျှင် ပုတီးမမှားကြောင်းသိရှိနိုင်သည်။သို့သော် နောက်ဆုံးအလုံးမှာ သောဘဂဝါ ဣတိပိ အရဟံအစား အခြားဂုဏ်တော် တပါး ပါး ကျလာလျှင် တနေရာ၌ ပုတီးချ မှားလာပြီဖြစ်ကြောင်း သိသာ ထင်ရှားလှပါသည်။ ထို့ကြောင့် နောက်တခေါက် ပုတီးစိပ် မမှားရအောင် ထပ်မံပွားများ အားထုတ်ပါ။

## လေ့လာပါ

ဤသို့ ဂုဏ်တော်ကိုးပါးကို အနုလုံ ပဋိလုံ အပြန်အလှန် ကြေညက်အောင် စိပ်ပြီးနောက်၊ သူမြတ်သည် အောက်ပါ ဂုဏ်တော် ကွန်ချာကြီးများကို လေ့လာပါ။ ပုတီးမစိပ်မီ အပြန် အလှန် အတက်အဆင်းများကို ကြည့်ပါ။

ပထမ-ဂုဏ်တော် ကွန်ချာကြီးတွင် ဂုဏ်တော်တပါး (၃) ကြိမ်ထပ်၍၊ ထပ်၍ ယူသွားပုံကို သတိထားပါ။ နောက် ဂုဏ် တော် တပါးသို့မကူးမီ ပဋိလုံ အောက်မှ အထက်သို့ ဂုဏ်တော် များကို ပြန်၍ ပွားများလာပုံကို လေ့လာပါ။

ဒုတိယ ဂုဏ်တော်ကွန်ချာကြီးမှာ ဂုဏ်တော် တပါးလျှင် (၂) ကြိမ်စီထပ်၍ ယူသွားပုံကို သတိပြုပါ။ နောက် ဂုဏ်တော်

ကိုးပါးစလုံးတို့ကို အထက်မှ အောက်၊ အောက်မှ အထက်၊ အပြန်အလှန်ယှဉ်ပုံတို့ကို လေ့လာမှတ်သားပါ။

တတိယ ဂြိုဟ်တော် ကွန်ချာကြီးမှာ၊ ဂြိုဟ်တော် ကိုးပါး စလုံးကို စ၍ အပြန်အလှန် ယှဉ်ပုံကို လေ့လာပါ၊ နောက် ဂြိုဟ်တော်များကိုခွဲ၍ အဘက်အဆင်း သွားပုံတို့ကို သတိပြုပါ။

ဂြိုဟ်တော်ကွန်ချာ ပုတီးစိပ်နည်းများကို အချို့ စာအုပ်များ တွင် ရေးနှော၍ ပြသထားသဖြင့် ပုတီးစိပ်မည့် သူမြတ်အဖို့ မျက်စိလည်သွားနိုင်ပါသည်။ ဂြိုဟ်တော်ကွန်ချာဟူသော စကား အတိုင်း ဤဂြိုဟ်တော်ကွန်ချာကြီးများသည်စနစ်တကျ အသေး စိတ် လှည့်ပတ် သွားလာကြောင်း တွေ့ရှိမည် ဖြစ်ပါသည်။ သူ မြတ်ကျင့်စဉ်ကို ကျင့်ကြံသော သူမြတ်အဖို့ ဂြိုဟ်တော်ကွန်ချာ ကြီးများကို ပွားများအားထုတ်ရာ၌ လွယ်ကူစေရန် ပထမဦးစွာ "အနုလုံ ပဋိလုံ" ပုတီးစိပ်နည်းကို ပြသခဲ့ပြီး ဖြစ်ပါသည်။

## အဓိကအချက်

ယခုဖန် ဂြိုဟ်တော် ကွန်ချာကြီးများကို သွားပုံလာပုံတို့ကို အသေးစိတ် ကဏ္ဍများ ခြား၍ ပြသထားပါသည်။ သို့မှသာ ဂြိုဟ်တော် ကွန်ချာများ၏ သွားလာပုံတို့ကို မျက်စိ မလည်ပဲ ကျင့်ကြံအားထုတ်နိုင်မည် ဖြစ်ပါသည်။ သို့မှလည်း သူမြတ်အဖို့ ပို၍ သဘောပေါက်ပြီး လှည့်လည်သွားလာပုံတို့ကို ပိုင်နိုင်စွာ သိရှိထားမည် ဖြစ်ပါသည်။

ထိုသို့ ပိုင်နိုင်စွာ သိရှိထားမှလည်း ဂြိုဟ်တော် ကွန်ချာကြီး များကို ပုတီးစိပ်ရာ၌ အခက်အခဲ မရှိပဲ ပုတီးပတ်များ မှန်၍ သမာဓိထူး သမာဓိမြတ်ကြီးများကို ရရှိမည် ဖြစ်ပါသည်။

အဘယ်ကြောင့် ဤမျှလောက် ဤဂုဏ်တော် ကွန်ချာများကို အသေးစိတ်တင်ပြရပါသနည်းဟု မေးငြားအံ့။ ပုတီးစိပ်နည်း (၀၁)သူ့မြတ်ကျင့်စဉ်ကို ပွားများအားထုတ်သူတို့အဖို့ အခြေခံသမာဓိတရားရရေးနှင့် ဉာဏ်စဉ် ထက်မြက်ရေးတို့သည် ပထမအရေးကြီးလှသည်။ အဓိက အချက်ကြီးများဟူ၍ မများပေ။ ထိုသမာဓိထူးလက်နက်ကြီးများကို ဤဂုဏ်တော် ကွန်ချာကြီးများက ပေးငွေမ်းနိုင်ပါသည်။ အဘယ်မျှလောက် စိတ်ပျံ့လွင့်နေသူ ဖြစ်ပါစေ၊ ဂုဏ်တော်စိပ်၍ သမာဓိ မရနိုင်သောသူဖြစ်ပါစေ၊ ဤဂုဏ်တော်ကွန်ချာကြီးများကို အမိဌာန် (၉) ရက်ဝင်၍ ပွားများလိုက်ပါလျှင် ထူးခြားသော သမာဓိထူးသမာဓိမြတ်များကို ရရှိမည် ဖြစ်ပါသည်။ ဤမျှ စာရေးသူက အာမခံနေလျှင် အချင်းသူတော်ကောင်းသည် သမာဓိ ရရှိရေးအတွက် အဓိက လက်နက်ကြီးဖြစ်သော ဤဂုဏ်တော် ကွန်ချာကြီးများကို ပွားများအားထုတ်ပါလော့။

စိတ်ထန်လျှင် ခံနိုင်ရိုးလား
ဝီရိယရှိလျှင် မဖြစ်နေရိုးလား

သုံးချက်ဆင့် ဂုဏ်တော် ကွန်ချာကြီး
(တရာ့ရှစ်နဝင်းကိုက် ပုတီးစိပ်)

အရဟံ ဂုဏ်ဘော် ပုတီး (၃) လုံး

| | | |
|---|---|---|
| ၁။ | ဣတိပိ သောဘဂဝါ အရဟံ | (ပုတီးတလုံးချ) |
| ၂။ | အရဟံ၊ | ။ |
| ၃။ | အရဟံ သောဘဂဝါ ဣတိပိ | ။ |

စပယ်ဦး၏ ၁ ၉ ၁ | (တတိယအကြိမ်)

## သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော် ပုတီး (၅)လုံး

၄။ ဣတိပိ သောဘဂဝါ အရဟံ (ပုတီးတလုံးချ)
၅။ သမ္မာသမ္ဗုဒ္ဓေါ ။
၆။ သမ္မာသမ္ဗုဒ္ဓေါ ။
၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၈။ အရဟံ သောဘဂဝါ ဣတိပိ ။

## ဝိဇ္ဇာစရဏ ဂုဏ်တော် ပုတီး (၇)လုံး

၉။ သောဘဂဝါ ဣတိပိ အရဟံ (ပုတီးတလုံးချ)
၁၀။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၁။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၁၂။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၁၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၁၄။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၅။ အရဟံ သောဘဂဝါ ဣတိပိ ။

## သုဂတော ဂုဏ်တော် ပုတီး (၉)လုံး

၁၆။ သောဘဂဝါ ဣတိပိ အရဟံ (ပုတီးတလုံးချ)
၁၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၈။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၁၉။ သုဂတော ။
၂၀။ သုဂတော ။
၂၁။ သုဂတော ။

၂၂။ ဝိဇ္ဇာ စရဏ သမ္ပန္နော (ပုတီးတလုံးချ)
၂၃။ သမ္မာသမ္ဗုဒ္ဓေါ ။
၂၄။ အရဟံ သော ဘဂဝါ ဣတိပိ ။

လောကဝိဒူ ဂုဏ်တော် ပုတီး (၁၁) လုံး

၂၅။ ဣတိပိ သော ဘဂဝါ အရဟံ (ပုတီးတလုံးချ)
၂၆။ သမ္မာသမ္ဗုဒ္ဓေါ ။
၂၇။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၂၈။ သုဂတော ။
၂၉။ လောကဝိဒူ ။
၃၀။ လောကဝိဒူ ။
၃၁။ လောကဝိဒူ ။
၃၂။ သုဂတော ။
၃၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၃၄။ သမ္မာသမ္ဗုဒ္ဓေါ ။
၃၅။ အရဟံ သော ဘဂဝါ ဣတိပိ ။

အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော် ပုတီး (၁၃)လုံး

၃၆။ ဣတိပိ သော ဘဂဝါ အရဟံ (ပုတီးတလုံးချ)
၃၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၃၈။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၃၉။ သုဂတော ။
၄၀။ လောကဝိဒူ ။
၄၁။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။

၄၂။ အနုတ္တရောပုရိသ ဒမ္မသာရထိ (ပုတီးတလုံးချ)
၄၃။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၄၄။ လောကဝိဒူ ။
၄၅။ သုဂတော ။
၄၆။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၄၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၄၈။ အရဟံ သောဘဂဝေါ ဣတိပိ ။

**သတ္ထာ ဒေဝမနုဿာနံ ဂုဏ်တော် ပုတီး (၁၅) လုံး**

၄၉။ ဣတိပိ သောဘဂဝေါ အရဟံ (ပုတီးတလုံးချ)
၅၀။ သမ္မာသမ္ဗုဒ္ဓေါ ။
၅၁။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၅၂။ သုဂတော ။
၅၃။ လောကဝိဒူ ။
၅၄။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၅၅။ သတ္ထာ ဒေဝမနုဿာနံ ။
၅၆။ သတ္ထာ ဒေဝမနုဿာနံ ။
၅၇။ သတ္ထာ ဒေဝမနုဿာနံ ။
၅၈။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၅၉။ လောကဝိဒူ ။
၆၀။ သုဂတော ။
၆၁။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၆၂။ သမ္မာသမ္ဗုဒ္ဓေါ ။
၆၃။ အရဟံ သောဘဂဝေါ ဣတိပိ ။

## ဗုဒ္ဓေါ ဂုဏ်တော် ပုတီး (၁၇) လုံး

၆၄။ ဣတိပိ သောဘဂဝါ အရဟံ (ပုတီးတလုံးချ)
၆၅။ သမ္မာသမ္ဗုဒ္ဓေါ ။
၆၆။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၆၇။ သုဂတော ။
၆၈။ လောကဝိဒူ ။
၆၉။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၇၀။ သတ္ထာဒေဝ မနုဿာနံ ။
၇၁။ ဗုဒ္ဓေါ ။
၇၂။ ဗုဒ္ဓေါ ။
၇၃။ ဗုဒ္ဓေါ ။
၇၄။ သတ္ထာဒေဝ မနုဿာနံ ။
၇၅။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၇၆။ လောကဝိဒူ ။
၇၇။ သုဂတော ။
၇၈။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၇၉။ သမ္မာသမ္ဗုဒ္ဓေါ ။
၈၀။ အရဟံ သောဘဂဝါ ဣတိပိ ။

## ဘဂဝါ ဂုဏ်တော် ပုတီး(၁၉) လုံး

၈၁။ ဣတိပိ သောဘဂဝါ အရဟံ (ပုတီးတလုံးချ)
၈၂။ သမ္မာသမ္ဗုဒ္ဓေါ ။
၈၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၈၄။ သုဂတော ။

၈၅။ လောကဝိဒူ (ပုတီးတလုံးချ)
၈၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ״
၈၇။ သတ္ထာဒေဝ မနုဿာနံ ״
၈၈။ ဗုဒ္ဓေါ ״
၈၉။ ဘဂဝါ ״
၉၀။ ဘဂဝါ ״
၉၁။ ဘဂဝါ ״
၉၂။ ဗုဒ္ဓေါ ״
၉၃။ သတ္ထာဒေဝ မနုဿာနံ ״
၉၄။ အနုတ္တရောပုရိသ ဒမ္မသာရထိ ״
၉၅။ လောကဝိဒူ ״
၉၆။ သုဂတော ״
၉၇။ ဝိဇ္ဇာ စရဏ သမ္ပန္နော ״
၉၈။ သမ္မာသမ္ဗုဒ္ဓေါ ״
၉၉။ အရဟံ သောဘဂဝါ ဣတိပိ ״

ဂုဏ်တော်ကိုးပါး ပုတီး(၉)လုံး

၁၀၀။ ဣတိပိ သောဘဂဝါ အရဟံ (ပုတီးတလုံးချ)
၁၀၁။ သမ္မာသမ္ဗုဒ္ဓေါ ״
၁၀၂။ ဝိဇ္ဇာ စရဏ သမ္ပန္နော ״
၁၀၃။ သုဂတော ״
၁၀၄။ လောကဝိဒူ ״
၁၀၅။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ״
၁၀၆။ သတ္ထာဒေဝ မနုဿာနံ ״

၁၀၇။ ဗုဒ္ဓေါ (ပုတီးတလုံးချ)
၁၀၈။ ဘဂဝါ ။

ဤဂုဏ်တော် ကွန်ချာကြီးမှာ တရာ့ရှစ်နဝင်း၊ တရာ့ရှစ်ပုတီး ကိုက်ညီအောင် ရှေးသူတော်စင် အပေါင်းတို့က စီစဉ်ခဲ့သည်။ အဘယ်မျှ စိတ်ပြန့်ပွား နေစေကာမူ၊ ဤဂုဏ်တော်ကွန်ချာကြီးကို အဓိဋ္ဌာန်ဖြင့် ကိုးရက် ပုတီးစိပ်ပါက မုချ သမာဓိထူးကို ရရှိလိမ့်မည်ဟု ညွှန်းဆိုကြပေသည်။

နောက် ဂုဏ်တော်ကွန်ချာကြီး မူတပုဒ်ကို ထပ်မံတင်ပြလိုသည်။ အဆိုပါ ဂုဏ်တော်ကွန်ချာ ပုတီးစိပ်မှာ တရာ့ရှစ်လုံးရှိသော ပုတီး တရာ့ရှစ် နဝင်းကိုက် စီစဉ်ထားခြင်း ဖြစ်ပါသည်။ ဂုဏ်တော်တပုဒ်လျှင် ပုတီးတလုံးကျ စိပ်ပါ၊ ဂုဏ်တော်များဆုံးလျှင် တရာ့ရှစ် နဝင်းကိုက်ပုတီးနှင့် အတိဖြစ်နေချပါမည်။ ဤပုတီးစိပ်နည်းမှာ အထူးသဖြင့် အရဟံ ဂုဏ်တော်ကိုကွန်ချာ လှည့်ပတ်သွားခြင်း ဖြစ်ပါသည်။ ရှေးသူတော်စင် သူတော်မြတ်တို့သည် သမာဓိစခန်းတွင် ပိုင်နိုင်ရေးအတွက် စီစဉ်ခဲ့သော ပုတီးစိပ်နည်းဖြစ်ပြီး နေ့စဉ်ပွားများ အားထုတ်သွားပါက မကြာမီအတွင်း အတိတ်ထူး နိမိတ်ထူးများတွေ့ရှိ အစား၏ဆင်းရဲခြင်း၊ အဝတ်၏ ဆင်းရဲခြင်း၊ အနေ၏ ဆင်းရဲခြင်းစသော အနိဋ္ဌာရုံများမှ လွတ်မြောက်နိုင်ကြမည်ဟု မိန့်ဆိုကြပေသည်။

## နှစ်ချက်ဆင့် ဂုဏ်တော်ကွန်ချာကြီး

၁။ အရဟံ (ပုတီးတလုံးချ)
၂။ သမ္မာသမ္ဗုဒ္ဓေါ ။
၃။ သမ္မာသမ္ဗုဒ္ဓေါ ။
၄။ အရဟံ ။

---

၅။ အရဟံ ။
၆။ သမ္မာသမ္ဗုဒ္ဓေါ ။
၇။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၈။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၉။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၀။ အရဟံ ။

---

၁၁။ အရဟံ ။
၁၂။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၁၄။ သုဂတော ။
၁၅။ သုဂတော ။
၁၆။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၁၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၈။ အရဟံ ။
၁၉။ အရဟံ ။
၂၀။ သမ္မာသမ္ဗုဒ္ဓေါ ။

(တတိယအကြိမ်) ••••••••••

| | | |
|---|---|---|
| ၂၁။ | ဝိဇ္ဇာ စရဏ သမ္ပန္နော | (ပုတီးတလုံးချ) |
| ၂၂။ | သုဂတော | ။ |
| ၂၃။ | လောကဝိဒူ | ။ |
| ၂၄။ | လောကဝိဒူ | ။ |
| ၂၅။ | သုဂတော | ။ |
| ၂၆။ | ဝိဇ္ဇာ စရဏ သမ္ပန္နော | ။ |
| ၂၇။ | သမ္မာသမ္ဗုဒ္ဓေါ | ။ |
| ၂၈။ | အရဟံ | ။ |

---

| | | |
|---|---|---|
| ၂၉။ | အရဟံ | ။ |
| ၃၀။ | သမ္မာသမ္ဗုဒ္ဓေါ | ။ |
| ၃၁။ | ဝိဇ္ဇာ စရဏ သမ္ပန္နော | ။ |
| ၃၂။ | သုဂတော | ။ |
| ၃၃။ | လောကဝိဒူ | ။ |
| ၃၄။ | အနုတ္တရောပုရိသ ဒမ္မသာရထိ | ။ |
| ၃၅။ | အနုတ္တရောပုရိသ ဒမ္မသာရထိ | ။ |
| ၃၆။ | လောကဝိဒူ | ။ |
| ၃၇။ | သုဂတော | ။ |
| ၃၈။ | ဝိဇ္ဇာ စရဏ သမ္ပန္နော | ။ |
| ၃၉။ | သမ္မာသမ္ဗုဒ္ဓေါ | ။ |
| ၄၀။ | အရဟံ | ။ |

---

| | | |
|---|---|---|
| ၄၁။ | အရဟံ | ။ |
| ၄၂။ | သမ္မာသမ္ဗုဒ္ဓေါ | ။ |

၄၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော (ပုတီးတလုံးချ)
၄၄။ သုဂတော ။
၄၅။ လောကဝိဒူ ။
၄၆။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၄၇။ သတ္ထာဒေဝ မနုဿာနံ ။
၄၈။ သတ္ထာဒေဝ မနုဿာနံ ။
၄၉။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၅၀။ လောကဝိဒူ ။
၅၁။ သုဂတော ။
၅၂။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၅၃။ သမ္မာသမ္ဗုဒ္ဓေါ ။
၅၄။ အရဟံ ။

---

၅၅။ အရဟံ ။
၅၆။ သမ္မာသမ္ဗုဒ္ဓေါ ။
၅၇။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၅၈။ သုဂတော ။
၅၉။ လောကဝိဒူ ။
၆၀။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၆၁။ သတ္ထာဒေဝ မနုဿာနံ ။
၆၂။ ဗုဒ္ဓေါ ။
၆၃။ ဗုဒ္ဓေါ ။
၆၄။ သတ္ထာဒေဝ မနုဿာနံ ။
၆၅။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။

(တတိယအကြိမ်) စပ်ယ်ဦးစာပေ

၆၆။ လောကဝိဒူ (ပုတီးတလုံးချ)
၆၇။ သုဂတော ။
၆၈။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၆၉။ သမ္မာသမ္ဗုဒ္ဓေါ ။
၇၀။ အရဟံ ။

---

၇၁။ အရဟံ ။
၇၂။ သမ္မာသမ္ဗုဒ္ဓေါ ။
၇၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၇၄။ သုဂတော ။
၇၅။ လောကဝိဒူ ။
၇၆။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၇၇။ သတ္ထာဒေဝ မနုဿာနံ ။
၇၈။ ဗုဒ္ဓေါ ။
၇၉။ ဘဂဝါ ။
၈၀။ ဘဂဝါ ။
၈၁။ ဗုဒ္ဓေါ ။
၈၂။ သတ္ထာဒေဝ မနုဿာနံ ။
၈၃။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၈၄။ လောကဝိဒူ ။
၈၅။ သုဂတော ။
၈၆။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။

၈၇။ သမ္မာသမ္ဗုဒ္ဓေါ (ပုတီးတလုံးချ)
၈၈။ အရဟံ ။

---

၈၉။ အရဟံ ။
၉၀။ သမ္မာသမ္ဗုဒ္ဓေါ ။
၉၁။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၉၂။ သုဂတော ။
၉၃။ လောကဝိဒူ ။
၉၄။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၉၅။ သတ္ထာဒေဝ မနုဿာနံ ။
၉၆။ ဗုဒ္ဓေါ ။
၉၇။ ဘဂဝါ ။
၉၈။ အရဟံ ။

---

၉၉။ အရဟံ ။
၁၀၀။ ဘဂဝါ ။
၁၀၁။ ဗုဒ္ဓေါ ။
၁၀၂။ သတ္ထာဒေဝ မနုဿာနံ ။
၁၀၃။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၁၀၄။ လောကဝိဒူ ။
၁၀၅။ သုဂတော ။
၁၀၆။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။

၁၀၇။ သမ္မာသမ္ဗုဒ္ဓေါ (ပုတီးတလုံးချ)
၁၀၈။ အရဟံ ။

နောက် ဂုဏ်တော်ကွန်ချာကြီး မူကွဲတပုဒ်ကို ထပ်မံတင်ပြလိုပေသည်။ အဆိုပါဂုဏ်တော်ကွန်ချာကြီးမှာ တမျိုးတဘာသာ ထူးခြားနေသည်။အနုလောမ၊ ပဋိလောမတို့ဖြင့် အပြန်ပြန်အလှန်လှန် လှည့် ပတ် သွား ထား ပါ သည်။ တနည်းအားဖြင့် ဂုဏ်တော် အတက်အဆင်းတို့ဖြင့် လှည့်ပတ်သွားထားပုံမှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်ပါသည်။ သမာဓိစခန်း ပိုင်နိုင်ရေးအတွက် ဆက်လက်တင်ပြလိုက်ရပါသည်။

မဟာဂုဏ်တော်ကွန်ချာကြီး၊
(တရာ့ရှစ်နဝင်းကိုက် ပုတီးစိပ်နည်း)

၁။ ဣတိပိ သောဘဂဝါ အရဟံ (ပုတီးတလုံးချ)
၂။ သမ္မာသမ္ဗုဒ္ဓေါ ။
၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၄။ သုဂတော ။
၅။ လောကဝိဒူ ။
၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ။
၇။ သတ္ထာဒေဝ မနုဿာနံ ။
၈။ ဗုဒ္ဓေါ ။
၉။ ဘဂဝါ (အနုလောမ) ။

---

၁၀။ ဘဂဝါ (ပုတီးတလုံးချ)
၁၁။ ဗုဒ္ဓေါ ။
၁၂။ သတ္ထာဒေဝ မနုဿာနံ ။
၁၃။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ။
၁၄။ လောကဝိဒူ ။
၁၅။ သုဂတော ။
၁၆။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၁၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၈။ အရဟံ ဣတိပိ သောဘာဝါ (ပဋိ) ။
၁၉။ ဣတိပိ သောဘဂဝါ အရဟံ (အနု) ။
၂၀။ အရဟံ ဣတိပိ သောဘဂဝါ (ပဋိ) ။

---

၂၁။ ဣတိပိ သောဘဂဝါ အရဟံ ။
၂၂။ သမ္မာသမ္ဗုဒ္ဓေါ (အနု) ။

---

၂၃။ သမ္မာသမ္ဗုဒ္ဓေါ ။
၂၄။ အရဟံ ဣတိပိ သောဘဂဝါ (ပဋိ) ။

---

၂၅။ ဣတိပိ သောဘဂဝါ အရဟံ ။
၂၆။ သမ္မာသမ္ဗုဒ္ဓေါ ။
၂၇။ ဝိဇ္ဇာစရဏ သမ္ပန္နော (အနု) ။

---

၂၈။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၂၉။ သမ္မာသမ္ဗုဒ္ဓေါ ။
၃၀။ အရဟံ ဣတိပိ သောဘဂဝါ (ပဋိ) ။

---

၄ ၃၁။ ဣတိပိ သောဘဂဝါ အရဟံ (ပုတီးတလုံးချ)
၃၂။ သမ္မာသမ္ဗုဒ္ဓေါ ။
၃၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၃၄။ သုဂတော (အနု) ။

---

၃၅။ သုဂတော ။
၃၆။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၃၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၃၈။ အရဟံ ဣတိပိ သောဘဂဝါ (ပဋိ) ။

---

၅ ၃၉။ ဣတိပိ သောဘဂဝါ အရဟံ ။
၄၀။ သမ္မာသမ္ဗုဒ္ဓေါ ။
၄၁။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၄၂။ သုဂတော ။
၄၃။ လောကဝိဒူ (အနု) ။

---

၄၄။ လောကဝိဒူ ။
၄၅။ သုဂတော ။
၄၆။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၄၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၄၈။ အရဟံ ဣတိပိ သောဘဂဝါ (ပဋိ) ။

---

၆ ၄၉။ ဣတိပိ သောဘဂဝါ အရဟံ ။
၅၀။ သမ္မာသမ္ဗုဒ္ဓေါ ။
၅၁။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။

၅၂။ သုဂတော (ပုတီးတလုံးချ)
၅၃။ လောကဝိဒူ ။
၅၄။ အနုတ္တရော ပုရိသ ဒမ္မသာရထိ (အနု) ။

၅၅။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ။
၅၆။ လောကဝိဒူ ။
၅၇။ သုဂတော ။
၅၈။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၅၉။ သမ္မာသမ္ဗုဒ္ဓေါ ။
၆၀။ အရဟံ ဣတိပိ သောဘဂဝါ (ပဋိ) ။

၆၁။ ဣတိပိ သောဘဂဝါ အရဟံ ။
၆၂။ သမ္မာသမ္ဗုဒ္ဓေါ ။
၆၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၆၄။ သုဂတော ။
၆၅။ လောကဝိဒူ ။
၆၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ။
၆၇။ သတ္ထာဒေဝ မနုဿာနံ (အနု) ။

၆၈။ သတ္ထာဒေဝ မနုဿာနံ ။
၆၉။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ။
၇၀။ လောကဝိဒူ ။
၇၁။ သုဂတော ။
၇၂။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၇၃။ သမ္မာသမ္ဗုဒ္ဓေါ ။

(တတိယအကြိမ်) စပယ်ဦး၊ ၈၁၁၈၁

၇၄။ အရဟံ ဣတိပိ သော ဘဂဝါ (ပဋ္ဌိ) ။

---

၈
၇၅။ ဣတိပိ သော ဘဂဝါ အရဟံ (ပုတီးတလုံးချ)
၇၆။ သမ္မာသမ္ဗုဒ္ဓေါ ။
၇၇။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၇၈။ သုဂတော ။
၇၉။ လောကဝိဒူ ။
၈၀။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ။
၈၁။ သတ္ထာ ဒေဝ မနုဿာနံ ။
၈၂။ ဗုဒ္ဓေါ (အနု) ။

---

၈၃။ ဗုဒ္ဓေါ ။
၈၄။ သတ္ထာ ဒေဝ မနုဿာနံ ။
၈၅။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ။
၈၆။ လောကဝိဒူ ။
၈၇။ သုဂတော ။
၈၈။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၈၉။ သမ္မာသမ္ဗုဒ္ဓေါ ။
၉၀။ အရဟံ ဣတိပိ သော ဘဂဝါ (ပဋ္ဌိ) ။

---

၉
၉၁။ ဣတိပိ သော ဘဂဝါ အရဟံ ။
၉၂။ သမ္မာသမ္ဗုဒ္ဓေါ ။
၉၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၉၄။ သုဂတော ။

၉၅။ လောကဝိဒူ (ပုတီးတလုံးချ)
၉၆။ အနုတ္တရောပုရိသ ဒမ္မသာရထိ ။
၉၇။ သတ္ထာဒေဝ မနုဿာနံ ။
၉၈။ ဗုဒ္ဓေါ ။
၉၉။ ဘဂဝါ (အနု) ။

---

၁၀၀။ ဘဂဝါ ။
၁၀၁။ ဗုဒ္ဓေါ ။
၁၀၂။ သတ္ထာဒေဝ မနုဿာနံ ။
၁၀၃။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ။
၁၀၄။ လောကဝိဒူ ။
၁၀၅။ သုဂတော ။
၁၀၆။ ဝိဇ္ဇာ စရဏ သမ္ပန္နော ။
၁၀၇။ သမ္မာသမ္ဗုဒ္ဓေါ ။
၁၀၈။ အရဟံ ဣတိပိ သောဘဂဝါ ။

## ဂုဏ်တော်ကွန်ချာကြီးနှင့် ထူးခြားချက်

ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက်ဝယ် ရန်ကုန်မြို့သည် ဖရိုဖရဲ ရှိနေပါသည်။ ဘယ်နေရာကြည့်ကြည့် အပျက်အစီးချည်း ဖြစ်ပါသည်။ စစ်ဒဏ်ကို ခံလိုက်ရသော တိုက်တို့မှာ တိုလို့တွဲ လောင်းဖြင့် မြင်မကောင်းအောင် ရှိနေပါသည်။ ဘယ်နေရာကို ကြည့်ကြည့် အနိဋ္ဌာရုံများဖြင့်သာ ပြည့်နှက်နေပါသည်။

(တတိယအကြိမ်) ဝပယ်ဦးဝ၁ဝပ

ထိုသို့ စစ်ပြီးခေတ် ရန်ကုန်မြို့ကြီးသို့ ကျွန်တော်တို့ မိသားစု သမ္ဗန်တစီးဖြင့် ရောက်လာပါသည်။ ကြည့်မြင်တိုင် ဆိပ်ကမ်းမှ သည် ဗဟန်းသို့ ကျွန်တော်တို့မိသားစု ချယ်ဂါရီတစီးကိုငှား၍ ပစ္စည်းများကို တွန်းယင်း တက်လာသည်။ ဗဟန်းမှာ ထိုအချိန်က ရန်ကုန်မြို့ကြီးတွင် အစည်ကားဆုံး ဖြစ်ပါသည်။ အထူးသဖြင့် ကန်တော်ကြီးတဝိုက်တွင် ရုပ်ရှင်ရုံများဖြင့် စည်ကားနေသည်။

ကျွန်တော်တို့မိသားစုမှာ အဘွားများရှိသည့် ဗဟန်း သွေးဆေးကန် ကျောင်းတိုက်သို့ လာခဲ့ကြသည်။ ပြီးတော့ အဘွား၏ ဇရပ်တဆောင်တွင် ခေတ္တခိုနားလိုက်ကြပါသည်။ စစ်ပြီးခေတ် ရန်ကုန်မြို့ကြီးမှာ ဘယ်ဈေးရောင်းရောင်း ရောင်းလို့ကောင်းလှသည်။ ထို့ကြောင့် ကျွန်တော်တို့မိသားစု ကြံရောင်းသည်၊ ကွမ်းယာရောင်းသည်၊ ဆေးလိပ်ရောင်းသည်၊ ပွဲဈေးမုန့်သမျှ မလွတ်တမ်း ရောင်းကြသည်။ ဤသို့ဖြင့် ကျွန်တော်တို့ မိသားစု ဝမ်းဖူလုံခဲ့သည်။

မကြာမီ ရန်ကုန်မြို့တွင် မင်းမနိုင်ကွက်သစ်၊ ဖ-ဆ-ပ-လ ကွက်သစ်၊ ကျားကူး ကွက်သစ်နှင့် ကပ္ပလီ ကွက်သစ်ကြီးများ ပေါ်ပေါက်လာသည်။ ရွှေတိဂုံ ဘုရားဘေးတွင်လည်း နေ့ချင်း ညချင်း၊ ကျူးကျော် ကွက်သစ်ကြီးများ ဖြစ်ပေါ်လာသည်။ ကျွန်တော်တို့ မိသားစုလည်း ထိုကျူးကျော် ကွက်သစ်ထဲတွင် ဝင်၍ နေအိမ်တအိမ် ဆောက်လိုက်ပါသည်။

ထိုနှစ်များ၌ပင် အစ်ကိုနှင့် အစ်မများမှာ အိမ်ထောင်ကျသူက ကျ၍၊ စစ်ထဲဝင်သူများက ဝင်သွားပါသည်။ ထို့ကြောင့် ကျွန်တော်နှင့် မိခင်ကြီးနှစ်ယောက်သာ ရှိပါသည်။ ကျွန်တော်

တို့သည် ယခင် ထရံစပ်ပိုလမ်း ယခု အာဇာနည်လမ်းတွင် နေထိုင်သည်။ ထိုစဉ် ကျွန်တော်တို့ ကျူးကျော် ရပ်ကွက်ကြီးအား အဖျက်ခံလိုက်ရပါသည်။ ကျွန်တော်တို့မိသားစုသည် ထိုနေရာမှသည် အလုံရှိအစ်ကိုအိမ်သို့ ပြောင်းသွားသည်။ ထိုမှ တဆင့် မြေနီကုန်း၊ မရမ်းခြံ ထိုမှတဆင့် ကုက္ကိုင်း ဆလိုက်ကုန်း၊ ထိုမှ တဆင့် လှည်းတန်း၊ ထိုမှတဆင့် ကမာရွတ်၊ ရွာမကန်စွန်းခင်းသို့ ပြောင်းခဲ့ရပါသည်။

ထိုစဉ်က ကမာရွတ် ကန်စွန်းခင်းမှာ လူနေအိမ်ခြေလုံးဝ မရှိပဲ ရေတဖွေးဖွေးရှိနေသည်။ ယခု ဆင်မလိုက် သဘောကျင်း ဆောက်ထားသည့်နေရာ၏ အရှေ့ဘက် ရထားလမ်းဘေးများတွင် ဖြစ်ပါသည်။ ရေတဖွေးဖွေး ရှိနေသော ကျွန်တော်တို့၏ ရွာမ ရပ်ကွက်သစ်မှာ ပထမဦးစွာ တဲသုံးလေးလုံးသာ ရှိနေပါသည်။

ထိုတဲသုံးလေးလုံးတွင် ကျွန်တော်တို့ မိသားစုလည်း အပါအဝင်ဖြစ်သည်။ ပေါလိုက်သည့် မြွေများမှာ အရမ်းပင် ဖြစ်ပါသည်။ မအိပ်မီ တပြုန်းပြုန်း တဒိုင်းဒိုင်း ရိုက်နှက်ရသည်။ အိပ်ရာမှ နိုးလျှင်လည်း အရမ်းကာရော မထရဲ၊ နေအိမ်ကို ထုရိုက်ပြီးမှ ထကြရသည်။ သို့မှလည်း အိမ်ပေါ်တက်နေသော မြွေများ ဆင်းသွားကြမည် ဖြစ်ပါသည်။

တနေ့ ကျွန်တော်တို့ သားအမိနှစ်ယောက် ကမာရွတ်ရွာမ ညောင်စိုးရေကန်ကျောင်းမှ ကိုယ်တော်များအား ဆွမ်းကျွေးရန် ပင့်ဖိတ်လိုက်ပါသည်။

ထိုနေ့ ဆွမ်းများ လှူဒါန်းပြီးနောက် ဆရာတော်နှင့်တကွ ဦးပဉ္စင်းများနှင့် ကျွမ်းဝင် ရင်းနှီး သွားပါသည်။ နောက်

အလျဉ်းသင့်သော အခါတိုင်း ထိုကျောင်းသို့ ရောက်သွားပြီး နိပါတ်တော်များ၊ ဇာတ်ကြီးဆယ်ဘွဲ့ စသည်များကို သွားရောက် ငှားရမ်း ဖတ်ရှု လေ့လာမိပါသည်။ တနေ့တွင်....

"မောင်သိန်းမောင်၊ မင်းတို့ တဲခြေရင်းက တဲကို မနေ့ညက ဝင်လုသွားတယ်ဆို...."

"မှန်ပါ့ဘုရား၊ မနေ့ည ၁၀ နာရီလောက်က မသိန်းတို့ တဲကို ဝင်လုသွားတယ်ဘုရား၊ နွားကပ်တရုံနဲ့ လက်ကောက် နှစ်ကွင်း ပါသွားတယ်ဘုရား"

"အင်း.... တယ်ဆိုးတဲ့ လူတွေပါလားကွယ်"ဟု ဆရာတော် ဦးရေဝတသည် ပြောယင်းငြိမ်သွားပါသည်။

ထိုစဉ်က ကမာရွတ် ထိုနေရာများတွင် အလုခံရခြင်း၊ ဒမြ တိုက်ခံရခြင်းတို့မှာ မကြာခဏ ဖြစ်ပွားလေ့ရှိပါသည်။

"ဟဲ့- မောင်သိန်းမောင် နင် ပုတီး မစိပ်ချင်ဖူးလား" ဟု ဆရာတော်က မေးသည်။

"မှန်ပါ့၊ ဆရာတော်ဘုရားက ပုတီးစိပ်ဆိုလျှင် စိပ်ပါမည် ဘုရား"

ဆရာတော်ဘုရား၏ အမိန့်ကို မလွန်ဆန်ဝံ့၍ ဝန်ခံလိုက်ရ သော်လည်း ပုတီးကို ဘယ်လိုလုပ်ပြီး စိပ်ရမှန်း မသိပါ။

"ကဲ....စာရွက်ယူပြီး ရေးကွာ" ဟု ဆရာတော် ဦးရေဝတ၏ အမိန့်အတိုင်း လိုက်ရေးရမိပါသည်။

ဆရာတော် ရေးခိုင်းသည်မှာ ဂုဏ်တော်ကွန်ချာကြီး ဖြစ်ပါ သည်။ ထိုဂုဏ်တော်ကွန်ချာကြီးကို ထိုစဉ်က စာကျက်သလို တရာ့ရှစ်နဝင်းကို အားလုံး အရကျက်လိုက်ပါသည်။ ယခုလို သဘောလည်း မပေါက်ပါ။ ဘယ်လိုသွားလို့ ဂုဏ်တော်များ

လှည့်မှန်းလည်း မသိပါ။ သို့သော် လူငယ်ပီပီ အလွတ်အရ ကျက်သည့်နေရာတွင် (၇) ရက်အတွင်း ရရှိသွားပါတော့သည်။

စတင်၍ ပုတီးစိပ်သည့် နေရာတွင်လည်း မကြာခဏ ပုတီးလုံးများ မှားနေပါသည်။ တခါတရံ တနေ့လုံးလုံး ပုတီးကိုး ပတ် စလုံးတွင် အမှားချည်း ဖြစ်နေပါသည်။ သို့သော် စိတ် မပျက်ပါ၊ အားမငယ်ပါ၊ ဆရာတော်၏ အမှာအတိုင်း ထပ်၍ မှန်အောင်စိပ်ပါသည်၊ ပွားများပါသည်၊ အားထုတ်ပါသည်။

သည်လိုနှင့် စတင်စိပ်သည့်နေ့မှစ၍ (၇)ရက်မြောက်သို့ ရောက်လာပါသည်။ ထိုညတွင် ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာ များကို ရတနာမြတ် (၃)ပါးကို ကပ်လှူဒါန်းပြီး ဂုဏ်တော် ကွန်ချာကြီးများကို စတင်ပွားများ အားထုတ်နေပါသည်။

ပုတီးပတ် လေးငါးပတ်သို့ ရောက်သောအခါ အိမ်ခေါင်း ရင်း ဝါးထရံမှ အိမ်မြှောင် စုတ်ထိုးသံကို ကြားရသည်။ ထိုအိမ်မြှောင်စုတ်ထိုးသံမှာ ကျွန်တော့်နားတွင်းသို့ အမြောက်သံ ကဲ့သို့ ကျယ်လောင်လှသည်။ ထို့ကြောင့် စိတ်များလည်း ကတောင်ချောက်ချားဖြစ်သွားကာပုတီးပတ်ပါမှားသွားသည်။ ထို့ ကြောင့် ပုတီးပတ် အသစ်ကို ပြန်၍စိပ်သည်။ တဖြည်းဖြည်း စိတ်များ အနည်ထိုင်လာသည်။ တည်ငြိမ်လာသည်။ ဂုဏ်တော် စိတ်တို့ဖြင့် သင်းထုံလာသည်။ ဘုရားဂုဏ်တော် အပေါ်၌ ကြည်ညိုစိတ်များ တဖွားဖွား ယိုဖိတ်လာသည်။ မျက်စိအာရုံ ထဲတွင် လျှပ်စစ် လက်လိုက် သကဲ့သို့ ဝင်းလက်သွားသည်။ ပြီးတော့ လင်းထိန် ဖြာဝင်းသွားသည်။ မီးပန်းများ လွှတ်သကဲ့ သို့ ဖွာကနဲနေသည်၊ တဖန်တဖြည်းဖြည်းမှိန်၍သွားသည်၊တဖန်

'ဒိုင်း' ဟူသော အသံကြီးကို ကြားလိုက်ရပြီး ဝင်းထိန်သွားပြန်သည်။ လင်းလိုက်သည့် အလင်းရောင်မှာ အဘယ် အလင်းရောင်နှင့်မျှ မတူပဲရှိသည်။ နေမင်းတထောင်၊ လမင်းတထောင်ထက်သာမည် ထင်ပါသည်။

လမင်း အစင်းတရာသာသော အသွင်ကဲ့သို့ ရှိနေမည်လား မသိပါ၊ ဂုဏ်တော်အပေါ်၌ ကြည်ညိုသော ဇောအဟုန်သည် ရိုးတွင်းချဉ်ဆီစိမ့်မျှ ပီတိတို့ဖြင့် စိမ့်၍ နေပါသည်။ ရင်တွင်းဝယ် အဘယ်အရာနှင့်မျှ မတူသော ပီတိဇောတို့ကို ခံစားနေရသည်။ ဤသို့နှင့်ပင် ထိုနေ့ပုတီးပတ်များ ပြီးသွားပါသည်။

နောက်တနေ့ ပုတီးပတ်များကို စိပ်လိုက်သောအခါ၊ ထိုင့်ထိုင်ချင်း အလင်းရောင်ကို စတင် တွေ့လိုက်ရပါသည်။ ထိုအလင်းရောင်ကို တွေ့လိုက်ရသည်နှင့်ပုတီးပတ်ကို မမှားရအောင် ကြိုးစားပွားများ အားထုတ်လိုက်ရာ မကြာမီ ကြည်လင်သောအလင်းရောင်ကြီးဖြင့်ထိန်လင်းနေပါသည်။ပုတီးတပတ်ဆုံးသွားသောအခါ မျက်စိကိုဖွင့်၍ ကြည့်လိုက်ရာ ပုတီးစိပ်နေသောခြင်ထောင်တွင်းဝယ် ဝင်းထိန်၍နေပါသည်။ ခြင်ထောင်၏ချည်မျှင် တမျှင်ချင်းကိုပင် တွေ့တွေ့နေရပါသည်။ ထို့နောက်အလင်းရောင်ကြီးမှာ တဖြည်းဖြည်း မှိန်သွားပါသည်။

ကိုးရက်မြောက်သည့်နေ့ထိ 'သမာဓိ' အားကို ကောင်းကောင်းချည်း ရရှိလိုက်ပါသည်။ နောက်ရက်များတွင်လည်း ဂုဏ်တော်ကွန်ချာကြီးကို ပွားများ အားထုတ်ရာ သမာဓိတရား ဆက်တိုက်ရနေပါသည်။ တခါတရံ ပုတီးပတ်ကိုးပတ် ပြည့်သွားမည်ကိုပင် စိုးရိမ်နေမိပါသည်။ ပုတီးလုံးကလေးများနှင့် တကွ

ဂုဏ်တော်များ တပါးချင်းသွားနေသည်ကို စိတ်အာရုံထဲတွင် တွေ့တွေ့နေရပါသည်။

တခါတရံ ညအိပ်နေစဉ်ပင်လျှင် ဂုဏ်တော်များ ပွားများနေစဉ်က တွေ့ရသော အလင်းရောင်အတိုင်း အိပ်မက်အတွင်း၌အလင်းရောင်ကိုတွေ့နေရပါသည်။ တခါတရံမရောက်ဖူးသော စေတီများ ပုထိုးများကို အိပ်မက်ထဲ၌ ဖူးတွေ့ရပါသည်။

တခါတရံ အိပ်မက်ထဲတွင် ကောင်းကင်ခရီးဖြင့် သွားရခြင်းစသည်ဖြင့် ဝိသေသ ထူးခြားချက်များကို ခံစားရပါသည်။

ထိုသို့ ဆရာတော်ပေးသည့် ဂုဏ်တော် ကွန်ချာကြီးကို ပွားများ အားထုတ်လာရာ တလကျော်သောအခါ ထူးခြားမှုကို ခံစားရပါသည်။ ထိုထူးခြားမှုမှာ အခြားမဟုတ်ပါ၊ တဲအိမ်ကလေးအား ပြုပြင်ဆောက်လုပ်ရန် ငွေထုတ်ပေးသူတဦးကိုတွေ့ရပါသည်။ ထို့ကြောင့် လိုအပ်သော သစ်များ၊ သံများဝယ်၍ လက်သမားလက် အပ်လိုက်ပါသည်။ ထိုခေတ် ထိုအချိန်က ပျဉ်ထောင်အိမ် တလုံးလျှင် နှစ်ထောင်ခန့် ကုန်လျှင် ခန့်ခန့်ညားညားကြီး ရပါသည်။

ကျွန်တော် ထိုသို့ အိမ်ဆောက်နိုင်ရန်အတွက် မိတ်ဆွေတဦးက ငွေနှစ်ထောင် ထုတ်ပေးခြင်းဖြစ်ပါသည်။ ထိုငွေကို နောင်လည်း သူ့အားပြန်ပေးရာ မယူတော့ပါ၊ စေတနာဖြင့် ကူညီခြင်းဟု ပြောပါသည်။

သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ရှင်တော်မြတ်၏ ဂုဏ်တော်ကျေးဇူးကား ကြီးမားပေစွ။

(တတိယအကြိမ်) ဧပယ်ဦး၊ဓာ၁စပ

ထိုမိတ်ဆွေ၏ ဖြူစင်သော မေတ္တာကား ကြီးမားပေစွ။ ထို့ကြောင့် ကျွန်တော်တို့ မိသားစု ပျဉ်ထောင်အိမ်နှင့် နေနိုင်လာပါသည်။

နောက်များမကြာမီ ကျွန်တော် အလုပ်ပါပြောင်းရပါသည်။ ရာထူးလဲ တက်သွားပါသည်။ ထို့ကြောင့် ကျွန်တော်တို့ မိသားစုမှာ ယခင်ကထက် ပိုမိုချောင်လည်သွားပါသည်။ ဘုရား တရား၊ သံဃာ တို့အား ပို၍ ကြည်ညိုနိုင်ပါတော့သည်။

ဤသည်တို့မှာ ဦးပြည်း တုံးအပ်သော ဝါဝင်းသော သင်္ကန်းတို့ကို ခြုံအပ်သော ၂၂၇ သွယ်သော သိက္ခာတို့ဖြင့် ပြီးပြည့်စုံသည့် ကျေးဇူးရှင် ဆရာတော်၏ ဂုဏ်ကျေးဇူးတော်ကြောင့်လည်းကောင်း၊ ဂုဏ်တော် ကွန်ချာမြတ်ကြီး၏ ကျေးဇူးတော် အနန္တကြောင့်လည်းကောင်း၊ မိတ်ဆွေ၏ဂုဏ်ကျေးဇူးတို့ကြောင့်လည်းကောင်းစသော ဂုဏ်ကျေးဇူးများကြောင့်ဖြစ်ပါသည်။ ထိုဂုဏ် ကျေးဇူးများအား ဘယ်ခါမျှ မမေ့ အစဉ် ပူဇော်ကန်တော့လျက်ရှိပါသည်။

ဦးသိန်းမောင်

(ဆေးဆရာ)

# သရဏဂုံ ကွန်ချာကြီး

တဖန် သရဏဂုံ ကွန်ချာကြီးကို ဆက်လက် တင်ပြပါသည်။ ဤ သရဏဂုံ ကွန်ချာကြီးမှာလည်း ရှေးသူတော်စင် အပေါင်းတို့ သမာဓိစခန်းသို့ တက်နိုင်ရေးအတွက် စီစဉ်ခဲ့သော ပညာရပ်ကြီး ဖြစ်ပါသည်။ သမာဓိတရားကို သူတော်စင်တို့ ပွားများ အားထုတ်၍ ရရှိလေလေ၊ ရှေးသူတော်စင်ကြီး အပေါင်းတို့အား ကျေးဇူးများ အထူးတင်လေလေ ရှိလာမည် ဖြစ်ပါသည်။ ရှေးသူတော်စင်တို့၏ ကြီးမားသော အမြော်အမြင်နှင့် ကြီးမားသော မေတ္တာကား အံ့မခန်း ရှိစွတကား။

## ပထမဦးစွာ ပွားများပါ

သရဏဂုံ ကွန်ချာကြီးကို ဦးစွာ ပုတီးမစိပ်မီ အောက်ပါ ဇယားဖြင့် ဖော်ပြထားသော သရဏဂုံကိုးပါး "အနုလုံ–ပဋိလုံ" ပုတီးစိပ်နည်းကို ဦးစွာ ပွားများအားထုတ်ပါ။ သရဏဂုံ ၉ ပါး၊ ၁၂ ခေါက် ပြည့်သောအခါတိုင်း ပုတီးတပတ် ရရှိမည် ဖြစ်ပါသည်။

ထိုသို့ သရဏဂုံ ကိုးပါးတို့အား မှားအောင် "အသွား ၆ ခေါက်၊ အပြန် ၆ ခေါက်၊ ပေါင်း ၁၂ ခေါက် ပြည့်အောင် စိပ်ပါ၊ ၁၂ ခေါက် ပြည့်သောအခါတိုင်း ပုတီးတပတ် ပြည့်

မြောက်ပါသည်။ ဤသို့ သရဏဂုံ ကိုးပါးကို အပြန်အလှန် စိပ်၍ အလေ့အကျင့်များ ရမှသာ သရဏဂုံ ကွန်ချာကြီးကို တက်လှမ်းပွားများ အားထုတ်ပါက အလွယ်တကူ ပုတီးပတ်များ မများစေပဲ သမာဓိထူး၊ သမာဓိမြတ်ကြီးများ ရရှိမည် ဖြစ်ပါသည်။

သရဏဂုံ ပုတီးစိပ်နည်း တို့တွင် "ဤသရဏဂုံ ကွန်ချာကြီးလောက် နက်နဲ၊ ခက်ခဲ၊ သိမ်မွေ့၊ နူးညံ့၊ မြင့်မြတ်၍ အကျိုးထူးတရားကို ခံစားနိုင်သော အခြားနည်းများကား မရှိပေ"ဟု အချို့ပညာရှင် ပုတီးသမားကြီးများက ဆိုပေသည်။

ထို့ကြောင့် အချင်းသူတော်ကောင်း၊ မမေ့—မလျော့ ကြိုးစား ပွားများ အားထုတ်ပါလော့။

| အနုလုံ | သရဏဂုံကိုးပါး အနုလုံ–ပဋိလုံ ပြဇယား | ပဋိလုံ |
|---|---|---|
| ၁ | ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ | ၉ |
| ၂ | ဓမ္မံ သရဏံ ဂစ္ဆာမိ၊ | ၈ |
| ၃ | သံဃံ သရဏံ ဂစ္ဆာမိ၊ | ၇ |
| ၄ | ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ | ၆ |
| ၅ | ဒုတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ၊ | ၅ |
| ၆ | ဒုတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ၊ | ၄ |
| ၇ | တတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ | ၃ |
| ၈ | တတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ၊ | ၂ |
| ၉ | တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ၊ | ၁ |

## သရဏဂုံ ကွန်ချာကြီး
## (တရားရှစ်နဝင်း ပုတီးစိပ်နည်း)

၁။ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ (ပုတီးတလုံးချ)
၂။ ဓမ္မံသရဏံ ဂစ္ဆာမိ ။
၃။ သံဃံသရဏံ ဂစ္ဆာမိ ။
၄။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၅။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၆။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ။
၇။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၈။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၉။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ (အနု) ။
၁၀။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ။
၁၁။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၁၂။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၁၃။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ။
၁၄။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၁၅။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၁၆။ သံဃံ သရဏံ ဂစ္ဆာမိ ။
၁၇။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၁၈။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (ပဋိ) ။
၁၉။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (အနု) ။
၂၀။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (ပဋိ) ။
၂၁။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။

(တတိယအကြိမ်) ●ပယ်ဦး၊စာ၁ပေ

၂၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ (အနု) (ပုတီးတလုံးချ)
၂၃။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၂၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (ပဋိ) ။
၂၅။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၂၆။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၂၇။ သံဃံ သရဏံ ဂစ္ဆာမိ (အနု) ။
၂၈။ သံဃံ သရဏံ ဂစ္ဆာမိ ။
၂၉။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၃၀။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (ပဋိ) ။
၃၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၃၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၃၃။ သံဃံ သရဏံ ဂစ္ဆာမိ (အနု) ။
၃၄။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၃၅။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၃၆။ သံဃံ သရဏံ ဂစ္ဆာမိ ။
၃၇။ ဓမ္မံ သရဏံ ဂစ္ဆာမိ (ပဋိ) ။
၃၈။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၃၉။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၄၀။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၄၁။ သံဃံ သရဏံ ဂစ္ဆာမိ ။
၄၂။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၄၃။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ (အနု) ။
၄၄။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၄၅။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။

၄၆။ သံဃံ သရဏံ ဂစ္ဆာမိ (ပုတီးတလုံးချ)
၄၇။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၄၈။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (ပဋ္ဌိ) ။
၄၉။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၅၀။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၅၁။ သံဃံ သရဏံ ဂစ္ဆာမိ ။
၅၂။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၅၃။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၅၄။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ (အနု) ။
၅၅။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ။
၅၆။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၅၇။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၅၈။ သံဃံ သရဏံ ဂစ္ဆာမိ ။
၅၉။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၆၀။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (ပဋ္ဌိ) ။
၆၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၆၂ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၆၃။ သံဃံ သရဏံ ဂစ္ဆာမိ ။
၆၄။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၆၅။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၆၆။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ (အနု) ။
၆၇။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၆၈။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၆၉။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ။

**(တတိယအကြိမ်)**

၇၀။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ (ပုတီးတလုံးချ)
၇၁။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၇၂။ သံဃံ သရဏံ ဂစ္ဆာမိ ။
၇၃။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၇၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (ပဋိ) ။
၇၅။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၇၆။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၇၇။ သံဃံ သရဏံ ဂစ္ဆာမိ ။
၇၈။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၇၉။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၈၀။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ။
၈၁။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၈၂။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ (အနု) ။
၈၃။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၈၄။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၈၅။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ။
၈၆။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၈၇။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၈၈။ သံဃံ သရဏံ ဂစ္ဆာမိ ။
၈၉။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၉၀။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (ပဋိလောမ) ။
၉၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၉၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၉၃။ သံဃံ သရဏံ ဂစ္ဆာမိ ။

၉၄။ ဒုတိယမ္ဘိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (ပုတီးတလုံးချ)
၉၅။ ဒုတိယမ္ဘိ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၉၆။ ဒုတိယမ္ဘိ သံဃံ သရဏံ ဂစ္ဆာမိ ။
၉၇။ တတိယမ္ဘိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၉၈။ တတိယမ္ဘိ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၉၉။ တတိယမ္ဘိ သံဃံ သရဏံ ဂစ္ဆာမိ (အနုလောမ)
၁၀၀။ တတိယမ္ဘိ သံဃံ သရဏံ ဂစ္ဆာမိ ။
၁၀၁။ တတိယမ္ဘိ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၁၀၂။ တတိယမ္ဘိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၁၀၃။ ဒုတိယမ္ဘိ သံဃံ သရဏံ ဂစ္ဆာမိ ။
၁၀၄။ ဒုတိယမ္ဘိ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၁၀၅။ ဒုတိယမ္ဘိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၁၀၆။ သံဃံ သရဏံ ဂစ္ဆာမိ ။
၁၀၇။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၁၀၈။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (ပဋိလောမ) ။

ဤသရဏဂုံ ကွန်ချာကြီးသည် တရာ့ရှစ်နဝင်းနှင့် တရာ့ရှစ်လုံးကို ကိုက်ညီအောင် စီစဉ်ထားပါသည်။ သမာဓိ ရရှိရေးအတွက် လက်တွေ့ လမ်းစဉ်များအဖြစ် ရှေးသူဟောင်းတို့ ထားခဲ့ခြင်း ဖြစ်ပါသည်။

## သရက္ခာဂုံသုံးပါးနှင့်
## မကြောင့်မကြ မတောင့်မတ

ငယ်စဉ်က ဦးပဥ္စင်းတို့၏ဘဝကို စဉ်းစားလိုက်တိုင်း ကြောက်ခမန်းလိလိ ရှိပါသည်။ ဦးပဥ္စင်းတို့ မိသားစုမှာ ဆင်းရဲလိုက်သည့်ဖြစ်ခြင်း....

သည်ကြားထဲ ဦးပဥ္စင်းမှာ အပြင်းအထန် ဖျားပါတော့သည်။

ရောဂါဝေဒနာမှာ ပျောက်သည်ဟူ၍ မရှိပဲ တဖြည်းဖြည်းသာ တိုး၍ လာပါသည်။ ဦးပဥ္စင်းတို့ နယ်တွင်ရှိသော သမားကောင်းဟူသမျှလည်း ဦးပဥ္စင်းကို အားလုံးကု၍ ပြီးပါပြီ။ အားလုံးလည်း ဦးပဥ္စင်းတို လက်လွှတ်ကြပါသည်။ ဦးပဥ္စင်းအဖေနှင့်အမေတို့၏ တရှုပ်ရှုပ် ငိုနေသံကို ကြားနေရပါသည်။ လူ့ဘဝဟူသည်မှာ တိုတိုကလေးပါတကား၊ ဤဘဝမှ တမလွန်ဘဝသို့ ကူးပြောင်းရပါတော့မည် တကားဟု စိတ်ထဲတွင် ထင်ယောင်မြင်ယောင်မိပါတော့သည်။ ပြီးတော့လည်း ဤဘဝမှ တော်စပ်ခဲ့သော ဆရာသမားများ၊ အမိအဘများ၊ ညီအစ်ကို မောင်နှမ

များ၊ သူငယ်ချင်းများကို တရေးရေး ထင်ယောင်မြင်ယောင် ရှိလာပါသည်။ ဦးပဥ္စင်း၏ အဘိုးအဘွားတို့သည် သေဆုံးခဲ့ပုံ၊ မြေမြှုပ်ခဲ့ပုံတို့ကိုပါ တပါတည်း မြင်လာပါသည်။

လူ့ဘဝဟူသည် တိုတောင်းစွတကား....။

ထိုသို့ ဦးပဥ္စင်း ရင်ထဲတွင် ပူလောင်ယင်း တောင်စဉ်ရေမရ များကို တွေးတောနေစဉ် ဖြူန်းကနဲ ဆံပင်စုတ်ဖွားနှင့် ကြမ်းတမ်းသော လူနှစ်ယောက် ပေါက်လာပြီး ဦးပဥ္စင်းလက်ကို တယောက်တဘက်ကိုင်ပြီး အတင်း ဆွဲခေါ် ပါတော့သည်။ ဦးပဥ္စင်းပါးစပ်မှ အော်၍လည်း အသံမထွက်ပါ၊ ရုန်းနိုင်သည့် ခွန်အားလည်း မရှိတော့ပါ၊ ကြောက်လိုက်သည့် ဖြစ်ခြင်း မပြောပါနှင့်တော့....။

နောက်ဆုံး ကျောင်းမှာနေစဉ် ဆရာတော် သင်ကြား ပေးလိုက်သော သရဏဂုံသုံးပါးကို ပြေး၍ သတိရယင်း ဆရာတော်၏ အသံကိုပါ ကြားယောင်လာပါသည်။

“ကိုရင် အရေးကြုံယင် ရတနာသုံးပါးနဲ့ မေတ္တာသုတ်ကို မမေ့ပဲ ရွတ်ဖတ် သရဏဂုံဆောက်ပေးပါက ဘေးအပေါင်း ရန်အပေါင်းက လွတ်မြောက်နိုင်တယ်” ဆိုတဲ့ ဆရာတော် ဆုံးမလိုက်တဲ့အတိုင်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဆိုတဲ့....သရဏဂုံ သုံးပါးကို ဦးပဥ္စင်း နှုတ်က တိုးတိုးကလေး ရွတ်လိုက်တယ်ဆိုယင်ပဲ စောစောက လာခေါ်နေတဲ့ လူနှစ်ယောက်ဟာ ချက်ချင်း ပျောက်ကွယ် သွားပါသည်။ ဦးပဥ္စင်းလဲ အားတက်လာပြီး စိတ်ထဲက မေတ္တာသုတ် ရွတ်လိုက်တယ်၊ အဲဒီလို ရွတ်လိုက်ဘယ်ဆိုယင်ပဲ ဦးပဥ္စင်း ရင်ထဲမှာ အေးသွားပြီး ရောဂါဝေဒနာပါသက်သာသွားသလိုရှိပါသည်။ ဦးပဥ္စင်းလဲ ပိုမိုအားတက်လာပြီး တိုး၍ ရွတ်ပါသည်။

နောက်မကြာမီ စောစောက လူနှစ်ယောက် ပေါ်လာပြီး ဦးပဥ္စင်းကို လာခေါ်ပြန်ပါသည်။ ဒီတခါ ဦးပဥ္စင်းကို မကိုင်တော့ပါ၊ ရှေ့က ခေါ်လာခြင်း ဖြစ်ပါသည်။ ဦးပဥ္စင်းလဲ....

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဆိုသောသရဏဂုံသုံးပါးကိုရွတ်လိုက်တဲ့အခါတိုင်း စောစောက လူနှစ်ယောက်ဟာ ဖြုန်းကနဲ ပျောက်ကွယ် သွားပြန်ပါသည်။ ဒီလို လာခေါ်တိုင်း သရဏဂုံသုံးပါးကို ဦးပဥ္စင်း ရွတ်ဖတ်လိုက်တယ် ဆိုယင်ပဲ စောစောက လူနှစ်ယောက်ဟာ ပျောက်ပျောက်သွားပါသည်။

အဲဒီလိုနဲ့.... အဲဒီလူနှစ်ယောက်ဟာ လာပြီး အခေါ် ဝေးသွားပါသည်။ ဦးပဥ္စင်းလဲ သရဏဂုံသုံးပါးနဲ့ မေတ္တာသုတ်ကို ပြီးတော့ ရွတ်ပါသည်။ ဦးပဥ္စင်း သတိရလာတဲ့အခါမှာ ရေတောင်းမိပါသည်။ အမိအဘများလဲ သေနေရာက ပြန်ရှင်လာတဲ့ သားမို့ ဝမ်းသာအားရ ဖြစ်နေကြသည်။ နောက်တနေ့နံနက်

ဦးပဥ္စင်း ဆန်ပြုတ် အရေကလေး သောက်လာနိုင်တယ်။ နောက်နေ့များမှာ နွားနို့လေးပါ သောက်သုံးနိုင်လာပါသည်။ ဒီလိုနဲ့ တဖြည်းဖြည်း ဦးပဥ္စင်း နာလန်ထလာခြင်းပါပဲ။ ဘယ်လောက်များ အံ့ဩဖွယ်ရာ ကောင်းလိုက်သလဲဆိုယင် ရှိသမျှ ဆရာတွေက ဆေးအကောင်းဆုံးတွေနဲ့ တိုက်ကျွေးကုသပေမယ့် မပျောက်ပဲ "ဘုရား၊ တရား၊ သံဃာ" ဆိုတဲ့ သရဏဂုံ သုံးပါးနဲ့ ကျမှ ပျောက်ကင်းတဲ့ ဦးပဥ္စင်းကိုလေ....။

ယနေ့အထိ ဦးပဥ္စင်းဟာ သရဏဂုံ သုံးပါးနဲ့ တကွ မေတ္တာသုတ်ကို နေ့စဉ် မှန်မှန်ရွတ်ပါသည်။ ဦးပဥ္စင်းနဲ့ ခင်မင်ရင်းနှီးသော ဒါယကာ ဒါယိကာမများကိုလဲ ရွတ်ဖတ်သရဇ္ဈာယ်ကြဖို့ ဦးပဥ္စင်းက အမြဲသတိပေးပါသည်။ ဦးပဥ္စင်းသတိပေးတဲ့အတိုင်းလိုက်နာခဲ့သူတွေဟာ ကိုယ်စိတ်နှစ်ပါး ချမ်းသာသွားကြပါသည်။ ဦးပဥ္စင်း၏ သရဏဂုံသုံးပါးကို ပွားများအားထုတ်ပုံကတော့ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ နေ့စဉ်မှန်မှန် သရဏဂုံသုံးပါးကို ပုတီးပတ် ကိုးပတ် စိပ်ပါမည်ဟု အဓိဋ္ဌာန်ထားပါ။

၂။ ဘယ်နေရာနှင့် ဘယ်အချိန်တွင် စိပ်မည်ကို အဓိဋ္ဌာန် မပြုပါနှင့်။

၃။ ပုတီးစိပ်သောအခါတွင်လည်း အဂါရဝဖြစ်သော တင်ပျဉ်ခွေထိုင်နည်းဖြင့် မစိပ်ပါနှင့်၊ ကျုံ့ကျုံ့ ထိုင်၍ စိပ်ပါ။

၄။ ထိုသို့ ပုတီးစိပ်ရာတွင် ဘုရား၌ ကြည်ညိုခြင်း၊ တရား၌ ကြည်ညိုခြင်း၊ သံဃာ၌ ကြည်ညိုခြင်း၊ စေတနာ ဟူရားတို့ကို အပြည့်အဝထားပါ။

၅။ ထိုနောက် မေတ္တာသုတ် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
၆။ နေ့စဉ် ပုတီးပတ် (၉)ပတ် မှန်မှန်စိပ်ပါမည်ဟု အဓိဋ္ဌာန်ချက်အတိုင်း မပျက်မကွက် နေ့စဉ် သရဏဂုံ သုံးပါးကို ပွားများပါ။

ဤပရိကံအတိုင်း ဦးပဥ္စင်း ပွားများအားထုတ်ခဲ့သည်မှာ နှစ်ပေါင်းကြာပါပြီ၊ ငယ်စဉ်က ဖျားနာခဲ့သည်ကလွဲ၍ ယနေ့ အချိန်အထိ ရောဂါဆိုး၊ ဝေဒနာဆိုးများ မကပ်ရောက်ခြင်း။

– စိတ်ဆင်းရဲမှု၊ ကိုယ်ဆင်းရဲမှုများကို မတွေ့ကြုံရခြင်း။
– လိုချင်တောင့်တသော အရာများအား မကြာမီ ဦးပဥ္စင်း ကိုလာရောက်လှူဒါန်းခြင်းစတဲ့ လောကီရတနာတို့ကို ရရှိခံစားရပါသည်။

အထူးသဖြင့် တခုခု ထူးခြားမှုရှိမည်ဆိုလျှင် စိတ်က ကြိုတင် သိနေရသလို ခံစားရပါသည်။ ဥပမာလေးတခုကို ဦးပဥ္စင်း တင်ပြလိုပါသေးသည်။ ဦးပဥ္စင်းနေတဲ့ကျောင်းက ကျဉ်းကလဲကျဉ်း တာကြောင့် ဒါယကာ၊ ဒါယိကာမများလာယင် ဦးပဥ္စင်း အလွန် အားနာမိပါသည်။ ဒီလိုနဲ့ တနေ့တော့ ဦးပဥ္စင်း စိတ်အာရုံထဲမှာ ကျောင်းကြီးတကျောင်းပေါ်ကို သွားသွားနေရတာကို မြင်နေတယ်။ အင်း.... ငါလဲစိတ်မဆွဲပဲနဲ့ ဘယ်လိုများ ဖြစ်တာပါလိမ့်လို့ စိတ်ထဲမှာ ထင်လာမိပါတယ်။ အဲဒီနိမိတ်အာရုံဟာ စိတ်ထဲမှာ ဖြုန်းကနဲ၊ ဖြုန်းကနဲ ပေါ်လာနေတော့ "အင်း....ငါတော့ ကျောင်းကြီးကြီး လိုချင်နေလို့ စိတ်ထဲက ထင်ပေါ်လာတာ ဖြစ်မည်လို့ ထင်မိပါသည်။

မကြာပါဘူး ဒါယကာကြီးတယောက်ကခေါ်လို့သွားတော့ အခု ဦးပဥ္စင်းနေတဲ့ကျောင်းကို ဆိုင်းမဆင့် ဗုံမဆင့် ဦးပဥ္စင်းကို

လှူတော့တာပဲ၊ ဒါနဲ့ ဦးပဥ္စင်းလဲ အဲဒီကျောင်းကြီးမှာ ကျောင်း ထိုင်နေရပါသည်။

ဤကဲ့သို့ အကျိုးထူးတွေ ခံစားရတာ ဘာလဲဆိုယင် သရဏဂုံသုံးပါးနဲ့ မေတ္တာသုတ်ရဲ့ အကျိုးများလို့ ဆိုနိုင်ပါသည်။

အဲဒီတော့ ဦးပဥ္စင်းလို မကြောင့်မကြ၊ မတောင့်မတ၊ ခံစား ချင်တဲ့ဒါယကာ ဒါယိကာမတိုင်းသရဏဂုံသုံးပါးကိုနေ့စဉ်ပုတီး ပတ်ဖြပတ် ပွားများအားထုတ်ကြပါ၊ ဒီထက် စေတနာပိုသူများ အတွက်တော့ "သရဏဂုံ ကွန်ချာကြီး"ကို တနေ့ ၉ ပတ်ပုတီး စိပ်မယ်ဆိုယင် ဘယ်မှာဆိုဖွယ်ရာ ရှိပါမည်နည်း။

ဦးပညာ
နတ်မောက်ကျောင်း၊
သွေးဆေးကန်ကျောင်းတိုက်၊
ဗဟန်း၊ ရန်ကုန်မြို့။

# သရဏဂုံသုံးဆယ်

ဤနေရာတွင် ပဋ္ဌာန်းကွန်ချာကြီးကို ဆက်လက် မတင်ပြမီ သရဏဂုံသုံးပါးနှင့် ပတ်သက်၍ ဆက်လက် တင်ပြလိုပါသေးသည်။ သို့မှသာ သရဏဂုံနှင့် ပတ်သက်၍ ရှေး သူတော်စင် သူတော်မြတ်တို့ ကျင့်ကြံ အားထုတ်ပုံတို့အား ခြုံငုံမိမည် ဖြစ်ပါသည်။

## သရဏဂုံ သုံးဆယ်ပါဌ်

အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။<br>
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံသရဏံ ဂစ္ဆာမိ။<br>
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

(ဟူ၍ သုံးခေါက် ဆိုထားရမည်။)

## အောက်ပါခေါင်းစဉ်များကို မှတ်၍ထားပါ

( ဇာ၊ ဘော၊ ဇီ၊ ယာ၊ မ၊ မ၊ အာ၊ အာ၊ နိ၊ နိ )

(၁) ဇာတိ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊<br>
ဇာ (၂) ဇာတိ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊<br>
(၃) ဇာတိ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊

(၄) ဘောဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဘော (၅) ဘောဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
(၆) ဘောဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊

(၇) ဇီဝိတပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇီ (၈) ဇီဝိတပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
(၉) ဇီဝိတပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊

(၁၀) ယာဝဇီဝံပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ယာ (၁၁) ယာဝဇီဝံပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
(၁၂) ယာဝဇီဝံပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊

(၁၃) မရဏ ကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မ (၁၄) မရဏ ကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
(၁၅) မရဏ ကာလံ သံဃံ သရဏံ ဂစ္ဆာမိ၊

(၁၆) မရဏ ကာလံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မ (၁၇) မရဏ ကာလံ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
(၁၈) မရဏ ကာလံ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊

(၁၉) အရဟတ္တ မဂ္ဂကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အ (၂၀) အရဟတ္တ မဂ္ဂကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
(၂၁) အရဟတ္တ မဂ္ဂကာလံ သံဃံ သရဏံ ဂစ္ဆာမိ၊

(၂၂) အရဟတ္တမဂ္ဂကာလံပရိယန္တံ ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊
အ (၂၃) အရဟတ္တမဂ္ဂကာလံပရိယန္တံ ဓမ္မံ သရဏံဂစ္ဆာမိ၊
(၂၄) အရဟတ္တမဂ္ဂကာလံပရိယန္တံသံဃံသရဏံဂစ္ဆာမိ၊

(၂၅) နိဗ္ဗာန ကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိ (၂၆) နိဗ္ဗာန ကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
(၂၇) နိဗ္ဗာန ကာလံ သံဃံ သရဏံ ဂစ္ဆာမိ၊

(၂၈) နိဗ္ဗာန ကာလံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိ (၂၉) နိဗ္ဗာန ကာလံ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
(၃၀) နိဗ္ဗာန ကာလံ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊

၁။ အဟံ၊ အကျွန်ုပ်သည်။ ဇာတိပရိယန္တံ၊ ပဋိသန္ဓေ ဆုံးသည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂။ အဟံ၊ အကျွန်ုပ်သည်။ ဇာတိပရိယန္တံ၊ ပဋိသန္ဓေ ဆုံးသည့်တိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၃။ အဟံ၊ အကျွန်ုပ်သည်။ ဇာတိပရိယန္တံ၊ ပဋိသန္ဓေ ဆုံးသည့်တိုင်အောင်။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၄။ အဟံ၊ အကျွန်ုပ်သည်။ ဘောဂပရိယန္တံ၊ စည်းစိမ်ချမ်းသာ ဆုံးသည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၅-၆။ (ဓမ္မံ၊ သံဃံ၊ ထည့်၍ဆို)

၇။ အဟံ၊ အကျွန်ုပ်သည်။ ဇီဝိတပရိယန္တံ၊ အသက်ဆုံး အပိုင်းအခြားတိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၈-၉။ ဓမ္မံ၊ သံဃံ နည်းတူဆိုလေ။

၁၀။ အဟံ၊ အကျွန်ုပ်သည်။ ယာဝဇီဝံ၊ အသက်ရှည်သမျှ ကာလပတ်လုံး။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၁၁—၁၂။ (ဓမ္မံ၊ သံဃံ နည်းတူပေး)

၁၃။ အဟံ၊ အကျွန်ုပ်သည်။ မရဏကာလံ၊ သေသည့်ကာလ တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၁၄—၁၅။ (နည်းတူပေး)

၁၆။ အဟံ၊ အကျွန်ုပ်သည်။ မရဏကာလံ ပရိယန္တံ၊ သေရသောဘဝအဆုံးသို့ ကျသည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၁၇—၁၈။ (နည်းတူပေး)

၁၉။ အဟံ၊ အကျွန်ုပ်သည်။ ယာဝအရဟတ္တံ၊ အရဟတ္တဖိုလ်သို့ ရောက်သည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂၀–၂၁။ (နည်းတူပေး)

၂၂။ အဟံ၊ အကျွန်ုပ်သည်။ အရဟတ္တ အရဟတ္တမဂ္ဂ ပရိယန္တံ၊ အရဟတ္တဖိုလ်သို့ ရောက်၍ ဆုံးသော ဘဝ တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂၃–၂၄။ (နည်းတူပေး)

၂၅။ အဟံ၊ အကျွန်ုပ်သည်။ နိဗ္ဗာနကာလံ၊ နိဗ္ဗာနသို့ ရောက်သော ဘဝ ကာလတိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်၏။

၂၆–၂၇။ (နည်းတူပေး)

၂၈။ အဟံ၊ အကျွန်ုပ်သည်။ နိဗ္ဗာနကာလံ၊ ပရိယန္တံ၊ နိဗ္ဗာန်သို့ ရောက်သောကာလ ဘဝဆုံးသည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂၉–၃၀။ (နည်းတူပေး)

အထက်ပါ သရဏဂုံ ၃၀ ပါဒ်ကို ဒုတိယမှ၊ တတိယမှ ထပ်၍ဆိုလျှင် သရဏဂုံ (၉၀) ရပါသည်။ အဆိုပါ သရဏဂုံ (၉၀)ကို (၃)ကြိမ် ထပ်၍ ပွားများလျှင် သရဏဂုံ (၂၇၀) ရမည် ဖြစ်ပါသည်။

အထက်ပါ သရဏဂုံ ၃၀ ပါဒ်ကို ရှေးသူတော်မြတ်ကြီးတို့ ကျင့်ကြံအားထုတ်ပုံမှာ စိတ်ဝင်စားဖွယ်ရာ၊ အတုခိုးဖွယ်ရာ၊ နည်းယူဖွယ်ရာ ဖြစ်သဖြင့် ဤသူမြတ် ကျင့်စဉ်တွင် အသေးစိတ် ကျင့်ကြံအားထုတ်နိုင်ကြရန် တင်ပြအပ်ပါသည်။

## သရဏဂုံ(၃၀)ပါဒ်အကျိုးနှင့် အားထုတ်နည်း

မိမိ မွေးနေ့ကစ၍ ခဲဖွယ်ဘောဇဉ်တို့ကို မန်း၍ စားလျှင် ကိုးဆယ့်ခြောက်ပါး ဝေဒနာ ကင်းသည်။

ဤသရဏဂုံ ၃၀ ကို ရွတ်ပွား၍ မိမိနေသော အိမ်ဖြစ်စေ၊ ဇရပ်ဖြစ်စေ၊ သစ်ပင်မှာဖြစ်စေ၊ နေယင်း၊ ထိုင်ယင်း၊ သွားယင်း၊ လာယင်း၊ စားယင်း.... "ငါသည် အဖိုးအနဂ္ဃ ထိုက်တန်သော ဂုဏ်တော်ကြီးကို စွဲစွဲမြဲမြဲ အာရုံဖြင့် ဂဟေစွဲလေပြီ"ဟု ထင် မှတ်ရသည်။

အထူးသဖြင့် မိမိတို့ နေအိမ်ရှိ ဘုရားဆောင်၌ဖြစ်စေ၊ စားပွဲခုံ၌ဖြစ်စေ၊ ညောင်ရေအိုးငှင်မှာဖြစ်စေ သန့်ရှင်းအောင် ဆေးကြောပြင်ဆင်၍ ထားရမည်။ ပြီးလျှင် မိမိစိတ်က မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး သီတင်းသုံးတော်မူရန် ကျောင်းအရာမ်ဟူ၍ ဆုံးဖြတ်ထားရမည်။ ဤသို့ ဆုံးဖြတ်ပြီးလျှင် သရဏဂုံ ၃၀ ကို အသံထွက်၍ ရွတ်ဖတ်ပြီး(သုံးကြိမ်)၊ မိမိကိုယ်ပိုင် အဝတ်ပုဆိုး၊

တဘက်၊ ပဝါဖြစ်စေ ခင်း၍ ဘုရားကို ကြည်ညိုသဒ္ဓါ စေတနာနှင့် ပင့်ရမည်။ မြတ်စွာဘုရားနှင့်တကွ၊ ရဟန္တာ ငါးရာတို့အား ပင့်ပြီး၊ ယခုနံနက် မွန်းမတည့်မီ အသဒိသ မဟာပွဲလ သံဃိက အလှူကြီး ပေးမည်ဟု သဒ္ဓါကိုဖမ်း၍ ထားရမည်။

## လှူဖွယ်ပစ္စည်း

ထို့နောက် ဆွမ်းတော် (၁၀)ပွဲ၊ ရေတော် (၁၀) ခွက်၊ ပန်းတော်(၁၀)ပွင့်၊အမွှေးတိုင်(၁၀)တိုင်တို့ကို ထွန်းပြီးလျှင်၊ တပည့်တော် ဒါယကာ၊ ဒါယိကာမ(မည်သူ)တို့က သဒ္ဓါပွား၍ စိတ်ထားကြည်ဖြူ လှူဒါန်းသော ပဏီတဒါန၊ ဆွမ်းဘောဇဉ်ကို ဘုရားရှင် ကိုယ်တော်မြတ်နှင့် ရဟန္တာငါးရာ ဘုဉ်းပေး သုံးဆောင်တော်မူပါ ဘုရားဟု လျှောက်ထား၍ သရဏဂုံ (၃၀) ပါဌ်ကို ရွတ်ပြီးလျှင် ရေစက်ချရမည်။ (သုံးကြိမ်)

ထို့နောက် ၃၁-ဘုံသို့ အမျှပေးဝေလေ။ ထိုသို့ ဘုရား ရဟန္တာတို့ကို အောက်မေ့၍ သရဏဂုံ (၃၀) ပါဌ်ကြီးကို ရွတ်ဆိုပါ(သုံးကြိမ်)၊ ကြံသမျှ အောင်သည်။ လူနတ်တို့ချစ်သည်၊ ပြောသမျှ ပြီးသည်။နေ့စဉ်မှန်မှန် အထက်ပါ အစီအစဉ်အတိုင်း အားထုတ်နိုင်လျှင် (၄၅) ရက်အတွင်း ဓာတ်တော်၊ မွေတော် ကွန့်မြူးရောင် ဒိဗ္ဗမြင်ရလိမ့်မည်ဟု ရှေးသူတော်စင်တို့မှ လမ်းညွှန်ခဲ့သည်။

## ဆင်းရဲခြင်း အပေါင်းမှလွတ်

ဤနည်းအတိုင်း တခါပြုလုပ်ဖူးလျှင် အကျိုးထူးများ သိသာထင်ရှားစွာ ပေးလေသည်။

ဝေယံဦးစာပေ (တတိယအကြိမ်)

တကယ်တမ်း ယုံကြည်၍ ကိုးကွယ်ဆည်းကပ်သူတို့မှာ ဆင်းရဲဒုက္ခအပေါင်းမှ ကင်းလွတ်တော့သည်ဟု အမှာရှိပေသည်။

ထို့အပြင် မကောင်းသော အနိဋ္ဌ ဘေးရန်အပေါင်းတို့သည် မလာရောက်နိုင်သည့်အပြင် လောကဒ္ဓိ ကျက်သရေမင်္ဂလာအမျိုးမျိုးတို့တိုးတက်ပြီးလျှင် ကုန်သည်၊လယ်လုပ်၊ ခေါင်းရွက်ဗျပ်ထိုး၊ ပခုံးထမ်းနှင့် လုပ်စား၊ကိုင်စား ဟူသမျှတို့ စီးပွားဥစ္စာတိုးတက်ခြင်း၊ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ခြင်းစသော အကျိုးထူးများကို ခံစား၊ စံစားရပေမည် ဖြစ်သည်။

အထူးသဖြင့် သရဏဂုံ (၃၀)ကို အဟုတ်တကယ် ယုံကြည်စွာနှင့် ကိုးကွယ် ဆည်းကပ်ကြပါက "ဝိပ္ပတ္တိ ကပ်ဆိုးလည်း မတိုက်၊ ဗျသနလည်း မဆိုက်၊ ရန်သူမျိုးလည်း မကပ်၊ ဗုဒ္ဓဓာတ်၊ သရဏဂုံ၊ ကိုယ်စိုခြုံလျှင် လောကီရတနာတွေလည်း ပေါများ၊ အသက်ရှည်ခြင်း တည်းဟူသော အကျိုးတရားတို့ကို ခံစားကြရမည်ဖြစ်ပါသည်။

သရဏဂုံ၊
ကိုယ်လုံခြုံ၊
မြဲထုံသင်းပျံ့လျက်။

အန္တရာယ်ဝေး၊
ရင်ဝယ်အေး၊
မနေးစီးပွားတက်။ ။

အပူကြိုသော်   ဘုရားဂုဏ်ကို   အာရုံမပျက်နှင့်

လူယုံသော်   စကားကုန်ကို   အာရုံမပြွက်နှင့်

# ပဋ္ဌာန်း ကွန်ချာကြီး

တဖန် သူမြတ်အပေါင်းတို့အား ပဋ္ဌာန်း ကွန်ချာကြီး တရာ့ရှစ် နဝင်းကိုက် ပုတီးစိပ်နည်းကို ဆက်လက်ညွှန်ပြလိုက်ရပေသည်။ ဤပဋ္ဌာန်းကွန်ချာ ပုတီးစိပ်နည်းကြီးသည် ကွန်ချာ ပုတီးစိပ်နည်းအပေါင်းတို့တွင် အခက်တကာ့အခက်ဆုံး၊ အနက်တကာ့ အနက်ဆုံး ဖြစ်ပါသည်။

ဦးစွာ ပထမ ဂုဏ်တော်ကွန်ချာကြီးသည် ခက်ပေသည်။ ဒုတိယ သရဏဂုံ ကွန်ချာကြီးသည် ပို၍ ခက်လာပါသည်။ တတိယ အခက်ဆုံးမှာ ပဋ္ဌာန်းကွန်ချာကြီးဖြစ်ပါသည်။ အဘယ်ကြောင့် ခက်သောနည်းများကို ဖော်ပြနေသနည်းဟု သူမြတ်က ဆိုငြားအံ့။ ဖြေပါမည်။ ဤလောက၌လွယ်လွယ်နှင့် အဘယ်မှာ တန်ဖိုးရှိသော ပစ္စည်းကို ရရှိအံ့နည်း။ ကြိုးစား၍ ခက်ခဲနက်နဲသော တရားကို ပွားများအားထုတ်ပါမှ အကျိုးထူးကို ခံစားစံစားရမည် ဖြစ်ပါသည်။

ထို့ကြောင့် ဤသူမြတ်ကျင့်စဉ်၌ သူတော်ကောင်း သူမြတ်လောင်းတို့အတွက် အခြေခံ သမာဓိစခန်းကို ပိုင်နိုင်ရေးအတွက် နက်နဲသိမ်မွေ့သည့် ပညာရပ်များကို ဖော်ပြလိုက်ရပါသည်။

(တတိယအကြိမ်) စပယ်ဦး စာပေ

သို့သော် မည်မျှပင် ခက်ခဲနက်နဲသော ပညာဖြစ်သော်လည်း၊ တဖြည်းဖြည်း အလွယ်တကူ တက်လှမ်းနိုင်ရန်အတွက် အတက် အဆင်းများကို ထင်ထင်ရှားရှား ညွှန်ကြားထားပါသည်။ နား၍ နား၍ တက်လှမ်းကြပါကုန်။

စိတ်ထန်လျှင် ခံနိုင်ရိုးလား။
ဝီရိယရှိလျှင် မပြစ်နေရိုးလား။

နေ့စဉ် ပုတီးတပတ်ကို မိမိတတ်နိုင်သလောက် အဓိဋ္ဌာန် နှင့် စိပ်ပါ။ ပုတီးပတ် တသောင်းပြည့်သောအခါ သမ္မာဒေဝ နတ်များ အစောင့်အရှောက်ကို ခံရသဖြင့် အကျိုးထူးများကို ခံစားရလိမ့်မည်ဟု ရှေးသူတော်ကောင်းတို့ မိန့်ဆိုခဲ့သည်။ အကျိုးထူး ခံစားနိုင်ရန် ကြိုးစားအားထုတ်ကြပါကုန်။

## ဂုဏ်ကျေးဇူးများ

၂၄ ပစ္စည်း ပဋ္ဌာန်းတရားတော်တို့၏ ဂုဏ်ကျေးဇူး ကား ကြီးမားလှသည်။

၂၄ ပစ္စည်း ပဋ္ဌာန်းပစ္စည်းတို့၏ သဘောကား နက်နဲ လှသည်။

သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရားသည်ပင်လျှင် ၂၄ ပစ္စည်း ပဋ္ဌာန်း တရားတော်ကြီးကို ဆင်ခြင်လိုက်သောအခါတွင် ရောင်ခြည်တော် ခြောက်သွယ်တို့သည် ကွန့်မြူး၍လာသည်။

၂၄-ပစ္စည်း ပဋ္ဌာန်းတရားတို့ကို ရွတ်ဖတ်သရဇ္ဈာယ်၍ ပွားများအားထုတ်သူများအဖို့ ကျေးဇူးတရားတို့သည် အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။

ဘုရား၏ဂုဏ်တော်၊ တရား၏ဂုဏ်တော်၊ သံဃာတော်မြတ်၏ ဂုဏ်တော်အပေါင်းတို့သည် ပဋ္ဌာန်းတရားတော်ကြီးဖြင့် နှီးနွှယ်ဆက်စပ်လျက်ရှိနေသည်။

သရဏဂုံ သုံးပါးသည်လည်း ပဋ္ဌာန်းဒေသနာတော်ကြီးနှင့် ဆက်စပ်လျက်ရှိနေသည်။

အထူးသဖြင့် ဂုဏ်တော်များနှင့် သရဏဂုံသုံးပါးသည် ပဋ္ဌာန်းတရားတော်ကြီးကို ဆင်ခြင်သုံးသပ်ပါမှ ပို၍နက်နဲသည်၊ ပို၍လေးနက်သည်၊ ပို၍ပြည့်စုံပေမည်။

ထို့ကြောင့် ဤသူမြတ်ကျင့်စဉ်တွင် ၂၄-ပစ္စည်း ဒေသနာတော်ကြီးကို ပုတီးစိပ်ရန် သူမြတ်အပေါင်းတို့အား တင်ပြလိုက်ခြင်းဖြစ်ပါသည်။ မိမိကြိုးစားအားထုတ်သလောက် အကျိုးထူးတရားကို ခံစားကြရမည်မှာ မလွဲပေ။

ပဌမဦးစွာ ၂၄ပစ္စည်း ပဋ္ဌာန်းတရားတော် ကွန်ချာကြီးကို ပုတီးမစိပ်မီ "အနုလုံ၊ ပဋိလုံ" အပြန်အလှန် ပုတီးစိပ်နည်းကြီးကို ပွားများအားထုတ်ပါ။

သို့မှသာ ပဋ္ဌာန်းတရားတော် နဝင်းကိုက် ကွန်ချာပုတီးစိပ်နည်းကြီးကို တက်လှမ်း ပုတီးစိပ်ရာတွင် အခက်အခဲမတွေ့ပဲ ရှိမည်ဖြစ်ပါသည်။ ထို၂၄ ပစ္စည်း ပဋ္ဌာန်းကွန်ချာ ပုတီးစိပ်နည်းကြီးကို ကြိုးစားပွားများ အားထုတ်ကြပါကုန်၊ အကျိုးထူးများကို ခံစားကြရမည်မှာ မလွဲပါ၊ ရေးသား၍လည်း ကုန်နိုင်ဖွယ်မရှိပါ။

## ၂၄ ပစ္စည်းပဋ္ဌာန်း "အနုလုံ ပဋိလုံ" ပုတီးစိပ်နည်း

| အနုလုံ | ၂၄ ပစ္စည်း ပဋ္ဌာန်း တရားတော် | ပဋိလုံ |
|---|---|---|
| ၁ | ဟေတု ပစ္စယော | ၂၄ |
| ၂ | အာရမ္မဏ ပစ္စယော | ၂၃ |
| ၃ | အဓိပတိ ပစ္စယော | ၂၂ |
| ၄ | အနန္တရ ပစ္စယော | ၂၁ |
| ၅ | သမနန္တရ ပစ္စယော | ၂၀ |
| ၆ | သဟဇာတ ပစ္စယော | ၁၉ |
| ၇ | အညမည ပစ္စယော | ၁၈ |
| ၈ | နိဿယ ပစ္စယော | ၁၇ |
| ၉ | ဥပနိဿယ ပစ္စယော | ၁၆ |
| ၁၀ | ပုရေဇာတ ပစ္စယော | ၁၅ |
| ၁၁ | ပစ္ဆာဇာတ ပစ္စယော | ၁၄ |
| ၁၂ | အာသေဝန ပစ္စယော | ၁၃ |
| ၁၃ | ကမ္မ ပစ္စယော | ၁၂ |
| ၁၄ | ဝိပါက ပစ္စယော | ၁၁ |
| ၁၅ | အာဟာရ ပစ္စယော | ၁၀ |
| ၁၆ | ဣန္ဒြိယ ပစ္စယော | ၉ |
| ၁၇ | ဈာန ပစ္စယော | ၈ |
| ၁၈ | မဂ္ဂ ပစ္စယော | ၇ |
| ၁၉ | သမ္ပယုတ္တ ပစ္စယော | ၆ |

| | | |
|---|---|---|
| ၂၀ | ဝိပ္ပယုတ္တ ပစ္စယော | ၅ |
| ၂၁ | အတ္ထိ ပစ္စယော | ၄ |
| ၂၂ | နတ္ထိ ပစ္စယော | ၃ |
| ၂၃ | ဝိဂတ ပစ္စယော | ၂ |
| ၂၄ | အဝိဂတ ပစ္စယော | ၁ |

အထက်တွင် ဖော်ပြခဲ့သော ပဋ္ဌာန်း ဒေသနာတော်ကြီးအား အပြန်အလှန် "အနုလုံ-ပဋိလုံ" ပုတီးစိပ် ပွားများရာ၌ ၂၄-ပစ္စည်း ပဋ္ဌာန်းဒေသနာတော်ကြီးအား ပုတီးနှစ်ပတ်စိပ်မှ တပတ် အမှန်ရမည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပဋ္ဌာန်းဒေသနာတော်ကြီးအား အသွား(၂)ကြိမ်၊ အပြန်(၂) ကြိမ်၊ ပွားများအားထုတ်ရာ ပုတီးအလုံးပေါင်း ၉၆လုံး ဆုံး၍ သွားပါသည်။ ထို့ကြောင့် ကျန်ပုတီး ၁၂လုံးအား ဆက်၍ ပဋ္ဌာန်းဒေသနာတော်ကြီးအား ပွား များ အား ထုတ် လိုက် ရာ ပုတီးနှစ်ပင်ပြည့်မှ "အဝိဂတ" ပစ္စယောသို့ ပြန်၍ကျသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ဤသည်မှာ ပဋ္ဌာန်းဒေသနာတော်ကြီးအား ပုတီးမစိပ်မီ ဦးမြဲကျင့်စဉ်အား ပွားများအားထုတ်သူအဖို့ သိထားသင့်သော အချက်ဖြစ်ပါသည်။

## ပဋ္ဌာန်း ကွန်ချာကြီး
## တရာ့ရှစ် နဝင်းကိုက် ပုတီးစိပ်နည်း

၁။ ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊
အဓိပတိ ပစ္စယော (ပုတီးတလုံးချ)

၂။ အဓိပတိ ပစ္စယော (ပုတီးတလုံးချ)
၃။ အာရမ္မဏ ပစ္စယော၊ ဟေတု ပစ္စယော ။
၄။ ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊
အဓိပတိ ပစ္စယော ။
၅။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော
သဟဇာတ ပစ္စယော ။
၆။ သဟဇာတ ပစ္စယော ။
၇။ သမနန္တရ ပစ္စယော၊ အနန္တရပစ္စယော ။
၈။ အဓိပတိ ပစ္စယော၊ အာရမ္မဏ ပစ္စယော၊
ဟေတု ပစ္စယော ။
၉။ ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊
အဓိပတိ ပစ္စယော ။
၁၀။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊
သဟဇာတ ပစ္စယော ။
၁၁။ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊
ဥပနိဿယ ပစ္စယော ။
၁၂။ ဥပနိဿယ ပစ္စယော ။
၁၃။ နိဿယ ပစ္စယော၊ အညမည ပစ္စယော ။
၁၄။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊
သဟဇာတ ပစ္စယော ။
၁၅။ အဓိပတိ ပစ္စယော အာရမ္မဏ ပစ္စယော၊
ဟေတု ပစ္စယော ။
၁၆။ ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊
အဓိပတိ ပစ္စယော ။

၁၇။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊
သဟဇာတ ပစ္စယော (ပုတီးတလုံးချ)
၁၈။ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊
ဥပနိဿယ ပစ္စယော ။
၁၉။ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊
အာသေဝန ပစ္စယော ။
၂၀။ အာသေဝန ပစ္စယော ။
၂၁။ ပစ္ဆာဇာတ ပစ္စယော၊ ပုရေဇာတ ပစ္စယော ။
၂၂။ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊
ဥပနိဿယ ပစ္စယော ။
၂၃။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊
သဟဇာတ ပစ္စယော ။
၂၄။ အဓိပတိ ပစ္စယော၊ အာရမ္မဏ ပစ္စယော၊
ဟေတု ပစ္စယော ။
၂၅။ ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊
အဓိပတိ ပစ္စယော ။
၂၆။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊
သဟဇာတ ပစ္စယော ။
၂၇။ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊
ဥပနိဿယ ပစ္စယော ။
၂၈။ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊
အာသေဝန ပစ္စယော ။
၂၉။ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊
အာဟာရ ပစ္စယော ။

၃၀။ အာဟာရ ပစ္စယော (ပုတီးတလုံး ချ)

၃၁။ ဝိပါက ပစ္စယော၊ ကမ္မ ပစ္စယော ။

၃၂။ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊
အာသေဝန ပစ္စယော ။

၃၃။ အညမညပစ္စယော၊ နိဿယ ပစ္စယော၊
ဥပနိဿယ ပစ္စယော ။

၃၄။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊
သဟဇာတ ပစ္စယော ။

၃၅။ အဓိပတိပစ္စယော၊ အာရမ္မဏ ပစ္စယော၊
ဟေတု ပစ္စယော

၃၆။ ဟေတုပစ္စယော၊ အာရမ္မဏ ပစ္စယော၊
အဓိပတိ ပစ္စယော ။

၃၇။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊
သဟဇာတပစ္စယော ။

၃၈။ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊
ဥပနိဿယ ပစ္စယော ။

၃၉။ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊
အာသေဝန ပစ္စယော ။

၄၀။ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊
အာဟာရ ပစ္စယော ။

၄၁။ ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊
မဂ္ဂ ပစ္စယော ။

၄၂။ မဂ္ဂပစ္စယော

၄၃။ ဈာန ပစ္စယော၊ ဣန္ဒြိယပစ္စယော (ပုတီးတလုံးချ)

၄၄။ ကမ္မပစ္စယော၊ ဝိပါက ပစ္စယော၊
အာဟာရ ပစ္စယော ။

၄၅။ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊
အာသေဝန ပစ္စယော၊ ။

၄၆။ အညမညပစ္စယော၊ နိဿယ ပစ္စယော၊
ဥပနိဿယ ပစ္စယော ။

၄၇။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊
သဟဇာတ ပစ္စယော ။

၄၈။ အဓိပတိ ပစ္စယော၊ အာရမ္မဏ ပစ္စယော၊
ဟေတု ပစ္စယော ။

၄၉။ ဟေတုပစ္စယော၊ အာရမ္မဏ ပစ္စယော၊
အဓိပတိ ပစ္စယော ။

၅၀။ အနန္တရပစ္စယော၊ သမနန္တရ ပစ္စယော၊
သဟဇာတ ပစ္စယော ။

၅၁။ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊
ဥပနိဿယ ပစ္စယော ။

၅၂။ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊
အာသေဝန ပစ္စယော ။

၅၃။ ကမ္မပစ္စယော၊ ဝိပါက ပစ္စယော၊
အာဟာရ ပစ္စယော ။

၅၄။ ဣန္ဒြိယ ပစ္စယော၊ ဈာနပစ္စယော၊
မဂ္ဂပစ္စယော ။

၅၅။ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊
အတ္ထိ ပစ္စယော (ပုတီးတလုံးချ)

၅၆။ အတ္ထိ ပစ္စယော ။

၅၇။ ဝိပ္ပယုတ္တ ပစ္စယော၊ သမ္ပယုတ္တ ပစ္စယော ။

၅၈။ ဣန္ဒြိယ ပစ္စယော၊ ဈာနပစ္စယော၊
မဂ္ဂ ပစ္စယော ။

၅၉။ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊
အာဟာရပစ္စယော ။

၆၀။ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊
အာသေဝန ပစ္စယော ။

၆၁။ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊
ဥပနိဿယ ပစ္စယော ။

၆၂။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊
သဟဇာတ ပစ္စယော ။

၆၃။ အဓိပတိ ပစ္စယော၊ အာရမ္မဏ ပစ္စယော၊
ဟေတု ပစ္စယော ။

၆၄။ ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊
အဓိပတိ ပစ္စယော ။

၆၅။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊
သဟဇာတ ပစ္စယော ။

၆၆။ အညမည ပစ္စယော၊ နိဿယပစ္စယော၊
ဥပနိဿယ ပစ္စယော ။

၆၇။ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊
အာသေဝန ပစ္စယော ။

 (တတိယအကြိမ်)

၆၈။ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊
အာဟာရ ပစ္စယော (ပုတီးတလုံးချ)

၆၉။ ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊
မဂ္ဂ ပစ္စယော ။

၇၀။ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊
အတ္ထိ ပစ္စယော ။

၇၁။ နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊
အဝိဂတ ပစ္စယော ။

၇၂။ အဝိဂတ ပစ္စယော ။

၇၃။ ဝိဂတ ပစ္စယော၊ နတ္ထိ ပစ္စယော ။

၇၄။ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊
အတ္ထိ ပစ္စယော ။

၇၅။ ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊
မဂ္ဂ ပစ္စယော ။

၇၆။ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊
အာဟာရ ပစ္စယော ။

၇၇။ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော
အာသေဝန ပစ္စယော ။

၇၈။ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊
ဥပနိဿယ ပစ္စယော ။

၇၉။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊
သဟဇာတ ပစ္စယော ။

၈၀။ အဓိပတိ ပစ္စယော၊ အာရမ္မဏ ပစ္စယော၊
ဟေတု ပစ္စယော ။

၁၁။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊
အဓိပတိပစ္စယော (ပုတီးတလုံးချ)

၁၂။ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊
သဟဇာတပစ္စယော ။

၁၃။ အညမညပစ္စယော၊ နိဿယပစ္စယော၊
ဥပနိဿယပစ္စယော ။

၁၄။ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊
အာသေဝနပစ္စယော ။

၁၅။ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊
အာဟာရပစ္စယော ။

၁၆။ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊
မဂ္ဂပစ္စယော ။

၁၇။ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊
အတ္ထိပစ္စယော ။

၁၈။ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊
အဝိဂတပစ္စယော ။

၁၉။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊
အဓိပတိပစ္စယော ။

၂၀။ အဓိပတိပစ္စယော၊ ။

၂၁။ အာရမ္မဏပစ္စယော၊ ဟေတုပစ္စယော ။

၂၂။ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော
အဝိဂတပစ္စယော ။

၂၃။ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော
အတ္ထိပစ္စယော ။

၉၄။ ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊
မဂ္ဂ ပစ္စယော (ပုတီးတလုံးချ)

၉၅။ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊ ။
အာဟာရ ပစ္စယော ။

၉၆။ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော
အာသေဝန ပစ္စယော ။

၉၇။ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊
ဥပနိဿယ ပစ္စယော ။

၉၈။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊
သဟဇာတ ပစ္စယော ။

၉၉။ အဓိပတိပစ္စယော၊ အာရမ္မဏ ပစ္စယော၊
ဟေတု ပစ္စယော ။

၁၀၀။ ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊
အဓိပတိ ပစ္စယော ။

၁၀၁။ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊
သဟဇာတ ပစ္စယော ။

၁၀၂။ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊
သဟဇာတ ပစ္စယော ။

၁၀၃။ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊
အာသေဝန ပစ္စယော

၁၀၄။ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊
အာဟာရ ပစ္စယော ။

၁၀၅။ ဣန္ဒြိယ ပစ္စယော၊ ဈာနပစ္စယော၊
မဂ္ဂ ပစ္စယော ။

၁၀၆။ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊
အတ္ထိ ပစ္စယော (ပုတီးတလုံးချ)

၁၀၇။ အတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊
အဝိဂတ ပစ္စယော ။

၁၀၈။ ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊
အဓိပတိ ပစ္စယော ။

ဤသို့ ပဋ္ဌာန်း ဒေသနာ တော်ကြီး အား "အနုလောမ–ပဋိလောမ" ပုတီးစိပ်နည်းတို့ဖြင့် လည်းကောင်း၊ "ပဋ္ဌာန်းကန့်ချာကြီး"ဖြင့် လည်းကောင်း၊ ပုတီးများကို ပွားများအားထုတ်ပြီးနောက် ပဋ္ဌာန်းနှင့် ပတ်သက်၍ ရှေးသူတော်စင်များ အသုံးပြုသော စည်းချပုံ နိဿယများကို ဆက်လက် တင်ပြပါအံ့။

အန္တရာယ်ကင်း
နှစ်ဆယ့်လေးပစ္စည်း
စည်းချနည်း

(အရှေ့မြောက်ထောင့်အရပ်သို့)

— ဟေတု ပစ္စယော၊
အာရမ္မဏ ပစ္စယော၊
အဓိပတိ ပစ္စယော။

(အရှေ့အရပ်သို့)

— အနန္တရ ပစ္စယော၊
သမနန္တရ ပစ္စယော၊
သဟဇာတ ပစ္စယော။

(အရှေ့တောင်ထောင့် အရပ်သို့)

— အညမည ပစ္စယော၊
နိဿယ ပစ္စယော၊
ဥပနိဿယ ပစ္စယော။

(တောင်အရပ်သို့)

— ပုရေဇာတ ပစ္စယော၊
ပစ္ဆာဇာတ ပစ္စယော၊
အာသေဝန ပစ္စယော။

(အနောက်တောင်ထောင့်အရပ်သို့)

— ကမ္မ ပစ္စယော၊
ဝိပါက ပစ္စယော၊
အာဟာရ ပစ္စယော။

(အနောက်အရပ်သို့)

— ဣန္ဒြိယ ပစ္စယော၊
ဈာန ပစ္စယော၊
မဂ္ဂ ပစ္စယော။

(အနောက်မြောက်ထောင့်အရပ်သို့)

— သမ္ပယုတ္တ ပစ္စယော၊
ဝိပ္ပယုတ္တ ပစ္စယော၊
အတ္ထိ ပစ္စယော။

(မြောက်အရပ်သို့)
— နတ္ထိ ပစ္စယော၊
ဝိဂတ ပစ္စယော၊
အဝိဂတ ပစ္စယော။

(တ ဖန်အရှေ့မြောက်ထောင့်အရပ်သို့)
— ဟေတု ပစ္စယော၊
အာရမ္မဏ ပစ္စယော၊
အဓိပတိ ပစ္စယော။

## စည်းချပုံနှင့် အကျိုးပြု

အထက်ပါ နည်းအတိုင်း မိမိတို့ပိုင်ဆိုင်ရာဖြစ်သော အိမ်၊ ဝင်း၊ ခြံ၊ လယ်ယာ၊ ကန်ချောင်း၊ ပစ္စည်း ဥစ္စာ ရတနာ စသည်တို့ကို သိုမှီးသိမ်းဆည်းရာဖြစ်သော နေရာဌာနဟူသမျှတို့၌ အရပ်မျက်နှာကို အာရုံရှေးရှု နှလုံးပြုလျက် ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို မိမိတို့သက်စေ့ ရွတ်ဖတ်သဇ္ဈာယ် ကြရသည်။ ထို့အပြင် ကျောက်စရစ်ခဲ၊ သဲ၊ ရေ စသည်တို့ကိုလည်း (၃၂ခါ)ကာ ရွတ်ဖတ်မန်းမှုတ်လျက် ကျရာအရပ်မျက်နှာမှာ ကျောက်စရစ်ခဲကို မြှုပ်နှံ၍ထားရသည်။ ပြီးလျှင် ရေ–သဲတို့ကို အစဉ်အတိုင်း လှည့်ပတ်ပက်ဖျန်းကြဲချရလေသည်။

## လက်တွေ့အကျိုး

မိမိကိုယ်တိုင်ကိုလည်းကောင်း၊ မိမိပိုင်ရာ ပစ္စည်းဥစ္စာတို့ကိုလည်းကောင်း ရန်သူမျိုးငါးပါးတို့သည် မည်သို့မျှဖျက်ဆီးယူငင်ခြင်းငှာ မစွမ်းနိုင်ကြကုန်။ မကောင်းဆိုးဝါး ယုတ်မာ

သော ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ စုန်းနတ်၊ ကဝေအမျိုးမျိုး၊ မြေဘီလူး၊ ရေဘီလူး၊ တောဘီလူး၊ အသားစားကြူး ဘီလူးအမျိုးမျိုး၊ သဘက်အမျိုးမျိုး၊ ရက္ခိုဏ် အမျိုးမျိုးတို့ ပူးဝင်ခိုကပ်ဖမ်းစား ခြောက်လှန့်ခြင်းငှာ မစွမ်းကုန်၊ အဖျားရောဂါ၊ ကျောက်ရောဂါ စသည်တို့မှလည်းကောင်း၊ ပလိပ်ရောဂါ၊ တုပ်ကွေးရောဂါ၊ ကာလဝမ်းရောဂါ စသည်တို့မှလည်းကောင်း အမှန်ကင်းလွတ်ကွာဝေးကြသည်။ လေးလေးစားစား ရွတ်ဖတ်သရဇ္ဈာယ် ကာကွယ်ပြုကြလေ၊ တမသုန်အကျိုးကို မဆိုထားဘိ၊ ပစ္စုပ္ပန်အကျိုးမှာ ထင်ရှားလှပေသည်။

## ပွဲတွေ့ သာဓကများ

ဂါတို့ ဤနေရာ၌ သာဓကနောက်ခါ၌ဘုရားပူး လာကြသူ ရဟန်းရှင်လူတို့အား မကောင်းယုတ်မာ နတ်မိစ္ဆာတို့၊ ခြောက်လှန့်သောအခါ အထက်ပါ နည်းအတိုင်း ကာကွယ်ကြသဖြင့် ယနေ့ တိုင်အောင် ကိုယ်ကိုပြ၍ ခြောက်လှန့်ခြင်း၊ ကြောက်မက်ဖွယ်ရာ အသံပြုခြင်း၊ မကောင်းသော အနံ့တို့ကို နံစေခြင်း၊ အလိုလို ထိတ်လန့် ကြောက်ရွံ့စေခြင်း အမှုတို့ကို မပြုဝံ့ကြလေ၊ ဝေးကွာသော အရပ်သို့လည်း ပြောင်းသွားကြလေပြီ။

ထို့အပြင် တကောင်းမင်းမျိုး သာကီမျိုးတို့ဝိုးဝံရာ ဖြစ်သော မန္တလေး နေပြည်တော်သို့ ဘုရားပူထိုး ရှိခိုးပူဇော်ရန် ဆရာတော်ကြီးတပါး လှည်းဖြင့်သွားရာ လမ်းခရီးအနီး အကာမရှိသော ဇရပ်ကြီး၌ တည်းခိုနေတော်မူ၏။

ညအချိန် သူခိုးတို့သည် ပစ္စည်းများကို ခိုးယူရန် လာသောအခါ အကာမရှိသော ဇရပ်ကြီးမှာ သံတိုင် သံချောင်းတို့ဖြင့်

ကာရံ ထားသည်ဟု ထင်မှတ်ကုန်လျက် ခိုးယူခြင်းငှာမစွမ်းနိုင်ကြ၊ ကြောက်ကြ၊ ထိတ်လန့်ကြကုန်၏။ နံနက် မိုးသောက်လင်းအားကြီးသို့ ရောက်သောအခါ ထို ခိုးသူတို့သည် ဆရာတော်ကြီးအား ဆွမ်း ဘောဇဉ်များကို လှူဒန်းပြီး ပြစ်မှားမိသော အပြစ်တို့ကို ဝန်ချကန်တော့ပြီး နောင်သောအခါ ဤသို့သော အမှုကို မပြုတော့ဟု အသီးသီး ဝန်ခံကြကုန်၏။ ထို့နောက် ဆရာတော်ကြီးထံတွင် အကွယ် အကာနည်းကို ပေးသနားတော်မူရန် လျှောက်ထားရာ ဆရာတော်ကြီးက ငါ့မှာ အင်းအိုင် ခါးလည်၊ လက်ဖွဲ့၊ မန္တန် တစုံတရာမရှိ၊ သို့သော် အထူးသဖြင့် "ပဋ္ဌာန်း ပစ္စယုဒ္ဒေသ" ပါဠိတော်ကို အရပ်မျက်နှာ ပိုင်းခြားလျက် နေ့ညဉ့် ရွတ်ဖတ် သရဇ္ဈာယ် တော်မူကြောင်း အမိန့်ရှိလေ၏ သည်ဟု ငါတို့ တဆင့်စကား ကြားဖူးလေသည်။

## ကျောက် ရောဂါ

ရှင်းအပြင်လည်း တောင်ငူ ခရိုင်ကြိတ် ရေတာရှည်မြို့အနီး တခုသော တောရွာကြီး၌ နေထိုင်သော ဘုန်းတော်ကြီးသည်လည်း အနီးအပါး ရွာများ၌ ကျောက်ကြီးရောဂါဖြစ်ပွားသောအခါ ထိုပါဠိတော်ကို ရွတ်ဖတ် စည်းတားသဖြင့် မိမိဆိုင်ရာ ဒါယကာတို့မှာ ကင်းလွတ် ချမ်းသာကြောင်းကို ပြောကြားဖူးလေသည်။ ထိုရောဂါ ဝေဒနာတို့ ကပ်ရောက်ခြင်းမရှိ။

## ပလိပ်ရောဂါ

ရှင်းပြင် ဆရာတော်ကြီး၏ တပည့် ဘုန်းတော်ကြီး တပါးသည် လွန်ခဲ့သော ၉ နှစ်ကျော် ၁၀ နှစ်ခန့်က မန္တလေး

မြို့မှာ ပညာသင်ကြားနေစဉ် ကျောက်တိုက်အနီးအပေါ် ပလိပ်ရောဂါဖြစ်ပွားတိုင်း ဖြစ်ပွားတိုင်း ဤပါဠိတော်ကိုပင် စည်းတား ရွတ်ဖတ်သဖြင့် မိမိနေသော ကျောင်း၌ ကြွက်များပင် သေကြေပျက်စီးကျရောက်ခြင်း မရှိကြောင်းကို လျှောက်ထား သိရှိရလေသည်။ သို့ဖြစ်၍ ယုံယုံကြည်ကြည် အန္တရာယ်ဘေးတို့မှ ကင်းဝေးစေရန် နေ့စဉ်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်စည်းတားခြင်း ပြုကြလေကုန်''

ဦးမေဓာ
ဘုရားနှစ်ဆူကျောင်းတိုက်၊
ဇင်းကျိုက်တောင်ဘုရားကြီး။

# ဂုဏ်တော်ကိုးပါး ရှိခိုးဆုတောင်း

တဖန် သူမြတ်အပေါင်းတို့အား တရာ့ရှစ်နဝင်းကိုက် ဂုဏ်တော်ဘုရားရှိခိုးပုတီးစိပ်နည်းကို ညွှန်ပြလိုပေသည်။ အဆိုပါ ပုတီးစိပ်နည်းတွင် ဂုဏ်တော်တပါးလျှင် အပွား (၁၂) ပါး ဆောင်ပေသည်။ ထို့ကြောင့် ဂုဏ်တော် ၉ ပါးဆိုလျှင် ၁၀၈ နဝင်းကိုက်အဖြစ် ရှေးသူတော်စင်တို့က စီစဉ်ထားခဲ့ပေသည်။

ထို့ကြောင့် သူမြတ်အပေါင်းတို့သည် တရာ့ရှစ်နဝင်းကိုက် ပုတီးဖြင့် ဂုဏ်တော် တပါးစီကို ဖြစ်စေ၊ ဂုဏ်တော်ကိုးပါး စလုံးကိုဖြစ်စေ ပွားများ အားထုတ်နိုင်ကြပေသည်။

## တရာ့ရှစ်နဝင်း ပုတီးစိပ်နည်း

အရဟံဂုဏ်တော်

၁။ သောဘဂဝါ. ဣတိပိ အရဟံ (ပုတီးတလုံးချ)

၂။ အရဟံ ဝတ သောဘဂဝါ ။

၃။ အရဟံ သရဏံ ဂစ္ဆာမိ ။

စပယ်ဦးစာပေ (တတိယအကြိမ်)

၄။ အရဟံ သိရသာ နမာမိ (ပုတီးတလုံးချ)
၅။ အရဟံ ဝတ သောဘဂဝါ ယောဂ္ဂမသာ
ဝေရှုပသာ ဒုက္ခသာ ပဟာနာယ ဓမ္မံ
ဒေသေတိ ။
၆။ အရဟံ မေ သုခံ ဒေတု ။
၇။ အရဟံ မေ သိဿေ တိဋ္ဌတု ။
၈။ အရဟံ မေ သိဒ္ဓိကမ္မံ ဒေတု ။
၉။ အရဟံ မေ ဇယျံ ဒေတု ။
၁၀။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၁၁။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၁၂။ သံဃံ သရဏံ ဂစ္ဆာမိ ။

## သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်

၁၃။ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ (ပုတီးတလုံးချ)
၁၄။ သမ္မာသမ္ဗုဒ္ဓေါ ဝတ သောဘဂဝါ ။
၁၅။ သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၁၆။ သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ ။
၁၇။ သမ္မာသမ္ဗုဒ္ဓေါ ဝတ သောဘဂဝါ
ယောဂ္ဂမသာ ဝေရှုပသာ ဒုက္ခသာ
ပဟာနာယ ဓမ္မံ ဒေသေတိ ။
၁၈။ သမ္မာသမ္ဗုဒ္ဓေါ မေ သုခံ ဒေတု ။
၁၉။ သမ္မာသမ္ဗုဒ္ဓေါ မေ သိဿေ တိဋ္ဌတု ။
၂၀။ သမ္မာသမ္ဗုဒ္ဓေါ မေ သိဒ္ဓိကမ္မံ ဒေတု ။

၂၁။ သမ္မာသမ္ဗုဒ္ဓေါမေ ဇယျံ ဒေတု (ပုတီးတလုံးချ)
၂၂။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၂၃။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၂၄။ သံဃံ သရဏံ ဂစ္ဆာမိ ။

ဝိဇ္ဇာစရဏ ဂုဏ်တော်

၂၅။ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော(ပုတီးတလုံးချ)
၂၆။ ဝိဇ္ဇာစရဏ သမ္ပန္နော ဝတ သောဘဂဝါ ။
၂၇။ ဝိဇ္ဇာစရဏ သမ္ပန္နံ သရဏံ ဂစ္ဆာမိ ။
၂၈။ ဝိဇ္ဇာစရဏ သမ္ပန္နံ သိရသာနမာမိ ။
၂၉။ ဝိဇ္ဇာ စရဏ သမ္ပန္နော ဝတ သောဘဂဝါ
ယောဣမဿ ဧဝရူပဿ ဒုက္ခဿပဟာ
နာယ ဓမ္မံဒေသေတိ ။
၃၀။ ဝိဇ္ဇာ စရဏ သမ္ပန္နော မေ သုခံ ဒေတု ။
၃၁။ ဝိဇ္ဇာ စရဏ သမ္ပန္နော မေ သိသောတိဋ္ဌတု ။
၃၂။ ဝိဇ္ဇာ စရဏ သမ္ပန္နော မေ သိဒ္ဓိကမ္မံ
ဒေတု ။
၃၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော မေ ဇယျံ ဒေတု ။
၃၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၃၅။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၃၆။ သံဃံ သရဏံ ဂစ္ဆာမိ ။
၃၇။ သောဘဂဝါ ဣတိပိ သုဂတော ။
၃၈။ သုဂတော ဝတ သောဘဂဝါ ။
၃၉။ သုဂတံ သရဏံ ဂစ္ဆာမိ ။

၄၀။ သုဂတံ သိရသာ နမာမိ (ပုတီးတလုံးချ)

၄၁။ သုဂတော ဝတ သော ဘဂဝါ
ယောဣမဿ ဧဝ ရူပဿ ဒုက္ခဿ
ပဟာနာယ ဓမ္မံ ဒေသေတိ ။

၄၂။ သုဂတော မေ သုခံ ဒေတု ။

၄၃။ သုဂတော မေ သီသေ တိဋ္ဌတု ။

၄၄။ သုဂတော မေ သိဒ္ဓိကမ္မံ ဒေတု ။

၄၅။ သုဂတော မေ ဇယျံ ဒေတု ။

၄၆။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။

၄၇။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။

၄၈။ သံဃံ သရဏံ ဂစ္ဆာမိ ။

## လောကဝိဒူ ဂုဏ်တော်

၄၉။ သော ဘဂဝါ ဣတိပိ လောကဝိဒူ (ပုတီးတလုံးချ)

၅၀။ လောကဝိဒူ ဝတ သော ဘဂဝါ ။

၅၁။ လောကဝိဒူ သရဏံ ဂစ္ဆာမိ ။

၅၂။ လောကဝိဒူ သိရသာ နမာမိ ။

၅၃။ လောကဝိဒူ ဝတ သော ဘဂဝါ
ယောဣမဿ ဧဝ ရူပဿ ဒုက္ခဿ ။
ပဟာနာယ ဓမ္မံဒေသေတိ ။

၅၄။ လောကဝိဒူ မေ သုခံ ဒေတု ။

၅၅။ လောကဝိဒူ မေ သီသေ တိဋ္ဌတု ။

၅၆။ လောကဝိဒူ မေ သိဒ္ဓိ ကမ္မံဒေတု ။

၅၇။ လောကဝိဒူ မေ ဇယျံ ဒေတု ။

၅၈။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (ပုတီးတလုံးချ)
၅၉။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၆၀။ သံဃံ သရဏံ ဂစ္ဆာမိ ။

## အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်

၆၁။ သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ
ဒမ္မသာရထိ (ပုတီးတလုံးချ)
၆၂။ အနုတ္တရော ပုရိသ ဒမ္မသာရထိ
ဝတ သောဘဂဝါ ။
၆၃။ အနုတ္တရံ ပုရိသ ဒမ္မသာရထိ သရဏံ
ဂစ္ဆာမိ ။
၆၄။ အနုတ္တရံ ပုရိသ ဒမ္မသာရထိ သိရသာ
နမာမိ ။
၆၅။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ဝတ
သောဘဂဝါ ဣမဿ ဧဝ ရူပဿ ဒုက္ခဿ
ပဟာနာယ ဓမ္မံ ဒေသေတိ ။
၆၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ မေ
သုခံ ဒေတု ။
၆၇။ အနုတ္တရော ပုရိသ ဒမ္မသာရထိ မေ
သီသေ တိဋ္ဌတု ။
၆၈။ အနုတ္တရောပုရိသဒမ္မသာရထိ မေ သိဒ္ဓိကမ္မံ ဒေတု။
၆၉။ အနုတ္တရော ပုရိသဒမ္မသာရထိ မေ ဇယျံ ဒေတု ။
၇၀။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။

၇၁။ ဓမ္မံ သရဏံ ဂစ္ဆာမိ (ပုတီးတလုံးချ)
၇၂။ သံဃံ သရဏံ ဂစ္ဆာမိ ။

**သတ္တာဒေဝ မနုဿာနံ ဂုဏ်တော်**

၇၃။ သောဘဂဝါ ဣတိပိ သတ္တာဒေဝ
မနုဿာနံ (ပုတီးတလုံးချ)
၇၄။ သတ္တာဒေဝ မနုဿာနံ ဝတ သောဘဂဝါ ။
၇၅။ သတ္တာရံ ဒေဝ မနုဿာနံ သရဏံ ဂစ္ဆာမိ ။
၇၆။ သတ္တာရံ ဒေဝ မနုဿာနံ သိရသာ နမာမိ ။
၇၇။ သတ္တာ ဒေဝ မနုဿာနံ ဝတ သောဘဂဝါ
ယောဂ္ဂမယာ ဧဝ ရူပယာ ဒုက္ခယာ ပဟာနာယ
ဓမ္မံ ဒေသေတိ ။
၇၈။ သတ္တာ ဒေဝ မနုဿာနံ မေ သုခံ ဒေတု ။
၇၉။ သတ္တာ ဒေဝ မနုဿာနံ မေ သိသော ဝဍ္ဎတု ။
၈၀။ သတ္တာ ဒေဝ မနုဿာနံ မေ သိဒ္ဓိကမ္မံဒေတု ။
၈၁။ သတ္တာ ဒေဝ မနုဿာနံ မေ ဇယျံ ဒေတု ။
၈၂။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၈၃။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၈၄။ သံဃံ သရဏံ ဂစ္ဆာမိ ။

**ဗုဒ္ဓေါ ဂုဏ်တော်**

၈၅။ သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ (ပုတီးတလုံးချ)
၈၆။ ဗုဒ္ဓေါ ဝတ သောဘဂဝါ ။
၈၇။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၈၈။ ဗုဒ္ဓံ သိရသာ နမာမိ ။

၈၉။ ဗုဒ္ဓေါ ဝတ သောဘဂဝါ ယောဂ္ဂမယ ဧဝ ရူပယ
ဒုက္ခယ ပဟာနာယမ္မံ ဒေသေတိ (ပုတီးတလုံးချ)
၉၀။ ဗုဒ္ဓေါ မေသုခံ ဒေတု ။
၉၁။ ဗုဒ္ဓေါ မေ သီသေ တိဋ္ဌတု ။
၉၂။ ဗုဒ္ဓေါ မေ သိဒ္ဓိကမ္မံ ဒေတု ။
၉၃။ ဗုဒ္ဓေါ မေ ဇယျံ ဒေတု ။
၉၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၉၅။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၉၆။ သံဃံ သရဏံ ဂစ္ဆာမိ ။

ဘဂဝါဂုဏ်တော်

၉၇။ သောဘဂဝါ ဣတိပိ ဘဂဝါ (ပုတီးတလုံးချ)
၉၈။ ဘဂဝါ ဝတ သောဘဂဝါ ။
၉၉။ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ။
၁၀၀။ ဘဂဝန္တံ သရဏံ သိရသာ နမာမိ ။
၁၀၁။ ဘဂဝါဝတ သောဘဂဝါ သော ဣမယ ဧဝ
ရူပယ ဒုက္ခယ ပဟာနာယ မမ္မံ ဒေ သေတိ ။
၁၀၂။ ဘဂဝါ မေ သုခံဒေတု ။
၁၀၃။ ဘဂဝါ မေ သီသေ တိဋ္ဌတု ။
၁၀၄။ ဘဂဝါ မေ သိဒ္ဓိ ကမ္မံ ဒေတု ။
၁၀၅။ ဘဂဝါ မေ ဇယျံ ဒေတု ။
၁၀၆။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၁၀၇။ ဓမ္မံ သရဏံ ဂစ္ဆာမိ ။
၁၀၈။ သံဃံ သရဏံ ဂစ္ဆာမိ ။

အထက်ပါ ဂုဏ်တော်ကိုးပါး ဆုတောင်းမှ တပုဒ် ပုတီး တလုံးစီချ၍ စိပ်ပါ၊ ပုတီးမပါပဲ နှုတ်လွတ်ရွတ်ဆို၍လည်း ကောင်း၊ စိတ်ထဲတွင် စဉ်းစားဆင်ခြင်၍လည်းကောင်း ပွားများ အားထုတ်ကြပါသည်။

မူကွဲဂုဏ်တော်

၁။ သောဘဂဝါ ဣတိပိ အရဟံ (ပုတီးတလုံးချ)
၂။ အရဟံ ဝတ သောဘဂဝါ ။
၃။ အရဟံ သရဏံ ဂစ္ဆာမိ ။
၄။ အရဟံ သရဏံ သိရသာ နမာမိ ။
၅။ အရဟံ ဝတ သောဂဝါ ယောဣမဿ ဧဝ
ရူပဿဒုက္ခဿ ပရိညာယ သမုဒယဿ ဘာဝနာယ
နိရောဓဿ သစ္ဆိကရိယ မဂ္ဂဿ ဘာဝနာယ
ဓမ္မံ ဒေသေတိ
၆။ အရဟံ မေ သုခံ ဒေတု ။
၇။ အရဟံ မေ ဇယံ ဒေတု ။
၈။ အရဟံ မေ သိဒ္ဓိ ကမ္မံ ဒေတု ။
၉။ အရဟံ မေ ဝိမုတ္တိံ ဒေတု ။

အထက်ပါ ဂုဏ်တော်မူကွဲကို သုံးမျိုးပွားနိုင်သည်။

- ပထမ တမျိုးမှာ ဂုဏ်တော် တပါးချင်း ပုတီး တပတ်စီ ပွားများခြင်း။

ဒုတိယနည်းမှာ ဂုဏ်တော်ကိုးပါးကို တခေါက်စီ
ကိုးကြိမ်ပွားများခြင်း
တတိယနည်းမှာဂုဏ်တော်ကိုးပါးစလုံးကိုခြုံ၍ပုတီး
တလုံးစီချ၍ ပွားများ အားထုတ်နိုင်ပေသည်။

မကြုံစည်နိုင်သောအကျိုး

၁။ ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊
ဗုဒ္ဓ ဓမ္မာ အစိန္တိယာ၊
အစိန္တိတိယေ ပသန္နာနံ
ဝိပါကော ဟောတိ အစိန္တိယော။

၂။ ဧဝံ အစိန္တိယာ ဓမ္မာ၊
ဓမ္မ ဓမ္မာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ
ဝိပါကော ဟောတိ အစိန္တိယော။

၃။ ဧဝံ အစိန္တိယာ သံဃာ၊
သံဃံ ဓမ္မာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။

ဤသို့ မကြံစည်နိုင်ကုန်သော ရတနာသုံးပါးနှင့်ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူးတို့ကို ကြည်ညိုမြတ်နိုးသူတို့အား မကြံ စည်နိုင်သော အကျိုးထူးကို ရရှိခံစားရမည် ဖြစ်ကြောင်း သံယုတ်ပါဠိတော်၌ မြတ်စွာဘုရားကိုယ်တိုင် ဟောကြားတော် မူခဲ့ပေသည်။

ထို့ကြောင့် မိမိကိုယ်တိုင်လည်း မကြုံစည်နိုင်သော ဂုဏ်ကျေးဇူးတို့ဖြင့် ပြည့်စုံရမည်ဟု မှတ်ယူ စွဲမြဲထားပါ။

## ဂုဏ်တော်ကိုးပါး ကျေးဇူး

တဖန် ဂုဏ်တော်ကိုးပါးကို အမြဲရွတ်ဖတ် ပုတီးစိပ်သူများမှာ အလွန်ဆင်းရဲသော ဘဝမှသည် သဌေးကြီးဘဝသို့လည်းကောင်း၊ အလွန်နွမ်းပါးသော ဘဝမှသည် သိန်းဆုပေါက်ကြသူများ၊ ရိုးရိုး သိန်းဆု ပေါက်ကြသူများ စသော အကျိုးထူးများကို ခံစားရသူ များမှာ ဒုနှင့် ဒေး ဖြစ်ပါသည်။ ဤအကြောင်းအရာများကို အခိုင်အမာ မှတ်တမ်းများ တင်ခဲ့သောကြောင့် ဤသူမြတ်ကျင့်စဉ်တွင် ဖော်ပြ လိုက်ရပေသည်။

# အကျိုးပေးမြန်သော ဂုဏ်တော်

ကျွန်တော် တဆင့် ကြားဖူးသည်မှာ မန္တလေးမြို့ ဈေးချိုတော်၌ အမည်မမှတ်မိသော အဒေါ်ကြီး တယောက်သည် အလွန်ဆင်းရဲလှသောကြောင့် ဟင်းရွက်ကန်စွန်းရွက်ကို ဗျပ်ထိုး ခေါင်းရွက် ဈေးရောင်းချစားသောက်နေရာမှ အိမ်တွင် ဆွမ်းခံကြွ နေကျဘုန်းတော်ကြီးတပါးက ထိုဆင်းရဲသော ဒါယိကာမကြီး အား သနားတော်မူသည့်အတွက် ၎င်းဂုဏ်တော် ကွန်ချာကို ရေးသား၍အရကျက်နိုင်ပြီးလျှင် အမြဲရွတ်ဖတ်စေရန် မိန့်ကြား တော်မူသည့်အတိုင်း ၎င်းကို အရကျက်ပြီးလျှင် သတိရတိုင်း ရွတ်ဖတ် ပွားများလာခဲ့ရာတွင် များမကြာမီပင် ထိုသူဆင်းရဲမ အဒေါ်ကြီးသည် အလွန် ကြွယ်ဝချမ်းသာသော ပိုးကုန်သည် ကြီး ဖြစ်လာကြောင်းကို သုဓမ္မဝတီ ဆရာကြီး ဦးနန်းမောင်မှ တဆင့် ကြားသိရဖူးပါသည်။

အဆိုပါ သုဓမ္မဝတီ ဆရာကြီး ကိုယ်တိုင်ပင်လျှင် ၎င်း ဂုဏ်တော်ကွန်ချာကို နေ့ညမပြတ် ရွတ်ဖတ် သရဇ္ဈာယ်သည့် အတွက် မကောင်းသော ဘေးဥပါဒ်များ အန္တရာယ်များမှ

လွှတ်ကင်းပြီးလျှင် ယခုဖွင့်သောအောင်ဘာလေသိန်းဆုများကို မိမိ တဦးချင်းလည်းကောင်း၊ အစုစပ်ဖြင့်လည်းကောင်း၊ မကြာခဏ ပေါက်ဖူးကြောင်းကိုလည်း သိရှိရပါသည်။ မယုံကြည်သူများရှိပါက ဦးပန်းမောင်အား စုံစမ်းမေးမြန်း နိုင်ပါသည်ဟု ဖော်ပြထားပါသည်။ တဖန် ကျမ်းပြုသူ ဦးဘစိန်က ဆက်လက်၍ အောက်ပါအတိုင်း ရေးသားထားပါသည်။

စာရေးသူ ကိုယ်တိုင်မှာလည်း ထိုဘုရားရှင်၏ ဂုဏ်တော်ကို အထူးပင် ယုံကြည်သည့်အတိုင်း ဘုရားရှင်အား ကြည်ညိုခြင်း၊ ရှိခိုးခြင်းဖြင့် လည်းကောင်း၊ အနည်းဆုံး ပုတီး တ ထောင် စိပ်ခြင်းအားဖြင့် လည်းကောင်း၊ ဂုဏ်တော်ကွန်ချာကို ရပ်၊ ထိုင်၊ လျှောင်း၊ သွား လေးပါးသော ဣရိယာပုဒ်တို့၌ သတိရသည့် အခါတိုင်းတို့၌ ရွတ်ဖတ်ပွားများခြင်းဖြင့်လည်းကောင်း အောင်ဘာလေ သိန်းဆုကြီးများမှာ ဆုတော်ငွေ ၁၀၀၀ နှစ်ကြိမ်၊ ငါးရာဆု တကြိမ်၊ ပေါင်း သုံးကြိမ် ပေါက်ဖူးကြောင်းကို ဤစာအုပ် စကားချီးတွင် ရေးသားထားခဲ့လေပြီ။

ထို့ကြောင့် သင်တို့လည်း စိတ်ချယုံကြည်စွာ သတိရသည် အခါတိုင်းတို့၌ ရွတ်ဖတ် ပွားများ သရဇ္ဈာယ်လိုက်ကြပါကုန်။ မှတ်ချက်- ဤဂုဏ်တော်ကွန်ချာကို မပွားများမီ “နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ” ကို ပုတီး ကိုးပတ်စိပ်ပြီး မှ ဆက်လက် ပွားများရန် အမှာရှိပါသည်။

ဦးဘစိန်

# အကျိုးပေးမြန်သော ဂုဏ်တော်ကွန်ချာ

၁။ သောဘဂ၀ါ ဣတိပိ အရဟံ (ပုတီးတလုံးချ)
အရဟံ ၀တ သောဘဂ၀ါ ။
အရဟန္တံ သရဏံ ဂစ္ဆာမိ ။
အရဟန္တံ သိရသာ နမာမိ ။
ပဌမော ၀ဇီရ ပါကာရော ။
သောဘဂ၀ါ ဣတိပိ အရဟံ ။

၂။ သောဘဂ၀ါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ။
သမ္မာသမ္ဗုဒ္ဓေါ ၀တ သောဘဂ၀ါ ။
သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
သမ္မာ သမ္ဗုဒ္ဓံ သိရသာ နမာမိ ။
ဒုတိယော ၀ဇီရ ပါကာရော ။
သောဘဂ၀ါ ဣတိပိ သမ္မာ သမ္ဗုဒ္ဓေါ ။

စပယ်ဦးစာပေ (တတိယအကြိမ်)

၃။ သောဘဂ္ဂဝါ ဣတိပိ ဝိဇ္ဇာစရဏ
သမ္ပန္နော (ပုတီးတလုံးချ)
ဝိဇ္ဇာစရဏ သမ္ပန္နော ဝတ သောဘဂ္ဂဝါ ။
ဝိဇ္ဇာစရဏ သမ္ပန္နံ သရဏံ ဂစ္ဆာမိ ။
ဝိဇ္ဇာစရဏ သမ္ပန္နံ သရဏံ သိရသာ
နမာမိ ။
တတိယော ဝဇီရ ပါကာရော ။
သောဘဂ္ဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော ။
၄ ။ သောဘဂ္ဂဝါ ဣတိပိ သုဂတော ။
သုဂတော ဝတ သောဘဂ္ဂဝါ ။
သုဂတံ သရဏံ ဂစ္ဆာမိ ။
သုဂတံ သရဏံ သိရသာ နမာမိ ။
စတုတ္ထော ဝဇီရ ပါကာရော ။
သောဘဂ္ဂဝါ ဣတိပိ သုဂတော ။
၅ ။ သောဘဂ္ဂဝါ ဣတိပိ လောကဝိဒူ ။
လောကဝိဒူ ဝတ သောဘဂ္ဂဝါ ။
လောကဝိဒုံ သရဏံ ဂစ္ဆာမိ ။
လောကဝိဒုံ သရဏံ သိရသာ နမာမိ ။
ပဉ္စမော ဝဇီရ ပါကာရော ။
သောဘဂ္ဂဝါ ဣတိပိ လောကဝိဒူ ။
၆ ။ သောဘဂ္ဂဝါ ဣတိပိ အနုတ္တရော ပုရိသ
ဒမ္မသာရထိ ။
အနုတ္တရော ပုရိသ ဒမ္မသာရထိ ဝတ
သောဘဂ္ဂဝါ ။

အနုတ္တရံ ပုရိသ ဒမ္မသာရထိ သရဏံ
ဂစ္ဆာမိ (ပုတီးတလုံးချ)
အနုတ္တရံ ပုရိသ ဒမ္မသာရထိ
သိရသာ နမာမိ ။
ဆဋ္ဌမော ဝဇီရ ပါကာရော ။
သောဘဂဝါ ဣတိပိ အနုတ္တရော
ပုရိသ ဒမ္မသာရထိ ။
၇ ။ သောဘဂဝါ ဣတိပိ သတ္ထာဒေဝ
မနုဿာနံ ။
သတ္ထာဒေဝ မနုဿာနံ ဝတ
သောဘဂဝါ ။
သတ္ထာရံ ဒေဝ မနုဿာနံ သရဏံ
ဂစ္ဆာမိ ။
သတ္ထာရံ ဒေဝ မနုဿာနံ သိရသာ
နမာမိ ။
သတ္တမော ဝဇီရ ပါကာရော ။
သောဘဂဝါ ဣတိပိ သတ္ထာ ဒေဝ
မနုဿာနံ ။
၈ ။ သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ ။
ဗုဒ္ဓေါ ဝတ သောဘဂဝါ ။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
ဗုဒ္ဓံ သရဏံ သိရသာ နမာမိ ။
အဋ္ဌမော ဝဇီရ ပါကာရော ။
သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ ။

၉ ။ သောဘဂဝါ ဣတိပိ ဘဂဝါ (ပုတီးတလုံးချ)
ဘဂဝါ ဝတ သောဘဂဝါ ။
ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ။
ဘဂဝန္တံ သိရသာ နမာမိ ။
နဝမော ဝဇီရ ပါကာရော ။
သောဘဂဝါ ဣတိပိ ဘဂဝါ ။

အထက်ပါ ဂုဏ်တော်မြတ်ကို အများကြည့်ရှုလေ့လာဖတ်ရှုနိုင်ရန်အတွက် 'ဦးဘစိန်' ဟူသော သူတော်စင်ကြီးက စာတအုပ်၊ ကျမ်းတစောင်အဖြစ်ရေးသားပြုစုခဲ့ပေသည်။ ကျမ်း၏အမည်မှာ 'သိန်းဆုပေါက်နည်း နိဿရည်း' ဟူသော အမည်ဖြင့် ဖြစ်ပေသည်။ ကျမ်းပြုဆရာကြီး ဦးဘစိန်သည် မိမိတယောက်တည်းဖြင့် ဤဂုဏ်တော်များ၏ ကျေးဇူးတော်ကို ခံစား စံစားနိုင်သော်လည်း သူမြတ်အပေါင်းတို့အား စေတနာမွန်ဖြင့် သူကဲ့သို့ပင် အကျိုးထူးခံစားနိုင်ကြရန် လမ်းညွှန်ခဲ့ပါသည်။

ဤ ဂုဏ်တော်မြတ်များကို ပုတီးစိပ်၍ ပူဇော်ခဲ့သူ အပေါင်းတို့သည် အလှန်ဆင်းရဲသော ဘဝမှ လွတ်ကင်းပုံ၊ အလွန်ဆင်းရဲသောဘဝမှသည် သဌေးကြီးများ ဘဝသို့ မြင့်တက်လာပုံ၊ မိမိကိုယ်တိုင် ဤဂုဏ်တော် မြတ်များ၏ ကျေးဇူးတော်ကြောင့် ထီ (၃) ကြိမ်တိတိ ပေါက်ခဲ့ပုံ၊ မိမိသာမက ဤဂုဏ်တော်ကြီးကို အမြဲရွတ်ဖတ်သရဇ္ဈာယ်ပြီး ပုတီးစိပ်သော သုခမ္မဝတီ ဦးပန်းမောင် ကိုယ်တိုင်ပင်လျှင် မကြာခဏ သိန်းဆုပေါက်ခဲ့ကြောင်း။ ထို့ကြောင့် အဆိုပါ 'သိန်းဆုပေါက်နည်း နိဿရည်း' စာအုပ်ကို ထုတ်ဝေရ

ကြောင်း သူတော်ကောင်းပီပီ လမ်းညွှန် ထားခဲ့ပါသည်။ အဆိုပါ စာအုပ်သည် ဒုတိယ ကမ္ဘာစစ်ကြီးပြီးမှ ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ပါသည်။

ထို့ကြောင့် သူမြတ်အပေါင်းတို့အား ထိုနည်းကောင်းအား ဤစာအုပ်တွင် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

တဖန် သူမြတ်အပေါင်းတို့အား ဂုဏ်တော်မြတ် ကိုးပါးတို့အား ရည်စူး၍ ရှိခိုးသည့်ဆုတောင်း ပုတီးစိပ်နည်း မူတချို့ကိုလည်း ပြည့်စုံသည်ထက် ပြည့်စုံစေရန် ဆက်လက်တင်ပြလိုက်ရပါသည်။

# ဂုဏ်တော်မြတ် ကိုးပါး

## အောင်သိဒ္ဓိ ဂါထာ

ဣတိပိ သောဘဂဝါ အရဟံ၊
အရဟံ ဝတ သောဘဂဝါ၊
အရဟံ တံ သရဏံ ဂစ္ဆာမိ၊
အရဟာဂုဏာ တေဇေန ပဌမေန ယမကောဋ္ဌိဒေဝ
ယက္ခေန သဟ ကေသဟာဃဒေဝ ယက္ခာသ ဝိဇယျ
ပါကာရာ ဟောန္တု။

သောဘဂဝါ၊ ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ဤသို့ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ဝပ် စင်း ကော် ရော် ပူ ဇော် အ ထူး ကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟမည်တော်မူ၏။

သောဘဂဝါ၊ ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ အရဟံဝတ၊ ပူဇော်အထူးကို ခံတော်မူထိုက်ပေစွ

တကာ။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သောဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ သရဏံသရဏံဣတိပိ၊ ဒုက္ခကင်းပျောက် ချမ်းသာရောက်ဖို့ ထောက်ရာတည်ရာ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ အမြဲမပြတ် မှီဝဲဆည်းကပ်ပါ၏ အရှင်ဘုရား။ အရဟဂုဏ တေဇေန၊ အရဟံဂုဏ်တော်ကြောင့်။ ပဌမေန၊ ရှေးဦးအစ ပထမဖြစ်သော။ ယမကောဋ္ဌိဒေဝယက္ခေန၊ ယမကောဋ္ဌိအမည် ရှိသော နတ်ဘီလူး မင်းကြီးနှင့်။ သဟ၊ အတူတကွဖြစ်သော။ ကေ သဟဿဒေဝယက္ခဿ၊ တထောင်သောနတ်ဘီလူးအပေါင်း တို့သည်။ ဝိဇယျုပါကာရာ၊ အထူးထူးအပြားပြား ဘေးရန် များကို ပယ်ရှားအောင်ရာ ဝိဇယျပူရမြို့မ ရစ်ဝိုင်းတံတိုင်းသဖွယ် စောင့်ရှောက်ခြင်း ပြုကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။

ဣတိပိ သောဘဂဝါ အရဟံ၊
အရဟံ ဝတ သောဘဂဝါ၊
အရဟံ တံ သိရသာ နမာမိ၊
အရဟဂုဏ တေဇေန ဒုတိယေန၊ သဟ ဥပ္ပလ
ဒေဝယက္ခေနဒွေ၊ သဟဿဒေဝ၊ ယက္ခဿ ဝိဇယျ
ပါကာရာ ဟောန္တု။

သောဘဂဝါ၊ ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ဤသို့ လူမင်းနတ်မင်း ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟ မည်တော်မူ၏။ သောဘဂဝါ၊ ထိုဘုန်းဘော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး

သည်။ အရဟံဝတ၊ ပူဇော်အထူးကိုခံတော်မူထိုက်ပေစွတကား။ အရဟံ၊ အရဟံပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒေဝန္ဒာမိ၊ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

အရဟာဂုဏာတေဇေန၊ အရဟံဂုဏ်တော် တန်ခိုးတော်ကြောင့်၊ ဒုတိယမှ ၂-ကြိမ်မြောက်ဖြစ်သော၊ ဥပ္ပလ ဒေဝယက္ခေန၊ ဥပ္ပလအမည်ရှိသော နတ်ဘီလူးမင်းကြီးနှင့်။ သဟ၊ အတူတကွ ဖြစ်သော။ ဒွေ သဟဿဒေဝ ယက္ခာ၊ နှစ်ထောင်သော နတ်ဘီလူးအပေါင်းတို့သည်။ ဝိဇယျ ပါကာရ၊ အထူးထူးအပြားပြားဘေးရန်များကို ပယ်ရှားအောင်ရာ၊ ဝိဇယျပူဇော်မြို့ ရုံးဝိုင်းတံတိုင်းသဖွယ် စောင့်ရှောက်ခြင်း ပြုကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဣတိပိ သောဘဂဝါ အရဟံ၊
အရဟံ ဝတ သောဘဂဝါ၊
အရဟံ မေ ဟဒယေ တိဋ္ဌတု၊
အရဟာဂုဏာ တေဇေန တတိယေန၊
သဟ ဝဇိရ ဒေဝယက္ခေန
တိသဟဿ၊ ဒေဝယက္ခာ၊
ဝိဇယျ ပါကာရ ဟောန္တု။

သောဘဂဝါ၊ ထိုဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ဤသို့ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံ တော် မူ ထိုက် သော

အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟ . မည်တော်မူ၏။ သောဘဂဝါ၊ ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ အရဟံ ဝတ၊ ပူဇော်အထူးကို ခံတော်မူထိုက်ပေစွတကား။ အရဟံ၊ အရဟံ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ မေ၊ ဘုရားတပည့်တော်၏။ ဟဒယေ၊ နှလုံးအိမ်အတွင်း၌။ ဌာတုတိဋ္ဌတု၊ အမြဲကိန်းစက် တည်နေ သီတင်းသုံးတော်မူပါ အရှင်ဘုရား။ အရဟ ဂုဏတေဇေန၊ အရဟံ ဂုဏ်တော်တန်ခိုးတော်ကြောင့်။ တတိယေန၊ သုံးကြိမ်မြောက်ဖြစ်သော။ ဝဇီရ ဒေဝယက္ခေန၊ ဝဇီရအမည်ရှိသော နတ်ဘီလူးနှင့်၊ သဟ၊ အတူတကွဖြစ်သော တိသဟဿဒေဝယက္ခာ၊ သုံးထောင်သော နတ်ဘီလူးအပေါင်းတို့သည်။ ဝိဇယျပါကာရာ၊ အထူးထူးအပြားပြား ဘေးရန်များကို ပယ်ရှားအောင်ရာ ဝိဇယျပူရမြို့မ ရစ်ဝိုင်းတံတိုင်းသဖွယ် စောင့်ရှောက်ခြင်း ပြုကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

> ဣတိပိသော ဘဂဝါ အရဟံ၊
> အရဟံ ဝတ သောဘဂဝါ၊
> အရဟံ မေ သုခံ ဒေတု၊
> အရဟဂုဏ တေဇေန၊ စတုတ္ထေန၊ ဝိဇယျဗာဟု ဒေဝယက္ခေန၊
> စ တု သ ဟ ဿ ဒေဝယက္ခာ ဝိဇယျပါကာရာ ဟောန္တု။

သောဘဂဝါ၊ ထိုဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ဤသို့ လူမင်း နတ်မင်း ဗြဟ္မာမင်း

တို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟ မည်တော်မူ၏။ သောဘဂဝါ၊ ထိုဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး သည်။ အရဟံ ဝတ၊ ပူဇော်အထူးကို ခံတော်မူထိုက်ပေစွတကား။ အရဟံ၊ အရဟံ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ မေ၊ ဘုရားတပည့်တော် အား။ သုခံ၊ လောကီ လောကုတ္တရာ နှစ်ပြာချမ်းသာသုခ အပေါင်းကို။ ဒေတု၊ ကရုဏာရှေ့သွား မေတ္တာထား၍ ကယ်မ ပေးသနားတော်မူပါ အရှင်ဘုရား။

အရဟာဂုဏာ တေဇေန၊ အရဟံ ဂုဏ်တော်တန်ခိုးတော်ကြောင့်။ ဧတုတ္တေန၊ လေးကြိမ်မြောက်ဖြစ်သော။ ဝဇီရဗာဟု ဒေဝ ယက္ခေန၊ ဝဇီရဗာဟု အမည်ရှိ နတ်ဘီလူးကြီးနှင့်။ သဟ၊ အတူ တကွဖြစ်သော။ စတုသဟဿဒေဝယက္ခာ၊ လေးထောင်သော နတ်ဘီလူး အပေါင်းတို့သည်။ ဝိဇယျပါကာရ၊ အထူးထူး အပြားပြား ဘေးရန်များကို ပယ်ရှားအောင်ရာ၊ ဝိဇယျပူရမ္ဗူမ ရစ်ဝိုင်းတံတိုင်းသဖွယ် စောင့်ရှောက်ခြင်း ပြုကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

> ဣတိပိ သောဘဂဝါ အရဟံ၊
> အရဟံ ဝတ သောဘဂဝါ၊
> အရဟံ မေ ဧယျံဒေတု၊
> အရဟာဂုဏာ တေဇေန၊ ပဉ္စမေန သဟ သကကန္ဒ ဒေဝယက္ခေန၊

ပဥ္စသဟဿ ဒေ၀ယက္ခဿ ၀ိဇယျပါကာရ
ဟောန္တု။

သောဘဂ၀ါ၊ ထိုဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဝ္လတိပိ၊ ဤသို့ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံ တော် မူ ထိုက် သော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟ မည်တော်မူ၏။ သောဘဂ၀ါ၊ ထိုဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ အရဟံ ဝတ၊ ပူဇော်အထူးကို ခံတော်မူထိုက်ပေစွတကား။ အရဟံ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ မေ၊ ဘုရားတပည့်တော်အား။ ဇယံ၊ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အောင်ခြင်းမင်္ဂလာအပေါင်းတို့ကို။ ဒေတု၊ ကရုဏာရှေ့သွား မေတ္တာတော်ထား၍ ကယ်မပေးသနားတော်မူပါ အရှင်ဘုရား။

အရဟဂုဏတေဇေန၊ အရဟံဂုဏ်တော်တန်ခိုးတော်ကြောင့်။ ပဥ္စမေန၊ ငါးကြိမ်မြောက်ဖြစ်သော၊ ကသကန္ဒ ဒေ၀ယက္ခေန၊ ကသကန္ဒ အမည်ရှိသော နတ်ဘီလူးမင်းကြီးနှင့်။ သဟ၊ အတူတကွဖြစ်သော။ ပဥ္စသဟဿဒေ၀ယက္ခဿ၊ ငါးထောင်သော နတ်ဘီလူး အပေါင်းတို့သည်။ ၀ိဇယျပါကာရာ၊ အထူးထူး အပြားပြား ဘေးရန်များကို ပယ်ရှားအောင်ရာ။ ၀ိဇယျပူရမြို့မ ရစ်ဝိုင်း တံတိုင်းသဖွယ် စောင့်ရှောက်ခြင်း ပြုကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

**၀ပယ်ဦး၊၀၁၀ပ** (တတိယအကြိမ်)

ဣတိပိ သောဘဂဝါ အရဟံ၊
အရဟံဝတ သောဘဂဝါ၊
အရဟံ မေ သိဒ္ဓိကမ္မံ ဒေတု၊
အရဟာဂုဏာ တေဇေန ဆဋ္ဌမေန သဟ ကဋ္ဌတ္တ ဒေဝယက္ခေန၊
ဆသဟဿာ ဒေဝယက္ခဿ ဝိဇယျပါကာရာ ဟောန္တု။

သောဘဂဝါ၊ ထိုဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ဤသို့ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ညွတ်စင်း ကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟာ မည်တော်မူပေ၏။ သောဘဂဝါ၊ ထိုဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ အရဟံဝတ၊ ပူဇော်အထူးကို ခံတော်မူထိုက်ပေစွတကား။ အရဟံ၊ အရဟံ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ မေ၊ ဘုရားတပည့်တော်အား။ သိဒ္ဓိကမ္မံ၊ လောကီ၊ လောကုတ္တရာ နှစ်ပြားသော သိဒ္ဓိအပေါင်းတို့ကို။ ဒေတု၊ ကရုဏာရှေ့သွား မေတ္တာထား၍။ ကယ်မ ပေးသနားတော်မူပါ အရှင်ဘုရား။

အရဟာဂုဏာတေဇေန၊ အရဟံဂုဏ်တော်တန်ခိုးတော်ကြောင့်။ ဆဋ္ဌမေန၊ ခြောက်ကြိမ်မြောက်ဖြစ်သော။ ကဋ္ဌတ္တ ဒေဝယက္ခေန၊ ကဋ္ဌတ္တ အမည်ရှိသော နတ်ဘီလူးမင်းကြီးနှင့်။ သဟ၊ အတူတကွ ဖြစ်သော။ ဆသဟဿာဒေဝယက္ခဿ၊ ခြောက်ထောင်သော နတ်ဘီလူးအပေါင်းတို့သည်။ ဝိဇယျပါကာရာ၊ အထူးထူး အပြား

ပြား ဘေးရန်များကို ပယ်ရှားအောင်ရာ ဝိဇယျပူရမြို့မ ရစ်ဝိုင်းတံတိုင်းသဖွယ် စောင့်ရှောက်ခြင်း ပြုကြကုန်သည်။ ဟောဘန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဣတိပိ သောဘဂဝါ အရဟံ၊
အရဟံဝတ သောဘဂဝါ၊
အရဟံမေ ပုဗ္ဗေနိဝါသဉာဏံဒေတု၊
အရဟာဂုဏ တေဇေန သတ္တမေန၊ သဟ ဒိသာမုခ ဒေဝယက္ခေန၊
သတ္တသဟာဿ ဒေဝယက္ခဿ ဝိဇယျ ပါကာရာ ဟောဘန္တု။

သောဘဂဝါ၊ ထိုဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ၊ ဤသို့ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ညွတ်စင်း ကော်ရော် ပူဇော်အထူးကို ခံတော် မူထိုက်သော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟာ မည်တော်မူ၏။ သောဘဂဝါ၊ ထိုဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။အရဟံဝတ၊ ပူဇော်အထူးကို ခံတော်မူထိုက်ပေစွတကား။

အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ မေ၊ တပည့်တော်အား။ ပုဗ္ဗေနိဝါသဉာဏံ၊ ပုဗ္ဗေနိဝါသ ဉာဏ်တော်မြတ်ကြီးကို။ ဒေတု၊ ကရုဏာရှေ့သွား မေတ္တာထား၍ ကယ်မ ပေးသနားတော်မူပါ အရှင်ဘုရား။

အရဟာဂုဏတေဇေန၊ အရဟံဂုဏ်တော်တန်ခိုးတော်ကြောင့်၊ သတ္တမေန၊ ခုနစ်ကြိမ်မြောက် ဖြစ်သော ဒိသာမုခဒေဝယက္ခေန၊

ဒိသာမုခ အမည်ရှိသော နတ်ဘီလူးမင်းကြီးနှင့်။သဟ၊အတူတကွ ဖြစ်သော။ သတ္တသဟာဿဒေဝယက္ခ၊ ခုနစ်ထောင်သော နတ်ဘီလူး အပေါင်းတို့သည်။ ဝိဇယျပါကာရာ၊ အထူးထူး အပြားပြား ဘေးရန်များကို ပယ်ရှားအောင်ရာ ဝိဇယ ပုရမြို့မရစ်ဝိုင်း တံတိုင်းသဖွယ် စောင့်ရှောက်ခြင်း ပြုကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါကုန်စေသတည်း။

✻

ဣတိပိ သောဘဂဝါ အရဟံ၊
အရဟံ ဝတ သောဘဂဝါ၊
အရဟံ မေ ဒိဗ္ဗစက္ခုဉာဏံ ဒေတု၊
အရဟ ဂုဏာတေဇေန
မဟာပါကာရာနာဂရာဇဿဝိဇယပါကာရာဟောန္တု။

သောဘဂဝါ၊ ထို ဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ဣတိပိ၊ ဤသို့ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ညွတ်ခစားကော်ရော် ပူဇော်အထူးကို ခံတော်မူ ထိုက်သော အကြောင်းကြောင့်လည်း။ အရဟံ၊ အရဟ မည်တော်မူပေ၏။ သောဘဂဝါ၊ ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ အရဟံဝတ၊ ပူဇော်အထူးကို ခံတော်မူထိုက်ပေစွတကား။

အရဟံ၊ အရဟံ ပူဇော် အထူးကို ခံတော်မူထိုက်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။မေ၊ဘုရားတပည့်တော်အား ဒိဗ္ဗစက္ခု၊ ဉာဏံ၊ ဒိဗ္ဗစက္ခု ဉာဏ်တော်မြတ်ကြီးကို။ ဒေတု၊ ကရုဏာ ရှေ့သွား မေတ္တာထား၍ ကယ်မ ပေးသနားတော်

မူပါ အရှင်ဘုရား။ အရဟာဂုဏာတေဇေန၊ အရဟံဂုဏ်တော်တန်ခိုးတော်ကြောင့်။ မဏိပါကာရနဂရာဇသ၊ မဏိပါကာရ အမည်ရှိသော နဂါးမင်းကြီးသည်။ ဝိဇယျပူရမ္မို မ ရစ်ဝိုင်း တံတိုင်းသဖွယ် စောင့်ရှောက်ခြင်း ပြုကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဇုတိပိ သောဘဂဝါ အရဟံ၊
အရဟံ ဝတ သောဘဂဝါ၊
အရဟံ မေ နာနာခဲတုဉာဏံ ဒေတု၊
အရဟာဂုဏာတေဇေန သက္ကဒေဝရာဇသ၊
ဝိဇယျပါကာရာ ဟောန္တု။

သောဘဝါ၊ ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဇုတိပိ၊ ဤသို့ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ညွတ်စင်း ကော်ရော် ပူဇော်အထူးကို ခံတော် မူထိုက်သော အကြောင်းကြောင့်လည်း၊ အရဟံ၊ အရဟ မည်တော်မူပေ၏။

သောဘဂဝါ၊ ထိုဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ အရဟံဝတ၊ ပူဇော်အထူးကို ခံတော်မူထိုက်ပေစွတကား။ အရဟံ၊ အရဟံပူဇော်အထူးကိုခံတော်မူထိုက်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ မေ၊ ဘုရားတပည့်တော်အား၊ နာနာခဲတုဉာဏံ၊ အထူးထူး အပြားပြားသော ဉာဏ်ပညာ၊ (ဝါ) ထိုးထွင်းဉာဏ်ပညာ၊ လျင်မြန်သောဉာဏ်ပညာ၊ ထက်မြက်သောဉာဏ်ပညာ အပေါင်းတို့ကို၊ ဒေတု၊ ကရုဏာရှေ့သွား မေတ္တာထား၍ ကယ်မပေးသနားတော်မူပါအရှင်ဘုရား။ အရဟာ

ဂုဏာတောဇေနေ၊ အရဟံဂုဏ်တော် တန်ခိုးတော်ကြောင့်၊ --ဝိုင် ဒေဝရာဇာသာ၊ နတ်များသနင်း ဘိုးတော်သိကြားမင်းကြီးသည်ဂိမ်၊ ဝိဇ္ဇာယျပါကာရာ၊အထူးထူးအပြားပြား ဘေးရန်များကိုပယ်ရှား အောင်ရော၊ဝိဇ္ဇာယျပူရမ္မိမ ရစ်ဝိုင်းတံတိုင်းသဖွယ် စောင့်ရှောက်ခြင်းပြုကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

(အထက်ပါ အောင်သိဒ္ဓိ ၉ ဂါထာကို အနည်းဆုံး တနေ့လျှင် သုံးကြိမ်ထက်မနည်း ရွတ်ဖတ် သရဇ္ဈာယ်ကြပါက ဘေးဆိုးရန်ဆိုးအပေါင်းမှလွတ်မြောက်၍ စီးပွားရေး၊ ကြီးပွားရေးနှင့် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးကျေးဇူးထူးများကို ပြည့်စုံပေသည်။)

## ဂုဏ်တော်များအား
## ပွားများအားထုတ်သည့်အတွက် မဂ်ဖြစ်ပုံ

၁။ နေ့စဉ်နေ့တိုင်း ဘုရားရှင်အပေါင်းတို့၏ ဂုဏ်ကျေးဇူးတော်တို့ကို ရွတ်ဖတ်ပွားများ အားထုတ်ရခြင်းသည် ကောင်းသောစကားကိုသာ ပြောဆိုနေရသည့်အတွက် "သမ္မာဝါစာ"ဖြစ်သည်။

၂။ ဤဂုဏ်တော်တို့ဖြင့် ရှင်တော်မြတ်အပေါင်းတို့ကို အာရုံပြု၍ ရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း တို့သည် ကောင်းသောအလုပ် ဖြစ်ခြင်းအတွက် "သမ္မာကမ္မန္တ"မည်သည်။

၃။ မတရားသော ပစ္စည်းဥစ္စာတို့ကို ရှောင်ပြီးလျှင် တရားမျှတသော ပစ္စည်းဥစ္စာတို့ဖြင့် ကောင်းသောအသက်မွေးမှု ဖြစ်သည့်အတွက် "သမ္မာအာဇီဝ" မည်သည်။

စပယ်ဦးစောပေ (တတိယအကြိမ်)

၄။ ဘုရားရှင်တော်တို့၏ ဂုဏ်တော်ဖြင့် တနေ့တကြိမ်၊ သို့မဟုတ် နှစ်ကြိမ် စသည်ဖြင့် တတ်စွမ်းနိုင်သမျှ ဘုရားရှိခိုးပြီးလျှင် အနည်းဆုံး ပုတီး ၁၀ ပတ် ပုတီးလုံးရေ တထောင်ရသည့်တိုင်အောင် မလျော့သောဇွဲ၊ သတ္တိ၊ လုံ့လဝီရိယသည် ကောင်းသောဇွဲ၊လုံ့လဝီရိယ ဖြစ်သည့်အတွက် "သမ္မာဝါယာမ" မည်သည်။

၅။ ဂုဏ်တော်တို့ကို နေ့စဉ် အစဉ်သဖြင့် အောက်မေ့၍ ဂုဏ်တော်၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်စေရန် သတိမှတ်ထားခြင်းသည် ကောင်းသောမှတ်သားထားမှု ဖြစ်သည့်အတွက် "သမ္မာသတိ" မည်သည်။

၆။ ဘုရားရှင်တို့၏ဂုဏ်တော်တို့ကို ယုံကြည်သောသဒ္ဓါတရားဖြင့် ဂုဏ်တော်၌လည်းကောင်း၊ ဘုရားရှင်၌လည်းကောင်း၊ တည်ငြိမ်စွာ အာရုံပြုနေခြင်းသည် စိတ်တည်ငြိမ်မှုရသည့်အတွက် "သမ္မာသမာဓိ" မည်သည်။

၇။ ဘုရားရှင်တို့၏ဂုဏ်ကျေးဇူးတော် အနန္တအပေါင်းတို့ကို တွေးတော ဆင်ခြင်၊ နှလုံး သွင်းခြင်း၊ အောက်မေ့၍ နေခြင်းတို့သည် ကောင်းသော နှလုံးသွင်းမှု ဖြစ်သည့်အတွက် "သမ္မာသင်္ကပ္ပ" မည်သည်။

၈။ ထိုသို့ ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတော် အနန္တ အပေါင်းတို့ကို သင့်လျော်ညီစွာ နှလုံးသွင်းဆင်ခြင် စဉ်းစားပါမှ ဂုဏ်တော်ကြောင့်ဖြစ်သော ကျေးဇူးတော် အနန္တအပေါင်းတို့ကို တိကျမှန်ကန်စွာ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းသည် ကောင်းသောသိမြင်မှု ဖြစ်သည့်အတွက် "သမ္မာဒိဋ္ဌိ"မည်သည်။

အချင်းသူတော်ကောင်း—

ဤသို့ သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးပါးဖြင့် ပြည့်စုံသောကြောင့် လောကီသရဏဂုဏ်ဖြစ်သော အကျိုးတူးဝိသေသဖြင့် ပြည့်စုံပါသည်။

## ပဉ္စမံ
## ဦးအောင်၏ ပုတီးစိပ်နည်း

## ပဉ္စမံရသေ့ကြီး
## ဦးအောင်၏ ပုတီးစိပ်နည်း လမ်းညွှန်

※ ဆိတ်ငြိမ်သန့်ရှင်း၍ ဣရိယာပုတ် မျှတသောနေရာကို ပုတီးစိပ်ရန်အတွက် ရွေးချယ်ပါ။

※ နောက် ရှေ့ပိုင်းတွင် တင်ပြခဲ့သော နည်းအတိုင်း ဂါရဝတရား အပြည့်ရှိသော ထိုင်နည်းဖြင့် ထိုင်ပါ။

※ ထို့အပြင် ရှေ့ပိုင်းတွင် တင်ပြခဲ့သော ပုတီးမစိပ်မီ ပြုဖွယ်ရာ အစဉ်အတိုင်း ပြုလုပ်ပါ။ ထို့နောက်—

၁။ အာ—ရဟံကို အနည်းဆုံး ပုတီးတပတ်။

၂။ အရ—ဟံကို အနည်းဆုံး ပုတီးတပတ်။

၃။ အရဟံကို အနည်းဆုံး ပုတီးတပတ်။

(တတိယအကြိမ်) စပယ်ဦး၊၀၁၆ပ

ထိုသို့ အရဟံ ဂုဏ်တော်ကို အနည်းဆုံး ပုတီးသုံးပတ်စီ စိပ်ပြီးနောက် အောက်ပါအတိုင်း ထပ်မံ၍ နေ့စဉ် ပွားများ အားထုတ်ရမည်။ ပျက်ကွက်ခြင်း မရှိစေရန် သတိပြုပါ။

၁။ သောဘဂဝါ ဣတိပိ အရဟံ
မိမိ၏ နဖူးကို စိတ်ထဲက မြင်အောင် အာရုံပြု၍ စိပ်ရမည်။

၂။ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ
မိမိ၏ လက်ယာ ပခုံးစွန်းကို စိတ်ကမြင်အောင် အာရုံပြု၍ စိပ်ရမည်။

၃။ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော
လက်ယာတံတောင်ဆစ်ကို စိတ်ကမြင်အောင် အာရုံပြု၍ စိပ်ရမည်။

၄။ သောဘဂဝါ ဣတိပိ သုဂတော
လက်ယာ လက်ဖမိုးကို စိတ်ကမြင်အောင် အာရုံပြု၍ စိတ်ရမည်။

၅။ သောဘဂဝါ ဣတိပိ လောကဝိဒူ
လက်ယာဒူးကို စိတ်က မြင်အောင် အာရုံပြု၍ စိတ်ရမည်။

၆။ သောဘဂဝါ ဣတိပိ အနုတ္တရော
လက်ဝဲဒူးကို စိတ်ကမြင်အောင် အာရုံပြု၍ စိပ်ရမည်။

၇။ သောဘဂ ၀ါ ဣတိပိ ပုရိသ ဒမ္မသာရထိ

လက်ဝဲဖမိုးကို စိတ်က မြင်အောင် အာရုံပြု၍ စိပ်ရမည်။

၈။ သောဘဂ ၀ါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ

လက်ဝဲတံတောင်ဆစ်ကို စိတ်ကမြင်အောင် အာရုံပြု၍ စိပ်ရမည်။

၉။ သောဘဂ ၀ါ ဣတိပိ ဗုဒ္ဓေါ

လက်ဝဲ ပခုံးစွန်း ကို စိတ်ကမြင်အောင် အာရုံပြု၍ စိပ်ရမည်။

၁၀။ သောဘဂ ၀ါ ဣတိပိ ဘဂ ၀ါ

မိမိ၏နဖူးကို စိတ်ကမြင်အောင် အာရုံပြု၍ စိပ်ရမည်။

အထက်ပါနည်းမှာ အနုလုံ ပုတီးစိပ်နည်း ဖြစ်၍ ပဋိလုံနည်းအားဖြင့် သောဘဂ ၀ါ ဣတိပိ မှစ၍ နဖူးကို မြင်အောင် စိတ်က အာရုံပြုကာ လက်ဝဲရစ်အတိုင်း အာရုံယူကာ စိပ်ရမည်။

ဤသို့အားဖြင့် သောဘဂ ၀ါ ဣတိပိအရဟံမှ သောဘဂ ၀ါ ဣတိပိ ဘဂ ၀ါ ကျမှ ပုတီး တ လုံး ချ ရ မည်။ တဖန် သောဘဂ ၀ါ ဣတိပိ ဘဂ ၀ါမှ သောဘဂ ၀ါ ဣတိပိအရဟံသို့ ပြန်၍ ရောက်မှ ပုတီးတလုံးချရမည်။ အနုလုံ ပုတီးတလုံးနှင့် ပဋိလုံ ပုတီးတလုံးသာ ဖြစ်လေသည်။

ဤသို့ နေ့စဉ် ဂုဏ်တော်ပုတီးကို စိပ်သွားခြင်းဖြင့် စိတ်တည်ငြိမ်လာပြီး သမာဓိထူး သမာဓိမြတ်များကို ရရှိလာကာ လောကီလောကုတ္တရာ အကျိုးထူး အကျိုးမြတ်များ ရရှိမည် ဖြစ်ပါသတည်း။

# ပုတီးဖြင့် စေတီ တည်ခြင်း

## အရဟံ ဂုဏ်တော် စေတီ

၁။ အရဟံ သရဏံ ဂစ္ဆာမိ (၁၅-ပတ်)
၂။ အရဟံ တံ သိရသာ နမာမိ ။
၃။ အရဟံ မေ ဟဒယေ တိဋ္ဌတု ။
၄။ အရဟံ မေ သုခံ ဒေတု ။
၅။ အရဟံ မေ ဇယံ ဒေတု ။
၆။ အရဟံ မေ သိဒ္ဓိ ကမ္မံ ဒေတု ။

## သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော် စေတီ

၁။ သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၂။ သမ္မာသမ္ဗုဒ္ဓံ သရဏံ သိရသာ နမာမိ ။
၃။ သမ္မာသမ္ဗုဒ္ဓေါ မေ ဟဒယေ တိဋ္ဌတု ။
၄။ သမ္မာသမ္ဗုဒ္ဓေါ မေ သုခံ ဒေတု ။
၅။ သမ္မာသမ္ဗုဒ္ဓေါ မေ ဇယံ ဒေတု ။
၆။ သမ္မာသမ္ဗုဒ္ဓေါ မေ သိဒ္ဓိကမ္မံ ဒေတု ။

## ဝိဇ္ဇာစရဏသမ္ပန္နောဂုဏ်တော်စေတီ

၁။ ဝိဇ္ဇာ စရဏ သမ္ပန္နံ သရဏံ ဂစ္ဆာမိ (၁၅-ပတ်)
၂။ ဝိဇ္ဇာစရဏ သမ္ပန္နံ သိရသာ နမာမိ ။
၃။ ဝိဇ္ဇာ စရဏ သမ္ပန္နော မေ ဟဒယေ တိဋ္ဌတု ။
၄။ ဝိဇ္ဇာ စရဏ သမ္ပန္နော မေ သုခံ ဒေတု ။
၅။ ဝိဇ္ဇာစရဏ သမ္ပန္နော မေ ဇယံ ဒေတု ။
၆။ ဝိဇ္ဇာစရဏ သမ္ပန္နော မေ သိဒ္ဓိကမ္မံ ဒေတု ။

## သုဂတော ဂုဏ်တော် စေတီ

၁။ သုဂတံ သရဏံ ဂစ္ဆာမိ ။
၂။ သုဂတံ သိရသာ နမာမိ ။
၃။ သုဂတော မေ ဟဒယေ တိဋ္ဌတု ။
၄။ သုဂတော မေ သုခံ ဒေတု ။
၅။ သုဂတော မေ ဇယံ ဒေတု ။
၆။ သုဂတော မေ သိဒ္ဓိကမ္မံ ဒေတု ။

## လောကဝိဒူ ဂုဏ်တော် စေတီ

၁။ လောကဝိဒုံ သရဏံ ဂစ္ဆာမိ ။
၂။ လောကဝိဒုံ သိရသာ နမာမိ ။
၃။ လောကဝိဒူ မေ ဟဒယေ တိဋ္ဌတု ။
၄။ လောကဝိဒူ မေ သုခံ ဒေတု ။
၅။ လောကေဝိဒူ မေ ဇယံ ဒေတု ။
၆။ လောကဝိဒူ မေ သိဒ္ဓိ ကမ္မံ ဒေတု ။

## အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်စေတီ

၁။ အနုတ္တရော ပုရိသ ဒမ္မသာရထိ
သရဏံ ဂစ္ဆာမိ (၁၅-ပတ်)
၂။ အနုတ္တရော ပုရိသ ဒမ္မသာရထိ
သိရသာ နမာမိ ။
၃။ အနုတ္တရော ပုရိသ ဒမ္မသာရထိ မေ
ဟဒယေ တိဋ္ဌတု ။
၄။ အနုတ္တရော ပုရိသ ဒမ္မသာရထိ မေ သုခံ ဒေတု။
၅။ အနုတ္တရောပုရိသ ဒမ္မသာရထိ မေ ဇယံ ဒေတု။
၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ မေ သိဒ္ဓိကမံ
ဒေတု ။

## သတ္ထာဒေဝ မနုဿာနံ ဂုဏ်တော်စေတီ

၁။ သတ္ထာဒေဝ မနုဿာနံ သရဏံ ဂစ္ဆာမိ ။
၂။ သတ္ထာဒေဝ မနုဿာနံ သိရသာ နမာမိ ။
၃။ သတ္ထာဒေဝ မနုဿာနံ မေ ဟဒယေ တိဋ္ဌတု ။
၄။ သတ္ထာဒေဝ မနုဿာနံ မေ သုခံ ဒေတု ။
၅။ သတ္ထာဒေဝ မနုဿာနံ မေ ဇယံ ဒေတု ။
၆။ သတ္ထာဒေဝ မနုဿာနံ မေ သိဒ္ဓိကမံ ဒေတု ။

## ဗုဒ္ဓေါ ဂုဏ်တော်စေတီ

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
၂။ ဗုဒ္ဓံ သရဏံ သိရသာ နမာမိ ။
၃။ ဗုဒ္ဓေါ မေ ဟဒယေ တိဋ္ဌတု ။

၄။ ဗုဒ္ဓေါ မေ သုခံ ဒေတု (၁၅-ပတ်)
၅။ ဗုဒ္ဓေါ မေ ဇယံ ဒေတု ။
၆။ ဗုဒ္ဓေါ မေ သိဒ္ဓိကမ္မံ ဒေတု ။

ဘဂဝါဂုဏ်တော်စေတီ

၁။ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ။
၂။ ဘဂဝန္တံ သရဏံ သိရသာ နမာမိ ။
၃။ ဘဂဝါ မေ ဟဒယေ တိဋ္ဌတု ။
၄။ ဘဂဝါ မေ သုခံ ဒေတု ။
၅။ ဘဂဝါ မေ ဇယံ ဒေတု ။
၆။ ဘဂဝါ မေ သိဒ္ဓိကမ္မံ ဒေတု ။

## ပြုဖွယ်ရာ ကိစ္စများ

အထက်ပါ ဂုဏ်တော်ပုတီးကို မစိပ်မီ အောက်ပါပြုဖွယ် ကိစ္စများကို ပြုလုပ်ရန် လိုအပ်ပါသည်။ ပထမဦးစွာ ဆွမ်းကိုးပွဲ၊ ရေကိုးခွက်၊ ဆီမီးကိုးတိုင်နှင့် ပန်းကိုးပွင့်တို့အား မြတ်စွာဘုရား အား ဦးသုံးကြိမ်ချ၍ လှူဒါန်းပါ။

## သစ္စာအဓိဋ္ဌာန်

ထို့နောက် အောက်ပါအတိုင်း အဓိဋ္ဌာန်ပြုပါ။

"ဘုရားတပည့်တော်၏ ခန္ဓာကိုယ်၌ရှိသော မျက်စိကို အရှင် ဘုရားအား လှူဒါန်းပါ၏" (သုံးခါဆို)

ထို့အပြင် "ဘုရားတပည့်တော်သည် ဤဂေဟာ၊ ဤနေ ရာ၌ တထိုင်တည်း "အရဟံ တံ သရဏံ ဂစ္ဆာမိ" ဂုဏ်တော်ကို

ပုတီးပတ် ၁၅-ပတ်ရအောင် စိပ်ပါမည်။ ဤအဓိဋ္ဌာန် အောင်မြင်ခဲ့ပါလျှင် ပညာမျက်စိ အလင်းဓာတ် ရရှိပါလို၏ အရှင်ဘုရား"ဟု ဆို၍ ဆုတောင်းပါ။ (၃ ကြိမ်)

တနေ့လျှင် ၁၅-ပတ်ထက် ပို၍လည်း စိပ်နိုင်၏။ နံပါတ် ၂-၃ စသဖြင့် နံပါတ် ၆အထိ အဓိဋ္ဌာန်၍ ဆက်တိုက် တနေ့တည်းလည်း စိပ်နိုင်သည်။

အမှတ် ၂၊ ဂုဏ်တော်ကို စိပ်သောအခါ သောတ နားကိုလည်း လှူပြီးလျှင် အဓိဋ္ဌာန်ပြု ဆုတောင်းပါ။

အမှတ် ၃၊ ဂုဏ်ဘော်ကို စိပ်သောအခါ နှာခေါင်းကိုလှူပြီး အဓိဋ္ဌာန်ပြု ဆုတောင်းပါ။

အမှတ် ၄၊ ဂုဏ်တော်ကို စိပ်သောအခါ လျှာ, သွား, နှုတ်ခမ်းကိုလှူပြီး သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းပါ။

အမှတ်၅၊ ဂုဏ်တော်ကိုစိပ်သောအခါ မိမိခန္ဓာကိုယ်ကို လှူပြီး သစ္စာပြု ဆုတောင်းပါ။

အမှတ် ၆၊ ဂုဏ်တော်ကို စိပ်သောအခါ မန-မနောကို လှူပြီး သစ္စာပြု ဆုတောင်းပါ။

ယိုကဲ့သို့ ဂုဏ်ဘော် (၆)ပါး ပြီးဆုံးသောအခါ ပုတီးပတ်ပေါင်း ၉၀ရ၏။ ထို့ကြောင့် စေတီတဆူ မိမိခန္ဓာကိုယ်တွင် ဟည်တားသကဲ့သို့ ရှိပေပြီ။

ဆက်၍ ဤဂုဏ်တော်များကိုလည်း အထက်ပါနည်းအတိုင်း လှူဒါန်းပူဇော် "သစ္စာအဓိဋ္ဌာန်ပြု" ဆုတောင်းကာ စေတီများ တည်သွားနိုင်ပေသည်။

ထိုကဲ့သို့ စေတီများတည်၍ ကိုးပါးပြည့်သောအခါ စေတီကိုးဆူ မိမိကိုယ်တွင် တည်ထားပြီးသား ရှိသွားပေမည်။

ဤနည်းမှာ ရှေးသူတော်စင် သူတော်မြတ်ကြီးများ သုံးမြတ်ကျင့်စဉ်အဖြစ် ထားခဲ့သော ကျင့်စဉ်များ ဖြစ်ပါသည်။ အန္တရာယ်ခပ်သိမ်းကင်း၍ လိုရာဆန္ဒ အလုံးစုံ ပြည့်စုံသည်ဟု အမှာရှိပါသည်။ ယုံကြည်သဒ္ဓါလေးစားစွာဖြင့် ပုတီးစိပ်ပါက အကျိုးကျေးဇူး ခံစားနိုင်ကြမည် ဖြစ်ပါသတည်း။

# စိပ်ပုတီး တန်ခိုး

ခေါင်းစီးကို ဖတ်ကြည့်လိုက်ရုံနှင့် အချို့ စာရှုသူများ၏ စိတ်ဝယ် မေးခွန်းတခုသည် ရုတ်တရက် ဝင်ရောက်သွားလိမ့်မည် ထင်ပါသည်။

"စိပ်ပုတီးမှာ တန်ခိုးရှိနိုင်သလား"

စာရေးသူ ဤအကြောင်းအရာများကို တင်ပြချင်နေသည်မှာ ကြာပေပြီ။ သို့ရာတွင် ကိုယ့်ကိုယ်ကိုယ်အမြင်အကြား ပေါက်သူလိုလို၊ ထွက်ရပ်ပေါက် ဝိဇ္ဇာလိုလို၊ ပလွား ဝါကြွားရာ ရောက်နေမည် ဖြစ်သဖြင့် မျိုသိပ်ထားခဲ့ပါသည်။ ယခုအခါတွင်ကား စိတ်ကူးတမျိုး ပေါက်လာပြန်ပါသည်။ မိမိလိုပင် ယုံကြည်သူများ လက်တွေ့စမ်းသပ် လေ့လာနိုင်ရန် တင်ပြမည်ဟူ၍ ဖြစ်သည်။

အမှန်အားဖြင့် ဗုဒ္ဓ၏ ပိဋကတ် စာပေ၌ "စိပ်ပုတီး" အကြောင်း မတွေ့ရှိရပေ။ အချို့ပညာရှင်များက စိပ်ပုတီးသည် ဟိန္ဒူယောဂီကြီးများထံမှ ဆင်းသက်လာသည်ဟု ဆိုသည်။

ဟုတ်လောက်ပေသည်။ ရှေးက ကိုရင်သာမဏေများသည် ပုတီးစိပ်ယင်း ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်လေ့ ရှိကြသဖြင့် "ပုတီးစိပ်လေးပါး"ဟူပင် အမည်တွင်လျက် ရှိသည်။ ကိုရင်ငယ်များကို တွေ့ရလျှင် "ကိုရင် ပုတီးစိပ်ပြီလား"ဟူပင် မေးတတ်ကြသည်။ ယနေ့ခေတ်တွင် ရဟန်း သာမဏေတို့သာမက ဗုဒ္ဓဘာသာဝင် သီတင်းသည်များပင် စိပ်ပုတီးကို ကိုင်တွယ်သုံးစွဲကြသည်။ စိပ်ပုတီးသည် သူတော်စင် သူတော်ကောင်းတို့၏ အဆောင်အယောင်တခုသဖွယ် ရပ်တည်နေပေတော့သည်။

အချို့ ပုတီးလုံးရေမှာ သုံးဆယ့်နှစ်ကောဋ္ဌာသကို ရည်၍ သုံးဆယ့်နှစ်လုံး ရှိသည်။ အချို့မှာ ဘုရားရှင်၏ တရာ့ရှစ်ကွက် စက်လက္ခဏာတော်ကို ရည်၍ တရာ့ရှစ်လုံးရှိသည်။ ရှေးခေတ် မြန်မာလူမျိုးတို့သည် ဓာတ်ဘက်လိုက်စားကြသည့် အားလျော်စွာ ကြွင်းကြေ-နဝင်းကြေ ဓာတ်များကို လိုလားနှစ်သက်ကြသည်။ ၁၀၈ ကိုပေါင်းသော် ၉-ရ၍ ကြွင်းလည်းကြေ၊ နဝင်းလည်း ရည်ညွှန်းရာ ရောက်သဖြင့် ၁၀၈ လုံး ထားကြသည်။ "ဣန္ဒာစရိယ ဓာတ်ကျမ်းစသော ထွက်ရပ်ပေါက် ကျမ်းများတွင်လည်း ဤ ၁၀၈ ကို ပြဒါးချုပ်ဆေး၊ သတ်ဆေးအဖြစ် အရေးတကြီး ဖော်ပြခဲ့ကြသည်။ ထို့ကြောင့်ပင် စိပ်ပုတီး၌လည်း ၁၀၈-လုံး ထားရှိ သုံးစွဲခဲ့ကြဟန် တူသည်။

စိပ်ပုတီးကို ဆရာတို့က ဂါထာမန္တန်များ စုပ်ရာ၌ အရေအတွက်သိရန် အသုံးပြုကြသည်။ ဗုဒ္ဓဘာသာဝင်တို့က ဗုဒ္ဓ၏ ဂုဏ်တော်တို့ကို ရွတ်ပွားရာ၌ အသုံးပြုကြသည်။ တနည်းအားဖြင့်"ပုတီးဘယ်နှစ်ပတ်စိပ်မည်၊ဘယ်နှစ်ခေါက်ရွတ်ပွားမည်"ဟု

အဓိဋ္ဌာန်ပြုရန်အတွက် အသုံးပြုကြသည်။ ထို့ကြောင့် စိပ်ပုတီး၌ တန်ခိုးရှိနေရန်ကား အမှန်ပင် ခဲယဉ်းလှပေတော့သည်။ ‘စိပ်ပုတီးတန်ခိုး’ ဆိုသည်မှာ စင်စစ် တင်စားခြင်းမျှသာ ဖြစ်၏။ စိပ်ပုတီးဖြင့် မှတ်သား၍ (အဓိဋ္ဌာန်ပြု၍) ဂုဏ်တော်တို့ကို ရွတ်ပွားခြင်းကြောင့်သာလျှင် ရရှိလာသော တန်ခိုးဖြစ်ပါသည်။

နွေရာသီ၏ အလွန်ပူအိုက်လှသော နေ့တနေ့တွင် ဖြစ်သည်။ ပူလွန်း အိုက်လွန်းသဖြင့် အိပ်မပျော်တိုင်း ဂုဏ်တော်များကို ပုတီးစိပ်နေမိသည်။ ထိုစဉ် အရှေ့ဏ္ဍသဿယချောင်မှ............ ‘ဆရာအေးကြီး’ ရောက်လာရာ စာရေးသူကို စူးစိုက်စွာကြည့်လျက် မေးခွန်းတခု ထုတ်လိုက်ပါသည်။

“အရှင် ဘုရား ပုတီးဝါသနာပါသလား”

“ဆိုပါတော့”

“ဒီလိုဆို တပည့်တော် နည်းကောင်းတခု ပေးပါရစေ”

“ဒကာကြီးပေးလဲ မှတ်သားရတာပေါ့”

ထိုအခါ ဆရာအေးကြီးက သူ၏ပုတီးစိပ်နည်းကိုပေးပါသည်။ အမှန်အားဖြင့် ပုတီးစိပ်နည်းတို့မည်သည် တနည်းမဟုတ်တနည်း ဘုရားရှင်၏ ဂုဏ်တော်များနှင့် ဆက်နွယ်နေသည်သာဖြစ်သည်။ “အရှင်အရဟံ ပုတီးစိပ်နည်း” ဟူသည်ကို စံထိုးကြည့်ပါ။ ပုတီးစေ့လေးများကို တလုံးပြီးတလုံး လှိမ့်ချလျက် ဘုရားရှင်၏ ဂုဏ်တော်တို့ကို ရွတ်ပွားနေခြင်းမှာ သမထပွားခြင်းသဘောပင် ဖြစ်သည်။ ဗုဒ္ဓါနုဿတိ အာရုံကိုစိတ်၌ ထုံခြင်းတမျိုးပင်ဖြစ်ပါသည်။ တန်ခိုးရှင် ဖြစ်တော်မူသောဗုဒ္ဓ၏ ဂုဏ်

တော်တို့ကို ထုတ်ဖော်ရွတ်ပွားနေလျှင် အဘယ်မှာ စွမ်းရည်သတ္တိ မတက်ပဲ ရှိချိမ့်မည်နည်း။

"ဒါ - ဆားတို့ ဆရာတော်ကြီးရဲ့ နည်းပါပဲ၊ ဒီနည်းအတိုင်း အဓိဋ္ဌာန်ပြီး စိပ်သွားမည်ဆိုယင် အရှင်ဘုရားမနော ပေါက်လာတာကို ကိုယ်တိုင်သိရှိလာပါလိမ့်မယ်ဘုရား" စာရေးသူ ဝမ်းပန်းတသာပင် မှတ်သားထားလိုက်ပါသည်။ အစတွင် ပိမိ၏သက်စေ့မျှသာ အဓိဋ္ဌာန်၍စိပ်သည်။ ဂုဏ်တော်များ ကြေညက်အောင် ရရှိလာမှသာလျှင် ပုတီးတပတ်၊ မအိပ်ချင်သည့်အခါ ပုတီးသုံးပတ်စိပ်သည်။ ခရီးသွားယင်းလည်း နှုတ်မှ တတွတ်တွတ်ပွား၍ လိုက်ပါသွားတတ်၏။ ပုတီးစိပ်နည်းကို မရွတ်ပွားမိလျှင်လည်း ဂုဏ်တော်တမျိုးမျိုး၊ သို့မဟုတ် သမ္ဗုဒ္ဓေ ဂါထာ၊ သို့မဟုတ် သဗ္ဗသိဒ္ဓိကာ ဂါထာကို ရွတ်ဖတ်၍သွားတတ်သည်မှာ အလေ့အကျင့်တခုလို ဖြစ်နေပါ၏။

စာရေးသူ ပုတီးစိပ်နေသည်မှာ စိတ်ငြိမ်ရန်ဟူသောရည်ရွယ်ချက် တခုသာ ထားပါသည်။ မည်သည့်အကျိုးတရားများ ဖြစ်ထွန်းလာလိမ့်မည်ဟူသော မျှော်လင့်ချက် မထားပါ။ ဆရာကြီးက "မနောပေါက်တာကို ကိုယ်တိုင် သိရှိလာရပါလိမ့်မည်" ဟု လျှောက်သွားသော်လည်း မနောပေါက်လိုသည့် ဆန္ဒဖြင့် စိပ်နေသည် မဟုတ်ပါ။ ဘုရားရှင်၏ ဂုဏ်တော်များဖြစ်သည်၊ ဘုရားရှင်၏ ဂုဏ်တော်တို့ကို ရွတ်ပွားနေခြင်းသည် ကောင်းသည် ဟူသော ခံယူချက်ဖြင့်သာ စိပ်နဲ့ခြင်း ဖြစ်သည်။

အဓိဋ္ဌာန်၍ မှန်မှန်စိပ်လာရာ ထူးခြားချက်များကို အမှန်ပင် တွေ့ရသည်။ တခါသော် စာရေးသူသည် သူငယ်ချင်း

တယောက်နှင့်အတူဆားတောင်မှ စစ်ကိုင်းသို့ပြန်ရန်ကားစောင့်နေ၏။ ရန်အောင်မန်းကားကြီးတစီးသည် ထိုးရောက်လာ၏။ ကားမောင်းသူက ရပ်တန့်ပေးသဖြင့် ကားပေါ်တက်ကြရာ၊ "ဟာ....ဆားအိတ်ပါတယ်၊ မတင်နိုင်ဘူး၊ ဆင်း....ဆင်း" ဟု ဆိုကာ ကားစပယ်ယာက မောင်းချခဲ့သဖြင့် မလိုက်ရတော့ပေ။ ဆားအိတ်မှာ ကြီးလှသည်မဟုတ်ပါ၊ လေးငါးခြောက်ပိဿာမျှသာ ရှိပါလိမ့်မည်။

စာရေးသူတို့မှာ အောင့်သက်သက်ဖြင့် နောက်ကားအလာကို စောင့်ကြရပြန်ပါ၏။ နောက်မှ ရောက်လာသည့် ကားက ရှောရှောရှုရှုတင်သဖြင့် စစ်ကိုင်းဘက်သို့လိုက်ပါခွင့်ရခဲ့ကြ၏။ စစ်ကိုင်းမြို့အဝင် ရွာထောင်စစ်တပ်အနီးသို့ ရောက်လာသောအခါ အုံ့ဩထိတ်လန့်ဖွယ် မြင်ကွင်းတရပ်ကို တွေ့ရှိကြရပါတော့သည်။ ရန်အောင် မန်းကားကြီးတစီးသည် လမ်းဘေးရှိ ကုက္ကိုပင်ကြီးတပင်ကို ဝင်၍ "အောင်း" ထားခြင်းပင်တည်း။ ကုက္ကိုပင်ကြီးကို အရှိန်အဟုန်ပြင်းစွာဖြင့် ဝင်၍ ဆောင့်ထားသည်ဖြစ်ရာ ကား၏ခေါင်းပိုင်းသည် ရှုံ့တွစုတ်ပြတ်နေလေ၏။ စာရေးသူသည် မှတ်မှတ်ရရပင် ကား၏နံပါတ်ကို လှမ်းကြည့်လိုက်ရာ စာရေးသူတို့ကိုရိုင်းပြစွာ နှင်ချထားခဲ့သည့် ကားကြီးဖြစ်နေလေသတည်း။

တခါကမူ စာရေးသူသည် ဝက်လက်မြို့နယ် ဝက်လည်ရွဲရွာလေးသို့ တရားသွားရောက်ဟောရသည်။ ညတရားဟောပြီး နောက်တနေ့နံနက်ပါဆက်၍ ဟောပေးပါရန် လျှောက်ထားသဖြင့် နံနက် ၁၀ နာရီ လောက်မှ ပြန်လာခွင့်ရခဲ့သည်။

ဝက်လက်မှ လှုတော၊ လှုတောမှ စစ်ကိုင်းသို့ ကားအဆင့်ဆင့် စီး၍ပြန်လာရမည်ဖြစ်လေ၏။ ဝက်လက်နှင့် လှုတော ကားလမ်းမှာလည်း ကြမ်းတမ်းလှသည်ဖြစ်ရာ ပြောရပါလျှင် အုတ်ခဲမျိုသွားတောင် အစာကြေနိုင်သည့်လမ်းမျိုးဖြစ်ပါသည်။ လှုတောလမ်းကို တွေးလျှက် ကျောချမ်းလျှက်ရှိပါ၏။

မီးရထားနှင့် လိုက်သွားရန်ကား အချိန်မဟုတ်၊ နံနက်စောစော ၄–နာရီခန့်ကပင် မြစ်ကြီးနားရထားသည် မန္တလေးဘက်ဆီသို့ ခုတ်မောင်းသွားပြီးဖြစ်ပါ၏။ စာရေးသူ၏ စိတ်ထဲတွင် ''ယခုအချိန်များ ကုန်တွဲသစ်တွဲများဆွဲသည့် ကြားရထား တစီးစီး လာခဲ့သော် ကောင်းလေစွ''ဟု အကြံဖြစ်မိသည်။ ဆရာကြီးပေးသည့်ပုတီးစိပ်နည်းကိုလည်းနုတ်မှတီးတိုးရွတ်လျှက် ဝက်လက်မြို့တွင်းသို့ဝင်ရောက်ခဲ့သည်။ ရိုးနှင့်ရဲ၄ာနအနီးမှဖြတ်၍ လျှောက်လာရာ မီးရထား သံလမ်းသို့ပင် ချဉ်းကပ်မိပြီဖြစ်၏။

ထိုစဉ် မြောက်စူးစူးအရပ်မှ ဘာဂျုံးဂျုံး အောသံပေးလျှက် ကြားရထားကြီးတစီးသည် ပြေးဝင်လာလေတော့၏။ အထိန်းရ အသိမ်းရခက်သည့် ကျွန်ုကြီးတကောင်ပမာ တရှူးရှူး တရှဲရှဲဖြင့် ဘူတာရုံအတွင်းသို့ ထိုးဆိုက်လိုက်လေသည်။ စာရေးသူ့ရင်တွင် ကြည်နူးမှု အံ့သြမှုတို့သည် ရောထွေးသွားကြလေသည်။ မိမိ၏ စိတ်အလိုဆန္ဒအတိုင်းပင် ဖြစ်ပေါ်လာသဖြင့် ဆရာကြီးပြောသည့်''မနောပေါက်သည်''ဆိုသည်မှာဒါမျိုးပင်လောဟု မယုံတဝက် ယုံတဝက်ဖြင့် မတင်မကျပင် လက်ခံလိုက်မိပါသည်။ တိုက်ဆိုင်မှု ဆိုသည်မှာလည်း တခါတရံ ဤသို့ပင်ဖြစ်နိုင်သေးသည် မဟုတ်ပါလော။

**စပယ်ဦးစာပေ** (တတိယအကြိမ်)

စဉ့်ကူးမြို့နယ် ခမ်းပါးရွာလေးသို့ ရောက်ရှိသွားသောအခါ တွင်ကား စမ်းသပ်ကြည့်ရန် အခွင့်ကြုံခဲ့သည်။ ရင်းနှီးသော သူငယ်ချင်း မိတ်ဆွေ ရဟန်းတော်လေးတပါးက ပင့်သွားသဖြင့် အလှူပွဲတခုတွင် ည တရားဟောရသည်။ ဒါနနှင့်စပ်၍ သိုင်းသိုင်း ဝိုင်းဝိုင်း ချဲ့ထွင်လျက် "အကိတ္တဇာတ်"ကို ဟောပါသည်။ အလှူကလည်း ရိုးရိုးလှူရန်အပြင် အပိုမဲများဖောက်၍ လှူဒါန်း ရန် စီစဉ်ထားသည်။ ည တရားဟောပြီးသောအခါ စာရေးသူ စဉ်းစားမိသည်။ ဒါနအကျိုးတရားတို့ကို သိုင်းသိုင်းဝိုင်းဝိုင်း ဟောခဲ့သည်။ မဲဖောက်လှူသည့်အခါ ညံ့သည့်မဲများ ပေါက်လာ လျှင် ဒါနမျိုးစေ့ ညံ့ဖျင်းရာကျ၍ အဟောနှင့်အပြောမညီ ရှက် ဖွယ်ရာဖြစ်လိမ့်မည်ဟု တွေးမိသည်။

သို့ဖြစ်၍ ဤတကြိမ်တွင်"မနောပေါက်သည်" ဟူသော ပုတီးစိပ်နည်းကို စမ်းကြည့်ပါဦးမည်ဟု အကြံဖြစ်လာသည်။ ထို့ကြောင့် သက်စေ့ အဓိဋ္ဌာန်၍ ပုတီးစိပ်သည်။ မဲကောင်း ပေါက်ရန် ဆန္ဒပြုလိုက်ပါသည်။ မဲဖောက်လှူဒါန်းသည့်အခါ တွင် အမှန်ပင် နံပါတ်တစ်က ထွက်လာပါသည်။ နံပါတ်တစ် မဲကား ဝတ္ထုငွေ ကျပ်၁၀၀ ဖြစ်သတည်း။ သည်တခါတွင်ကား ကိုယ်တွေ့ကြုံ၍ ယုံရပြီဟု ဆိုရပေတော့မည်။

အလားတူပင် ပုဂံသို့ ဘုရားဖူးသွားရတော့မည်ဆိုလျှင် အိပ် မက်ထဲတွင် ကြိုတင်၍ ပုဂံသို့ ရောက်ရှိနေခြင်း၊ အင်းလေးသို့ သွားရတော့မည်ဆိုလျှင် အိပ်မက်ယဉ်၍အင်းလေးသို့ အကြိမ်ကြိမ် ရောက်ရှိနေခြင်း စသော အခြားအံ့ဖွယ်ရာတို့တိုလည်း ကြုံတွေ့ရ ပါသည်။ ရှေ့ဖြစ်မည့် အတိတ်နိမိတ်များ ကြိုတင်၍ သိမြင်နိုင်

သည်။ စာရှည်လျားမည်ဖြစ်၍ အကျယ်မရေးတော့ပါ။ ဆရာကြီးပေးသည့် ပုတီးစိပ်နည်းမှာ—

“ဣတိပိ သောဘဂ၀ါ အရဟံ၊
အရဟံ ၀တ သောဘဂ၀ါ၊
အရဟန္တံ သရဏံ ဂစ္ဆာမိ၊
အရဟန္တံ သိရသာ နမာမိ၊
အရဟံ မေ သုခံ ဒေတု၊
အရဟံ မေ သီသေ တိဋ္ဌတု”

ဟူ၍ဖြစ်ပါသည်။

၆–ပုဒ်လုံးဆုံးမှ ပုတီးစေ့ တလုံးချရန်ဖြစ်သည်။ မိမိစိတ်မိမိတက်နိုင်သလောက် အဓိဋ္ဌာန်၍ စိပ်ရပါမည်။ ပုတီးစေ့လေးများကို တလုံးပြီးတလုံး လိုမ့်ချလျက် ဘုရားရှင်၏ ဂုဏ်တော်တို့ကို ရွတ်ပွားခြင်းသည် သမထပွားခြင်းတမျိုးပင် ဖြစ်သည်ဟု အထက်၌ ဆိုခဲ့ပြီ၊ သမထတရား၊ ၀ိပဿနာတရားတို့မည်သည် အဟောလွယ် အပြောလွယ် အရေးလွယ်သလောက် တကယ်အကျင့်ခက်လှသည်။ ထို့ကြောင့် အချိန်မှန်မှန်ထား၍ သမာဓိအား ကောင်းလာအောင် ရွတ်ပွားဖို့ကား မလွယ်ကူလှပေ။ သမာဓိအား သန်သန်ဖြင့် အချိန်မှန်ထား၍ ကြိုးစားပွားများအားထုတ်သွားပါက မနေ့ာပေါက်ရုံမျှမက “စေတလုံးပိုင်၀န်ခိုးရှင်ကဲ့သို့ အရာရာ သိဒ္ဓိပြီးမြောက်၍ အမှန်ပင် ခရီးရောက်လိမ့်မည် ဖြစ်ပါသည်။

အရှင် မဟောသဓ ပဏ္ဍိတ၊
ဝေဇယန္တာချောင်၊ စစ်ကိုင်း။

# ဂုဏ်တော်ကိုးပါး

## ရှိခိုး ဆုတောင်း ပုတီးစိပ်နည်း

၁။ သောဘဂဝါ ဣတိပိ အရဟံ (ပုတီးတလုံးချ)
အရဟံ ဝတ သောဘဂဝါ ။
အရဟန္တံ သရဏံ ဂစ္ဆာမိ ။
အရဟန္တံ သိရသာ နမာမိ ။
အရဟံ မေ ဟဒယေ ဌာတု ။

၂။ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ။
သမ္မာသမ္ဗုဒ္ဓေါ ဝတ သောဘဂဝါ ။
သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။
သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ ။
သမ္မာသမ္ဗုဒ္ဓေါ မေ ဟဒယေ ဌာတု ။

၃။ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော ။
ဝိဇ္ဇာစရဏ သမ္ပန္နော ဝတ သောဘဂဝါ ။

ဝိဇ္ဇာစရဏ သမ္ပန္နံ သရဏံ ဂစ္ဆာမိ (ပုတီးတလုံးချ)
ဝိဇ္ဇာစရဏ သမ္ပန္နံ သရဏံ သိရသာ နမာမိ ။
ဝိဇ္ဇာစရဏ သမ္ပန္နော မေ ဟဒယေ ဌာတု ။

၄။ သောဘဂဝါ ဣတိပိ သုဂတော ။
သုဂတော ဝတ သောဘဂဝါ ။
သုဂတံ သရဏံ ဂစ္ဆာမိ ။
သုဂတံ သိရသာ နမာမိ ။
သုဂတော မေ ဟဒယေ ဌာတု ။

၅။ သောဘဂဝါ ဣတိပိ လောကဝိဒူ ။
လောကဝိဒူ ဝတ သောဘဂဝါ ။
လောကဝိဒုံ သရဏံ ဂစ္ဆာမိ ။
လောကဝိဒုံ သရဏံ သိရသာ နမာမိ ။
လောကဝိဒူ မေ ဟဒယေ ဌာတု ။

၆။ သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ
ဒမ္မသာရထိ ။
အနုတ္တရော ပုရိသ ဒမ္မသာရထိ ဝတ
သောဘဂဝါ ။
အနုတ္တရံ ပုရိသ ဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ ။
အနုတ္တရံ ပုရိသ ဒမ္မသာရထိံ သိရသာ နမာမိ ။
အနုတ္တရော ပုရိသ ဒမ္မသာရထိ မေ ဟဒယေ
ဌာတု။ ။

၇။ သောဘဂဝါ ဣတိပိ သတ္ထာ ဒေဝ မနုဿာနံ ။
သတ္ထာဒေဝ မနုဿာနံ ဝတ သောဘဂဝါ ။

သတ္တာဒေဝ မနုဿာနံ သရဏံ ဂစ္ဆာမိ (ပုတီးတလုံးချ)
သတ္တာဒေဝ မနုဿာနံ သရဏံ သိရသာ နမာမိ ။
သတ္တာ ဒေဝ မနုဿာနံ မေ ဟဒယေ ဌာတု ။

၈။ သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ ။
ဗုဒ္ဓေါ ဝတ သောဘဂဝါ ။
ဗုဒ္ဓံ သရဏံ သိရသာ နမာမိ ။
ဗုဒ္ဓေါ မေ ယဒယေ ဌာတု ။

၉။ သောဘဂဝါ ဣတိပိ ဘဂဝါ ။
ဘဂဝါ ဝတ သောဘဂဝါ ။
ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ။
ဘဂဝန္တံ သရဏံ သိရသာ နာမာမိ ။
ဘဂဝါ မေ ဟဒယေ ဌာတု ။

အထက်ပါ ဘုရားရှိခိုး ဆုတောင်းကိုလည်း တပုဒ် ပုတီး တလုံးချ၍ လည်းကောင်း၊ နှုတ်ဖြင့် ရွတ်ဆို၍လည်းကောင်း၊ စိတ်ဖြင့် စဉ်းစားဆင်ခြင်၍ လည်းကောင်း၊ အလိုရှိသည့်အတိုင်း သူမြတ် အပေါင်းတို့ ပွားများ အားထုတ် နိုင်ကြပါသည်။

## တရားဂုဏ်တော် ၆ ပါး
## (ရှိခိုး ဆုတောင်း ပုတီး စိပ်နည်း)

၁။ သွာက္ခါတော ဘဂဝတော ဓမ္မော (ပုတီးတလုံးချ)
ဘဂဝတော ဓမ္မော ဝတ သွာက္ခါတော ။
သွာက္ခာတံ ဘဂဝတာ ဓမ္မံ သရဏံ ဂစ္ဆာမိ ။

သွက္ခာတံ ဘဂဝတာ ဓမ္မံ သိရသာ
နမာမိ (ပုတီးတလုံးချ)
သွက္ခာတော ဘဂဝတာ ဓမ္မော မေ ဟဒယေ
ဌာတု ။

၂။ သန္ဒိဋ္ဌိကော ဘဂဝတော ဓမ္မော ။
ဘဂဝတော ဓမ္မော ဝတ သန္ဒိဋ္ဌိကော ။
သန္ဒိဋ္ဌိကံ ဘဂဝတော ဓမ္မံ သရဏံ ဂစ္ဆာမိ ။
သန္ဒိဋ္ဌိကံ ဘဂဝတော ဓမ္မံ သိရသာ နမာမိ ။
သန္ဒိဋ္ဌိကော ဘဂဝတာ ဓမ္မော မေ ဟဒယေ
ဌာတု ။

၃။ အကာလိကော ဘဂဝတော ဓမ္မော ။
ဘဂဝတော ဓမ္မောဝတ အကာလိကော ။
အကာလိကံ ဘဂဝတော ဓမ္မံ သရဏံ ဂစ္ဆာမိ ။
အကာလိကံ ဘဂဝတော ဓမ္မံ သိရသာနမာမိ ။
အကာလိကော ဘဂဝတာ ဓမ္မော မေ ဟဒယေ
ဌာတု

၄။ ဧဟိပဿိကော ဘဂဝတော ဓမ္မော ။
ဘဂဝတော ဓမ္မော ဝတ ဧဟိပဿိကော ။
ဧဟိပဿိကံ ဘဂဝတော ဓမ္မံကရဏံ ဂစ္ဆာမိ ။
ဧဟိပဿိကံ ဘဂဝတော ဓမ္မံ သိရသာ
နမာမိ ။
ဧဟိပဿိကော ဘဂဝတော ဓမ္မော မေ
ဟဒယေ ဌာတု ။

၅။ သြပနေယျိကော ဘဂဝတော ဓမ္မော (ပုတီးတလုံးချ)
ဘဂဝတော ဓမ္မော ဝတ သြပနေယျိကော ။
သြပနေယျိကံ ဘဂဝတော ဓမ္မံသရဏံဂစ္ဆာမိ ။
သြပနေယျိကံ ဘဂဝတော ဓမ္မံ သိရသာ
နမာမိ ။
သြပနေယျိကော ဘဂဝတော ဓမ္မော မေ
ဟဒယေ ဌာတု

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဘဂဝတော
ဓမ္မော ။
ဘဂဝတော ဓမ္မော ဝတ ပစ္စတ္တံ ဝေဒိတဗ္ဗော
ဝိညူဟိ
ပစ္စတ္တံ ဝေဒိတဗ္ဗံ ဝိညူဟိ ဘဂဝတော
ဓမ္မံ သရဏံ ဂစ္ဆာမိ ။
ပစ္စတ္တံ ဝေဒိတဗ္ဗံ ဝိညူဟိ ဘဂဝတော
ဓမ္မံ သိရသာ နမာမိ ။
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဘဂဝတော
ဓမ္မော မေ ဟဒယေ ဌာတု ။

အထက်ပါ တရားဂုဏ်တော် ဘုရားရှိခိုး ဆုတောင်းကိုလည်း အလိုရှိသည့်အတိုင်း ပွားများအားထုတ်နိုင်ပါသည်။

## သံဃာဂုဏ်တော် ကိုးပါး
## ရှိခိုးဆုတောင်း ပုတီးစိပ်နည်း

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝက
သံဃော (ပုတီးတလုံးချ)
ဘဂဝတော သာဝကသံဃော ဝတ
သုပ္ပဋိပန္နော ။
သုပ္ပဋိပန္နံ ဘဂဝတော သာဝက
သံဃံ သရဏံ ဂစ္ဆာမိ ။
သုပ္ပဋိပန္နံ ဘဂဝတော သာဝက သံဃံ
သိရသာ နမာမိ ။
သုပ္ပဋိပန္နော ဘဂဝတော သာဝက ။
သံဃော မေ ဟဒယေ ဌာတု ။

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက
သံဃော ။
ဘဂဝတော သာဝက သံဃော ဝတ
ဥဇုပ္ပဋိပန္နော ။
ဥဇုပ္ပဋိပန္နံ ဘဂဝတော သာဝက
သံဃံ သရဏံ ဂစ္ဆာမိ ။
ဥဇုပ္ပဋိပန္နံ ဘဂဝတော သာဝက
သံဃံ သိရသာ နမာမိ ။
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက
သံဃော မေ ဟဒယေ ဌာတု ။

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက
သံဃော (ပုတီးတလုံးချ)

ဘဂဝတော သာဝက သံဃော ဝတ
ဉာယပ္ပဋိပန္နော ။

ဉာယပ္ပဋိပန္နံ ဘဂဝတော သာဝက
သံဃံ သုရက္ခံ ဂစ္ဆာမိ ။

ဉာယပ္ပဋိပန္နံ ဘဂဝတော သာဝက
သံဃံ သိရသာ နမာမိ ။

ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက
သံဃော မေ ဟဒယေ ဌာတု ။

၄။ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက
သံဃော ။

ဘဂဝတော သာဝက သံဃော ဝတ
သာမိစိပ္ပဋိပန္နော ။

သာမိစိပ္ပဋိပန္နံ ဘဂဝတော သာဝက
သံဃံ သုရက္ခံ ဂစ္ဆာမိ ။

သာမိစိပ္ပဋိပန္နံ ဘဂဝတော သာဝက
သံဃံ သိရသာ နမာမိ ။

သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက
သံဃော မေ ဟဒယေ ဌာတု ။

၅။ အာဟုနေယျော ဘဂဝတော သာဝက
သံဃော ။

ဘဂဝတော သာဝက သံဃော ဝတ
အာဟုနေယျော (ပုတီးတလုံးချ)
အာဟုနေယျံ ဘဂဝတော သာဝက
သံဃံ သရဏံ ဂစ္ဆာမိ ။
အာဟုနေယျံ ဘဂဝတော သာဝက သံဃံ
သိရသာ နမာမိ ။
အာဟုနေယျော ဘဂဝတော သာဝက
သံဃော မေ ဟဒယေ ဌာတု ။

၆။ ပါဟုနေယျော ဘဂဝတော သာဝက
သံဃော ။

ဘဂဝတော သာဝက သံဃော ဝတ
ပါဟုနေယျော ။
ပါဟုနေယျံ ဘဂဝတော သာဝက
သံဃံ သရဏံ ဂစ္ဆာမိ ။
ပါဟုနေယျံ ဘဂဝတော သာဝက သံဃံ
သိရသာ နမာမိ ။
ပါဟု နေယျော ဘဂဝတော သာဝက
သံဃော မေ ဟဒယေ ဌာတု ။

၇။ ဒက္ခိဏေယျော ဘဂဝတော
သာဝက သံဃော ။

ဘဂဝတော သာဝက သံဃော ဝတ
ဒက္ခိဏေယျော ။

ဒက္ခိဏေယျံ ဘဂဝတော သာဝက
သံဃံ သရဏံ ဂစ္ဆာမိ (ပုတီးတလုံးချ)
ဒက္ခိဏေယျံ ဘဂဝတော သာဝက
သံဃံ သိရသာ နမာမိ ။
ဒက္ခိဏေယျော ဘဂဝတော သာဝက
သံဃော မေ ဟဒယေ ဌာတု ။

၈ ။ အဉ္ဇလိကရဏီယော ဘဂဝတော သာဝက
သံဃော ။

ဘဂဝတော သာဝက သံဃော
ဝတ အဉ္ဇလိကရဏီယော ။

အဉ္ဇလိကရဏီယံ ဘဂဝတော သာဝက
သံဃံ သရဏံ ဂစ္ဆာမိ ။
အဉ္ဇလိကရဏီယံ ဘဂဝတော သာဝက
သံဃံ သိရသာ နမာမိ ။
အဉ္ဇလိကရဏီယော ဘဂဝတော သာဝက
သံဃော မေ ဟဒယေ ဌာတု ။

၉ ။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ။
ဘဂဝတော သာဝက သံဃော ။
ဘဂဝတော သာဝက သံဃော ဝတ
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ။
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ
ဘဂဝတော သာဝက သံဃံ သရဏံ ဂစ္ဆာမိ ။

အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဘဂဝတော
သာဝက သံဃံ သိရသာ နမာမိ (ပုတီးတလုံးချ)
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဘဂဝတော
သာဝက သံဃော မေ ဟဒယေ ဌာတု ။

အထက်ပါ သံဃာဂုဏ်တော် ရှိခိုးဆုတောင်းကိုလည်း အလို ရှိသည့်အတိုင်း ပွားများအားထုတ် နိုင်ကြပါသည်။

## အခါမလင့် အကျိုးထူး

ရတနာ မြတ်သုံးပါးတို့၏ ဂုဏ်တော်များကို အာရုံပြု၍ ပုတီးတလောင်စီ ရအောင် ပွားများကြလျှင် ပို၍ ထူးခြား ကြောင်း အမှာရှိသည်။

ထို့ကြောင့်

— ဘုရားဂုဏ်တော် ဆုတောင်းတထောင်၊
— တရားဂုဏ်တော် ဆုတောင်းတထောင်၊
— သံဃာဂုဏ်တော် ဆုတောင်းတထောင်....

စိကို တနေ့ကို သုံးကြိမ်ခွဲ၍ ဖြစ်စေ၊ တကြိမ်တည်း ဖြစ်စေ ပွားများအားထုတ်နိုင်သည်။

အမိဋ္ဌာန်ဆောက်တည်၍ ပွားများ အားထုတ်လျှင် ပို၍ ထက်မြက်ကြောင်း ရှေးသူတော်စင်ကြီးများ အမှာရှိသည်။

''ခဏိက သမာဓိ၊ ဥပစာရ သမာဓိ'' သို့ ရောက်အောင် ပြဆိုခဲ့သော၊ ဘုရား၊ တရား၊ သံဃာ၊ ရတနာ သုံးပါးတို့၏ ဂုဏ် တော်တို့ကို အပြန်ပြန်အလှန်လှန်၊အထပ်ထပ်ပွားများအားထုတ် သော သူသည် အခါမလင့် အကျိုးထူးကို ခံစားရမည်မှာ မလွဲပေ။

# ဂုဏ်တော်နှင့် အညာဖြ ရဲဘော်

စာရေးသူသည် ၁၉၄၆-ခုနှစ်၊ ၁၆ နှစ်သား အရွယ် လောက်ကပင် တပ်မတော်ထဲ ရောက်ရှိနေပြီး၊ ယောကျ်ား ပီသ ရေး၊ သတ္တိရှိရေး၊ ဇွဲကောင်းရေးများကိုသာ အလေးထား လေ့ကျင့်ပျိုးထောင်ခဲ့ရာ ဘာသာရေးဘက်တွင် အားနည်းခဲ့ ကြောင်း ဝန်ခံပါသည်။ ငယ်စဉ်က အဘိုးအေ သင်ပေးခဲ့သော မိရိုးဖလာ ဘုရားရှိခိုးများပင် အစအဆုံး မရသည့် အခြေအနေ ဖြစ်ခဲ့ပါသည်။ လူကိုယ်တိုင် စိတ်ကြမ်း၊ ကိုယ်ကြမ်းဖြစ်ကာ စိတ်ဝါဒထက် ရုပ်ဝါဒကို ပိုမို အလေးကဲခဲ့မိပေသည်။

၁၉၆၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ကာလများ အတွင်း တွင် တိုက်ပွဲ တော်တော်များများကို တိုက်ခဲ့ရပေသည်။ တိုက်ရဲ ခိုက်ရဲ၊ သတ်ရဲ၊ ဖြတ်ရဲသည်ကိုပင် အဟုတ်ကြီး ထင်ခဲ့သည်။ စစ်တင်း၊ ၂ လက်မ စိန်ပြောင်း၊ လက်ပစ်ဗုံးများလည်း မကြာ ခဏ အမှန်ခံခဲ့ရသည်။ ထောင်ထားသော ညှောင့် စူးဖူးသည်။ ယခုတိုင် သေရာပါ အမာရွတ်များရှိသလို၊ ရန်သူအဝိုင်းခံရ၊ အပစ်ခံရ၍ အသည်းတထိတ်ထိတ် ဖြစ်ခဲ့ရသည်များကလည်း

(ဒုတိယအကြိမ်) စပယ်ဦး စာပေ

မမေ့မပျောက်နိုင်ပဲ စိတ်ထဲတွင် အမာရွတ်များ ထင်ကျန်ရစ်ခဲ့ပေသည်။ ဤသံသရာဘဝတွင်ပင် တဝဲလည်လည် စစ်တိုက်ရခြင်းကို ကြာတော့ ငြီးငွေ့လာမိသည်။ မိမိ၏ တိုးတက် ကြီးပွားမှုကိုလည်း အားမလို အားမရ ဖြစ်လာသည်။

ထိုသို့ မိမိကိုယ်ပင် မိမိ စိတ်ပျက် ငြီးငွေ့ အားငယ်နေစဉ် ၁၉၅၇ ခုနှစ်၌ မိတ်ဆွေတယောက်နှင့်တွေ့ရာ သူက ဘာသာရေးနှင့် ပတ်သက်ပြီး မေ့မေ့လျော့လျော့ နေခြင်းကို ဆိုဆုံးမပြီး ဂုဏ်တော်ကို ပုတီးမှန်မှန်စိပ်ရန် ပြောပါသည်။ ဣတိပိ အရဟံ အစရှိသော ပုဒ်တို့အား ဂုဏ်တော် ၉ ပါးခွဲပြီး နေ့စဉ်မှန်မှန် ပုတီးစိပ်ရန် ပြောပါသည်။ စာရေးသူသည်လည်း ဘာသာရေးဘက်တွင် အားနည်းနေသော ကိုယ့်အကြောင်း ကိုယ်သိသဖြင့် တပ်နားသည်ဖြစ်စေ၊ စစ်ဆင်ရေး ထွက်ရသည်ဖြစ်စေ၊ နေ့စဉ်ဝတ်မပျက် ဂုဏ်တော်ပုတီးကို ပုတီးစိပ်ခြင်းနှင့် သက်သတ်လွတ်စားခြင်း၊ ဥပုသ်စောင့်ခြင်းများကို တတ်နိုင်သလောက် ကြိုးစားအားထုတ်ပါသည်။

၆-လလောက် ဂုဏ်တော်ကို ပုတီးစိပ်မိသောအခါ ထူးခြားချက်များကို တွေ့ရပါသည်။ ၁၉၅၂ ခုနှစ်လောက်ကပြီး ယာယီတာဝန်ပေးထားသော်လည်း ၁၉၅၈ ခုနှစ်ဦးပိုင်းအထိ၊ တိကျစွာ ခန့်အပ်ခြင်း မခံရသော အဆင့်ကို တရားဝင် ရရှိပြီး လစာတိုးလာခြင်း၊ အတူတကွ ပူးတွဲတာဝန်ကျသော မိမိထက် အဆင့်မြင့်သော အရာရှိတယောက်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေရာ ပြဿနာ ကြီးကျယ်လာမှာ စိုးရိမ်သဖြင့်၊ သူသော်လည်းကောင်း၊ ကိုယ်သော်လည်းကောင်း၊ အေးအေးဆေးဆေး

ပြောင်းရယင် ကောင်းမှာပဲဟု စိတ်ထဲမှ ခံယူမိသည်။ ထို့နောက် ၃ ရက်လောက်အကြာတွင် ဖြူန်းကနဲ ဌင်းအရာရှိပြောင်းသွားရခြင်း၊ မကြာခဏ ရန်သူဝင်စီးခံရသော နေရာတခုတွင် တာဝန်ကျရာ၊ တာဝန်ပြီး၍ ပြောင်းရွှေ့လာသည်အထိ အစီးမခံရခြင်းများကို တွေ့ရသောအခါ စာရေးသူသည် ဂုဏ်တော်တန်ခိုးကြောင့် ငြိမ်းချမ်းသာယာစွာ ပြောင်းလဲလာသည်ဟု စွဲစွဲမြဲမြဲ ယုံကြည်လျက် ဝတ်မပျက် ပုတီးကို ဆက်ပြီး စိပ်ပါသည်။

၁၉၅၉ ခုနှစ် သင်္ကြန်တွင်း၌၊ ယောနယ်၊ ထီးလင်းမြို့အနီးအကြည်စခန်းတွင် စစ်ကြောင်းများနားနေစဉ် ၉-ပါးသီလယူလျက် နံနက်စာစားပြီး စခန်းအနီးရှိ စေတီမှ ဂူထဲတွင် ဂုဏ်တော်တထောင် အဓိဋ္ဌာန်ဖြင့် စိပ်သည်၊ ဂုဏ်တော်တထောင်ပြည့်သော် ကျင့်ကြံအားထုတ်ခဲ့သော သီလ၊ သမာဓိများအရ ပုတီးသည် လှုပ်ပါစေသားဟု အဓိဋ္ဌာန်လျက် ပုတီးခေါင်းကို ကိုင်ထားရာ ပုတီးသည် လေမတိုက်၊ လက်မလှုပ်ပဲ အလိုလို လှုပ်ရှားလာသဖြင့် ဝမ်းသာပီတိ ဖြစ်ခဲ့ရသည်။

၁၉၅၉-၆၁ တို့တွင် ယောနယ်ထဲ၌ စစ်ဆင်ရေးများ တာဝန်ကျသော်လည်း စာရေးသူပါသော တပ်ခွဲတွင် ရန်သူနှင့် ရင်ဆိုင်တိုက်ပွဲ မရှိခဲ့သည်ကို အံ့သြဖွယ်ရာ တွေ့ရပါသည်။ ယောနယ် ဦးနှောက်ကျေးရွာတွင် စခန်းချနေစဉ် ဝတ်မပျက် ပုတီးစိပ်၊ ဥပုသ်စောင့်ခြင်း လုပ်နေရာ၊ တနေ့တွင် တမိုင်ခန့်ဝေးသော မိုးကောင်းရွာ၊ မိုးကောင်းကျောင်းမှ ကိုရင် ၂နှစ်ပါးသည် စာရေးသူတို့ တပ်စခန်းချနေသော ဘုန်းကြီးကျောင်းသို့ ရောက်

လာသည်။ တအောင့်မျှအကြာတွင် ဘုန်းကြီးကျောင်းသားလေး တယောက် လာပြီးခေါ်သဖြင့် လိုက်သွားရာ ကျောင်းထိုင်ဆရာတော်က မိုးကောင်းကျောင်းမှ ဆရာတော်က ကိုရင် ၂-ပါးဖြင့် အခေါ်လွှတ်ကြောင်း လိုက်သွားရန် ပြောပါသည်။ စာရေးသူလည်း ကိုရင် ၂-ပါးနှင့် လိုက်သွားရာ ဆွမ်းစားကျောင်းတွင် မိုးကောင်းဆရာတော်ကို တွေ့ပါသည်။ ဆရာတော်က မင်း ဘာ တွေ့ကျင့်သလဲဟု မေးရာ....

''တပည့်တော် လူလိုကျင့်ပါသည်''ဟု ပြန်လျှောက်မိသည်။

ဆရာတော်က ပြုံးပြီး ''အေး....ကောင်းတယ်၊ ကောင်းတယ်....

ဒါပေမယ့်....ဒါလောက်နဲ့ ကျေနပ်မနေနဲ့ ကြိုးစားရမယ်၊ ငါ ဂုဏ်တော်အဖွင့်နဲ့ ဂုဏ်တော်တွေရဲ့ အဓိပ္ပာယ်ကို ရေးပေးလိုက်မယ်၊ ပို့ပြီး ဂုဏ်တော်ကို ကြည်ညိုနိုင်တာပေါ့''ဟု မိန့်တော်မူသည်။

စာရေးသူသည် ဆရာတော်ပေးလိုက်သော ဂုဏ်တော်ဖွင့်နှင့် အနက်အဓိပ္ပာယ်များကို ယူပြီးပြန်ခဲ့သည်။ ဆရာတော်အကြောင်း စုံစမ်းရာ ဆရာတော်သည် စာပေပရိယတ်တွင် တော်သည်။ သို့သော် ခြိုးခြံစွာ နေထိုင်လျက် ပဋိပတ်ကို ကျင့်ကြံအားထုတ်နေကြောင်း သိရသည်။ မိုးကောင်း ကျောင်းဝင်းရှိ ကျောင်းကြီးပေါ်တွင် တခြား ရဟန်းများကို ထားပြီး ဆရာတော်သည် ကျောင်းသေးသေးလေးနှင့်သာ တရားကျင့်နေသော သူတော်စင်ဖြစ်ကြောင်း၊ တရားကျင့်နေစဉ် အာရုံပေါ်သဖြင့် စာရေးသူအား ခေါ်ကြောင်း သိခဲ့ရသည်။

ဆရာတော် ရေးပေးသော ဂုဏ်တော်၏ အနက်အဓိပ္ပာယ်များကို ဖတ်ရမှသာ ဂုဏ်တော် "၉-ပါး"၏ အနက်အဓိပ္ပာယ်များကို သေသေချာချာ သိရပြီး ဗုဒ္ဓဂုဏ်တော်ကို ပုတီးစိပ်ရာတွင် ပိုမိုကြည်ညို သဒ္ဓါပွားလာပါသည်။

၁၉၅၉ ခုနှစ်ကဖြစ်သည်။ တပ်တွင်း စားရိပ်သာတွင် ညအိပ်နေစဉ် နားထဲတွင် မွေးစ ကလေးငိုသံကြားပြီး လန့်နိုးသည်။ နာရီကြည့်တော့ နံနက် ၅ နာရီ ဖြစ်သည်။ အနီးအနားတွင် ကလေးမရှိပဲ နား၀တွင်ကပ်ပြီး ကလေးငိုသံ ကြားရခြင်းကို ဆေးလိပ်သောက်ယင်း စဉ်းစားသည်။ ဒါဟာ မိတရပ်ထံ ပြန်ပြီးနေသော ဇနီးဖြစ်သူ ကလေးမွေးတာကို နိမိတ်ထင်တာ ဖြစ်ရမည်ဟု ယူဆပြီး ဒိုင်ယာရီတွင် အချိန်နဲ့တကွ မှတ်သားလိုက်သည်။ နောက်တနေ့ တပ်ခွဲရုံးတွင် အလုပ် လုပ်နေစဉ် နေ့ ၂ နာရီခန့်၌ သံကြိုးစာ ရောက်လာသည်။ သံကြိုးစာထဲတွင် နံနက် ၅-နာရီ သမီးကလေး မွေးသည်ဟု ပါလာသည်။

၁၉၆၀ ခုနှစ်က ဖြစ်သည်။ ဆိပ်ဖြူမြို့နယ် ကဒွန်းမကျေးရွာ ရှေ့တန်းမှ ချောက်သို့ တာ၀န်နှင့်ပြန်လာရာ တပ်ခိပ်တခု၌ ဆောင့်ရှောက်၍ လိုက်ပို့သည်။ ချောက် စားရိပ်သာတွင် ပြတင်းပေါက်ကိုပွင့်လျက် ညအိပ်နေရာမှ စာရေးသူအားလိုက်ပို့သော တပ်ခိပ်က ရဲဘော်လျှတင်သည် ပြတင်းပေါက်မှကျော၀င်ပြီး အိပ်ရာခုတင်နား လာရပ်သည်။ မိုးကာအကျႌ ခြုံထားရာ မိုးကာအဖျားစများသည် လေထဲ၀ယ် တဖျပ်ဖျပ်လှုပ်နေသည်။ စာရေးသူက "ဟေ့ လှတင် ဘာလုပ်လာတာလဲ" ဟု မေးရာ လှတင်က "ကျွန်တော့်ကို သေနတ်မှန်လို့ပါဆရာကြီး။ ဒီမှာကြည့်ပါဦး" ဟု ပြောယင်း မိုးကာကိုပွင့်ပြသည်။ စာရေးသူက ကြည့်

လိုက်ရာ သူ့ဗယ်ဘက်ရင်အုံတွင်သွေးများ ချင်းချင်းနီနေသည်။ ဟာ-ဒီနေရာမှန်ယင် မင်းသေရမှာပေါ့၊ သွား-သွားဟုပြောယင်း လန့်နိုးသည်။လူကငုတ်တုတ်ဖြစ်နေသည်။ နာရီကြည့်တော့ ညဉ့် တနာရီရှိနေပြီ၊ လှတင်တယောက်တော့ သွားပြီဟု တွေးနေစဉ် တံခါးခေါက်သံ ကြားရသည်။

“ဘယ်သူလဲ”ဟု မေးရာ မင်းဒင်ပါ ဆရာကြီးဟု စာရေးသူကို လိုက်ပို့သော တပ်စိပ်ခေါင်းဆောင် ဆရာမင်းဒင်က ပြန်ပြောသည်။ တံခါးကိုထဖွင့်ပေးယင်း “ဆရာမင်းဒင် လှတင်သေပြီမဟုတ်လား၊ ဗယ်ဘက်ရင်အုံကို မှန်တယ်မဟုတ်လား၊ မိုးကာအင်္ကျီခြုံထားတယ်နော်”ဟု ဆက်တိုက်မေးလိုက်ပါသည်။ ဆရာမင်းဒင်သည် စာရေးသူကို တအံ့တသြကြည့်ပြီး၊ “ဆရာကြီး ဘယ်လိုသိသလဲ”ဟု မေးပါသည်။ စာရေးသူက “ဘယ်လိုသိသိပေါ့ဗျာ-အလောင်းဘယ်မှာလဲ”ဟု မေးလိုက်ပါသည်။ “စစ်ဆေးရုံမှာပါ၊ သတင်းလာပို့တာ ဆရာကြီး”ဟု ပြောသည်။ “ကိုင်းဆရာလဲ ပင်ပန်းရောပေါ့၊မိန်းမလိုင်းပြန်အိပ်ဦး၊ မိုးလင်းမှ တွေ့ကြတာပေါ့”ဟု ပြောပြီး ပြန်အိပ်သည်။ နံနက် ဆေးရုံသွားကြည့်ရာ ညက အိပ်မက်လိုလို၊ တကယ်လိုလို မြင်သည့်အတိုင်း ရဲဘော်လှတင်သည် မိုးကာခြုံလျက် ဗယ်ဘက်ရင်အုံတွင် သေနတ်မှန်ထားသော သွေးရဲရဲနှင့်ဒဏ်ရာကို တွေ့ရသည်။

စာရေးသူသည် ဂုဏ်တော် ၉ ပါးကို တပါးချင်း အနက်အဓိပ္ပာယ်အား ဆင်ခြင်၍ နေ့စဉ်ဝတ်မပျက် ပုတီးစိပ်ခဲ့သောကြောင့် အထက်ပါ အဖြစ်အပျက်များ၊ နိမိတ်များကိုကြိုတင်၍ ထင်ခဲ့၊ မြင်ခဲ့၊ လက်တွေ့ကြုံရ၊ ဆုံရခြင်း ဖြစ်ပါသည်။

ပြီးတော့ စာရေးသူသည် ယခင်က (ဂုဏ်တော်များကို မပွားများမီက) မကြာခဏ ဒဏ်ရာများ ရရှိခဲ့ပါသည်။ ပြင်းထန်သော တိုက်ပွဲများကိုလည်း မကြာခဏ တိုက်ခိုက်ခဲ့ရပါသည်။ သို့သော် ဂုဏ်တော်များကို ကြိုးစားပွားများအားထုတ်မိသောအခါ တိုက်ပွဲများနှင့်လည်း မတွေ့ရ၊ ချုံခိုလည်း အတိုက်မခံရပဲ ရန်သူနှင့် ကွင်း၍ ကွင်း၍သာ လာခဲ့ပါသည်။

စာရေးသူ တပ်မတော်ထဲမှ ထွက်သည်အထိ ဂုဏ်တော်များကို ပွားများပြီး နောက်ပိုင်းတွင် ကြီးကျယ်သောမည်သည့် အန္တရာယ်ကိုမှ မတွေ့ရတော့ပါ၊ထို့ကြောင့်မိမိဘဝမြင့်မားရေး အန္တရာယ်ဘေးမှ ကင်းဝေးရေး၊ စိတ်ချမ်းသာရေးတို့ အတွက် ဂုဏ်တော်များကို ကြိုးစားအားထုတ်ကြပါကုန်ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

(သူရ ကျော်မောင်)

# ကိုးဌာန ဂုဏ်တော် ပုတီးစိပ်

ကိုးဌာန ဂုဏ်တော် ပုတီးစိပ် လမ်းညွှန်အကျဉ်း

၁။ ဗောဓိပင်နှင့် ရွှေပလ္လင်ထက်၌ (၇)ရက် သီတင်းသုံးတော်မူပုံကို အာရုံပြု၍....

**"သောဘဂဝါ ဣတိပိ အရဟံ"**

၂။ ဗောဓိပင် မဏ္ဍိုင်မှ အရှေ့မြောက်အရပ် အနိမိသကုန်းတော်မှ မမှိတ်သော မျက်စိဖြင့် ဗောဓိပင်နှင့် ရွှေပလ္လင်ကို ကြည့်ရှုတော်မူလျက် (၇)ရက် သီတင်းသုံးတော်မူပုံကို အာရုံပြုလျက်....

**"သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ"**

၃။ ဗောဓိပင် မဏ္ဍိုင်နှင့် အနိမိသကုန်းတော်အကြား နတ်အများ ဖန်ဆင်းသော ရတနာစင်္ကြံ၌ အရှေ့အနောက် စင်္ကြံလျှောက်၍ (၇)ရက် ပတ်လုံး သီတင်းသုံးတော်မူပုံကို အာရုံပြုလျက်....

**"သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော"**

၄။ ဗောဓိပင် မဏ္ဍိုင်မှ အမနောက် မြောက်အရပ် ရတနာဃရ ရွှေအိမ်၌ အဘိဓမ္မာ (၇)ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူ၍ ခြောက်ပါးသော ရောင်ခြည်တော်တို့ဖြင့် အံ့ဩမကုန် ကျက်သရေတော် အစုံတို့ဖြင့် (၇)ရက်ပတ်လုံး သီတင်းသုံး နေတော်မူပုံကို အာရုံပြုလျက်....

"သောဘဂ ဝါ ဣတိပိ သုဂတော"

၅။ ဗောဓိမဏ္ဍိုင်မှ အရှေ့အရပ် အဇပါလ ညောင်ပင်ရင်း၌ ဟုံဟုံကပုဏ္ဏား၏ ပုစ္ဆာပြဿနာကို ဖြေကြားတော်မူလျက် (၇)ရက်ပတ်လုံး သီတင်းသုံး နေတော်မူပုံကို အာရုံပြုလျက်....

"သောဘဂ ဝါ ဣတိပိ လောကဝိဒူ"

၆။ ဗောဓိမဏ္ဍိုင်မှ အရှေ့တောင်အရပ် မုစ္ဆလိန္ဒအိုင်၏အနီး မန်ကျည်းပင်ရင်းဝယ် မုစ္ဆလိန္ဒ နဂါးမင်း၏ ပူဇော်ခြင်းကို ခံယူတော်မူလျက် (၇)ရက်ပတ်လုံး သီတင်းသုံးနေတော်မူပုံကို အာရုံပြုလျက်....

"သောဘဂ ဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ"

၇။ ဗောဓိမဏ္ဍိုင်မှ အနောက်တောင်အရပ် ရာဇာယတန လင်းလွန်းပင်ရင်းဝယ် (၇)ရက်ပတ်လုံး သီတင်းသုံးတော်မူလျက် သိကြားမင်း၊ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်၊ တဖုဿ၊ ဖလိက ညီနောင်တို့၏

အလှူကို ခံတော်မူပြီးလျှင် ဒွေဝါစိက သရဏဂုဏ် စတင် ဟောကြားတော်မူပုံကို အာရုံပြုလျက်....

"သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ"

၈။ ဒုတိယအကြိမ် အဇပါလ ညောင်ပင်ရင်းသို့ ပြန်ကြွ သီတင်းသုံးတော် မူသောအခါ သဟမ္ပတိ ဗြဟ္မာ မင်းကြီးက ရတနာ ပန်းကုံးဖြင့် ပူဇော်ပြီးလျှင် သတ္တဝါ အပေါင်းတို့အား တရား ဟောကြားတော် မူရန် တောင်းပန် လျှောက်ထားပုံ အာရုံပြုလျက်

"သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ"

၉။ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုဏ်တောရှိ ပဉ္စဝဂ္ဂီ ငါးဦးအား အမှူးထားလျက် စကြဝဠာ တိုက် တသောင်း မှ စုဝေး ရောက်လာ သော နတ် ဗြဟ္မာ အပေါင်းတို့အား တရား ဟောကြားတော်မူပုံ ကို အာရုံပြုလျက် "သောဘဂဝါ ဣတိပိ ဘဂဝါ" ဟူ၍ အာရုံယူကာ ကိုးဌာန ပုတီးစိပ်နည်းကို ပွား များ အားထုတ်နိုင်ပေသည်။

ဂုဏ်တော် ကိုးပါး

# ကိုးဌာနပွားနည်း အကျယ်

## သော ဘဂဝါ ဣတိပိ အရဟံ

(ပထမံ) ဗောဓိပင်မင်း ရွှေညောင်းရင်းဝယ်၊ အပရာဇိရွှေ၊ ပလ္လင်ဘွဲ့၌၊ သခေါ်ထောင်သောင်း၊မာန်စစ်ပေါင်းကို၊ထောင်း ထောင်းကြေညက်၊ နှိပ်စက်ဖျက်ဆီး၊ အောင်မြင်တော်မူပြီး၍၊ ဘုရားသိကြား၊နဂါးဒေဝါ၊ဗြဟ္မာမကြွင်း၊ ဝိဇ္ဇာမင်းတို့၊ဝပ်စင်း တော်ရော်၊ပူဇော်ဝန္ဒနာ၊အပြာပြာကို၊ခံယူတော်မူသည်ဖြစ်၍၊ အင်္ဂြေနွှယ်၊ အပ္ပမေယျ၊ အပရိမာန အနန္တ၊ မကြံစည်အပ်၊ မှန်းယှဉ်အပ်၊အတိုင်းမသိ၊အဆုံးမရှိသော၊ဘုန်းတော်ကံတော် တန်းခိုးတော် အဟူး ဂုဏ် ကျေးဇူးတော်အပေါင်းတို့ တည်ရာ ရုဝေးရာ၊ အစစ်အဖြစ်ကြီး ဖြစ်တော်မူပါသောကြောင့်၊အရဟံ ဟူသော ဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော် မူပါပေသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဘုရားတပည့်တော်၏ကိုယ် ကျွင်း၌ရှိသော၊စက္ခုဒွါရ တည်းဟူသော ခြောက်ပါးကုန်သော

ဒွါရင့်၌ ပေါ်ထင်လင်းအောင် အရှည်သဖြင့် တည်နေကိန်း အောင်းတော်မူလှည့်ပါ့ အောင်စကြာနေတန္နန်းကဲ့သို့ ရွှေဘုန်း တော်ရှင် ထိပ်ခေါင်တင် သခင်ကိုယ်တော်မြတ်ကြီးဘုရား။

## သောဘဂ ဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ

(ဒုတိယံ) အနိမိသ၊ ကုန်းဌာနာဝယ်၊ အပဇိတ ပလ္လင်မကို ရှင်ပျယ်ဖိတ်၊ ပီတိစိတ်ဖြင့်၊ မမှိတ်မျက်စိ၊ စိမ်းစိမ်းကြည့်လျက်၊ ရပ်တော်မူကာ သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ တဘန် ပညတ်ဒွေယျငါးတန်၊ မြတ်ဓမ္မာန်ကို၊ ရေလေအစုမြေအထုနှင့်ယှဉ် တူနိုင်းပြိုင်။ မမိနိုင်ပဲ၊ သီလဘော်၊ သမာဓိတော်၊ ပညာတော်မြတ် ရွှေဉာဏ်မောတ်ဖြင့်၊ တပ်အပ်ထိုးထွင်း၊ အလင်းထင်ပေါ်၊ သိမြင် တော်မူပါပေသောကြောင့်၊ သမ္မာသမ္ဗုဒ္ဓ ဟူသော ဂုဏ်တော် မြတ်ကြီးနှင့် ပြည့်စုံတော်မူပါပေသော ဘုရားရှင် ကိုယ်တော် မြတ်ကြီးသည်၊ ဘုရားတပည့်တော်၏ ကိုယ်တွင်း၌ရှိသော စက္ခု ဒွါရ စသည်တို့၌၊ ထင်ပေါ်ထင်လင်းအောင်အရှည်သဖြင့် တည် နေကိန်းအောင်းတော် မူလှည့်ပါ့ အောင်စကြာ နေတန္နန်းကဲ့သို့ ရွှေဘုန်းတော်ရှင် ထိပ်ခေါင်းတင် သခင် ကိုယ်တော်မြတ်ကြီး ဘုရား။

## သောဘဂဂါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော

(တတိယံ) ရတနာစင်္ကြံ၊ နက်သန့်ဘူမိ၊ မြေသိရိဝယ်၊ လူးလာတုံ့ခေါက်၊ စင်္ကြံလျှောက်၍ နေတော်မူလျက်၊ မနှိုင်း ယှဉ်ဖွယ် ကြီးကျယ်ထူးမြတ်လှသော၊ ဝိပဿနာဉာဏ်တော်၊ မနောမယိဒ္ဓိဉာဏ်တော်၊ ဣဒ္ဓိဝိဓဉာဏ်တော်၊ ဒိဗ္ဗစက္ခုဉာဏ်တော်၊

ပုဗ္ဗေနိဝါသဉာဏ်တော်၊ စေတော ပရိယဉာဏ်တော် တည်းဟူသော ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူပါပေသောကြောင့် ဝိဇ္ဇာ စရဏ သမ္ပန္န ဟူသော ဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော်မူပါပေသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဘုရားတပည့်တော်၏ ကိုယ်တွင်း၌ရှိသော စက္ခုဒွါရ တည်းဟူသော ခြောက်ပါးကုန်သော ဒွါရတို့၌ ထင်ပေါ်ထင်လင်းအောင် အရှည်သဖြင့် တည်နေကိန်းအောင်းတော်မူလှည့်ပါ၊ အောင်စကြာ နေတန့်နန်းကဲ့သို့ ရွှေဘုန်းတော်ရှင် ထိပ်ခေါင်တင် သခင်ကိုယ်တော်မြတ်ကြီးဘုရား။

## သော ဘ ဂ ဝါ ဣတိပိ သုဂတော

(စတုတ္ထံ) ရတနာသဃရ၊ တောက်ပရောင်ရှိန်၊ မြတ်ရွှေအိမ်ဝယ်၊ ချမ်းမြေ့လှစွာ အဘိဓမ္မာခုနစ်ကျမ်း၊ ပဋ္ဌာန်းဒေသနာတော် မြတ်တို့ကို သုံးသပ်ဆင်ခြင်၊ ခြောက်ရောင်ရှင်ဖြင့်၊ တင့်တယ်လုံးရုံ၊ အဖုံဖုံကို၊ အကုန်လွှမ်းအုပ်၊ ခေါင်ကချုပ်လျက်၊ ဆင်းရုပ်သိင်္ဂါ၊ ခြောက်ရောင်ခြည်ဖြင့်၊ ကြည်ဖွယ်သာမော၊ ဖူးသူသြမျှ၊ ပြည့်ချော့သပ္ပာယ၊ လူမျိုးကြွယ်လျက်၊ လူနတ်တို့ ကြည်ညိုဖွယ် နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ အသွယ်သွယ် အဝဝသော၊ ရူပကာယ၊ ဂုဏ်ကျေးဇူးတော်၊ နာမကာယ ဂုဏ်ကျေးဇူးတော်တို့ဖြင့် ပြည့်စုံတော်မူပါပေလျက်၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ မကပ်ငြိဘဲ၊ မဇ္ဈိမပဋိပတ်၊ ကောင်းမြတ်ဖြောင့်တန်း၊ မဂ္ဂင်လမ်းဖြင့်၊ ရွှေနန်းပူရ၊ သေးမဲ့ပြည်ကို ကြွချီဆိုက်ရောက်တော်မူပါပေသောကြောင့် သုဂတဟူသော ဂုဏ်တော်မြတ်ကြီးဖြင့် ပြည့်စုံတော်မူပေသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဘုရားတပည့်

တော်ကိုယ်တွင်း၌ရှိသော စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ကာယဒွါရ၊ မနောဒွါရ၊ တည်းဟူသော ခြောက်ပါးကုန်သောဒွါရတို့၌၊ ထင်ပေါ်ထင်လင်းအောင် အရှည်သဖြင့် တည်နေကိန်းအောင်းတော်မူလှည့်ပါ၊ အောင်စကြာ နေတန္ခွန်းကဲ့သို့ ရွှေဘုန်းတော်ရှင် ထိပ်ခေါင်တင် သခင်ကိုယ်တော်မြတ်ကြီးဘုရား။

သောဘဂဝါ ဣတိပိ လောကဝိဒူ

(ပဥ္စမံ) ဆိတ်ကျောင်းမည်တွင်၊ မြတ်ညောင်ပင်ဝယ်၊ တင့်တယ်စွာ စံနေတော်မူပြီး၍၊ ကာမရူပ အရူပဟု၊ လောကအပြင် ဘုံတခွင်ကို ကုန်စင်ခပင်း၊ မကျန်ကြွင်းအောင်၊ အလင်းထင်ပေါ် သိမြင်တော် မူစေနိုင်တတ်သော ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်၊ အာသယာ နုသယဉာဏ်တော်၊ သဗ္ဗညုတ ဉာဏ်တော်၊ အနာဝရဏဉာဏ်တော် တည်းဟူသော အသာဓါရဏဉာဏ်တော်ခြောက်ပါး၊ အားတော်ဆယ်ပါးတို့ဖြင့် သတ္တလောက၊ သင်္ခါရနှင့် ဩကာသဟု သုံးဝသော လောကဓာတ်တို့ကို၊တပ်အပ်ထိုးထွင်း၊ အလင်းထင်ပေါ် သိမြင်တော်မူပါပေသောကြောင့်၊ လောကဝိဒူဟူသော ဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော်မူပါပေသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဘုရားတပည့်တော်၏ ကိုယ်တွင်း၌ရှိသော စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရ တည်းဟူသော ခြောက်ပါးကုန်သော ဒွါရတို့၌ ထင်ပေါ်ထင်လင်းအောင် အရှည်သဖြင့် တည်နေကိန်းအောင်းတော်မူလှည့်ပါ၊ အောင်စကြာ နေတန္ခွန်းကဲ့သို့

ရွှေဘုန်းတော်ရှင် ထိပ်ခေါင်တင် သခင်ကိုယ်တော်မြတ်ကြီး ဘုရား။

## သောဘဂ္ဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ

(ဆဌမံ) မုဋ္ဌလိန္တာ၊ အိုင်သာဖြန့်ကျင်း၊ ကျည်းပင်ရှင်းဝယ်၊ သနင်းလူဆွေ၊ စပ္ပါယ်နေသော်၊ မိုးလေထန်ပြင်း၊ သွန်းချခြင်းကြောင့်၊ မြွေမင်းရန်ဟန့်၊ ပါးပျဉ်းဖြန့်လျက်၊ ချီးအုံ့တန်ခိုး ထီးမှတ်မိုးလျက်၊ ရက်သတ္တာဖြင့်၊ စံနေတော်မူသောအခါ၊ အတုမရှိသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးသုံးဆယ့် နှစ်သွယ်ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ အံ့ဖွယ်သောအနန္တ ဂုဏ် တန်ခိုးဂုဏ်ရှစ်ဦး ဘုန်းတော်ထူးသောကြောင့် အံ့မူး ကြီးပိုင်၊ မချိုးနိုင်၍၊ တပြိုင်တည်လျက် တပြိုင်ပျက်သော စကြာ ဝဠာတိုက်နေ၊ သိန်းကုဋေလုံး၊ ရွှေမှုဒွာန်စမ်း၊ အာဏာလွှမ်း လျက်၊ ငါမင်းစိမ့်စိမ့်၊ ကြက်သီးဖိန့်မျှ၊ ခြိမ့်ခြိမ့်ကြေးကြော်၊ ပူဇော်ကြရာ၊ သုံးရွာလုံးတန်ဆောင်၊ မင်းခေါင်မင်းဖျား မင်း တရားအစစ် ဖြစ်တော်မူ၍ နန္ဒောပနန္ဒ၊ သစ္စကနှင့် ဗကဗြဟ္မာ၊ ဘုတ္တာဂါကို၊ ဒေသနာသာ၊ ဆိပ်အံ့ငြိမ်းဆေး၊ အမြန်ပေး၍၊ ယဉ် ကျေးအောင်ပြု ဆုံးမမူဝယ်၊ အတုမရှိ လွန်ကဲထူးမြတ်တော်မူပါ ပေသောကြောင့် အနုတ္တရော ပုရိသ ဒမ္မသာရထိ ဟူသောဂုဏ် တော်မြတ်ကြီးနှင့် ပြည့်စုံတော်မူပါပေသော ဘုရားရှင်ကိုယ် တော်မြတ်ကြီးသည် ဘုရားတပည့်တော်၏ ကိုယ်တွင်း၌ရှိသော ကျွေဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရ တည်းဟူသော ခြောက်ပါးကုန်သော ဒွါရတို့၌ ထင်ပေါ်ထင်လင်းအောင် အရှည်သဖြင့် တည်နေကိန်းအောင်း

တော်မူလှည့်ပါ၊ အောင်စကြာနေတန္ဆုန်းကဲ့သို့ ရွှေဘုန်းတော်ရှင် ထိပ်ခေါင်တင် သခင်ကိုယ်တော်မြတ်ကြီးဘုရား။

## သောဘဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ

(သတ္တမံ) ရာဇာယတန၊ မည်ရခေါ်တွင် လင်းလွန်းပင်ဝယ်၊ သိုက်မြိုက်တင့်စွာ၊ ရက်သတ္တာဖြင့်၊ စံတော်မူလျက်၊ ရွှေးရွှေးသောဘဝ အထူးတို့က ဖြည့်ဆည်းတော်မူခဲ့သော ကံသမ္ဘာအကြောင်း၊ ပါရမီပေါင်းစုံ ကုသိုလ်တော် အဟုန်တို့ကြောင့် ဖြစ်သော အမျိုးအားဖြင့် လွန်ကဲကြီးမြတ်ခြင်း၊တန်ခိုးဣဒ္ဓိ ဂုဏ်သတ္တိအားဖြင့်လွန်ကဲကြီးမြတ်ခြင်း၊ ဘုန်းတော်ပါရမီတော်အားဖြင့် လွန်ကဲကြီးမြတ်ခြင်းတည်းဟူသောမဟတ္တဂုဏ်တော်သုံးပါး ဝေသာရဇ္ဇဉာဏ်တော်လေးပါး၊စက္ခုတော်ငါးပါး၊ ဘုန်းတော်ခြောက်ပါး၊ တန်ခိုးတော်ရှစ်ပါး၊ အံ့ဖွယ်အထူး ဂုဏ်ကျေးဇူးတော် အပေါင်းတို့ကြောင့် သုံးဘုံရပ်သူ၊နတ်လူဗြဟ္မာ၊သတ္တဝါများ၊ သောင်းထိုက်သားတို့ ဝပ်တွားရို့ပြောင်း၊ ညွှတ်ညောင်းငယ၊ဆုံးမခံရာ၊ ဆရာသခင် ကျေးဇူးရှင်အစစ် ဖြစ်တော်မူပါပေသောကြောင့် သတ္ထာဒေဝ မနုဿာနံဟူသော ဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော်မူပါပေသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဘုရားတပည့်တော်၏ ကိုယ်တွင်း၌ရှိသော စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရတည်းဟူသော ခြောက်ပါးကုန်သော ဒွါရတို့၌ ထင်ပေါ် ထင်လင်းအောင် အရှည်သဖြင့်တည်နေကိန်းအောင်းတော်မူလှည့်ပါ အောင်စကြာ နေတန္ဆုန်းကဲ့သို့ ရွှေဘုန်းတော်ရှင် ထိပ်ခေါင်တင် သခင် ကိုယ်တော်မြတ်ကြီးဘုရား။

## သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ

(အဋ္ဌမံ) ဆိတ်ကျောင်း ညောင်ပင် တဖန်ဝင်၍ မြတ်ရှင်ဘဂဝါ စံသောအခါဝယ် သဟမ္ပတိ မည်ရှိဗြဟ္မာ လက်ကတ္တာကို ကောင်းစွာညွှတ်ရိုး မြတ်ပန်းကုံးဖြင့် ဦးဆုံးကော်ရော်ပူဇော်ဝန္ဒနာ ပြုပြီးခါလျှင် ဘုရားရှင်အား တရားဓမ္မ ဟောပြစိမ့်ငှာ လက်အုပ်ကြသည့် နဖူးပြင်ဝယ် တင်ကာခညောင်းတောင်းပန်အပ်သည်ဖြစ်၍ ရှေ့တနာသော်မှော် မျက်နှာတော်ရှင်ပုံကုမုဒ်ခိုဖြင့် သုံးဘုံရပ်လုံး၊ များပါတုန်းကို ညွှတ်ရိုးမပြေ၊ တပ်မောစေသား ဝေးရှန်ဒုက္ခ သမုဒယ၊ နိရောနှင့် မဂ္ဂသစ္စာ၊ ဤလေးဖြာကို ကောင်းစွာထင်ထင် သိမြင်တော် မူပါပေသောကြောင့် ဗုဒ္ဓဟူသော ဂုဏ်တော်မြတ်ကြီးနှင့် ပြည့်စုံတော်မူပါပေသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဘုရားတပည့်တော်၏ ကိုယ်တွင်း၌ရှိသော စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရ တည်းဟူသော ခြောက်ပါးကုန်သော ဒွါရတို့၌ ထင်ပေါ်ထင်လင်းအောင် အရှည်သဖြင့် တည်နေခန်းအောင်းတော်မူလှည့်ပါ၊ အောင်စကြာနေတန့်နိုး ကျော်ကို ရွှေဘုန်းတော်ရှင် ထိပ်ခေါင်တင် သခင် ကိုယ်တော်မြတ်ကြီး ဘုရား။

## သောဘဂဝါ ဣတိပိ ဘဂဝါ

(နဝမံ) မိဂဒါဝုန် တောဝိုပ်ကြီးဝယ် ဂင်္ဂါနှစ်သိ၊ ဖြန့်ချိကြမြန်း ကျွတ်တန်းစေမှီ ငါးလီသော ပဉ္စဝဂ်တို့အား တရားဓမ္မစကြာ ဟောဖော်မြွက်၍ သုံးဘော်သော လောကဓာတ်ကို

လှမ်းမိုးလျက် ဘဝဂ် ဝိစိမက၊ ခေတ်ဝိသယလုံးကို အုပ်ဖုံးစိုးပိုက် အထွတ်မကိုဋ္ဌ အမြိုက်သာမိ အဓိပတိအရှင် ဘုရားမင်းစစ် ဖြစ်တော်မူပါပေလျက် ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ ပယတ္တသည်သုံးစုံ ဘုန်းတော်တွေ အနန္တ၊ ကံတော်တွေအနန္တ၊ ဉာဏ်တော်တွေအနန္တ၊ ပါရမီတော်တွေအနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော် ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူပါပေသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဘုရားတပည့်တော်၏ ကိုယ်တွင်း၌ရှိသော စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရတည်းဟူသော ခြောက်ပါးကုန်သော ဒွါရတို့၌ ထင်ပေါ်ထင်လင်းအောင် အရှည်သဖြင့် တည်နေကိန်းအောင်းတော် မူလှည့်ပါ၊ အောင်စကြာနေတန္နန်းကဲ့သို့ ရွှေဘုန်းတော်ရှင် ထိပ်ခေါင်တင်သင်ကိုယ်တော်မြတ်ကြီးဘုရား။

ဤသို့လျှင် ကျေးဇူးတော်အစုံ၊ ဂုဏ်တော်အနန္တ၊ တူမျှဉာဏ်တော် ဘုန်းတေဇော်တို့ဖြင့် ထင်ပေါ်ပြည့်ဝ ဌာနကိုးမျိုး ကိုးကြိမ်စမွာယ်၊ ကိုးဂုဏ်ကြွယ်သား၊ မြတ်ဘုရား၏ ခြေဖျားတော်မှ ဆံဖျားတော်တိုင်အောင် မျှော်လျက် ချင့်တွက်မှန်းကျုံး မြပန်းကုံးဖြင့် ကြည်ဆုံးသဒ္ဓါ ရှိသေစွာလျှင် ခါခါလေးမြတ် ဆည်းကပ်ကော်ရော် ပူဇော်အဖန်ဖန်၊ သုံးတန်စေတနာ သုံးဖြာဒွါရ၊ ပဉ္စာမသုံးလီ၊ တင်ချီလက်စုံ ကြာပဒုံဖြင့် ကြည်ယုံမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။

ဤသို့ရှိခိုးပါရ ထိုကုသလကြောင့် လေးဝအပါယ် သုံးသွယ်သောကပ်၊ ရပ်ပြစ်ရှစ်တန်၊ ရန်သူငါးဖြာ ဆက်တိုင်းကွာ၍ ယုတ်မာဓမ္မ၊ ကျင့်ပါပကို၊ ဝေးကြဉ်ရှောင်၊ ရန်မျိုးအောင်

လျက်၊ ကုသိုလ်ဆယ်ခု၊ စတုစက္က သတ္တာဥစ္စာ၊ ခုနစ်ဖြာနှင့် ပါရမီဆယ်ပါး မြတ်တရားကို မမှားမယွင်း၊ မတိမ်းမလွဲ ဆက်တိုင်းမြဲ၍ ရဲရင့်ပညာ ကေသရာသို လေးဖြာပွဲလယ် လွန်တင့်တယ်၍ သိလွယ်လျင်မြန် ထက်သောဉာဏ်နှင့် သံသရာဘဝ ပြည့်စုံလှ၍ ရာဂငြိမ်းရာ၊ နိဗ္ဗူတာသို့ မှန်စွာရောက်ကြောင်း ဆုမွန်တောင်းသည်၊ ကောင်းကျိုးချမ်းသာ ရောက်စေသော၀်၊ မြတ်ရှင်စောသြကာသ-သြကာသ။

## အချင်းသူတော်ကောင်း

အထက်ပါ ဗုဒ္ဓမြတ်စွာ၏ ကိုးပါးသော ဂုဏ်တော်မြတ်တို့ကို၊ ယုံကြည်လေးစားစွာ နံနက်အိပ်ရာထနှင့် ညအိပ်ရာဝင်တို့၌ အလွတ်ရအောင် ကျက်မှတ်သရဇ္ဈာယ်ပြီး သုံးဆယ့်တဘုံသားတို့အတွက် မေတ္တာတရားကို တတ်အားသမျှ ပွားများကြရာသည်။

ထို့နောက်မှ အေးမြကြည်လင်လှစွာသော မနောဓာတ်တည်ကြည်၊ ငြိမ်သက်လှစွာသော သမာဓိ၊ ကြီးထွားနိုင်လှသော ဝိရိယတို့ဖြင့် သက်ဆိုင်ရာဂုဏ်တော်ကို သက်ဆိုင်ရာ ဌာနတွင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိန်းအောင်း သီတင်းသုံးလျက်ရှိနေဟန်ကို မနောဖြင့် ကြံဆပန်ဆင်း၊ နှလုံးသွင်း၍ ပုတီးမပါပဲဖြစ်စေ၊ ပုတီးဖြင့်ဖြစ်စေ ပွားများကြလေကုန်။

ပြောမယုံ ကြုံဖူးမှ သိလိမ့်မည်၊ ပုတီး(ကိုးပတ်၊ ကိုးပတ်၊ ဆယ့်ရှစ်ပတ် စသဖြင့်၊ နဝင်းကိုက် အဓိဋ္ဌာန် ပါရမီမြောက် ပွားများအားထုတ်ကြပါလေကုန်။

(တတိယအကြိမ်) စပယ်ဦးစာပေ

ရှေးသူတော်ကောင်းကြီးတို့ အမြဲ ပူဇော်သော

# မဟာ ရတနာ ဂုဏ်တော်ကြီး

ဤ မဟာရတနာ ဂုဏ်တော်ကြီးဖြင့် ရှေးသူတော်စင် သူတော်မြတ်အပေါင်းတို့ မြတ်စွာဘုရားအား အမြဲ ပူဇော် ကန်တော့ပန်းဆင်လေ့ ရှိပါသည်။

## ဣတိပိသော ဂုဏ်တော်

(ရန်သူအပေါင်း အောင်နိုင်သော အကျိုးကို ပေးစွမ်း နိုင်၏။)

— ဣတိပိသော ဒိဗ္ဗမန္တော၊ ဣသာရော၊ သဗ္ဗဘုမ္မိယော။

— ဣတိပိ ပါရမီတိံသ၊ ဣတိပိ မာရဝိဇ္ဇယော။

— ဣတိပိ ပါရမီတိံသ၊ ဣတိပိ သဗ္ဗညုဂုဏော။

— ဣတိပိသော အနုပ္ပတ္တော၊ ဣတိပိ နာမ တေ နမော။

## ဘဂဝါ ဂုဏ်တော်

(မိမိ ရအပ်သော ပစ္စည်းတို့ကို သူတပါးတို့ မဖျက်ဆီးနိုင်၊ ရန်ဟူသမျှကို အောင်မြင်စေနိုင်၏။)

— ဘဂဝါ ဘဂဝါ နာထော၊ ဘဂ္ဂ ကိလေသ ဝါဟနော၊
— ဘဂ္ဂဝန္တော မဟာယသော၊ ဘဂဝါ မာရဝိဇ္ဇယော။
— ဘဂဝါ ဘဂဝါယတ္တော၊ ဘဂ္ဂကိလေသ မာဂမော။
— ဘဂဿ ပါပကော ဓမ္မော၊ ဘဂဝါ နာမ တေ နမော။

## အရဟံ ဂုဏ်တော်

(ဂုဏ်ခြပ်ကြီးမား၍ အောက်လက် ငယ်သား ဟူသမျှတို့၏ အရိုအသေကို ခံရစေနိုင်၏။ အတွင်းရန် အပြင်ရန်တို့ကို ငြိမ်ဝပ်စေ၏။)

— အရဟော နာမ သမ္ဗုဒ္ဓေါ၊ အရဟော ဂုဏဝိသေသော။
— အရဟော ပါကဋော လောကေ၊ အရဟော မာရဝိဇ္ဇယော၊
— အရဟောတိ နာမေနေ၊ အရဟော ပါပံ နကာရယိ၊
— အရဟတ္တ ဖလပတ္တော၊ အရဟော နာမ တေ နမော။

## သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်

(မှန်သော အသိဉာဏ်၊ သိမ်မွေ့နက်နဲသော ဉာဏ်၊ အပြော် အပြင်ရှိသော ဉာဏ်တို့နှင့် ပြည့်စုံစေနိုင်၏။)

— သမ္မာသမ္ဗုဒ္ဓေါ သဗ္ဗညူ၊ သမ္မာလောကုတ္တရောနဝ၊
— သမ္မာ ခိဏာသဝေါ သံဃာ၊ သမ္မာစ မာရဝိဇ္ဇယော။
— သမ္မာသမ္ဗုဒ္ဓ ဉာဏေန၊ သမ္မာသဒ္ဓမ္မ ဒေသိတော၊
— သမ္မာသမ္ဗုဒ္ဓေါ လောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓ တေ
နမော။

## ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်

(နှုတ်မှု၊ ဝိဘ်မှု၊ နိဿယျ ပညာတို့သည် ရှေးရှုရောက်စေတတ်၏။ အမှုပ်သိမ်းတို့၌ ကောင်းကျိုး ဆိုးကျိုးကိုဆင်ခြင် ဆုံးဖြတ်နိုင်၏။)

— ဝိဇ္ဇာစရဏ သမ္ပန္နော။ဝိဇ္ဇာစရဏ သာဂရော၊
— ဝိဇ္ဇာတနေကော သဗ္ဗညူ၊ ဝိဇ္ဇာစ မာရဝိဇ္ဇယော။
— ဝိဇ္ဇာစရဏ သမ္ပန္နော၊ တိဿောဝိဇ္ဇာ ပကာသိတာ၊
— အနာဂတ ပစ္စုပ္ပန္နော၊ ဝိဇ္ဇာစရဏ တေ နမော။

## သုဂတော ဂုဏ်တော်

(ရှိပြီးသော ဝိပွားချမ်းသာ စည်းစိမ်ဥစ္စာတို့မှ မချို့တဲ့သော အကျိုးကို ရရှိစေနိုင်၏။ တပါးသော ပညာသည်တို့၏ ဖောက်ပြန်သောအစာ ဆေးဝါးတို့ကို မူလဇာတိ ပကတိရုပ်သို့ ပြန်စေ၏။)

— သုဂတော နိဗ္ဗာနံ ယန္တိ၊ သုဂတော လောက
နာယကော၊
— သုဂတော လောကသာမိကော၊ သုဂတော မာရ
ဝိဇ္ဇယော၊

- သုဂတော သုဂတဥ္စာနံ၊ သုဂတော သုန္ဒရံပိစ၊
- သုဂတော နိဗ္ဗာနံ ယန္တိ၊ သုဂတော နာမ တေ နမော။

## လောကဝိဒူ ဂုဏ်တော်

(ရန်သူ နှစ်ဦး တို့အား သင့်မြတ်ညီစေနိုင်၏။ သူတပါး၏ စီးပွားကို သယ်ပိုး ဆောင်ရွက်နိုင်၏။)

- လောကဝိဒူတိ လောကဿ၊ လောကသိဒ္ဓိ ပတာ ဝိတော၊
- လောကဂုဏော မဟာဝိရော၊ လောကဂ္ဂ မာရ ဝိဇ္ဇယော၊
- လောကဝိဒူတိ နာမေနာ၊ တီတာဉာဏ လောကဝိဒူ။
- သခါရ သတ္တ မောကာသံ၊ လောကဝိဒူတိ တေ နမော။

## အနုတ္တရော ဂုဏ်တော်

(တပါးသော ပညာသည်တို့နှင့် ယှဉ်ကွေသည့်အခါ ယှဉ်လာသူတို့၏ အရှိအသေကို ခံရစေနိုင်၏။ မိမိ၏ ပညာကို ကြီးကျယ်စေ၏။ မိမိ၏ ဂုဏ်သတင်းကို ထွန်းလင်းစေ၏။)

- အနုတ္တရော ဉာဏသိရော၊ အနုတ္တရောအာနုဘာဝေါ၊
- အနုတ္တရောတိ လောကသ္မိံ၊ အနုတ္တရောစ ဝိဇ္ဇယော။
- အနုတ္တရော ဂုဏသီလော၊ ယော လောကဿ အနုတ္တရော၊
- အနုတ္တရေန လောကသ္မိံ၊ အနုတ္တရောစ တေ နမော။

## ပုရိသ ဒမ္မသာရထိ ဂုဏ်တော်

(ရိုင်းပျကြမ်းကြုတ်စွာ ရန်မူလိုသော သူတို့အား ငြိမ်ဝပ်ပိပြားစေ၏။ ဆန့်ကျင်ဘက် ပြုလိုသူတို့ မဆန့်ကျင်ပဲ အလို ဝပ်သိမ်း ငြိမ်းငြိမ်းစေသော အကျိုးကို ဆောင်နိုင်၏။)

- ပုရိသ ဒမ္မသာရထိ၊ ပူရေဇ္ဇော ဒါနပါရမိ၊
- ပုရေတိ သဗ္ဗလောကဿ၊ ပူရတိ မာရ ဝိဇ္ဇယော။
- သာရထိ သာရထိဒေဝ၊ ယော လောကဿစ သာရထိ၊
- ဌပေတွာ ပုရိသ သေဋ္ဌံ၊ သာရထိနာမ တေနမော။

## သတ္ထာဒေဝ မနုဿာနံ ဂုဏ်တော်

(အပျော့၏ ရှေ့သွားခေါင်းဆောင် ဖြစ်စေတတ်၏။ မိမိနှင့်တကွ နောက်ပါလူအပေါင်းတို့၏ စိတ်နှလုံး ဗျာပါဒ သောက ကို ကင်းငြိမ်းစေနိုင်၏။)

- သတ္ထာဒေဝ မနုဿာနံ၊ သတ္ထာဒေဝ တိဘဝနံ။
- သတ္ထာဒေဝ မုနိနာမ၊ သတ္ထာစ မာရဝိဇ္ဇယော။
- သတ္ထာဒေဝ မနုဿာနံ၊ သတ္ထာ ဟောတိစ ယောမုနိ။
- သံသာရ ရထစက္ကာနံ၊ သတ္ထာဒေဝ တေ နမော။

## ဗုဒ္ဓေါ ဂုဏ်တော်

- ဗုဒ္ဓေါ သဗ္ဗဗိတော ဓမ္မေ၊ ဗုဒ္ဓေါ ဉာဏေန သမ္ဗုဒ္ဓေါ။
- ဗုဒ္ဓေါနာမ တိလောကသ္မိံ၊ ဗုဒ္ဓေါစ မာရဝိဇ္ဇယော။
- ဗုဒ္ဓေါ ဗုဒ္ဓေါတိ သစ္စာနိ၊ စတုသစ္စာ ပကာသိတာ။
- သစ္စံ ဗုဒ္ဓဿ ဉာဏေန၊ ဗုဒ္ဓဿနာမ တေ နမော။

## ဘဂဝါဂုဏ်တော်

(ဆင်းရဲကျဉ်းမြောင်းခြင်း၊ အချုပ်အနှောင် ခံရခြင်းတို့မှ ကင်းလွတ်စေနိုင်သော အကျိုးကို ဖြစ်စေနိုင်၏။)

- ဘဂ္ဂါ သဝေါ သမ္ဗုဒ္ဓေါ၊ ဘဂ္ဂရာဂေါ မစ္ဆုဘဂ္ဂါ။
- ဘဂ္ဂါ ပါပ အကုသလော၊ ဘဂ္ဂဝါ မာရဝိဇ္ဇယော။
- ဘဂ္ဂရာဂေါ ဘဂ္ဂဒေါသော၊ အဂ္ဂမောဟော အနာသဝေါ။
- ဘဂ္ဂသံသာရ မုတ္တမော၊ ဘဂ္ဂဝါနာမ တေ နမော။

## နဝ ဂုဏ်တော်ချုပ်ဂါထာ

(အမင်္ဂလာကင်း၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေတတ်၏။)

- နဝ ရတန မောကာသံ၊ နဝဂုဏံ နရာသဘံ၊
- နရာ နရာန မောကာသံ၊ နရာနာထံ နမာမဟံ၊
- အဂ္ဂ မဂ္ဂ မဟာပုညံ၊ ရာဇာရာဇ ဇနာဒိဗ္ဗ၊
- ဒေဝ ဒေဝဋ္ဌ သမ္ဗုဒ္ဓံ၊ သိရသာဟိ ဝရံ နမေ၊

ဤ ဂုဏ်တော်ကိုးပါး ဘုရားရှိခိုး ဂါထာ များသည် ဘားမဲ့ဆရာတော်ဘုရား စသော ဆရာတော် ဘုရားကြီးများနှင့် တကွသော ဥဒ္ဒိမဂ္ဂဝါဒီ၊ လောကဝိဇ္ဇာ ဆရာအပေါင်းတို့ နှစ်ထောင်းအားရ နေ့ညမဟူ ပူဇော်ဝတ်ပြု ရှိခိုးတော်မူကြသော ဂါထာများပင် ဖြစ်ပေ၏ဟု၍ ရှေးသူတော်စင်တို့ ဖွင့်ဆိုကြသည်။

တဖန် သူမြတ်အပေါင်းတို့သည် အထက်ပါ ဂုဏ်တော် မြတ်ကိုရွတ်ဖတ်ပူဇော်ရာ၌ ပိုမိုလေးနက်စေရန် အနက်အဓိပ္ပာယ် များကိုပါ ဆက်လက် တင်ပြလိုက်ရပါသည်။

## ဣတိပိသော ဂုဏ်တော်အနက်

ပါရမိတိံသံ၊ အပြားသုံးဆယ်သော ပါရမီတော်တို့ကို။ ပူရေန္တော၊ ဖြည့်ကျင့်တော်မူသော။ သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသခင်သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်။ သဗ္ဗဘုမ္မိယော၊ ခပ်သိမ်းကုန်သောဘုံတို့ ကို။ လောကသရော၊ အစိုးရတော်မူသော။ ဒိဗ္ဗမန္တောဝိယ၊ နတ်၏ မန္တရားကဲ့သို့သော ဘုန်းတန်ခိုး အာနုဘော်ရှိတော်မူ၏။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ဣတိပိ ဣမိနာစ ကာရ ဏေန၊ ဤသို့သော အကြောင်းကြောင့်လည်း။ မာရဝိဇ္ဇယော၊ မာရ်ငါးပါးကို အောင်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်လည်း။ ဣတိပိသော၊ ဣတိပိသော မည် တော်မူ၏။

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ဣတိပိ ဣမိ နာစ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်လည်း။ ပါရမိတိံသံ၊ အပြား သုံး ဆယ် သော ပါရမီတော် တို့ကို။ ပူရေန္တော၊ ဖြည့်ကျင့်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာ ဘုရားသခင်သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်လည်း။ သဗ္ဗညုဂုတော၊ သဗ္ဗညုတ ဉာဏ်

တော်၏ တည်ရာအဖြစ်သို့ ရောက်တော်မူ၏။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ဤသို့သောအကြောင်းကြောင့်လည်း။ အနုပ္ပတ္တော၊ ဒေသနာတော်အစဉ်သို့ ရောက်တော်မူ၏။ ဣဘိပိနာမ၊ ဤသို့အမည်ရှိတော်မူသော။ တေ၊ရှင်တော်မြတ်ဘုရားအား။ အဟံ၊ တပည့်တော်သည်။ နမော နမာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

## ဘဂဝါ ဂုဏ်တော် အနက်

ဘဂ္ဂကိလေသ ဝါဟနော၊ ချိုးဖျက်အပ်သော ကိလေသာတို့ကို ဆောင်တော်မူတတ်ထသော။ ဘဂဝါ၊ ဣဿရိယ၊ ဓမ္မ၊ ယသသိရီ၊ ကာမ၊ ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ နာထော၊ ဗြဟ္မာနတ်လူ သုံးဘုံသူတို့ ကြည်ညိုမြတ်နိုးကိုးကွယ်ရာစစ် ဖြစ်တော်မူထသော။ ဘဂဝါ၊မြတ်စွာဘုရားသခင်သည်။ဘဂ္ဂဝန္တော၊ ချိုးဖျက်ခြင်းဟု ဆိုအပ်သော ဂုဏ်တို့ကြောင့်။မဟာယသော၊မြတ်သော ကျော်ဇောခြင်း ရှိတော်မူပါပေ၏။

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးအရှင် ဘုရားသခင်သည် မာရဝိဇ္ဇယော၊ မာရ်ငါးပါးကို အောင်မြင်တော် မူပါပေ၏။ ဘဂ္ဂကိလေသ၊ မာဂမော၊ချိုးဖျက်အပ်သော ကိလေသာရှိတော်မူပြီးသော။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးအရှင် ဘုရားသခင်သည်။ ဘဂ္ဂဝါယုတ္တော၊ ဘုန်းတော်အနန္တနှင့် ယှဉ်တော်မူ၏။ ပါပကော ခမ္မော၊ယုတ်မာသောပါပညစ်ကျူး၊မကောင်းမှုကို။ ဘဂ္ဂဿ ချိုးဖျက်တော်မူပြီးသော။ ဘဂဝါ နာမ၊ ဘဂဝါ

မည်တော်မူသော။ တော၊ ထိုရှင်တော်မြတ် ဘုရားအား။ မေ၊ တပည့်တော်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထုဘဝတု၊ ဖြစ်ပါစေသတည်း။

## အရဟံ ဂုဏ်တော် အနက်

သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးရပ် တရားမြတ်ကို ပိုင်းဖြတ်ကုန်စင် သိမြင်တော်မူသော မြတ်စွာဘုရားသခင်သည်။ အရဟတော၊ မကောင်းမှုမှ ဆိတ်တော်မူခြင်းဟု ဆိုအပ်သော ဂုဏဝိသေသ ဂုဏ်အထူးတို့ကြောင့်။ အရဟော နာမ၊ အရဟ၊ မည်တော်မူပါပေ၏။ လောကေ၊ လောကသုံးနှင့် ဘုံအပြင်၌။ အရဟော၊ အကုသိုလ်တရားတို့မှ ဆိတ်ခြင်းကြောင့်။ပါကဋော၊ လူနတ်သတ္တဝါတို့ထက် ထင်ရှားတော် မူပါပေ၏။

အရဟော၊ ကိလေသာတို့မှ ဆိတ်ခြင်းကြောင့်။ မာရဝိဇယော၊မာရ်ငါးပါးကို အောင်တော်မူပါပေ၏။ယောဘဂဝါ အကြင်မြတ်စွာဘုရားသည်။ ပါပံ၊ မကောင်းမှုကို။ ကာရာသိ၊ ကာရာသိတုံ၊ ပြုခြင်းငှာ။နရဟော မဆိတ်သည်၏အဖြစ်ကြောင့်။ အရဟောတိ နာမေန၊ အရဟော ဟူသော အမည်တော်ဖြင့်။ ပါကဋော၊ ထင်ရှားတော် မူပါပေ၏။ အရဟတ္တ ဖလပတ္တော၊ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။ အရဟော နာမ၊ အရဟ အမည်ရှိတော်မူသော။ တော၊ အရှင်တော်မြတ်ဘုရားအား။အဟံ၊ တပည့်တော်သည်။ နမော၊ ရှိခိုးခြင်းကို။ ကရောမိ၊ ထိခြင်းငါးမည် အညီလိဖြင့် တည်ကြည်ရှေးရှု ဂရုညွတ်ကျိုး ရှိခိုးပါ၏ အရှင်ဘုရား။

## သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော် အနက်

နဝ၊ ကိုးပါးအပြားရှိကုန်သော။ လောကုတ္တရော၊ လောကမှ လွတ်မြောက်ရာ မြတ်ဓမ္မကို။ သမ္မာ၊ ကောင်းစွာကော၊ မဖောက်မပြန်။ သဗ္ဗာညု၊ ကြွင်းမဲ့ဉဿုံ အကုန်အစင် သိမြင်တော်မူပြီးသည်၏ အဖြစ်ကြောင့်။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏။ ခိဏာသဝေါ၊ ကင်းကုန်ပြီးသော အာသဝေါ ရှိကုန်သော။ သံဃံ၊ အရိယာအစစ် ဖြစ်ထိုက်မှန်အပ် သံဃာတော်မြတ်ကို။ သမ္မာ၊ ခွဲခြမ်းဝေဖြာကောင်းမွန်စွာ။ သဗ္ဗညု ကြွင်းမဲ့ဉဿုံ အကုန်အစင် သိမြင်တော်မူပေ၏။ သမ္မာဒသပါရမီ၊ စုံညီဝေဖြာ ကောင်းလှစွာ။ မာရဝိဇ္ဇယော၊ မာရ်ငါးပါးကို လှန်ကာရှောင်ကြဉ် အောင်မြင်တော်မူပါပေ၏။

အမ္မာသမ္ဗုဒ္ဓ ဉာဏေန၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားတောက်လျှောက် မဖောက်မပြန် သိသောဉာဏ်ဖြင့်၊ လောကသ္မိံ၊ သတ္တ သခ်ါ။ ဩကာသဟု လောကသုံးခွင် ဘုံအပြင်၌ ။သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူသော မြတ်စွာဘုရားသခင်သည်။ သမ္မာသဒ္ဓမ္မံ၊ မဖောက်မပြန်သော တရားတော်ကို။ ဒေသိတော၊ ဟောတော်မူအပ်၏။ သမ္မာသမ္ဗုဒ္ဓေါ နာမ၊ သမ္မာသမ္ဗုဒ္ဓ အမည်ရှိတော်မူသော။ တေ၊ ထိုအရှင်တော်မြတ်ဘုရားအား။ အဟံ၊ တပည့်တော်သည်။ နမော၊ ရှိခိုးခြင်းကို ကရောမိ၊ ထိခြင်းငါးမည် အဉ္စလီဖြင့် တည်ကြည်ရှေးရှုပူပါ၏ အရှင်ဘုရား။

(တတိယအကြိမ်) စပ်ယှဉ်း ...

## ဝိဇ္ဇာ စရဏ သမ္ပန္န ဂုဏ်တော်အနက်

ယော၊ အကြင်မြတ်စွာဘုရားသခင်သည်။ ဝိဇ္ဇာစရဏ သာဂရော၊ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတဆယ့်ငါးပါးဟု ဆိုအပ်သော သမ္ပဒ္ဒါရာကို။ တိဏ္ဏော၊ ကူးမြောက်ပြီးသည်၏ အဖြစ်ကြောင့်။ ဝိဇ္ဇာစရဏ သမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပေ၏။ သဗ္ဗညု၊ သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်တည်းဟူသော ညေယျဓမ်တရား ငါးပါးတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော မြတ်စွာဘုရားသခင်သည်။ ဝိဇ္ဇာတနေကော၊ ပညာဖြင့် ခွဲထွင်တတ်၏။ ဝိဇ္ဇာစ၊ ပညာကြောင့်လည်း။ မာရဝိဇ္ဇယော၊ မာရ်ငါးပါးကို အောင်မြင်တော်မူပါပေ၏။

ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏ ဂုဏ်ကြီးရှင် ဝိဇ္ဇာမိုရ်ဘုရင် ထွဋ်ထား မြတ်ဘုရားသည်။ တိဿောဝိဇ္ဇာ၊ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါးကို။ အနာဂတပစ္စုပ္ပန္နံ၊ အနာဂါတ် ပစ္စုပ္ပန်၌။ ပကာသိ၊ ထင်ရှားစွာ ပြတော်မူပါပေ၏။ ပကာသိတေန၊ ထင်ရှားစွာ ပြတော်မူနိုင်ခြင်းကြောင့်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူသော။ တေ၊ ရှင်တော်မြတ်ဘုရားအား။ နမော၊ မြတ်နိုး သဒ္ဒါ ရှိခိုးပါ၏။

## သုဂတောဂုဏ်တော်အနက်

လောက နာယကော၊ လူသုံးဦးတို့၏ အကြီးအမှူးဖြစ်တော်မူသော။ သုဂတော၊ ကောင်းသောနိဗ္ဗာန်ဓာတ်သို့ ကောင်းမြတ်စွာ ကြွတော်မူသော မြတ်စွာဘုရားသခင်သည်။ နိဗ္ဗာနံ၊ ဒုက္ခခပ်

သိမ်း ချုပ်ဖြတ်ငြိမ်းသည့် ဇာတ်သိမ်းခေါ်မှန် ပြည်နိဗ္ဗာန်သို့။ ယန္တိ၊ကြွသွားတော် မူပါပေ၏။ ဣတိတသ္မာ၊ ထိုသို့ နိဗ္ဗာန်ကို ကြွသွားတော် မူတတ်သောကြောင့်။ သုဂတော၊ သုဂတမည် တော်မူပါပေ၏။ သုဂတော၊ သုဂတ အမည် ရှိတော်မူသော မြတ်စွာဘုရားသခင်သည် မာရဝိဇ္ဇာယော၊ မာနိုင်ငါးပါးကို လုံ မြား မဆောင် အောင်တော်မူပါပေ၏။

သုဂတော၊ ကောင်းမြတ်သော နိဗ္ဗာနခေတ်သို့ ကြွသွား တော်မူသော။ သုဂတ၊အမည်ရှိတော်မူသောမြတ်စွာဘုရားသခင် သည်။ သုန္တရမ္ဗိုဇ၊ ကောင်းမြတ်သော ကြွသွားတော်မူခြင်းလည်း ရှိတော်မူပါပေ၏။ ဣတိပိ၊ ဣမိနာစကာရဏေန၊ ဤသို့သော အကြောင်းကြောင့်လည်း။ သုဂတောနာမ၊ သုဂတ အမည်ရှိ တော်မူသော။ တေ၊ ထိုအရှင်မြတ်ဘုရားအား။ အဟံ၊ တပည့် တော်သည်။ နမော၊ ရှိခိုးခြင်းကို။ ကရောမိ၊ ထိခြင်းငါးပါး မည် အင်္ဂါဖြင့် တည်ကြည်ရှေးရှု ပြုပါ၏ အရှင်ဘုရား။

## လောကဝိဒူ ဂုဏ်တော် အနက်

ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသခင်သည်။ လောက ဝိဒူ၊ လောကဝိဒူဣတိ လောကသုံးပါး၏ အဆိုးအကောင်း အကျိုးအကြောင်းကို သိတော်မူခြင်းကြောင့် လောကဝိဒူ ဟူ သော အမည်တော် ရှိတော်မူပါပေ၏။ လောကသိဒ္ဓိပိ၊ လူတို့၏ အကျိုးစီးပွား လောက၏ အကျိုးစီးပွားကို။ ဝိဘာဝိတော၊ ထင်ရှားစွာ ပြုတော်မူတတ်ပါပေ၏။ မဟာဝီရော၊ ကြီးမြတ် သော လုံ့လရှိတော်မူသော။ လောကဂုဏော၊ သုံးလောကတွင် ကုမမြင်အောင် ဂုဏ်အင်ကြီးမြတ်တော် မူထသော။ လော

ကဠေ၊ လောကဍ္ဍ။ ဝါ၊ လောကထက်မြတ်သော ပုဂ္ဂိုလ်စစ်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်။ မာရဝိဇ္ဇယော၊ မာရ်ငါးပါးကို အောင်မြင်တော်မူပါပေ၏။

လောကဝိဒူ တိနာမေန၊ လောကဝိဒူ ဟူသော အမည်တော်ဖြင့်။ အတီဘာ၊ လွန်မြောက်ကုန်သော။ ဉာဏလောကဝိဒူ၊ ဉာဏ်တော်အားဖြင့် လောကဍ္ဍ လိမ္မာတော်မူထသော။ သင်္ခါရသတ္တဒမာကာသံ၊ ပြုပြင်ခြင်း။ သင်္ခါရ၊ သတ္တဝါသဇီဝ ဘုံတည်ရာဌာနတို့ကို ပိုင်းခြား၍ သိမြင်တော်မူသော။ လောကဝိဒူတိ၊ လောကဝိဒူဣတိ၊ လောကဝိဒူ အမည်ရှိတော်မူသော။ တေ၊ အရှင်တော်မြတ်ဘုရားအား။ အဟံ၊ တပည့်တော်သည်။ နမော၊ မြတ်နိုးသဒ္ဓါ ရှိခိုးပါ၏ အရှင်ဘုရား။

## အနုတ္တရော ဂုဏ်တော် အနက်

အနုတ္တရော ဉာဏ သီရော၊ သူတပါးတို့ထက် လွန်မြတ်သော ဉာဏ်တော် ရှိလေ့ရှိထသော။ အနုတ္တရော၊ အာနုဘာဝေ ါ၊ သူတပါးတို့ထက် လွန်မြတ်သော အာနုဘော် ရှိထသော။ လောကသ္မိံ၊ လောကဍ္ဍ။ အနုတ္တရော၊ လွန်မြတ်တော်မူထသော။ အဝိဇ္ဇာယောစ၊ အဝိဇ္ဇာတရားတို့ကိုလည်း။ အနုတ္တရော၊ လွန်မြတ်တော်မူသော။ ယောဘဂဝါ၊ အကြင် မြတ်စွာဘုရားသခင်သည်။ လောကသ္မိံ၊ လောကသုံးပါး၌။ အနုတ္တရေန၊ နှိုင်းပြိုင်ဘက်ရှင်း လွန်မြတ်တော်မူခြင်းဖြင့်၊ (ဝါ) လွန်မြတ်တော်မူခြင်းကြောင့်။ အနုတ္တရောနာမ၊ အနုတ္တရ မည်တော်မူသော။ တေ၊ ရှင်တော်မြတ်ဘုရားအား။ အဟံ၊ တပည့်တော်သည်။ နမော၊ စေတနာမည္သိုး ရှိခိုးပါ၏ အရှင်ဘုရား။

## ပုရိသဒမ္မသာရထိ ဂုဏ်တော်အနက်

ဒါနပါရမီ၊ ဒါနာဒိပါရမီ ဒါန စသော ပါရမီတော်တို့ကို။ ပူရေတွော၊ ဖြည့်တော်မူသော။ သောဘဂဝါ၊ အကြင်မြတ်စွာဘုရားသခင်သည်။ ပုရိသဒမ္မသာရထိ၊ ကြမ်းကိုင် ကြိုးကိုင် ဇက်သွင်းပိုင်သဖြင့် ယဉ်ပြိုင်သူ ရှောင်ခွာရသည့် လိမ္မာသော ရထားထိန်းသည် ကြမ်းလှသည့်မြင်းဆိုးကို ကြိုးလှုပ်ခါမျှ စေခိုင်းရဘိသကဲ့သို့ မယဉ်ကျေးသော လူယောကျ်ား တိရစ္ဆာန်ယောကျ်ား နတ်ယောကျ်ား ဘီလူးယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူပါပေ၏။ သဗ္ဗလောကဿ၊ ခပ်သိမ်းဥဿုံ အလုံးစုံသောလောက၏ အကျိုးစီးပွားအလို့ငှာ။ ပူရေတိ၊ ဖြည့်ကျင့်တော် မူပါပေ၏။ ပူရေတိမာရ ဝိဇယော၊ ရဲရဲဝံ့ဝံ့ နောက်မတွန့်ပဲ စွန့်ကြဲစာဂီ ပါရမီဒါန အဝဝကို များစွာသတ္တာ ဗြဟ္မာနတ်လူ တူသူမရှိ သမာဓိဖြင့် ဖြည့်ကျင့်တော်မူခြင်းကြောင့် မာရ်ပါးပါးကို လုံ့လားဆောင် အောင်မြင်တော်မူပါပေ၏။

သာရထိဒေဝ၊ သမ္မုတိနက် ဥပတ္တိနတ်ဟု ဆိုအပ်သော နတ်တကာတို့၏ ယာဉ်မှူးသဖွယ် ဖြစ်တော်မူသော။ သာရထိ၊ ယာဉ်မှူးဓိပတိ၊ မုနိထွတ်ထား၊ မြတ်ဘုရားသည်။ လောကဿစ၊ ဗြဟ္မာလူနတ် သုံးရပ်ဘုံသား လူသုံးပါးတို့၏လည်း။ သာရထိ၊ လမ်းဆောင်ရှေ့သွား ရထားမှူးစစ် ဖြစ်ကြီးဖြစ်တော်မူပါပေ၏။ သေဋ္ဌံ၊ နှိုင်းမယှဉ်ရာ မြတ်လှစွာသော။ ပုရိသံ၊ ယောကျ်ားမြတ်ကို။ ဌပေတွာ၊ ထား၍။ အညံသမံ၊ တပါးဟူဟူ တူသောသူသည်။ နတ္ထိ၊ ကြည့်၍ ရှာဖွေမရှိပေ။ ဣတိ ဣမိနာကာရ

ကောန၊ ဤသို့ မရှိခြင်းကြောင့်လည်း။ သာရထိနာမ၊ များလှ သတ္တာဝေနေယျာကို ဒေမာဆက်သွား မဂ်ရထားတွင် လက်ဖျားငင်၍ ကယ်တင်ရှာဘိ သမာဓိဖြင့်။ သာရထိ၊ အမည်ရှိတော်မူသော။ တေ၊ ရှင်တော်မြတ်ဘုရားအား။ အဟံ၊ တပည့်တော်သည်။ နမာမိ၊ သက်လုံးဆည်းကပ် သောမနဿဖြင့် မြတ်မြတ်နိုးနိုး ရှိခိုးပါ၏ အရှင်ဘုရား။

## သတ္ထာဒေဝမနုဿာနံ ဂုဏ်တော် အနက်

ဒေဝမနုဿာနံ၊ နတ်လူတို့၏ သတ္ထာ ဆရာဗမ္မရာဇ် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်။ တြိဘာဝနံ၊ ကာမရူပ အရူပဟု ဘဝသုံးလာပ် ကိုးသုံးရပ်၏။ သတ္ထာ၊ ဆရာအစစ် ဖြစ်ကြီးဖြစ်တော်မူပါပေ၏။ ဒေဝပုန္နနာမ၊ ဒေဝပုန္နနံ၊ နတ်တကာ ရဟန်းပဟကာ တို့၏။ သတ္ထာ၊ ဆရာအစစ် ဖြစ်ကြီး ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်။ မာရပိဋ္ဌယော၊ ပဘင်္ဂါးပါးကို လှိုဝါးပသော် အောင်မြင်တော်မူပါပေ၏။

ယောဝပုနံ၊ ရဟန်းဟကာ နတ်တကာ တို့၏ ဆရာယှဉ်ထား အဲ့ပုံမြတ်စွာဘုရားသခင်သည်။ ဒ်သာရ ရထ ဓတ္တာနံ၊ သံသရာကု ပိုဒ်ပသော အာယနံ့အာယုတ် ပေါင်းယှက်လေပြား စက်လှည်းပီးဖြာ။ သောဓယိ၊ ဒုဂ်သင်တစ်သည်၏ ဒ:ဖြစ်ပြောင်လှလည်းကောင်း။ သတ္ထာ ဒေဝမနုဿာနံ၏၊ ဗြဟ္မာလူနတ်ဂြိုလ်ဟုတို့၏ အဘပရမတ် ဆရာပြတ်အစစ်ဖြစ်ကြီး ဖြစ်တော်မူသော ကြောင့်လည်းကောင်း။ သောမုနိ၊ ရဟန်းတကာ နတ်တကာတို့၏ဆရာထွတ်ထား ထိုမြတ်စွာဘုရားသခင်သည်။ သတ္တာ၊

အမည်ခံဆရာများလှစွာတို့ထက် တုဖက်လွန်စွာမြတ်လှစွာသော ဆရာအစစ်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ သုံးပါးသောလောက လူသုံးဝ၏ တုလထွက်ခေါင်တင် ဆရာရှင် ဖြစ်တော်မူသော အကြောင်း ကြောင့်လည်း။ သတ္ထာဒေဝစ၊ သတ္ထာဒေဝမနုဿာန အမည်ရှိ တော်မူသော။ တော၊ ရှင်တော်မြတ်ဘုရားအား။ အဟံ၊ တပည့် တော်သည်။ နမာမိ၊ တုပ်ကွပ်ဖူးမြော် ပူဇော်ညွတ်ကျိုး ရှိခိုးပါ၏ အရှင်ဘုရား။

## ဗုဒ္ဓေါ ဂုဏ်တော် အနက်

ဗုဒ္ဓေါ၊ မြတ်စွာဘုရားသခင်သည်။ သဗ္ဗဓိတေဓမ္မေ၊ အလုံးစုံ အောင်အပ်သော တရားတို့ကို။ ဇိတော၊ လုံ့ခြားမဆောင် အောင် တော်မူပြီ။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသခင်သည်။ ဉာဏေနစ၊ သဗ္ဗညု တ ဉာဏ်တော်ဖြင့်လည်း။ သမ္မုဒ္ဓေါ၊ သစ္စာလေးဝ ခြေ ယျငါး ရပ် တရားမြတ်ကို ပိုင်းဖြတ်ကုန်စင် ကြွင်းမတင်အောင် သိမြင် ထင်ရှား ဘုရားငင်စစ် ဝေကံ အမှန်ဖြစ်တော်မူပါပေ၏။ လော ကသ္မိံ၊ သုံးပါးဘဝ သုံးလောကဌ။ ဗုဒ္ဓေါတိနာမန၊ ဗုဒ္ဓဟူသော အမည်တော်အားဖြင့်။ ဝိသုတော၊ အထူးသပြင့် ကျော်စောတော် မူသော။ ဗုဒ္ဓေါ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ မာရ ဝိဇ္ဇယော၊ မာရ်ငါးပါးကို လုံ့ခြားမဆောင် အောင်တော်မူပါ ပေ၏။

ဗုဒ္ဓေါဗုဒ္ဓေါတိ၊ ဘုရား ဘုရားဟူ၍။ သဗ္ဗာနိ၊ အရိယာတို့သာ သိထိုက်သောအား မှန်လှစွာသော တရားတည်းဟူသော။ စွကု

သစ္စာ၊ သစ္စာလေးပါး မြတ်တရားကိုလည်း။ ပကာသိတာ၊ ထင်ရှားလှလှ ပြတော်မူပေ၏။ သစ္စံ အတုလသစ္စံ၊ သူမတူတန် ဖောက်ပြန်မရှိ ပကတိသဘာဝ ဟုတ်မှန်လှသော။ ဗုဒ္ဓဿညာဏေန၊ မဖောက်မပြန် ကော်ဆတ်ဆတ် မြတ်စွာအရိယံ သစ္စာဉာဏ်ဖြင့်။ ပကာသိတာ၊ထင်ရှားကျွန ပြတော်မူပြီးသော။ တော၊ ထိုရှင်တော် မြတ်ဘုရားအား။ အဟံ၊တပည့်တော်သည် နမော၊ မာန်စွယ်ပယ် ချိုး ရှိခိုးပါ၏ အရှင်ဘုရား။

## ဘဂဝါ ဂုဏ်တော် အနက်

ဘဂ္ဂါသဝေါ၊ ချိုးဖျက်အပ်သော အာသဝေါ တရားတို့ကို။ သမ္မာဒုဋ္ဌော၊ ကောင်းစွာ ချိုးဖျက်တော်မူပြီးထသော။ ဘဂ္ဂရာဂေါ၊ချိုးဖျက်အပ်သော ရာဂတရားတို့ကို။သမ္မာဒုဋ္ဌော၊ကောင်းစွာ ချိုးဖျက်တော် မူပြီးထသော။ မစ္စုစ၊ မစ္စုမာရ်ဟု ဖန်ဖန်ကွေ့ကွင်း သေရခြင်းကြောင့် ထန်ပြင်းခြယ်လှယ် ထိုမာရ်စွယ်ကိုလည်း။ ဘဂ္ဂဝါ၊ မျိုးစေ့ကင်းပြတ် နောက်မထပ်အောင် ဖောက်ဖြတ် ချိုးဖျက်တော် မူပြီးထသော။ ဘဂ္ဂပါပ အကုသလောစ၊ ချိုးဖျက်ထိုက်လှ ညစ်ညမ်းစွဟု။ ပါပမ္မာ၊ ယုတ်မာမှုဆို အကုသိုလ် တရားတို့ကိုလည်း။ ဘဂ္ဂဝါ၊ မျိုးစေ့ကင်းပြတ် နောက် မထပ်အောင် ဖောက်ဖြတ် ချိုးဖျက်တော်မူပြီးသော။ ဝါ၊ ငါလည်းချိုးဖြတ် သုံးရပ်ဘုံနေ များဝေနေလည်း ပြတ်ကြေကြရန် စိတ်အားသန်နှင့် သံသရာစက် မာန်စွယ်ထွက်ကို ချိုးဖျက်တော်မူသော မြတ်စွာဘုရားသခင်သည်။ မာရဝိဇ္ဇယော၊ မာရ်ငါးပါးကို လုံ့ခွားမဆောင် အောင်မြင်တော် မူပါပေ၏။

ဘဂ္ဂရာဂေါ၊ ချိုးဖျက်အပ်သော ရာဂကိုလည်း ကောင်း။ ဘဂ္ဂမောဟော၊ ချိုးဖျက်အပ်သော မောဟကိုလည်းကောင်း။ ဘဂ္ဂဒေါသော၊ ချိုးဖျက်အပ်သော ဒေါသကို လည်းကောင်း။ ဘဂ္ဂဝါ၊ ချိုးဖျက်တော်မူပြီးထသော။ အနာသဝေါ၊ ကိလေသာဟု ဆိုအပ်သော အညစ်အကြေးမရှိထသော။ ဘဂ္ဂသံသာရံ၊ အဝိဇ္ဇာထွေးယှက်ပုံးတောင်းစက်ဟု ကန့်ကွက်အမျက် လှန်ရှုပ်ယှက်သည့် ချိုးဖျက်အပ်စွာ သံသရာကို။ ဥတ္တမော၊ ခုန်ကျော်ပေါက်ရောက် လွန်မြောက်တော်မူသော။ ဝါ၊ ဣမိနာစ ကာရဏေန၊ ဤသို့ သံသရာတည်းဟူသော အကန့်အကွက် ပုံးတောင်းစက်ကိုချိုးဖျက်ပေါက်ရောက်လွန်မြောက်တော်မူသောကြောင့်။ ဘဂ္ဂဝါနာမ၊ ဘဂဝါ အမည်ရှိတော်မူသော။ တေ၊ ရှင်တော်မြတ်ဘုရားအား။ အဟံ၊ တပည့်တော်သည်။ နမော၊ ကာယဝစီ မနောချီ၍ အဥ္ဇလီညွှတ်ကျိုး ရှိခိုးပါ၏ အရှင်ဘုရား။

## နဝ ဂုဏ်တော်ချုပ် ဂါထာအနက်

နဝရတနံ၊ ကိုးသွယ်နဝရတ် ခဲတ်မြတ်အနဂ္ဃ လေးကသားများ လှန်ကိုးစားသော ကိုးပါးသော ရတနာတို့၏။ ဩကာသံ၊ တည်ရာမှီရာဖြစ်ထသော။ နဝဂုဏံ၊ ကိုးပါးသော ဂုဏ်တော်တို့၏။ ဩကာသံ၊ တည်ရာမှီရာလည်း ဖြစ်ထသော။ နရာသဘံ၊ လူနတ်တို့၏ အကြီးအမှူး ဦးစီးနရုတ္တမ ဥက္ကဋ္ဌစင်ကြီးဖြစ်တော်မူထသော။ နရာနရံ၊ လူနတ်တို့၏။ ဩကာသံ၊ တည်ရာမှီရာလည်း ဖြစ်ထသော။ နရာနာထံ၊ လူနတ်ဗြဟ္မာသတ္တဝါတို့၏ကိုးကွယ်ရာ အစစ် ဖြစ်ကြီးဖြစ်တော်မူသော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးအား။ အဟံ၊ တပည့်တော်သည်။ နမာမိ၊ ရှိခိုးပါ၏။

အဂ္ဂမဂ္ဂ မဟာပုညံ၊ အမြတ်တကာတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် ကျူးရင့်သာမှန် လွန်မြတ် တော်မူထ သော။ ရာဇာ ရာဇ ဇနာဒိဗ္ဗံ၊ မင်းတကာတို့ထက် လွန် မြတ်သော လူနတ်တို့၏ ကိုးကွယ်ရာအစစ် ဖြစ်ကြီးဖြစ်တော် မူထသော ဒေဝ ဒေဝဥ္ဇ သမ္မုဒ္ဒိံ၊ သမ္မုတိနတ်၊ ဥပပတ္တိနတ် တည်းဟူ သော နတ်ဘကာတို့ထက် လွန်မြတ်တော်မူသော ဝိသုဒ္ဓိနတ် မြတ်အစစ်ဖြစ်ကြီးဖြစ်တော်မူထသော လောကထွတ်ထား မြတ် စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးအား။ မေ=မမ၊ သုံးဆယ့် နှစ်ဝ ကောဋ္ဌာသကို နာမရူပ ဖွဲ့ကာပေါင်းစပ် အတ္တဇီဝါ။ သညာဇောဝြ (.......................)ဟု ဝေါဟာရ မှည့်ခေါ် တပည့်တော်၏။ ဝရံ၊ ခက်မငါးဖြာ ရှိလေရာဘွင် ထွတ်တင် သတ်မှတ် မြတ်လှစွာသော။ သိရသာဟိ၊ ဦးခေါင်းရတနာ မြတ် အင်္ဂါတို့ဖြင့်။ နမေနမာမိ၊ ထိခြင်းငါးမည် အဥ္ဇလီဖြင့် တင်ချီ ညွှတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

## ဘုရားဂုဏ်တော်ကိုးပါး အဓိပ္ပါယ်အကျဉ်း

၁။ သောဘဂဝါ ဣတိပိ အရဟံ

လူနတ်တို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား။

၂။ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ

မဖောက်မပြန် မှန်ကန်စွာ ကိုယ်တော်တိုင် တရား အလုံးစုံကို သိမြင်တော်မူသော မြတ်စွာဘုရား။

၃။ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော

ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၄။ သောဘဂဝါ ဣတိပိ သုဂတော

ကောင်းသော နိဗ္ဗာန်ကို ကြွသွားတော်မူသော မြတ်စွာဘုရား။

၅။ သောဘဂဝါ ဣတိပိ လောကဝိဒူ

လောကသုံးပါးကို သိမြင်တော်မူသော မြတ်စွာဘုရား။

၆။ သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ

ဆုံးမထိုက်သူတို့ကို အတုမရှိ ဆုံးမတော်မူသော မြတ်စွာဘုရား။

၇။ သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ

လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား။

၈။ သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ

သစ္စာလေးပါး တရားကို သိမြင်တော်မူသော မြတ်စွာဘုရား။

၉။ သောဘဂဝါ ဣတိပိ ဘဂဝါ

ဘုန်းတော် (၆) ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

## တရားဂုဏ်တော် ၆-ပါး အဓိပ္ပာယ်အကျဉ်း

၁။ သွာက္ခာတော ဘဂဝတော ဓမ္မော

အစ၊ အလယ်၊ အဆုံး၊ သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား တရားတော်။

၂။ သန္ဒိဋ္ဌိကော ဘဂဝတော ဓမ္မော

အရိယာ ပုဂ္ဂိုလ်တို့ ကိုယ်တိုင် သိမြင်အပ်သော မြတ်စွာဘုရားတရားတော်။

၃။ အကာလိကော ဘဂဝတော ဓမ္မော

အချိန်အခါမလင့် အကျိုးပေးသော မြတ်စွာဘုရား တရားတော်။

၄။ ဧဟိပဿိကော ဘဂဝတော ဓမ္မော

လာပါ၊ ကြည့်ရှုပါဟု ညွှန်ပြထိုက်သော မြတ်စွာဘုရား တရားတော်။

၅။ ဩပနေယျိကော ဘဂဝတော ဓမ္မော

အရိယာ ပုဂ္ဂိုလ်တို့ကို နိဗ္ဗာန်သို့ ပို့ဆောင်သော မြတ်စွာဘုရား တရားတော်။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဘဂဝတော ဓမ္မော

အရိယာပညာရှိ အသီးသီးတို့၏ စိတ်၌ ထင်ရှားပေ၏ဟု သိမြင်ခံစားအပ်သော မြတ်စွာဘုရား တရားတော်။

## သံဃာ ဂုဏ်တော် ၉–ပါး အဓိပ္ပာယ် အကျဉ်း

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော

ကောင်းမွန်စွာ ကျင့်တော်မူသော မြတ်စွာဘုရား တပည့် သံဃာတော်။

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော

ဖြောင့်မတ်စွာ ကျင့်တော်မူသော မြတ်စွာဘုရား တပည့် သံဃာတော်။

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော

နိဗ္ဗာန်နှင့် လျော်စွာ ကျင့်တော်မူသော မြတ်စွာဘုရား တပည့် သံဃာတော်။

၄။ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော

ရိုသေစွာ ကျင့်တော်မူအပ်သော မြတ်စွာဘုရား တပည့် သံဃာတော်။

၅။ အာဟုနေယျော ဘဂဝတော သာဝက သံဃော

အရပ်ဝေးမှ ဆောင်ယူလာသော ပစ္စည်းကို ခံထိုက်သော မြတ်စွာဘုရား တပည့် သံဃာတော်။

၆။ ပါဟုနေယျော ဘဂဝတော သာဝက သံဃော

ဧည့်သည်အတွက် ထားအပ်သော ပစ္စည်းကို ခံထိုက်သော မြတ်စွာဘုရား တပည့် သံဃာတော်

၇။ ဒက္ခိဏေယျော ဘဂဝတော သာဝက သံဃော

တမလွန်လောကအတွက် ယုံကြည်၍ လှူတော်မူအပ်သော ပစ္စည်းကို ခံထိုက်သော မြတ်စွာဘုရား တပည့် သံဃာတော်။

၈။ အဉ္ဇလိကရဏီယော ဘဂဝတော သာဝက သံဃော

လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်သော မြတ်စွာဘုရား တပည့် သံဃာတော်။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဘဂဝတော သာဝကသံဃော

ကောင်းမှုမျိုးစေ့ စိုက်ပျိုးရာ လယ်ယာမြေ ကောင်းသဖွယ်ဖြစ်သော မြတ်စွာဘုရား တပည့် သံဃာတော်။

## သရဏဂုံ ၃-ပါး အဓိပ္ပာယ်အကျဉ်း

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

မြတ်စွာဘုရားကို ကိုးကွယ် ဆည်းကပ်ပါ၏။

၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ

တရားတော်ကို ကိုးကွယ် ဆည်းကပ်ပါ၏။

၃။ သံဃံ သရဏံ ဂစ္ဆာမိ

သံဃာတော်ကို ကိုးကွယ် ဆည်းကပ်ပါ၏။

(ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်)

(တတိယမ္ပိ-သုံးကြိမ်မြောက်)

# ပဋ္ဌာန်းပစ္စည်း ၂၄-ပစ္စည်း

## အဓိပ္ပာယ်အကျဉ်း

၁။ ဟေတုပစ္စယော

ဟိတ်ခြောက်ပါးဖြစ်၍ ကျေးဇူးပြုသော တရားသည်လည်းကောင်း။

၂။ အာရမ္မဏ ပစ္စယော

အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၃။ အဓိပတိ ပစ္စယော

အကြီးမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၄။ အနန္တရ ပစ္စယော

နာမ်တရားတို့ကိုသာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၅။ သမနန္တရ ပစ္စယော

နာမ်တရားတို့ကိုသာ ကောင်းစွာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၆။ သဟာဇာတ ပစ္စယော

ရုပ်၊ နာမ် တရားတို့နှင့်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၇။ အညမည ပစ္စယော

ရုပ်၊ နာမ် အချင်းချင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၈။ နိဿယ ပစ္စယော

မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည် လည်းကောင်း။

၉။ ဥပနိဿယ ပစ္စယော

အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၁၀။ ပုရေဇာတ ပစ္စယော

ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည် လည်းကောင်း။

၁၁။ ပစ္ဆာဇာတ ပစ္စယော

နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည် လည်းကောင်း။

၁၂။ အာသေဝန ပစ္စယော

အဖန်တလဲလဲ မှီဝဲ ထုံတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း၊ ဝါ၊ မှီဝဲထုံအပ်သည် ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၁၃။ ကမ္မ ပစ္စယော

မျိုးစေ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၁၄။ ဝိပါက ပစ္စယော

အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၁၅။ အာဟာရ ပစ္စယော

ထောက်ပံ့ ခိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၁၆။ ဣန္ဒြိယ ပစ္စယော

အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

၁၇။ ဈာန ပစ္စယော

ကပ်၍ ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၁၈။ မဂ္ဂ ပစ္စယော

အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်း၊ကောင်း၊ (၀၁) ထွက်မြောက်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၁၉။ သမ္ပယုတ္တ ပစ္စယော

ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၂၀။ ဝိပ္ပယုတ္တ ပစ္စယော

မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၂၁။ အတ္ထိ ပစ္စယော

ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၂၂။ နတ္ထိ ပစ္စယော

မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၂၃။ ဝိဂတ ပစ္စယော

ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

၂၄။ အဝိဂတ ပစ္စယော

မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း။

ဣတိ၊ ဤသို့။ စတုဝီသတိ ပစ္စယော၊ နှစ်ဆယ့်လေးပစ္စည်းတို့သည်။ (ဝါ) နှစ်ဆယ့်လေးပါး အကြောင်းတရားတို့သည်။ မဟာပကရဏော၊ အနန္တနယဖြစ်သော သမန္တ ပဋ္ဌာန်းကျမ်းကြီး၌ ဋ္ဌိတာ၊ တည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣမံ ပဋ္ဌာနတ္တံ၊ သတ္တဝါတွေနှင့်တကွ အနန္တလောကကြီးအတွင်း၌ရှိ၊ တင်းကျမ်းပြည့် တည်ရှိနေကြသော ပဋ္ဌာန်းအနက်၊ ပစ္စည်းတွေ အဆက်ဆက်ကို။ ဒေသိတံ၊ ဝေနေယျများ၊ နားလည်သွားအောင်၊ ဟောကြားတော်မူတတ်လှပေသော။ ဗုဒ္ဓံ၊ ကိုယ်တော်မြတ်အစားရုပ်ပွားတော်စေတီများနှင့်တကွ၊ သက်တော်ထင်ရှား၊ သဗ္ဗညုကိုယ်တော်မြတ်ကြီးကို။ အဟံ၊ ဘုံသရာဝဋ္ဋ်ဆိုး၊ ပဋ္ဌာန်းအကျိုးအမျိုးမျိုးတို့က နှိပ်စက်သမျှ ခံနေရသောအကျွန်ုပ်သည်။ ဝန္ဒာမိ ပဋ္ဌာန်းပစ္စည်း ဆင်းရဲကြောင်း အနည်းနည်းတို့အထဲမှ အပြီးလွတ်ငြိမ်းလိုငြား ရှိညွတ်တွား၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဘုရားဂုဏ်တော် ကိုးပါး ရှိခိုးဆုတောင်း
အဓိပ္ပာယ် အကျဉ်း

၁။ သောဘဂဝါ ဣတိပိ အရဟံ
လူနတ်တို့ ပူဇော်အလှူကို ခံယူတော် မူထိုက်သော မြတ်စွာဘုရား။
၂။ အရဟံ ဝတ သောဘဂဝါ
မြတ်စွာဘုရားသည် လူနတ်တို့ ပူဇော်အလှူကို ခံတော်မူထိုက်ပေစွတကား။

(တတိယအကြိမ်) ဝပ်ယံဦးစောဝေ

၃။ အရဟံ သရဏံ ဂစ္ဆာမိ

လူနတ်တို့ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏။

၄။ အရဟံ သိရသာ နမာမိ

လူနတ်တို့ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။

၅။ အရဟံ ဝတ သောဘဂဝါ ယော ဣမဿ ဧဝ ရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ

မြတ်စွာဘုရားသည် လူနတ်တို့ ပူဇော်အထူးကို ခံတော်မူထိုက်ပေစွတကား၊ မြတ်စွာဘုရားသည် ဤသို့သော ဆင်းရဲကို ပယ်ဖျောက်ရန် တရားဟောတော်မူ၏။

၆။ အရဟံ မေ သုခံ ဒေတု

လူနတ်တို့ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် အကျွန်ုပ်အား ချမ်းသာကို ပေးတော်မူစေသော်။

၇။ အရဟံ မေ သီသေ တိဋ္ဌတု

လူနတ်တို့ ပူဇော် အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဦးခေါင်း ထက်၌ ကိန်းဝပ်တော်မူစေသော်။

၈။ အရဟံ မေ သိဒ္ဓိ ကမ္မံ ဒေတု

လူနတ်တို့ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် အကျွန်ုပ်အား အောင်မြင်ပြီးစီးမှုကို ပေးတော်မူစေသော်။

၉။ အရဟံ မေ ဇယံ ဒေတု

လူနတ်တို့ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် အကျွန်ုပ်အား အောင်မြင်ခြင်းကို ပေးတော်မူစေသော်။

ဤ အရဟံ ဂုဏ်တော်ကို မှီး၍ အခြား ဂုဏ်တော်များ၏ အဓိပ္ပာယ်ကိုလည်း သိပါလေ။

တနည်း ဘုရားဂုဏ်တော် ၉ ပါး ရှိခိုး
ဆုတောင်း အဓိပ္ပာယ် အကျဉ်း

၁။ သောဘဂဝါ ဣတိပိ အရဟံ
၂။ အရဟံ ဝတ သောဘဂဝါ
၃။ အရဟံ သရဏံ ဂစ္ဆာမိ
၄။ အရဟံ သိရသာ နမာမိ
(၁၊ ၂၊ ၃၊ ၄ တို့မှာ တူပြီ)

၅။ အရဟံ မေ ဟဒယေ ဌာတု

လူနတ်တို့ ပူဇော် အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် အကျွန်ုပ်၏ နှလုံး၌ ကိန်းဝပ်တော်မူစေသော်။

(အရဟံ ဂုဏ်တော်ကို မှီး၍ အခြား ဂုဏ်တော် များ၏ အဓိပ္ပာယ်ကိုလည်း သိပါလေ။)

## တရားဂုဏ်တော် ၆ ပါး ရှိခိုး ဆုတောင်း အဓိပ္ပာယ် အကျဉ်း

၁။ သွာက္ခာတော ဘဂဝတော ဓမ္မော

အစ၊ အလယ်၊ အဆုံး သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော မြတ်စွာဘုရား တရားတော်။

၂။ ဘဂဝတော ဓမ္မော ဝေ သွာက္ခာတော

မြတ်စွာဘုရား တရားတော်သည် အစ, အလယ်, အဆုံး, သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံပေစွ တကား။

၃။ သွာက္ခာတံ ဘဂဝတာ ဓမ္မံ သရဏံ ဂစ္ဆာမိ

အစ, အလယ်, အဆုံး, သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော မြတ်စွာဘုရား တရားတော်ကို ဆည်းကပ် ကိုးကွယ်ပါ၏။

၄။ သွာက္ခာတံ ဘဂဝတာ ဓမ္မံ သိရသာ နမာမိ

အစ, အလယ်, အဆုံး, သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော မြတ်စွာဘုရား တရားတော်ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။

၅။ သွက္ခာတော ဘဂဝတော ဓမ္မော မေ ဟဒယေ ဌာတု

အစ, အလယ်, အဆုံး, သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား တရားတော်သည် အကျွန်ုပ်၏ နှလုံး၌ ကိန်းဝပ်တော်မူစေသော်။

ဤသွက္ခာတော ဂုဏ်တော်ကိုမှီး၍ အခြားဂုဏ်တော်များ၏ အဓိပ္ပာယ်ကို သိပါလေ။

## သံဃဂုဏ် ၉ ပါး ရှိခိုးဆုတောင်း
## အဓိပ္ပာယ် အကျဉ်း

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော

ကောင်းစွာ ကျင့်တော်မူသော မြတ်စွာဘုရား တပည့် သံဃာတော်။

၂။ ဘဂဝတော သာဝက သံဃော ဝတ သုပ္ပဋိပန္နော

မြတ်စွာဘုရား တပည့် သံဃာတော်သည် ကောင်းစွာ ကျင့်ပေစွတကား။

၃။ သုပ္ပဋိပန္နံ ဘဂဝတော သာဝက သံဃံ သရဏံ ဂစ္ဆာမိ

ကောင်းမွန်စွာ ကျင့်တော်မူသော တပည့် သံဃာတော်ကို ကိုးကွယ်ဆည်းကပ်ပါ၏။

၄။ သုပ္ပဋိပန္နံ ဘဂဝတော သာဝကသံဃံ သိရသာ နမာမိ

ကောင်းစွာ ကျင့်တော်မူသော မြတ်စွာဘုရား တပည့်သံဃာတော်ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။

၅။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော မေ ဟဒယေ ဌာတု

ကောင်းစွာ ကျင့်တော်မူသော မြတ်စွာဘုရား တပည့်သံဃာတော်သည် အကျွန်ုပ်၏ နှလုံး၌ ကိန်းဝပ်တော်မူစေသော်။

(ဤသုပ္ပဋိပန္နော ဂုဏ်တော်ကိုမှီး၍ အခြားဂုဏ်တော်များ၏ အဓိပ္ပာယ်ကို သိပါလေ။)

## ကြိုးစားသော သူမြတ်များအတွက်

အထက်တွင် စာရေးသူ တင်ပြခဲ့သောနည်းနာတို့မှာ ရှေးသူတော်စင် သူတော်မြတ်တို့ "သူမြတ်ကျင့်စဉ်"အဖြစ် ကျင့်ကြံအားထုတ်ရာ၌ အားကိုး အားထား လက်ကိုင် ပြုကြရသော ရတနာမြတ်သုံးပါးမှ ဂုဏ်တော်များ ဖြစ်ပေသည်။ ဤဂုဏ်တော်များအား သမာဓိရရေးအတွက် မှန်မြတ်လှသော လက်နက်ကြီးများ သဖွယ် အသုံးပြုခဲ့ကြပါသည်။ မဖြစ်မနေစိတ်၊ မလျှော့သောဇွဲ၊ ထူးကဲသော ဝီရိယစသော ကြိုးပမ်းမှုများကြောင့် အထက်လမ်းသို့ တက်လှမ်းနိုင်ခဲ့ကြပေသည်။

ကြီးကျယ် ခမ်းနားသော တန်ခိုးသတ္တိ၊ မှန်မြတ်သော ပညာ၊ အံ့မခန်းနိုင်သော စွမ်းပကားတို့သည် မဖြစ်မနေ

ကြိုးစားသော် ဖြစ်ရမည်ဟု စိတ်ချယုံကြည်သော သူမြတ်များသာ ရရှိသည့် ပစ္စည်းများဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သော သူမြတ် ကျင့်စဉ်များကို ကျင့်ကြံအားထုတ်၍ ပေါက်မြောက်ကြကုန်သော သူတော်စင် အပေါင်းတို့သည် 'သီလ၊သစ္စာ၊မေတ္တာ'တည်းဟူသော အခြေခံကြီးပေါ်ဝယ် ပန္နက်ရိုက်၍ မဖြစ်မနေ အချိုးကြေကြေ၊ အရေခန်းခန်း ဇွဲစခန်းဝယ် အောင်ပွဲခံခဲ့သူများဖြစ်၍အောင်ပွဲအလီလီကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် အချင်းစာဖတ်သူ သင်သည်လည်း ရှေးသူတော်စင် သူတော်မြတ်တို့၏ လမ်းစဉ်အတိုင်း မလျော့သောဇွဲ မဖြစ်မနေစိတ်၊ အောင်ပွဲရ, ရမည်ဟူသော မနောစိတ်တို့ကို မွေးကာ အထပ်ထပ်အခါခါ ပွားများ အားထုတ်ပါလော့။ ကျင့်ကြံပွားများပါလော့။ ကြိုးစားအားထုတ်ပါလော့။

မုချ အထက်စခန်းသို့ တက်လှမ်းနိုင်ရမည် ဖြစ်ပါသည်။ အရိယာတို့၏ သွားရာလမ်းသို့ မုချရောက်ရမည်ဖြစ်ပါသတည်း။

**စိတ်ထန်လျှင် ခံနိုင်ရိုးလား။**
**ဝီရိယရှိလျှင် မဖြစ်နိုင်ရိုးလား။**

## တပည့်ရင်းကြီးများအတွက်

ရှေ့အခန်းများတွင် တင်ပြခဲ့သော "သူမြတ်ကျင့်စဉ်" နည်းနာများမှာ ရှေးအစဉ် အဆက်ဆက်မှ မျက်မှောက်ခေတ်အထိ ပုဂ္ဂိုလ်ထူးသမားကြီးများ ကျင့်ကြံအားထုတ်သော နည်းများ ဖြစ်ပါသည်။ လျှို့ဝှက်သော နည်းနာများလည်း ဖြစ်ပါသည်။

အဘယ်ကြောင့် လျှို့ဝှက်ခဲ့ပါသနည်း ဟူမူ ရှေးသူတော်စင်သူတော်မြတ်အပေါင်းတို့သည် ပထမအခြေခံ သမာဓိစခန်းကြီးကို ပိုင်နိုင်ရေးအတွက် ဤနည်းနာများကို အခြေခံကာ အထပ်ထပ် ကြိုးစားအားထုတ်ခဲ့ပါသည်။ သူမြတ်ကျင့်စဉ် များမှာ သာမန်လူများအတွက် အဘယ်မှာ ထူးခြားသနည်း၊ အဘယ်မှာ လေးနက်သနည်းဟူ၍ မေးစရာ၊ ပြက်ရယ်ပြုစရာ ဖြစ်မည်ကို စိုးသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ရှေးသူတော်စင် သူတော်မြတ် အပေါင်းတို့သည် လက်ရင်းတပည့်ကြီးများကိုသာ အဆိုပါနည်းနာများကို "အခြေခံသမာဓိလည်းရ၊ ဗုဒ္ဓ၏ ဂုဏ်တော်တို့ဖြင့်လည်း သင်းထုံ၍ ဝနေစေရန်" အတွက် ပွားများအားထုတ်ရန် ညွှန်ကြားခဲ့ခြင်းဖြစ်ပါသည်။ လျှို့ဝှက်ခဲ့ခြင်း ဖြစ်ပါသည်။

## ပွဲတွေ့နည်းများ

ယခုဘဖန် အောက်တွင် ပြသမည့် နည်းနာများမှာလည်း လွယ်လွယ်နှင့် အကျိုးထိရောက်သော နည်းနာများဖြစ်ပါသည်။ ပွဲတွေ့နည်းများဟု ဆိုက မမှားပါ။ မိမိ ကြိုးစားအားထုတ်သလောက် အကျိုးထူးကို ခံစား၊ စံစားကြရမည် ဖြစ်ပါသည်။ ဤသို့ ဖော်ပြရာတွင်လည်း (၂)ပိုင်းခွဲ၍ ဖော်ပြထားပါသည်။ ပထမပိုင်းမှာ လောကီ အကျိုးစီးပွား တိုးတက်ရေး အပိုင်းနှင့် ဒုတိယပိုင်းမှာ ပညာစခန်းဆိုင်ရာ တက်လမ်းများ အတွက် ဖြစ်ပါသည်။

ဤနေရာ၌ ပွဲတွေ့ အကျိုးခံစား စံစားရသူများ၏ အဆိုအမိန့်များကို ပူးတွဲဖော်ပြထားပါသည်။

# ဂုဏ်တော်များကို ပွားများအားထုတ်ရသောအကျိုး

၁။ ဘုရားရှင်၌ ရိုသေခြင်း များ၏။
၂။ တုပ်ဝပ် ကျိုးနွံခြင်း များ၏။
၃။ သဒ္ဓါ သတိ ပညာ ပြန့်ပြော၏။
၄။ ကုသိုလ် ပုည ပြန့်ပြော၏။
၅။ ပီတိ ပါမောဇ္ဇ များ၏။
၆။ ဘေးငယ် ဘေးကြီး သည်းခံနိုင်၏။
၇။ ဒုက္ခကိုလည်း မညည်းတွား။
၈။ ဘုရားနှင့်တကွ ငါနေရသည်ဟု အမှတ်သညာ များစွာ ဖြစ်၏။
၉။ ဗုဒ္ဓါနုဿတိ ဘာဝနာ စွဲနေ၊ ကိန်းအောင်းရာ ဤခန္ဓာ ကိုယ်သည် စေတီအိမ်နှင့် တူ၏။
၁၀။ ပူဇော်ခြင်းငှာ ထိုက်၏။
၁၁။ ဘုရားရှင်၌ စိတ်ညွတ်ခြင်း များ၏။
၁၂။ ဒုစရိုက်ကျွေ ကျူးလွန်စရာမြင်လျှင် ဘုရားရှင်မြင်ရသည့်အသွင် ဟိရိ ဩတ္တပ္ပ ဝင်ပေ၏။
၁၃။ ထိုဗုဒ္ဓါနုဿတိ ဥပစာရဈာန် သမာဓိ၌တည်၍ ဝိပဿနာကို ပွားများလျှင် မဂ်ဖိုလ်ကို ရ၏။
၁၄။ မရလျှင် သုဂတိ၌သာ လားရ၏။

[စတုရာရက္ခကျမ်း ]

# ဗုဒ္ဓါနုဿတိဂုဏ်

အနုဿတိ ရှိဘိဆယ်ဖြာ၊
ဂုဏ်တော်ဗုဒ္ဓ ထက်လှကောင်းစွာ၊
ဖြစ်ရာဂုဏ်ရှိန် တောက်ထိန်အာဏာ၊
လူနတ်အပေါင်း ခညောင်းမြတ်ရာဇာ။

# နမောတဿ ဘုရားရှိခိုး

## "နမောတဿ"

### အချင်းသူတော်ကောင်း

ဤသုမြတ်ကျင့်စဉ် ဒုတိယပိုင်း၌ ဂုဏ်တော်များနှင့် ပတ်သက်၍ တိုတိုနှင့်လိုရင်းကို ရောက်ပြီး ထက်မြက်စူးရှပုံ၊ တိုတိုတုတ်တုတ်ဖြင့် ထိရောက်ပုံ၊ လွယ်လွယ်ဖြင့် အကျိုးထူး အကျိုးမြတ်ကို ခံစားရပုံနှင့် ပညာခန်းဆိုင်ရာတို့၌ သွက်လက် ထက်မြက်သော နိဿယျများနှင့် မေတ္တာနှင့်ဆိုင်ရာ ကဏ္ဍများကို ရေးသားရန် ပိုင်းခြား သတ်မှတ်ခဲ့ပါသည်။

ထိုသို့ ကဏ္ဍများခြား၍ ရည်ရွယ်ရင်းအတိုင်း ဤဒုတိယပိုင်း၌ စလျှင်စချင်း "နမောတဿ" ဘုရားရှိခိုး အကြောင်းကို တင်ပြလိုပေသည်။ နမောတဿ ဘုရားရှိခိုးသည် ဗုဒ္ဓဘာသာ စာပေတို့၌ ပဏာမ နိဒါန်းတို့တွင် ပါနေကျ ဖြစ်ပါသည်၊ ကျွန်တော်တို့သည် နမောတဿ ဘုရားရှိခိုးကို ဘုရားရှိခိုးမှန်း မသိကြပဲ ကျော်လွှားသွားခဲ့ပါသည်။

(တတိယအကြိမ်) စပယ်ဦးစာပေ

နမောတဿ ဘုရားရှိခိုးသည် အတိုဆုံးနှင့် အလေးနက်ဆုံး ရှိပါသည်။ သီလများကို ခံယူဆောက်တည်ရာ၌ နမောတဿ ဘုရားရှိခိုးသည် အပါအဝင် ဖြစ်ပါသည်။ ဤမျှ ဘာသာ တရား၌ နေရာယူထားသော နမောတဿနှင့် ပတ်သက်၍ သီး ခြား ရေးသားထားသော စာအုပ်များ မရှိခဲ့၊ ထို့ကြောင့် နမောတဿ ဘုရားရှိခိုးအကြောင်းကို အသေးစိတ် ရှာဖွေတင်ပြ လိုက်ရပါသတည်း။

## မြတ်ဗုဒ္ဓဘုရားအား ချီးကျူးခြင်း

၁။ နမောတဿ — သာတာဂိရိ၊ နမောယက္ခော
၂။ တဿ — တဿစ၊ အသူရိန္ဒဒေါ၊
၃။ ဘဂဝတော — ဘဂဝတော၊ ဗြဟ္မဒေဝါ
၄။ အရဟတော — အရဟတော ပရမေသွာ
၅။ သမ္မာသမ္ဗုဒ္ဓဿ — သမ္မာသမ္ဗုဒ္ဓ ဗြဟ္မာစ၊

တေ နမဿန္တိ ဂေါတမံ ဝိဇ္ဇာစရဏ သမ္ပန္နံ တံ နမဿာမိ သာဒရံ။

သာတာဂိရိ၊ သာတာဂိရိ အမည်ရှိသော။ ယက္ခော၊ယက္ခ နတ်မျိုးပိုင် အုပ်စိုး၍ တန်ခိုးကြီးသော နတ်မင်းကြီးသည်။ ဂေါ တမံ၊ ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားကို။ နမော နမော သဒ္ဒေန၊ နမောသဒ္ဒါဖြင့်။သာဒရံ၊ ရိုသေမြတ်နိုးစွာ။ ဝန္ဒိ၊ ပဆစ် ဒူးတုပ် လက်အုပ်ချီမိုး ရှိခိုးပေ၏။

အသူရိန္ဒဒေါ၊ သူရာယစ်မူး သောက်စားကြူး၍ ပျော်မူး စရိုက် အသူရာ စစ်သည်တသိုက်ကို တိုက်ခိုက်တွန်းလှန် တို့မပြန် အောင် ဆုံးမခြင်းဒဏ်ကို ပေးစေနိုင်သော အသူရိန်နတ်မင်းကြီး

သည်၊ (ဝါ)အသူရိန်နတ်မျိုး တန်ခိုးကြီးလှ မာဃအဆွေ မဟေသက္ခ အားကိုးရသည့် တေဇမဟိန် အသူရိန် နတ်မင်းကြီးသည်။ ဂေါတမံ၊ (ပ)ကို တဿဒေ့နေ တဿသဒ္ဒါဖြင့်၊ (ဝါ)တဿ တာဒိတဿ သဒ္ဒေန ထိုသေဌ် စသည့် တာဒိဂုဏ်ပေါင်း ပြည့်ညောင်းစုံခ အကျဉ်းပြသော တဿသဒ္ဒါဖြင့်။ ဝန္ဒိ၊ ပဆစ်ဒူးတုပ် လက်အုပ်ချီမိုး ရှိခိုးပေ၏။

ဣန္ဒာဒေဝါ၊ နတ်ပြည်ခြောက်ဝ စိုးပိုင်သသည့် သူဇာ့သက်ထား နတ်များသခင် ဘုရင်မာဃ သက္ကကျော်လင်း သိကြားမင်းသည်။ ဘဂဝတော သဒ္ဒေန၊ ဘဂဝတော သဒ္ဒါဖြင့်၊ (ဝါ) ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရိ၊ ကာမ၊ ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ရပ် မြတ်ထက်မြတ်ကို ဆည်းကပ်စေတနာ ဘဂဝတောသဒ္ဒါဖြင့်။ ဂေါတမံ၊ (ပ)ကို ဝန္ဒိ(ပ)၏။

ပရမေဿာ၊ အာသီမည်သော ဗြဟ္မာမင်း၏ သားရင်းရတနာ တေဇာထန်ပြင်း ပရမေဿာနတ်မင်းသည်၊ (ဝါ) ပဟာဘူဟ မူလမှန်မှု ခုနစ်ခုစား ရှစ်ခုစားဟု သက္ကဗြဟ္မာ ငြင်းခုံလာလျှင် ကဝါလမိုင်း ဆုံးဖြတ်ပိုင်းက ကသိုဏ်းစျာန်ရ ဒေဝဗြဟ္မာ ရှုးသည့်အခါအတွင် သီသာခေါင်းမြတ် ကိုယ်ပင်ဖြတ်၍ မြတ်သည့် စာရိ ဇောတည်ကြည်သည့် အာသီထင်လင်း ဗြဟ္မာမင်း၏ သားရင်းရတနာ တေဇာထန်ပြင်း ပရမေဿာရ နတ်မင်းသည်။ ဂေါတမံ၊ ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားကို။ အရဟတော သဒ္ဒေန၊ အရဟတော သဒ္ဒါဖြင့်၊ (ဝါ)အရဟတော သဒ္ဒေန၊ တထောင့်ငါးရာ ကိလေသာကို ကြွင်းရာမထင် ကုန်စင်ခွင်းဖြတ် အုံးပါယ်သတ်၍ လူနတ်ဗြဟ္မာ ပူဇာဝိသေ ခံထိုက်ပေဟု စေတနာ

ဇော သဒ္ဒါစေကာ အရဟတောသဒ္ဒါဖြင့်။ ဝန္ဒိ၊ ပဆစ်ဒူးတုပ် လက်အုပ်ချီမိုး ရှိခိုးပေ၏။

ဗြဟ္မာစ၊ သဟံပတိ အမည်ရှိသော မဟာဗြဟ္မာကြီးသည် လည်း။ (ဝါ) မိမိကိုယ်တွင် ကိုယ်ပင်စိုးရ စျာနမမှာ စျာန် ချမ်းသာဖြင့် ဘက္ခာပီတိ နှစ်သက်ခြင်းအစရှိ၍ သမာဓိစျာန် အနာဂါမ်ရဟန္တာ ဘေဇာသုံးညီး သဟံပတိ အမည်ရှိသော မဟာဗြဟ္မာ မင်းကြီးသည်လည်း။ဂေါ်ဘမံ၊ ဂေါတမ နွယ်ဖွား ရှင်တော်မြတ်ဘုရားကို။သမ္မာသမ္ဗုဒ္ဓ သဒ္ဒေန၊ သမ္မာ သမ္ဗုဒ္ဓေ သဒ္ဒါဖြင့်၊ (ဝါ) လေးဝသစ္စာ ငါးဖြာဥေယျ မြတ်မမှုကို ဆရာမကူ သယမ္ဘူဖြင့် ထွန်းပြူထိန်လင်း မကြွင်းမကျန် ဖောက် ပြန်ကင်းမဲ့ ပြဲ့ပြဲ့ကုန်စင် သိမြင်သည့်လက္ခဏာ သမ္မာသမ္ဗုဒ္ဓ သဒ္ဒါဖြင့်။ ဝန္ဒိ၊ပဆစ်ဒူးတုပ် လက်အုပ်ချီမိုး ရှိခိုးပေ၏။

ဤသို့ဖြင့် နတ်မင်းကြီး ငါးပါးတို့သည် ရှင်တော်မြတ် ဘုရားအား ရှိခိုးပူဇော်ကြလေသည်။

ဤသို့ ရှိခိုးပူဇော်သော “သိသာနုသိဿာ”တို့ သိကြစိမ့် သောငှာ အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာကစ္စည်းစသော ရဟန္တာအရှင် သူမြတ်တို့နှင့် အဋ္ဌကထာဆရာမြတ်တို့ အသိအမှတ် ပြုခဲ့ကြသည့် ပဥ္စဒေဝ ဝန္ဒာဂါထာ မည်ကြောင်းကို ပထမ ဘင်္ဂလားဆရာ တော်ကြီး မိန့်ကြားကြောင်း ရှေးသူတော်ကောင်းတို့ ဆိုကြ သည်။

တဖန် ရှေး သူတော်ကောင်းတို့သည် ဤနမောတဿဖြင့် ဘုရားရှင်အား ရည်မှန်း၍ ရှိခိုးသော ဂုဏ်တော်ကိုပင် ဂါထာ သီ၍ ပြန်လည် ရှိခိုးကြပုံမှာ စိတ်ဝင်စားဖွယ်ရာ မှတ်သားဖွယ်ရာ

ဖြစ်ပါသည်။ ထို့ကြောင့် သူမြတ်အပေါင်းတို့ ပူဇော်ကန်တော့နိုင်ရန် နမောတဿ ဘုရားရှိခိုးများကို တင်ပြလိုက်ရပါသည်။

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ (၉-ခေါက်)

၁။ နမောတဿ ဝိပဿိဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ ။

၂။ နမောတဿ သိခိဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ ။

၃။ နမောတဿ ဝေဿဘုဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ ။

၄။ နမောတဿ ကကုသန္ဓဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ ။

၅။ နမောတဿ ကောဏာဂမနဿ ဘဂဝ
တော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ။

၆။ နမောတဿ ကဿပဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ ။

၇။ နမောတဿ ဂေါတမဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ ။

၈။ သောဟံနမော ဘဂဝတော
နမောသတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ ။

## လက်ဆောင်ပါးလိုက်ပါရစေ

ကျွန်တော် လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က အစိုးရဌာန တခုမှာ အလုပ် ဝင်ခဲ့ပါတယ်။ ကျွန်တော်တို့ မိသားစုဟာ ကျွန်တော့် ဝင်ငွေအပေါ်မှာ မှီခိုပြီး စားသောက်ရပါတယ်။ ဝင်ငွေကနည်း၊ စားသူက များတော့ အဆင်မပြေဘူး။ ဒါနဲ့ အဲဒီ ဌာနကထွက်ပြီး ကျောင်းဆရာ လုပ်ပြန်တယ်။ ကျောင်းဆရာရဲ့ ဝင်ငွေကလည်း ကျွန်တော့် မိသားစုနဲ့ မလောက်မငှပါပဲ၊ ဒီကြားထဲ တနယ်တကျေးမှာ ကျောင်းသွားတက်တော့ ခရီးစရိတ်က ပိုကုန်တယ်။ နောက်ဆုံး ကျောင်းဆရာ အလုပ်က ထွက်ဖို့စိတ်ကူးမိပါတယ်။

ဒါပေမယ့် ခက်တာက ကျွန်တော်ဘာအလုပ် ဆက်လုပ်ရမယ်ဆိုတာ စဉ်းစားမရအောင် ဖြစ်နေတယ်။ ကျောင်းဆရာအလုပ်ကလည်းခရီးစရိတ်နဲ့ လကုန်ယင်ဘာမှ မကျန်တော့ဘူး။

ခုအချိန်မှာ ဗေဒင်ဆရာတွေ အလွန်ပေါပါတယ်။ကျွန်တော် ဗေဒင်ဝါသနာ ပါခါစဆိုယင် ဗေဒင် ဆရာတွေ တော်တော်နည်းသေးတယ်။ ဝါသနာပါတဲ့ လူမရှိသလောက်ပဲ၊ ခုတော့

ဝါသနာပါသူရော အဲဒီပညာနဲ့ အသက်မွေးသူပါ ပေါများနေပါတယ်။

ကျွန်တော် ဗေဒင်ပညာကို ဟိုလွန်ခဲ့တဲ့ အနှစ် ၂၀ လောက်ကတည်းက ဝါသနာပါပြီး စတင်သင်ကြားခဲ့ပါတယ်။ ပထမဦးဆုံးကျွန်တော်ရဲ့ဗေဒင်ဆရာကတော့ကမာရွတ်ညောင်စိုးရေကန်ကျောင်းက ဆရာတော် ဦးရေဝတ ဖြစ်ပါတယ်။ နောက် ရွာမဆရာတော်ကြီးတို့ ဖြစ်ပါတယ်။ ဗေဒင်ပညာနဲ့ ပတ်သက်တဲ့စာအုပ်စာတမ်းတွေ၊ ပေတွေ၊ ပုရပိုက်တွေ၊ နိုင်ငံခြားဘာသာနဲ့ရေးထားတဲ့ စာအုပ်တွေ ကျွန်တော် အတော် လေ့လာဖူးပါတယ်။ ခု ရန်ကုန်မြို့မှာ နာမည်ကြီးနေတဲ့ ဗေဒင် ဆရာကြီးများထံမှာလည်း ပညာရင်နို့ သောက်စို့ ခဲ့ပါတယ်။ ဒါနဲ့လည်း ဒီပညာပေါ်မှာ အားမရသေးပါဘူး။ အဲ....နောက်ဆုံးတော့ ကျွန်တော် တတ်ထားတဲ့ အဲဒီပညာနဲ့ အသက်မွေး ဝမ်းကျောင်းပြုမယ်လို့ အမဲ့ဌာန်ချလိုက်ပါတယ်။

ဒီဗေဒင် ပညာကို ကျွန်တော် ဝါသနာ ထုံခဲ့လို့ ၁၀ နှစ်လုံးလုံး ဘွဲ့မရခဲ့ဘူး။ စာမေးပွဲ တဖုတ်ဖုတ်ကျခဲ့ရတယ်။ ခုတော့ ဒီပညာနဲ့ အသက်မွေး ဝမ်းကျောင်းပြုဖို့ ဆုံးဖြတ် လိုက်တာမှန်တယ်လို့ ကိုယ်ဘာသာ အခိုင်အမာ ယုံကြည်ထားပါတယ်။

ဒါကြောင့် ကျွန်တော့် မိတ်ဆွေတွေ၊ တပည့်တွေ၊ အယင်တုန်းက ဗေဒင် အလကား ကြည့်ပေးခဲ့သူတွေကို ကျွန်တော် ဗေဒင်နဲ့ အသက်မွေးဝမ်းကျောင်း ပြုပြီဖြစ်ကြောင်း ကြေငြာလိုက်ပါတယ်။

ကျွန်တော့် ဝင်ငွေဟာ တော့လမှာ မဆိုးပါဘူး။ နောက်လတွေမှာလည်း မဆိုးပါဘူး။ အယင်တုန်းက ဘဝတွေထက်

တော့ သာပါတယ်။ ဒီလို ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် ပြောနေရတာ အကြောင်းရှိပါတယ်။ အဲဒါကတော့ အခြားမဟုတ်ပါဘူး။ တိုးတက် ပြောင်းလဲလာတဲ့ အခြေအနေပါပဲ။

ကျွန်တော်ဟာ လောကီဘက်ဖြစ်တဲ့ ယတြာတို့၊ ဗေဒင်တို့၊ ဆေးတို့၊ အင်းတို့ဘက်မှာလည်း ကျွမ်းကျင်သလောက် ကျွမ်းကျင်ပါတယ်။ ရဿမျှ ပရိတ်တော်တွေကို အားလုံးရွတ်ပါတယ်။

ခု နောက်ပိုင်းလတွေမှာ ကျွန်တော့် ဝင်ငွေဟာ သိသိသာသာ ကျဆင်းခဲ့ပါတယ်။ ဒီ့ပြင် အလုပ်လည်း ပြောင်းလုပ်စရာမရှိတော့၊ မကြံတတ်အောင်ပင် ဖြစ်နေပါတယ်။ ပရိတ်တော်ကို ဖိလို့ နေ့စဉ် ရွတ်နေမိပါတယ်။

တနေ့ ကျွန်တော့်သူငယ်ချင်းတယောက်ကျွန်တော့်ထံရောက်လာပါတယ်။ သူဟာ အယင်တုန်းက ကျွန်တော်နဲ့ လောကီပညာတွေကို လိုက်စားဖော် လိုက်စားဖက်ပဲ၊ အခုတော့ သူက ပုတီးသမား သက်သက် ဖြစ်သွားပြီး။ သူ့ကို ကျွန်တော်က လက်ရှိ အခြေအနေကို တင်ပြပြီး ညည်းပြမိပါတယ်။ သူက ပုတီးသမားပီပီ သူ စိပ်နေကျ ဖြင့်ဟန်တူတဲ့ ပုတီး စိပ်နည်းကို ပေးတယ်ဗျာ။ ဒါပေမယ့် လက်တွေ့ကျတော့ သူ အဲဒီ ပုတီး စိပ်နည်းကို မစိပ်ရသေးဘူး။ ကျွန်တော့်ကိုသာ သူက အညွှန်းပေးနေတာ။

အဲဒီ ပုတီးစိပ်နည်းကတော့ ကျောက်တော် တောရဆရာတော်ကြီးရဲ့ နည်းဖြစ်တယ်လို့ ဆိုတယ်။ အဲဒီနည်းကိုလည်း စာရေးဆရာကြီး ဒဂုန်နတ်ရှင်ထံမှ ရရှိခဲ့တယ်လို့ ပြောပါတယ်။ ဒီလောက်တောင် သူကပေးနေတော့ ကျွန်တော်လည်း မလိုချင်လိုချင်နဲ့ ယူလိုက်တယ်။ အင်္ဂဝိဇ္ဇာအရ အချိန်တိုင်ထူကြည့်တော့

ကောင်းနေတာနဲ့ အားနာနာနဲ့ ယူလိုက်ရခြင်းပဲ ဖြစ်ပါတယ်။ သူ့ပုတီးစိပ်နည်းကို စိပ်လဲမကြည့်မိပါဘူး။ ဒါပေမယ့် ကျွန်တော့် ဝင်ငွေကျဆင်းနေတာကြောင့် သူ့အညွှန်းအတိုင်း စိပ်ကြည့်မိပါတယ်။

သူ့အညွှန်းကဆိုယင် အိမ်မှာပိုက်ဆံကို သေတ္တာငယ်တခုနဲ့ အစဉ်အမြဲ ထည့်ထားရမည်တဲ့။ အဲဒီအထဲက ထုတ်သုံးပြီး အဲဒီအထဲကိုပဲ ပြန်ထည့်ပေါ့၊ ငွေတိုးတယ်လို့ဆိုတယ်။ ငွေလည်းဝင်မယ်၊ ပေးမယ့်ကမ်းမယ့် လူတွေလည်း ပေါများလာမယ်လို့ အညွှန်းကဆိုလို့နဲ့တော့ ကျွန်တော် အဲဒီပုတီးစိပ်နည်းကို စ,စိပ်လိုက်တာ ၃-ရက်ကျော်သွားပြီ၊ မထူးခြားသေးပါဘူး။ ၇-ရက်လောက်ရတော့ အင်း-ထူးခြားလာသဗျာ။ ကျွန်တော် ရစရာရှိတဲ့ အရင်တုန်းကအကြွေးတွေလဲ ရလာတယ်။ ကျွန်တော့် ဝင်ငွေလည်း ဒါတိုင်းထက် နှစ်ဆတိုးတက်လာတယ်။ ဒါနဲ့ အဲဒီပုတီးစိပ်နည်းကို ကျွန်တော်ဟာ ပိုပြီးကြိုးစားအားထုတ် ပွားများပါတယ်။ သိသိသာသာကျွန်တော့် မိသားစု ဝင်ငွေပိုဝင်လာပါတယ်။ ဝင်ငွေပိုဝင်တော့ မိသားစု စိတ်ချမ်းသာရတာပေါ့။

ဒါနဲ့ ကျွန်တော်လည်း ငါ့ဘာသာ ငါ စဉ်းစားတယ်၊ ဒီပုတီးစိပ်ရုံနဲ့ ငွေတိုးလာတာ ဘယ်လိုအကြောင်း အဲဒီပုတီးစိပ်နည်းကို မစိပ်ဘဲ နေကြည့်တယ်။ လေးငါးရက် ကြာသာသာ ဝင်ငွေ နည်းလာတာကို တွေ့ရပါတယ်၊ နောက် အဲဒီပုတီးပြန်စိပ်တော့ ဝင်ငွေပြန်တိုးလာပါ၊ ဒီလိုကျွန်တော် စမ်းတာ သုံးလေးခါ ရှိသွား

ပါပြီ၊ ဒါကြောင့် အဲဒီပုတီးစိပ်နည်းကြောင့်ဆိုတာ အခိုင်အမာဆုံးဖြတ်ချက်ချလိုက်ရပါတယ်။

ကျွန်တော့်တင်လားဆိုတော့ မဟုတ်ဘူးဗျ။ အဆင်မပြေနေတဲ့ ကျွန်တော့်မိတ်ဆွေတွေကို စိပ်ခိုင်းကြည့်တဲ့ အခါမှာလည်း သိသိသာသာ တိုးတက်လာတာကို တွေ့ရပါတယ်၊ အဲဒီပုတီးစိပ်နည်းကိုလာပေးခဲ့တဲ့ မိတ်ဆွေကိုလည်း အဲဒီပုတီးစိပ်နည်း စိပ်ကြည့်ပြီးပြီလားလို့ မေးတော့ ငနဲသားက မစိပ်ရသေးဘူးဗျ။ ဒါနဲ့ ကျင့်ကြံအားထုတ်စိပ်ကြည့်ဖို့ သူ့ကိုပြန်ပြီး တရားဟောရတာပေါ့၊ သူလည်း အဲဒီပုတီးစိပ်နည်းကိုစိပ်ပြီး တပတ်လောက်ကြာတော့ တိုးတက်မှုရှိကြောင်း ဝန်ခံပါတယ်၊ သူတို့ဝင်ငွေလည်း ပိုလာကြောင်း ပြောပြတယ်၊ ကျွန်တော်လည်း ဝမ်းသာလိုက်ရတဲ့ဖြစ်ခြင်း။

ဒါကြောင့် ကျွန်တော်လို အဆင်မပြေနေတဲ့ ဓမ္မမိတ်ဆွေတွေကို ခုကျွန်တော်ပွားများနေတဲ့ ပုတီးစိပ်နည်းကို အနည်းဆုံး (၇)ရက် ပွားများပါ။ သိသာထင်ရှားလာပါလိမ့်မယ်လို့ လက်ဆောင်ပါးလိုက်ပါရစေ။

ပုတီးစိပ်နည်းကတော့ "နမောတဿ"ကို အပြန်အလှန်နဲ့ပြီးစိပ်တဲ့နည်းပါပဲ။

စိပ်နည်းကတော့ ဒီ့အပြင် ပုတီးစိပ်တွေမစိပ်မီ ဖော်ပြပါ ပုတီးစိပ်နည်းကို ပွားများပါ၊ ပြီးမှ အခြားပုတီးစိပ်နည်းတွေကို စိပ်ပါ၊ သိသာထင်ရှားလိမ့်မည်ဆိုတာ ဝန်ခံပါတယ်။ စိပ်နည်းကတော့-

၁။ နမော တဿ ဘဂဝတော။ (၃)ပတ်
၂။ နမော တဿ အရဟတော။ ။
၃။ နမော တဿ သမ္မာသမ္ဗုဒ္ဓဿ။ ။
၄။ နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။ ။

အဲဒီ အထက်ပါ ပုတီးစိပ်နည်းပဲ ဖြစ်ပါတယ်။ ရသည့် အထဲမှဘုရားကိုလည်းလှူပါ၊ မိဘမိသားစုလည်းစားပါ။ အကျိုးပေးသန့်တဲ့ ပုတီးစိပ်နည်းဖြစ်ကြောင်း လက်ဆောင်ပါးလိုက်ရပါတယ်ခင်ဗျား။

ဦးနိုးမြင့်
ဘီ-အေ၊ (နက္ခတ်ဗေဒပညာရှင်)
ကမာရွတ်ရွာမ(၁)လမ်း၊
ရန်ကုန်မြို့။

# နမောငါးချက် စီးပွားတက်

— နမောတဿဟူသည် လက်ရိုးဘုရားရှိခိုးပင် ဖြစ်ပါသည်။

— နမောတဿဟူသည် ကျမ်းဦးအစထေမ၌ ရှိခိုးပူဇော်သော ဂါထာလည်း ဖြစ်ပါသည်။

— နမောတဿဟူသည် ဘာသာရေးအခမ်းအနားများ ဖွင့်လှစ်ရာ၌ ရွတ်ဆိုပူဇော်သော ဂါထာလည်း ဖြစ်ပါသည်။

— “နမောတဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ” ကို မြန်မာလူမျိုး ဗုဒ္ဓဘာသာတိုင်း နှုတ်ငုံဆောင်ထားသည့် အတိုဆုံး ဂုဏ်တော်ဘုရားရှိခိုးလည်း ဖြစ်ပါသည်။

ဤသို့သော ဂုဏ်တော်ဘုရားရှိခိုးကို ရှေးသူတော်စင်ကြီးများသည် ဘုရားဂုဏ်တော်တပါးစီတို့အား ခွဲခြမ်းစိတ်ဖြာ၍ ဗုဒ္ဓါနုဿတိအဖြစ် ပွားများအားထုတ်ပါသည်။ ဤသို့ ပွားများအားထုတ်ခြင်းဖြင့် စိတ္တဝိသုဒ္ဓိ တည်းဟူသော အကျိုးကျေးဇူးထူးများကို ရရှိပြီး ဝိဿနာအထက်တန်းသို့ တက်လှမ်းသွားခဲ့ကြပါသည်။

စပယ်ဦးစာပေ (တတိယအကြိမ်)

ဤသို့တက်လှမ်းရာ၌ နမောတဿ တည်းဟူသော မြတ်ဗုဒ္ဓ၏ ဂုဏ်တော်မြတ်အပေါင်းသည် ကျင့်ကြံအားထုတ်သောသူအား ရောင်ပြန်ဟပ်၍ လောကီ အကျိုးကျေးဇူးများကို အကျိုးပေးသန်လှသည်ဟု ဂုဏ်သတင်း သင်းပျံ့လှပါသည်။

ဤသို့ လက်ရိုးဘုရားရှိခိုးကို ငါးချက်ခွဲ၍ ဗုဒ္ဓါနုဿတိ အဖြစ်တိုးသူအပေါင်းတို့သည် စီးပွားလာဘ်လာဘများ၊ တနေ့တခြား ဒီဃရအလားသို့ တိုးပွားလာကြပါသည်။ တနည်းအားဖြင့် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝကြပြီး မပူမပင် မကြောင့်ကြရပဲ တက်လှမ်းအားထုတ်နိုင်တော့သည်ဟု ဝန်ခံကြပါသည်။

ဤဂုဏ်တော်တန်ခိုးကြောင့် မရရှိသေးသော စီးပွားဥစ္စာများလည်း တိုးတော့သည်။

ဤဂုဏ်တော်တန်ခိုးကြောင့် ရရှိပြီးသော စီးပွားဥစ္စာများလည်း မယုတ်မလျော့ပဲ ရှိတော့သည်။

ထို့ကြောင့် စီးပွားတက်သော နမောငါးချက်အား မကွယ်မဝှက်ပဲ စနစ်တကျ ပွားများအားထုတ်နိုင်ရန် တင်ပြလိုက်ရပါသည်။

ပထမဦးစွာ ဘုရားစင်ရှေ့၌ လှူဒါန်းဖွယ်ရာများကို လှူဒါန်းပြီး ရှေ့အခန်းတို့၌ တင်ပြခဲ့သည့်အတိုင်း ပြင်ဆင်ပြီး ပုတီးကို စတင်စိပ်ပါ။

နမောငါးချက်ကို ပုတီးမစိပ်မီ သရဏဂုံသုံးပါးကို ဦးစွာ ပုတီးကိုးပတ်စိတ်ပါ။ သရဏဂုံသုံးပါးမှာ—

(၁) ဗုဒ္ဓိသရဏံ ဂစ္ဆာမိ= (ပုတီးတလုံးစီချ—ပုတီးသုံးပတ်)

(၂) ဓမ္မံ သရဏံ ဂစ္ဆာမိ= ။ ။

(၃) သံဃံသရဏံ ဂစ္ဆာမိ= ။ ။

ထို့နောက် အောက်ပါနမောငါးချက်ကို တပါးလျှင် ပုတီးတလုံးစီချ၍ စိပ်သွားပါ။

(၁) နမောတဿ=ပုတီးတလုံးစီချ၍ (ပုတီးသုံးပတ်)

(၂) နမောတဿ ဘဂဝတော= ။ ။

(၃) နမောတဿ အရဟတော= ။ ။

(၄) နမောတဿ သမ္မာသမ္ဗုဒ္ဓေါ— ။ ။

(၅) နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ= ။ ။

ထိုနမောငါးချက်ကို စိပ်ပြီးနောက် မေတ္တာဘာဝနာကို စီးဖြန်းပါ။ ဤနမောငါးချက်အား အမြဲဒ္ဓာန်ဝင်၍ဖြစ်စေ၊ နေ့စဉ်ဝတ်ထား၍ ပွားများအားထုတ်ခြင်းဖြင့် ဖြစ်စေ မကြောင့်မကြ၊ မတောင့်မတ တရားဘာဝနာများကို အားထုတ်နိုင်ကြပြီး ပေးကမ်းလှူဒါန်းနိုင်ကြပေမည်။

နမောငါးချက်ကို ကိုးရက် အဓိဋ္ဌာန်ဝင်ပြီးနောက် ပို၍ သိသာထင်ရှားလှပါသည်။

"နမောငါးချက်၊ စီးပွားတက်၏
ရင့်ကျက်စေတနာ၊ ကြီးမားစွာဖြင့်
သတ္တဝါများ၊ ငဲ့သနားပြီ
ပွားများဥစ္စာ၊ ပြန်လှူပါလော့"
(စေတနာရှင်- ယောဂီတဦး)

## ဂုဏ်တော်အနက် အတိုကောက်များ

၁။ ဂုဏ်တော်အရဟံ၊ စွဲမြဲပြန်၊ တိုးရန်ကျက်သရေ။

၂။ သမ္မာသမ္ဗုဒ္ဓေါ၊ စိတ်ဝယ်စော၊ ကောင်းသော အကြံပေါ်။

၃။ ဝိဇ္ဇာစရဏ သမ္ပန္နော၊ စိတ်မနော၊ ကြံသောအတိုင်း အောင်မြင်သည်။

၄။ သုဂတောဂုဏ်တော်၊ ဟိုးဟိုးကျော်၊ ဆိုသော် စကားအောင်မြင်သည်။

၅။ လောကဝိဒူ၊ ပွားလေမူ၊ လူတွင် အသိပညာ ပွားလေရာ၏။

၆။ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ လူနတ်သို့ချစ်၏၊ သူတပါးကို နိုင်နင်း၏။

၇။ သတ္ထာဒေဝမနုဿာနံ၊ လိုရာကြံ၊ အမှန်ပြည့်စုံ ရ၏။

၈။ ဗုဒ္ဓေါဂုဏ်တော်၊ ဂုဏ်တေဇော်၊ ကြံသော် ပြီးမြောက် အောင်မြင်၏။

၉။ ဘဂဝါဂုဏ်တော်၊ ညွတ်တွားရိုသေ၊ ဘုန်းတိုး လေ၏။

## ဂုဏ်တော်ကိုးပါး

### အနုလုံ-ပဋိလုံစိပ်နည်း

၁။ သောဘဂဝါ ဣတိပိ အရဟံ၊
အရဟံဣတိပိ သောဘဂဝါ။
၂။ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
သမ္မာသမ္ဗုဒ္ဓေါ ဣတိပိ သောဘဂဝါ။
၃။ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော၊
ဝိဇ္ဇာစရဏသမ္ပန္နော ဣတိပိ သောဘဂဝါ။
၄။ သောဘဂဝါဣတိပိ သုဂတော၊
သုဂတော ဣတိပိ သောဘဂဝါ။
၅။ သောဘဂဝါ ဣတိပိ လောကဝိဒူ၊
လောကဝိဒူ ဣတိပိ သောဘဂဝါ။
၆။ သောဘဂဝါဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊
အနုတ္တရောပုရိသ ဒမ္မသာရထိ ဣတိပိ သောဘဂဝါ။
၇။ သောဘဂဝါဣတိပိ သတ္ထာဒေဝ မနုဿာနံ၊
သတ္ထာဒေဝ မနုဿာနံ ဣတိပိ သောဘဂဝါ။
၈။ သောဘဂဝါဣတိပိ ဗုဒ္ဓေါ၊
ဗုဒ္ဓေါဣတိပိ သောဘဂဝါ။
၉။ သောဘဂဝါ ဣတိပိ ဘဂဝါ၊
ဘဂဝါ ဣတိပိ သောဘဂဝါ။

ဤပုတီးစိပ်နည်းမှာလည်း သမာဓိတရား ခိုင်မာရေးအတွက် ရှေးသူတော်ကောင်းကြီးများ စီစဉ်ခဲ့ခြင်းဖြစ်သည်။

စပယ်ဦးစာပေ (တတိယအကြိမ်)

အဆိုပါ ပုတီးစိပ်နည်းတွင် သောဘဂဝါ ဣတိပိအရဟံ မှစ၍ သောဘဂဝါ ဣတိပိ ဘဂဝါကျမှ ပုတီးတလုံး ချရမည်။ တဖန် သောဘဂဝါ ဣတိပိ ဘဂဝါမှစ၍ သောဘဂဝါ ဣတိပိ အရဟံကျမှ ပုတီးတလုံးချရမည်။ ဤသို့ဖြင့် အနုလုံ၊ ပဋိလုံ အပြန်အလှန် ဂုဏ်တော်မြတ် ကိုးပါးစိပ်သွားခြင်း အားဖြင့် မကြာမီ ထက်မြက်သော သမာဓိထူးကို ရရှိမည် ဖြစ်ပါသည်။

# ထူးခြားသော အရဟံ ဂုဏ်တော်များ

ပုတီးသမားတိုင်း "အရဟံ"ဂုဏ်တော်ကို အစိပ်များကြ သည်။ အရဟံဂုဏ်တော်ကို ပွားများကြသည်။

ထိုသို့ ပွားများ အားထုတ်သည့်အလျောက်လည်း အရဟံ ဂုဏ်တော်၏အနက် အဓိပ္ပာယ်မှာ ကျယ်ဝန်းလှသည်။ ပွားများ အားထုတ်ပုံမှာလည်း များပြားလှသည်။ ဤနေရာတွင် အရဟံ ဂုဏ်တော်မှာ ထိရောက်၍ လူသုံးများသော ကျင့်ကြံအားထုတ် နည်းများကိုသာ ရွေးချယ်တင်ပြသွားမည် ဖြစ်ပါသည်။

အရဟံ ဂုဏ်တော်သည် ဂုဏ်တော် ကိုးပါးတို့အနက် အကြီး အမှူးဖြစ်သည်ဟု ကျမ်းဂန်တို့၌ ဆိုပါသည်။ အရဟံ ဂုဏ် တော်တပါးကို ပွားများအားထုတ်လျှင်ပင် အားလုံး ပြည့်စုံ သည်ဟု ရှေးသူတော်စင်တို့က ဆိုပေသည်။ အရဟံ ဂုဏ်တော်၏ အနက်အဓိပ္ပာယ်များကို နောက်တွင် သီးခြား ဖော်ပြထားပါ သည်။

ပထမဦးစွာ အရဟံ ဂုဏ်တော်၊ အရှက်သုံးပါး ပုတီးစိပ် နည်းကို တင်ပြလိုပါသည်။

## အရဟံသုံးပါး ပွားများနည်း ✓

အရဟံသုံးပါးရှိပါသည်။ ယင်းတို့မှာ နံနက် အရဟံ၊ နေ့လယ် အရဟံ၊ ညနေအရဟံတို့ဖြစ်ပါသည်။ ထို့ကြောင့် အရဟံ ဂုဏ်တော်ကို သုံးပါးခွဲ၍ ပွားများရပါမည်။ ယင်းမှာ-

၁။ အ-ရဟံ

၂။ အရ ဟံ

၃။ အရဟံ

စသော အရဟံ ဂုဏ်တော်မြတ်သုံးပါးကို ခွဲခြမ်းစိတ်ဖြာ၍ ပွားများခြင်းဖြစ်ပါသည်။

၁။ ပထမဦးစွာ "အရဟံ"ဂုဏ်တော်တပိုဒ်ကို နံနက်အရဟံတွင် ဘုရားတွင် ဆီမီး၊ ရေချမ်း၊ ပန်းနှင့် ဆွမ်းများ ကပ်လှူပြီး ပုတီးပတ်(၁၀)ပတ် စတင်စိပ်ပါ။

၂။ တဖန် နေ့လယ် တနာရီအချိန်တွင် "အရ-ဟံ"ဂုဏ်တော်ကို ဘုရားရှေ့တော်တွင် ပုတီးပတ်(၁၀)ပတ် ပွားများအားထုတ်ပါ။

၃။ ညနေ နေဝင်ချိန်တွင် "အ ရဟံ" ဂုဏ်တော်ကို ဆီမီး ရေချမ်းများ ကပ်လှူ၍ ပုတီးပတ် (၁၀)ပတ်စိပ်ပါ။ ထို့ကြောင့် တနေ့လုံး ပုတီးပတ်(၃၀) ပုတီးလုံးရေ (၃၀၀၀)ရမည်ဖြစ်ပါသည်။

ထိုသို့ မပျက်မကွက် နေ့စဉ်(၉)ရက်တိတိကို အဓိဋ္ဌာန်ဖြင့် ပွားများအားထုတ်ပါက လိုသောအရာကို ပြည့်စေသည်ဟု ရှေးသူတော်စင်ကြီးများက မိန့်ဆိုပါသည်။

(တတိယအကြိမ်)　　စပယ်ဦး ၈၁၆၀

အသက်ပါ တင်ပြခဲ့သော အရဟံ ဂုဏ်တော်(၃)ပါးကို (၉)ရက် အဓိဋ္ဌာန်ဖြင့် ပုတီးစိပ်ခြင်းအားဖြင့် အဓိဋ္ဌာန်အတိုင်း ပြီးပြည့်စုံနိုင်သည်။ လွယ်လွယ်နှင့် ထိရောက်သောနည်းဟု ဆိုနိုင်သော်လည်း တကယ်လက်တွေ့ ကျင့်ကြံအားထုတ်ရာ၌ အနှောင့်အယှက် တွေ့တတ်ပါသည်။ ကြိုးစားအားထုတ်ကြပါကုန်။

တဖန် "အရဟံ"သုံးပါးကို ဂုဏ်တော်တပါးလျှင် ပုတီး (၃)ပတ်၊ သုံးပါးကို (၉)ပတ် ရအောင်လည်း နေ့စဉ်ပွားများအားထုတ်နိုင်ပါသည်။ အကျိုးလည်း များလှကြောင်း ရှေးသူတော်ကောင်းတို့ မိန့်ဆိုကြသည်။

## အရဟံ ဂုဏ်တော် ၄ ပါး ပွားများအားထုတ်နည်း

အထက်က တင်ပြခဲ့သော နည်းများမှာ အရဟံ(၃)ပါးကိုသာ ပွားများအားထုတ်နည်းများ ဖြစ်ပါသည်။ ဤအရဟံ (၄)ပါး ပွားများ အားထုတ်နည်းကို တောရကျောင်း ဆရာတော်တပါးထံမှ ဆရာကြီးတယောက်က ရရှိခဲ့ခြင်းဖြစ်ပါသည်။

၁။ အရဟံ။ ။လူနတ်ပြဟ္မာ သတ္တဝါ အပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

၂။ အရ-ဟံ။ ။ကိလေသာရန်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ကြွင်းကျန်မရှိ ပယ်ဖြတ်တော်မူပြီးသောကြောင့် "အရ-ဟံ"ဂုဏ်ကို ရတော်မူသော မြတ်စွာဘုရား။

၃။ အ-ရဟံ။ ။မကောင်းမှုပြုရန် ဆိတ်ကွယ်ရာ နေရာ မရှိသောကြောင့် "အ-ရဟံ" ဂုဏ်တော်ကို ဆောင်တော်မူသော မြတ်စွာဘုရား။

၄။ အရိဟံ။ ။ပြင်ပရန်ကို အောင်ခြင်း ၅စ်ပါးဖြင့် အောင်မြင်တော်မူခြင်းကြောင့် အရိဟံ ဂုဏ်တော်ကို ဆောင်တော် မူသော မြတ်စွာဘုရား။

အထက်ပါ အရဟံ ၄ ပါးကို တပါးလျှင် ပုတီး ၃ ပတ်ကျစီ စိပ်သွားရန် ဖြစ်ပါသည်။ တနေ့လျှင် ပုတီးအပတ်ပေါင်း ၁၂ ပတ်၊ ၉ ရက်ဆိုလျှင် ပုတီးပတ်ပေါင်း ၁၀၈ ပတ် ရှိမည် ဖြစ်ပါသည်။

ပွားများအားထုတ်နည်းမှာ မိမိအားလပ်သော အချိန်ကို အဓိဋ္ဌာန်ပြု၍ စိပ်ရန်ဖြစ်ပါသည်။ အဆိုပါ ပုတီးစိပ်နည်းမှာ အနှောင့်အယှက် အလွန်များလှပါသည်။ အောင်မြင်ခဲပါသည်။ အောင်မြင်ခဲ့လျှင် ပီကာဆိုသုံးပုံအား အလွယ်တကူတတ်မြောက်ခြင်း၊ ဗေဒင်သုံးပုံအား အလွယ်တကူ တတ်မြောက်ခြင်း စသော အကျိုးကျေးဇူးများကို ခံစားရမည်ဟု ဆိုပါသည်။

အထက်ပါ အရဟံ ဂုဏ်တော် ပုတီးစိပ်များကို ပွားများ အားထုတ်နေစဉ် အိပ်မက်ထဲ၌ ကြည်ညိုရခြင်း၊ အခါးအခါ ကြည်နူးသွားရခြင်း၊ မေထုန်မှီဝဲရခြင်းသဘောသည် အိပ်မက်မြင်မက်လျှင် ပျက်ပြယ်၍ သွားပြီဖြစ်ကြောင်း သိထားပါ။ ထိုအခါ အစရက်မှ ပြန်၍ အဓိဋ္ဌာန်ပြုပြီး ပုတီးစိပ်ကို ပြန်စပါ။

တောရ ဆရာတော်၏ မိန့်ဆိုချက်အရ အထက်ပါ ဂုဏ်တော် "အရဟံ" ၄ ပါးကို ပွားများ အာထုတ်နေစဉ် မာတုဂါမများ လာ၍ နှောင့်ယှက်ဖျက်ဆီးတတ်ကြောင်းမိန့်ဆိုဖူးပါသည်။

တဖန် ဆရာကြီး တယောက်မှာလည်း အထက်ပါ ဂုဏ်တော် လေးပါးကို အဓိဋ္ဌာန် ၉ ရက်ဖြင့် ပွားများနေစဉ် နောက်ဆုံး အဓိဋ္ဌာန်ပြည့်မည့်ရက်၌ အိပ်နေသော ခုတင်ကို လာ၍ လှုပ်နေသောကြောင့် ဆက်၍ ပုတီးကိုမစိပ်တော့ပဲ ရပ်ထားလိုက်မှ ငြိမ်သွားကြောင်း မှတ်သားဖူးပါသည်။

ထို့ကြောင့် အချင်းသူတော်စင်—

အထက် ဖော်ပြခဲ့သော ဂုဏ်တော် အရဟံကို ပွားများ အားထုတ်မည်ဆိုလျှင် ရှေ့ပိုင်း၌ တင်ပြခဲ့သော ပရိကန်အတိုင်း စည်းချခြင်း၊ အနန္တငါးပါးတို့အား ကန်တော့ခြင်းနှင့် သီလခံယူ ဆောက်တည်ခြင်း စသည်များကို ပြုလုပ်ပါ၊ ထို့နောက် မေတ္တာဘာဝနာကို အထပ်ထပ် ပွားများပြီးမှ ပုတီးကိုစိပ်ပါ။

## အရဟံဂုဏ်တော်နှင့် ကျင့်စဉ်ကြီး

တဖန် သူမြတ်အပေါင်းတို့အား အရဟံ ဂုဏ်တော်တခုတည်းကိုပင် စွဲစွဲမြဲမြဲ ပွားများအားထုတ်သွားပါက အကျိုးထူးတရားများကို ခံစားနိုင်ပုံတို့ကို တင်ပြလိုပေသေးသည်။ ယင်းမှာ

၁။ နတ္ထိရဟော တေဿာတိ အရဟံ၊
ဝစနတ္ထနှင့်အညီ အပုဒ် ရဟပုဒ်ဖြစ်၍ အ-ရဟံ
ဟု ပုဒ်ဖြတ် ရွတ်ဆိုရမည်။

၂။ အရဟော ဟနတီတိ အရ-ဟံ ဟူသော ဝစနတ္ထ
နှင့်အညီ အရပုဒ် ဟပုဒ်ဖြစ်၍ အရ-ဟံ ဟု ရွတ်
ဖတ်ရမည်။

၃။ ပူဇာဝိသေသံ အရဟတီတိ အရဟံ ဟူသော
ဝစနတ္ထနှင့်အညီ အရဟ ပုဒ်ဖြစ်၍ အရဟံဟု
တပေါင်းတည်း ရွတ်ရမည်။ (ရှေးက ပင် အရဟ
အနက်များကို ပေးပြီး။)

ပထမဦးစွာ ကိလေသာ ဟူသော မကောင်းမှုပြုရန် ဆိတ်
ကွယ်ရာ အရပ်မရှိသဖြင့် လူနတ်တို့၏ ကိုးကွယ်ရာအစစ် ကေ်
ဖြစ်သော ဘုရားရှင်၏ ဂုဏ်တော် အာရုံပြု၍ ဂုဏ်တော်
ကသိုဏ်းပေါ်တွင် စိတ်ကိုတင်ပြီး (အ-ရဟံ) (အ-ရဟံ)ဟူ၍
တနေ့လျှင် တထောင်ကျ တလတိတိ အဓိဋ္ဌာန်ဖြင့် ပွားများ
အားထုတ်ရမည်။

ဒုတိယလည်း ကိလေသာရန်ကို အရဟတ္တမဂ်၊စိန်သန်လျက်ဖြင့်
ပယ်ဖျက်ခုတ်ထွင် သုတ်သင်ပြီးတော်မူသော အရှင်ဘုရားဟူ၍
စိတ်ကို ဂုဏ်တော်ကသိုဏ်းပေါ်တင်၍ (အရ-ဟံ) (အရ-ဟံ)
ဟု တနေ့ပုတီးပတ် တထောင်တိတိကို တလပွားများရမည်။

တတိယလည်း လူနတ်ဗြဟ္မာ သတ္တဝါ သုံးဦးတို့၏ ပူဇော်
အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားဟူ၍ ဂုဏ်တော်ကို

အာရုံပြု၍ ဂုဏ်တော်ကသိုဏ်းပေါ်တွင် စိတ်ကိုတင်ပြီး (အရဟံ-အရဟံ) ဟူ၍ တနေ့လျှင် ပုတီးတထောင် တလတိတိစိတ်ရမည်။

ဤသို့ ပွားများအားထုတ်ရာ၌ အဓိက အရေးကြီးသည်မှာ ဂုဏ်တော်အပေါ်၌ အာရုံမြဲနေရန်ပင်ဖြစ်သည်။ ဤသို့မြဲမှလည်း သမာဓိရမည်၊ သမာဓိရမှလည်း အထက်စခန်းသို့ တက်လှမ်းနိုင်မည် ဖြစ်ပါသည်။

ထိုသို့ အားထုတ်နေစဉ် (၃)လ အတွင်း၌ ထမင်းစားရခြင်း၊ ပွဲကြည့်ရခြင်း၊ မေထုန်မှီဝဲရခြင်း စသော အိပ်မက်များ မက်ပါက အဖျက်ဝင်၍ ပျက်မည်ဟုမှတ်ပါ။

ထို့ကြောင့် အစမှပြန်ပြီး သုံးလပြန်၍ အားထုတ်ပါ။ ထိုသို့ အားထုတ်နေစဉ်အတွင်း ရှေ့အခန်းတွင် တင်ပြခဲ့သော ပရိကန် အတိုင်း ထိုင်ပါ။ ထို့အပြင် မနက်တကြိမ်၊ နေ့လယ်တကြိမ်၊ ညနေတကြိမ်၊ ရေချမ်း၊ ဆီမီးတို့ဖြင့် မှန်မှန်ဝတ်တက်ပါ။

က။ ဤသို့အဓိဋ္ဌာန်ဖြင့် အားထုတ်၍ သုံးလပြည့်မြောက်သောအခါ နတ်တို့ပြောသော အသံကို ကြားရမည်။ မိမိအလိုရှိသောအခါ တောင့်တလိုက်လျှင် ကြား၍ နေရမည်ဖြစ်သည်။

ခ။ တဖန် အထက်ဖော်ပြပါအတိုင်း သုံးလဆက်၍ အားထုတ်သဖြင့် အောင်မြင်လာသောအခါ မိမိ စက္ခုဖြင့် နတ်များကို မြင်နိုင်သည်။ မိမိတောင့်တ ...ိုင်း ဆန္ဒပြည့်ဝသည်။

စပယ်ဦးစာပေ (တတိယအကြိမ်)

ဂ။ ထို့နောက် သုံးလအားထုတ်၍ ပြည့်မြောက်သော အခါ မိမိထံသို့ နတ်များလာရောက် ပြောကြား တတ်၏။ မတောင့်တသော်လည်း လာဘ်ရတတ် သည်။

ဃ။ နောက်သုံးလ အားထုတ်၍ အောင်မြင်လာလျှင် မိမိ သွားလိုရာသို့ နတ်များက ပို့ဆောင်ပေးသည်။

င။ နောက်သုံးလဆက်၍ အားထုတ်အောင်မြင်လေလျှင် အလိုရှိရာသို့ နတ်များကမပို့ပဲ မိမိဘာသာ ရောက်ရှိ နိုင်သည်။

ဤသို့ အားထုတ်သဖြင့် အထက်လမ်းသို့ မပေါက်ရောက် သေးသော်လည်း အားထုတ်နေသူမှာ ဆေးဝါး၊ အင်းအိုင်၊ လက်ဖွဲ့ စသည်တို့ကို ဆောင်ဖို့မလိုပဲ အနုကို လိုလျှင်လည်း အရဟံ၊ အကြမ်းကိုလိုလျှင်လည်း အရဟံ၊ အရေရာ အရဟံကို အသုံးပြု သွားပါက အကျိုးထူးများကို ထင်ရှားစွာ ခံစားနိုင်ပါသည်။ ကြိုးစားအားထုတ် သွားများကြပါကုန်။

# ဘုရားလေးဆူ စ ခ ဗ ဝ ပုတီးစိပ်

စက္ခု မာစရ မာစိဏ္ဏော၊
ဓမ္မညု ဓမ္မသာမိကော။
ဗလူပေတော ဗလဒဇ္ဇော၊
ဝရဒေါ ဒေတု မေဝရံ။

သောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ စက္ခုမာ၊ လောကသုံးခွင် ဘုံအပြင်ဝယ် ကုန်စင်ခပင်း မကျန်ကြွင်းအောင် လင်းလင်းထင်ပေါ် ပါရမီတော် ရွှေဉာဏ်တော် တည်းဟူသော ဉာဏ်တော် စက္ခုအမြင်နှင့်လည်း ပြည့်စုံတော် မူပေထသော။ မာစရ မာစိဏ္ဏော၊ သီလ၊ သမာဓိ၊ ပညာ စသော ကျင့်တရားတော်ကို မနားမနေ ပရိတ်ယေဖြင့် ဘာဝနေပွား လုံ့လထား၍ ကျိုးစားတော် မူပေထသော။ ဓမ္မညူ၊ လောကုတ် လောကီ နှစ်လီနှစ်ဝ မြတ်ဓမ္မကို ကျနကုန်စင် သိမြင်တော်မူပေထသော။ ဓမ္မသာမိကော၊ သောင်းတိုက်ဗိုလ်ခြေ များဝေနေတို့၏ ကိုးကွယ်ရာအစစ် ဓမ္မရာဇ်တဆူ သယမ္ဘူမှန်ကင်း တရားမင်း

လည်း ဖြစ်တော်မူပေထသော။ ဗလူပေတော၊ ကာယဉာဏ နှစ်မည်ရလျက် ဗလနှစ်သွယ် အံ့သြဖွယ်ဟု ကြီးကျယ်ခမ်းနား စွမ်းပကားဖြင့် ဆယ်ပါးသော အားတော်ဂုဏ်တော်နှင့် ပြည့်စုံတော်မူပေထသော။ ဗလဒဌော၊ မြင့်မိုရ်မေရု နိုင်းတုမမီ ဂုဏ်ရည်ထက်သန် မြဲမြံခိုင်ခံ့ တည်တံ့သော သမာဓိဂုဏ်တော်လည်း ပြည့်စုံတော်မူပေထသော။ ဝရဒေါ၊ လတ်တလော လက်ငင်း ချက်ချင်းခဏ ချမ်းသာရအောင် မုချထင်လင်း ဆင်းရဲကင်း၍ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ထက် ဆထက်လွန်ကြူး နိဗ္ဗာန်တည်းဟူသော ဆုထူး ဆုမြတ်ကြီးကိုလည်း ပေးသနားတော်မူပေထသော။ ဇုဒ္ဓေါ၊ ဒုက္ခ သမုဒယ နိရောဓ နှင့် မဂ္ဂသညာ လေးသစ္စာကို ဆရာမကူ သယမ္ဘူ ဖြင့် အမှန်ထိုးတိ ပိုင်းခြား၍ သိမြင်တော်မူတတ်သော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေဝန္ဒာမိ၊ ကာယဝစီ မနော ချီလျက် သုံးလီဒွါရ ပဏာမဖြင့် ဂါရဝမင်္ဂလာ သက္ကစ္စကြိကာ ရိုသေစွာ လက်ငုံမိုး၍ ရှိခိုး ကန်တော့လိုက်ပါ၏ အရှင်ဘုရား။

ဣတိပိုသေန၊ ဤသို့ ရှိခိုးပါရ ကုသလဘာဝံ ကောင်းမှုကံကြောင့်။ ဝရံ၊ အောင်ဗေဟိဆော် အောင်မောင်းကျော်၍ အောင်တော်မူမြဲ အောင်စစ်ပွဲ၌ အောင်မြဲမင်္ဂလာ အောင်ရတနာဖြင့် အောင်ချမ်းသာဟူသမျှ အောင်သုခဟု ဆိုအပ်သော ဝိဇ္ဇာဉာဏ် ၃-ပါး၊ သိဒ္ဓိ ၁၀-ပါး တည်းဟူသော ဆုထူး ဆုမြတ်ကြီးကို။ ဒေတု၊ သားရဟုလာ ကဲ့သို့မှာ ကရုဏာထား မေတ္တာပွား၍ ပေးသနားတော်မူပါ ရွှေဘုန်းတော်သခင် အရှင်ကိုယ်တော်မြတ်ကြီးဘုရား။

## ဣစ္ဆာသယမနောမယိဒ္ဓိ
## ပုတီးစိပ်နည်း

၁။ သမ္မာသမ္ဗုဒ္ဓ ဉာဏေန၊
သမ္မာသမ္ဗုဒ္ဓ မေဇိတော။
သမ္မာသမ္ဗုဒ္ဓ လောကသ္မိံ၊
သမ္မာသမ္ဗုဒ္ဓ တေ နမော။

၂။ ဝိဇ္ဇာ စရဏ ဉာဏေန၊
ဝိဇ္ဇာ စရဏ မေဇိတော။
ဝိဇ္ဇာ စရဏ လောကသ္မိံ၊
ဝိဇ္ဇာ စရဏ တေ နမော၊
ဗုဒ္ဓေါ ဘဂဝါတိ။

၃။ သုဂတော ဌာနံ သုဂတော သေဌမ္ပိစ၊
သုဂတော ဗုဒ္ဓ စရိယာနံ။
သုဂတော တေ နမော၊
ဗုဒ္ဓေါ ဘဂဝါတိ။

အထက်ပါ ဂုဏ်တော်များကို ကိုးရက်အဓိဋ္ဌာန်ပြု၍ တပိုဒ်လျှင် ပုတီးတလုံးကျစီချ၍ ပွားများအားထုတ်ပါ။

ဤသို့ ဂုဏ်တော်များကို ပွားများ အားထုတ်ရသော အကျိုးသည် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များနှင့် တကွ သူရဿတီမယ်တော် အမြဲစောင့်ရှောက်ခြင်း ခံရသည်။ ထို့ကြောင့် အထင်ခေတ်၊ အမြင်ခေတ်ပေါက်ခြင်း၊ ကြံစည် ကျက်

မှတ်၍ တခဏချင်း ထင်မြင်ရရှိလွယ်ခြင်း၊ ဘေးကင်းခြင်းစသော အကျိုးအမျိုးမျိုးတို့ သိသာထင်ရှားစွာ ခံစားကြရမည် ဖြစ်ပါသည်။

ထို့အပြင် စုန်းနတ် ကဝေ၊ တစ္ဆေ၊ မှင်စာ၊ မာတြာနှင့် သရဲ သဘက် ဘီလူးတို့ ဝင်ပူးကပ်ရောက် ဖမ်းစားသည်ထင်က ရေကို ကိုးခေါက်မန်း၍ တိုက်ပြီးလျှင် မျက်စိ၌လည်း ခတ်လျှင် ချက်ချင်းပင် ပျောက်ကင်း ချမ်းသာလိမ့်မည်။

## "တြင်း"ကြေဂုဏ်တော်ပုတီး

## ပွားများအားထုတ်နည်း

၁။ နမောဗုဒ္ဓါယျ သောဘဂဝါ
ဣတိပိ အရဟ (ပုတီးတလုံး)

၂။ အရဟံ ဝတ သောဘဂဝါ ။

၃။ အရဟံ တံသရဏံ ဂစ္ဆာမိ ။

၄။ နမော ဗုဒ္ဓါယျ သောဘဂဝါ
ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ ။

၅။ သမ္မာသမ္ဗုဒ္ဓေါ ဝတ သောဘဂဝါ ။

၆။ သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ။

၇။ နမောဗုဒ္ဓါယျ သောဘဂဝါ
ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော ။

၈။ ဝိဇ္ဇာစရဏ သမ္ပန္နော ဝတ သော ဘဂဝါ (ပုတီးတလုံး)

၉။ ဝိဇ္ဇာစရဏ သမ္ပန္နံ သရဏံ ဂစ္ဆာမိ ။

၁၀။ နမော ဗုဒ္ဓါယျ သော ဘဂဝါ
ဣတိပိ သုဂတော ။

၁၁။ သုဂတော ဝတ သော ဘဂဝါ ။

၁၂။ သုဂတံ သရဏံ ဂစ္ဆာမိ ။

၁၃။ နမော ဗုဒ္ဓါယျ သော ဘဂဝါ
ဣတိပိ လောကဝိဒူ ။

၁၄။ လောကဝိဒူ ဝတ သော ဘဂဝါ ။

၁၅။ လောကဝိဒုံ သရဏံ ဂစ္ဆာမိ ။

၁၆။ နမော ဗုဒ္ဓါယျ သော ဘဂဝါ ဣတိပိ
အနုတ္တရော ပုရိသ ဒမ္မသာရထိ ။

၁၇။ အနုတ္တရော ပုရိသ ဒမ္မသာရထိ ဝတ
သော ဘဂဝါ ။

၁၈။ အနုတ္တရော ပုရိသ ဒမ္မသာရထိံ
သရဏံ ဂစ္ဆာမိ ။

၁၉။ နမော ဗုဒ္ဓါယျ သော ဘဂဝါ ဣတိပိ
သတ္ထာဒေဝ မနုဿာနံ ။

၂၀။ သတ္ထာဒေဝ မနုဿာနံ ဝတ
သော ဘဂဝါ ။

၂၁။ သတ္ထာဒေဝ မနုဿာနံ သရဏံ ဂစ္ဆာမိ ။

၂၂။ နမောဗုဒ္ဓါယျ သောဘဂဝါ
ဣတိပိ ဗုဒ္ဓေါ (ပုတီးတလုံး)
၂၃။ ဗုဒ္ဓေါ ဝတ သောဘဂဝါ 〃
၂၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ 〃
၂၅။ ✓နမောဗုဒ္ဓါယျ သောဘဂဝါ
ဣတိပိ ဘဂဝါ 〃
၂၆။ ဘဂဝါ ဝတ သောဘဂဝါ 〃
၂၇။ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ 〃

# ငါးစားရှိ အပြန်

ကျွန်တော်သည် ဗုဒ္ဓ၏တရားတော်များ၊ ဂုဏ်တော်များကို အကြွင်းမဲ့ ယုံကြည်ပါသည်။ ဤသို့ ယုံကြည်ရခြင်းမှာ ကိုယ်တွေ့ ဘဝက လက်တွေ့ကျခဲ့သော အကြောင်းများကြောင့် ဖြစ်ပါသည်။ ဤသို့ဆိုသော် ကျွန်တော်သည် ဗုဒ္ဓ၏ လမ်းစဉ်နှင့်တကွ အကျင့်အကြံ တရားတော်များကို ပေါက်ရောက်ပြီးမြောက် အောင်မြင်ခဲ့သူဟု ဆိုလိုခြင်းမဟုတ်ပါ။

သာမန်အားဖြင့် ထိတွေ့ကြုံဆုံဖြစ်ပျက်ခဲ့ရသော အကြောင်းကလေး တခုလောက်နှင့်ပင် လုံလောက်သော ယုံကြည်ခံယူချက်ကို ရရှိခဲ့သောကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား (ဝါ) သိဒ္ဓတ္ထအမည်ရှိသော သကျနွယ်ဝင် သာကီဝင်မင်းသားသည် ဥရုဝေလတောတွင် ဒုက္ကရစရိယာကို ၆ နှစ်ကာလပတ်လုံး ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ရာ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ခဲ့ပြီး၊ ဗုဒ္ဓဟူသော ဘုရားအဖြစ်ကို ခံယူကာ ဂေါတမ၊ ဘဂဝါအဖြစ်

ကို ရယူတော်မူခဲ့သူ၊ မဟာလူသား၊ သူတော်မြတ် ဖြစ်ခဲ့ရပါသည်။ ဤသို့ ခံယူခဲ့သူ ဗုဒ္ဓ (ဝါ) ဂေါတမ (ဝါ) ဘဂဝါသည် ဆိတ်ကွယ်ရာ မရှိသူဖြစ်ပါသည်။

ဗုဒ္ဓတွင် ဆိတ်ကွယ်ရာဟူသည် မရှိခဲ့ပါ။ ဤသို့ မရှိခဲ့ခြင်းကြောင့် ဗုဒ္ဓ၏ အတွေးအခေါ် အစရှိသော တရားတော်များ၏ ဂုဏ်အနန္တများသည် ထက်မြက် အစွမ်းထက်ခဲ့ရခြင်း ဖြစ်ပါသည်။ လူသာမန်တို့ ရရှိနိုင်သော တရားများ မဟုတ်ခဲ့ပါချေ။

ဗုဒ္ဓ၏ ဂုဏ်တော်များနှင့်ပတ်သက်၍ မည်မျှ အစွမ်းထက်မြက်လှကြောင်းကို ကျွန်တော်၏ ကိုယ်တွေ့ အောက်ပါ အဖြစ်အပျက်ကလေးက သက်သေခံနေပါလိမ့်မည်။ တိုက်ဆိုင်၍ မဟုတ်ပဲ ဘာကြောင့် အကျိုးအာနိသင် ဖြင်သည်ဟုသာ ငှဲ့မှတ်မှတ် ကျွန်တော် ယုံကြည်ခဲ့ပါသည်။

ယင်းသို့ ယုံကြည်ခဲ့သည့်အလျောက် ကျွန်တော့် ဘဝတာတလျောက်လုံးတွင်လည်း အခက်အခဲမရှိ အောင်မြင်မှုများဆက်တိုက်ဆိုသလို အေးချမ်းစွာ ရရှိခဲ့ပါသည်။

အောင်မြင်မှု ဆိုသည်မှာ တခုတော့ရှိပါသည်။ မိမိ၏ ကြိုးပမ်းသလောက်သာ ရရှိနိုင်ပါမည်။ ဂါထာကလေး တပုဒ်လောက်ကို ရင့်ကျူးရုံဖြင့် ပဒေသာပင် မြေကပေါက်စေသတည်း ဆိုသည်ကိုတော့ မရနိုင်ပါချေ။ ဝီရိယစွမ်းအား၏အကျိုးကျေးဇူး ရှိသလောက်ကိုသာ ဆိုလိုပါသည်။

ရန်သူများ ခြေကုပ်ယူထားသော နေရာနှင့် နေ့သူ ညူပ်ရှားသွားလာသော သတင်းများကို ရယူရန်အတွက် တိုက်ကင်းထွက်လာသော ကျွန်တော်တို့ တပ်စုကလေးတွင် ကျွန်တော်သည် ဒုတိယခေါင်းဆောင်ဖြစ်သလို တပ်ရင်းဌာနချုပ်နှင့် အဆက်

အသွယ်ရရန် တာဝန်ယူဆောင်ရွက်ရသော ဝိုင်ယာလက် အော်ပရေတာ တဦးလည်း ဖြစ်ပါသည်။ ကျွန်တော့်အထက်တွင် တပ်စု တပ်ကြပ်ကြီး တဦးလည်း ရှိပါသည်။

ကျွန်တော်တို့ နှစ်ဦး၏ အောက်တွင်ရှိသော ရဲဘော်များသည် ကျွန်တော်တို့၏ အမိန့်အရသာ လှုပ်ရှားကြရပါသည်။ ကျွန်တော်တို့သည်လည်း တပ်စုကို တာဝန်ခံထားရသူများဖြစ်ကြသဖြင့် အရာရာကို သတိဝီရိယနှင့် ကိုယ့်ဘက်က အဆုံးအရှုံးမရှိရလေအောင် အတတ်နိုင်ဆုံး ဆောင်ရွက်ရပါသည်။

ကျွန်တော်တို့တိုက်ကင်းအဖွဲ့ကလေးသည် အရှေ့ရိုးမပေါ်သို့ ရောက်ရှိနေခဲ့သည်မှာ နှစ်ပတ်ခန့် ရှိခဲ့ပါသည်။ ကျွန်တော်တို့တွင် ပါလာသော ရိက္ခာများလည်း ကုန်လုသလောက် ရှိနေခဲ့ပါသည်။

ရန်သူသတင်း အစအနကို ရသင့်သလောက် ရရှိခဲ့သော်လည်း တိတိကျကျတော့ မရရှိခဲ့သေးပါ။ ကျွန်တော်တို့ အဓိက တာဝန်က ရန်သူများ ခြေကုပ်ယူထားသော ပို့င့်ကို ရှာဖွေရန် ဖြစ်ပါသည်။

ရန်သူများ ခြေကုပ်ယူထားသော စခန်းကိုတွေ့လျှင် ဌာနချုပ်သို့ အကြောင်းကြားပြီး အလုံးအရင်းနှင့် ဖြိုခွင်းရန် ရည်မှန်းချက် ဖြစ်ပါသည်။

တောအထပ်ထပ် တောင်အထပ်ထပ်ကြားတွင် လျှို့ဝှက်စွာ စခန်းချပြီး နေရာယူထားသော ရန်သူစခန်းကို ရှာဖွေရသည်မှာ လွယ်ကူသော ကိစ္စတရပ် မဟုတ်ပါ။

မိမိက ရန်သူကို အလျင်မတွေ့မီ မိမိတို့၏ လှုပ်ရှားမှုကို ရန်သူက ဦးစွာ မမြင်ရန်လည်း အလွန် အရေးကြီးလှပါသည်။

ထို့ကြောင့် ကျွန်တော်တို့ လှုပ်ရှားသွားလာကြရသည်မှာ ခက်ခဲကြမ်းတမ်းရသလောက် ပြောင်ပြောင်တင်းတင်း မသွားနိုင်ကြပဲ လမ်းရိုးများကို တတ်နိုင်သလောက် ရှောင်ကွင်းပြီး ခြေစလက်စ ဖျောက်ကာ လှုပ်ရှားသွားလာခဲ့ကြရပါသည်။

ကျွန်တော်တို့ ရဲဘော်များလည်း အလွန် ပင်ပန်းနွမ်းနယ်နေကြပါသည်။ သို့သော် ရန်သူ၏ ဌာနချုပ်စခန်းကို မတွေ့မချင်း မပြန်ဟု အားလုံးက သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါသည်။

တနေ့ နံနက်ဝေလီဝေလင်းတွင် ကျွန်တော့်တပ်စုကလေးသည် တောင်ကြောမကြီးတခုပေါ်ရှိ တိုင်းရင်းသား ကျေးရွာကလေးတရွာတွင် စခန်းချလိုက်ကြပါသည်။ ကျေးရွာ အနေအသွား၊ ရန်သူအနေအထား၊ အဝင်အထွက်ရှိနိုင်သည်များကို စုံစမ်းပြီးမှ စခန်းချလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ စခန်းချသော ရွာကလေးများမှာ အိမ်ခြေ ဆယ်ခန့်လောက် ရှိပါသည်။ တရွာလုံး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး အေးချမ်းစွာ နေထိုင်ကြသော၊ အမိနိုင်ငံ၏သစ္စာတော်ကို စောင့်သိကြသော တိုင်းရင်းသား ရွာကလေးတရွာဖြစ်ပါသည်။

ကျွန်တော်တို့တွင် ပါလာသော ရိက္ခာများလည်း ကုန်သလောက် ရှိနေပါသည်။ ရဲဘော်တဦးလျှင် ဆန်နို့ဆီဗူး တဗူးလောက်သာ ကျန်ပါတော့သည်။ အသားဗူးများလည်း ကုန်ခဲ့သည်မှာ တပတ်ခန့်ပင် ဖြစ်သည်။ တပတ်လုံးလုံး ကျွန်တော်တို့ ရဲဘော်များသည် ထမင်းချည်းကိုသာ ဖြစ်သလို စားသောက်ခဲ့ကြရပါသည်။ သားကောင်များကိုတွေ့ရှိ၍ ပစ်ခတ်စားသောက်လိုသော်လည်း ရန်သူကို အသိပေးသလိုရှိမည်ဖြစ်သဖြင့် သေနတ်ကို အသုံးမပြုဝံ့ခဲ့ကြပါ။

ကျွန်ုပ်တို့ တပ်စုကလေး စခန်းချနေရာ ယူပြီး၍ နာရီဝက်ခန့်အကြာလောက်တွင် ရဲဘော်တယောက်သည် ဆယ်ပိဿာလောက် ရှိမည်ထင်ရသော ငါးကြီးတကောင်ကို အားရဝမ်းသာစွာဖြင့် ထမ်းယူလာပြီး ကျွန်ုပ်အား—

''ဆရာရေ ကျွန်တော်တို့ပါ ရိက္ခာအတွက်တော့ မပူရဘူး၊ ရွာမြောက်ဘက် တောင်ခြေရင်း ဘုရားကလေးနားက ကန်ထဲမှာ ငါးတွေအားကြီးပဲ၊ ကျွန်တော်တို့လည်း ရိက္ခာပြတ်နေတာနဲ့ အတော်ပဲဆိုပြီး ဖမ်းယူလာခဲ့တယ် ဆရာ''

ကျွန်တော်လည်း သူယူလာသော ငါးကြီးကိုကြည့်ပြီး အားရဝမ်းသာစွာဖြင့်....

''အေးကွ အတော်ပဲ၊ တို့လည်းငတ်နေတာနဲ့ အံကိုက်ပဲဟေ့၊ ပင်ပန်းလာသမျှ အတိုးချစားလိုက်ကြရတာပေါ့''

ကျွန်တော်တို့တွင် ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆား မပါကြသဖြင့် ပြစ်သလိုပင် ငါးကြီးကို မီးကင်၍ ရဲဘော်များ မြိန်ရည်ရှက်ရည် စားသောက်ခဲ့ကြပါသည်။ အသားနှင့်မတွေ့ခဲ့သည်မှာ တပတ်ခန့်ရှိပြီ ဖြစ်သဖြင့် အရသာရှိလိုက်သည်မှာ မပြောတတ်အောင်ပင် ရှိခဲ့ပါသည်။

သို့သော် စားပြီး၍ နာရီဝက်ခန့် မကြာပါချေ။ ကျေးရွာကလေးထဲမှ လူကြီးဟုထင်ရသော လူသုံးယောက် ကျွန်တော်တို့ဆီ မဝံ့တဝံ့ ချည်းကပ်လာကာ ကျွန်တော်တို့အား အောက်ပါအတိုင်း ပြောပြလာပါတော့သည်။

''ဗိုလ်ကြီးတို့ ကန်ထဲကငါးတွေ ဖမ်းပြီးစားတာ ကျွန်တော်ပြောရအောင် လာတာပါ။ ဗိုလ်ကြီး ဒီကန်ဟာ နတ်ကန်ဖြစ်ပါတယ်။ ဒီကန်ထဲကငါးကို ဘယ်သူမှ မစားဝံ့ကြပါဘူး၊ စားယင်

ဒုက္ခဖြစ်တတ်တယ်လို့ အယူရှိကြပါတယ်။ အဲဒါကြောင့် ဗိုလ်ကြီးတို့ နောက်ထပ်ဖမ်းမစားကြပါနဲ့၊ ဗိုလ်ကြီးတို့ ဒုက္ခရောက်မှာစိုးလို့ လာပြောတာပါ။ ရိက္ခာကို ကျွန်တော်တို့ဆီကယူပါ ဗိုလ်ကြီး။ ဒီကန်ထဲကငါးတွေဟာ ဘယ်သူမှ မစားငုံ့ကြလို့ ဒီလောက်ကြီးကြီးမားမား ရှိနေတာပါ၊ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ၊ ဗိုလ်ကြီးတို့ကို တောင်းပန်ပါတယ်ခင်ဗျာ"

ကျွန်တော်တို့အား လာရောက်ပြောကြားကြသော တိုင်းရင်းသား လူကြီးများ၏ မျက်နှာများမှာ ကြောက်ရွံ့စိုးရိမ်ဟန် ပေါက်နေကြပြီး အလွန်ရိုးသားကြသူများလည်း ဖြစ်ကြပါသည်။

သူတို့အယူအားဖြင့် ကျွန်တော်တို့ ဒုက္ခရောက်ကြမည်ကို အလွန်စိုးရိမ်ဟန် ရှိနေခဲ့ကြပါသည်။ ကျွန်တော်လည်း သူတို့ စိတ်ကျေနပ်အောင် ရှင်းလင်းတောင်းပန် ပြောပြပြီး၊ နောက်ထပ်မဖမ်းစားတော့မည့် အကြောင်းများကို ပြောပြကာ နောက်တနေ့နံနက်ပိုင်းတွင် ခရီးဆက်ခဲ့ကြပါသည်။

နံ့ဖွဲ့စခန်းမှ ထွက်ခွာလာပြီး ကျေးရွာ၏ အဝေးအလာ မြေပြင်ကြည့်ရှုမှုများကို ရှုယူပြီး၊ တပ်မဟာ ဌာနချုပ်သို့ ပြန်ခဲ့ကြပါသည်။ မဟာမိတ် ဌာနချုပ်သို့လည်း ဗိုလ်ချုပ်ကြီး တပ်မှူးအား အမိန့်နှင့်ဝင်ရောက် (ဆက်ဖာ) လိုက်ကြောင်းနှုတ်ဆက်ခဲ့ပြီး ပြန်ခဲ့ကြပါသည်။

ပြန်လာသာလာခဲ့ရသော်လည်း တောင်တန်းကြီးများ ပြောကြားသော စကားများက ကျွန်တော်တို့၏ အရှေ့ခင့်ဘက် ပြင်မြဲပါသည်၊ စိတ်ထဲတွင်လည်း ... ရှိနေခဲ့ပါသည်။ တခုခုဖြစ်လေမလား။

(ဘဘိုးအကြီး) စပယ်ဦး ၈၁၉၆

ထို့ကြောင့် လမ်းတလျှောက်လုံးတွင် ဗုဒ္ဓ၏ဂုဏ်တော်များကို အဆက်မပြတ် ရွတ်ဖတ်ခဲ့ပါသည်။ ယင်းသို့ ရွတ်ဖတ်ခဲ့ရာတွင် အစဉ်အလာအရ မိဘဆရာသမားတို့၏ အဆုံးအမကို သတိရရန် မလိုလေးလိုလေး သဘောဖြင့် ရွတ်ဖတ်ခဲ့ခြင်းသာ ဖြစ်ပါသည်။ ရဲဘော်များအားလည်း အန္တရာယ်ကင်းအောင် ရွတ်ဖတ်စေခဲ့ပါသည်။ ရဲဘော်များက-

''ဆရာကလည်း စိုးရိမ်စရာမရှိ စိုးရိမ်နေတယ် ဆရာ''ဟု တပည့်များက နှစ်သိမ့်ပါသည်။

ကျွန်တော်တို့ တပ်စုကလေးသည် လာလမ်းအတိုင်း မဟုတ်ပဲ အနီးဆုံးဖြတ်လမ်းကို မြေပုံညွှန်းကိုကြည့်၍ ပြန်ခဲ့ကြသည်။ ကျွန်တော်တို့ ဖြတ်၍ဆင်းလာသော တောင်ကြောမကြီးသည် ကားလမ်းရှိရာသို့ ဦးတည်နေပြီး ကျွန်တော်တို့ တပ်ဖွဲ့များ၏ ရှေ့တန်းကင်းစခန်းလည်း ရှိသောနေရာ ဖြစ်ပါသည်။

ကျွန်တော်တို့အား ကင်းစခန်းမှ တင်စုမှူးက ကျွန်တော်တို့ အပြန်ခရီးအတွက် ကားတစီး စီစဉ်ပေးပါသည်။ ကားပေါ်တွင် ကျွန်တော်တို့အပြင် ကင်းစခန်းမှ တပ်ရင်းသို့ ရိက္ခာများ ယူဆောင်ရန် ရဲဘော်ငါးဦးလည်း လိုက်ပါလာပါသည်။ ကားမောင်းသူမှာ ရှမ်းလူမျိုး အရပ်သားတဦး ဖြစ်ပါသည်။

ကျွန်တော်တို့အား တင်ဆောင်လာသောကားမှာ တရိပ်ရိပ် ပြေးလျက်ရှိပါသည်။ တောင်ဆင်း တောင်တက် အကွေ့အကောက် များသော်လည်း ရှမ်းလူမျိုး ကားမောင်းသူ၏ ကျွမ်းကျင်မှုကြောင့် အခက်အခဲဆုံး လမ်းများကို ကျော်လွှားနိုင်ခဲ့ပါသည်။

သို့သော် ကျွန်တော်တို့ ကားကလေးသည် မြေပြန့်တောင်စောင်း အကွေ့ကလေးတခုသို့ ရောက်သောအခါတွင် အနက်အခဲ အနှောင့်အယှက် တစုံတရာ မရှိပါပဲလျက် ရုတ်ဘရက်ဆိုသလို လမ်း၏ လက်ဝဲဘက်ဘေးရှိ ဝါးနှင့်ရှုပ်ခန်းနှိုင်သော လျှိုကြီးထဲသို့ ထိုးဆင်းသွားခဲ့ကြပါသည်။

ကျွန်တော်တို့ ရဲဘော်များသည်လည်း မည်သို့မျှ လှုပ်ရှားချိန်မရလိုက်ကြပဲ ကားနှင့်အတူ ချောက်ထဲသို့ ထိုးကျသွားခဲ့ကြပါသည်။ ကံကောင်းထောက်မ၍ပဲလား၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်ကျေးဇူးတော်ကြောင့်ပဲလား ဆိုသည်ကိုတော့ တင်ပြလိုပါသည်။

ကျွန်တော့် ကားမောင်းသူနှင့် ကျွန်တော်တို့နှင့်အတူ လိုက်ပါလာသော ကင်းစခန်းမှ ရဲဘော်ငါးဦးတို့မှာ လုံးဝ အထိအခိုက် မရှိပဲ ကျွန်တော်တို့၏ ကျန်ရဲဘော်များမှာ အားလုံးပင် ပြင်းထန်သော ဒဏ်ရာများကို ရရှိခဲ့ကြပါသည်။ အသေအပျောက်တော့ မရှိပါ။

ကျွန်တော်သည် တိုင်းရင်းသား ကျေးရွာလူကြီးများ၏ စကားများကို နားထဲမှ မထွက်ပဲ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသည်မို့ ဘုရား၏ဂုဏ်တော်၊ တရား၏ဂုဏ်တော်၊ သံဃာ၏ ဂုဏ်တော်များကို တလမ်းလုံး စိတ်မှ [illegible]ညိုကြည်ဖြင့် သိကျုံးနှုတ်ဖတ်ခဲ့ပါသည်။

ကျွန်တော့်လိုပင် ကားမောင်းသမား ရှမ်းလူမျိုးလည်း သူသည် အမြဲမပြတ် ဂုဏ်တော်များကို ရေရွတ်သွားတိုင်း နှုတ်ဖတ်သရဇ္ဈာယ်ကြောင်းကို ပြောပြပါသည်။ ကင်းစခန်းမှ ရဲဘော်များလည်း တိုက်တိုက်ဆိုင်ဆိုင် ဘာသာရေးကို ယုံကြည်လေး

စားကြသူများ 'ဖြစ်သည်နှင့်အညီ ရွတ်ဖတ်လာခဲ့ကြကြောင်း ပြောကြားကြပါသည်။

အမှန်အားဖြင့် ဖြစ်သင့်သည်မှာ ကျွန်တော့်တပ်စု တပ်ကြပ်နှင့် ကားဒရိုင်ဘာတို့သာ ဦးစွာ ဖြစ်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကားသည်ဦးစိုက်၍လျှိုထဲသို့ ကျခဲ့သောကြောင့် ဖြစ်ပါသည်။ ကားမှာ ခေါင်းတိုကားဖြစ်၍ ပို၍ ဆိုးပါသည်။ သို့သော် ကျွန်တော်နှင့် ဒရိုင်ဘာမှာ ဘာမျှ ဘေးမထိ ရန်မခပဲ တပ်စုဘပ်ကြပ်ကြီးမှာ ကျွန်တော်တို့နှင့်အတူ တတွဲတည်း ပါပါလျက် အကြီးအကျယ် ဒဏ်ရာရခဲ့သည်ကာ ထူးခြားလှပါသည်။

ထို့ပြင် ကားနောက်ခန်းတွင် လိုက်ပါလာကြသော ရဲဘော်များတွင်လည်း ဂုဏ်တော်များကို သီကျူး ရွတ်ဖတ်လာသည်ဆိုသော ကင်းစခန်းမှ ရဲဘော်များမှာ လုံး၀ ဒဏ်ရာမရပဲ၊ အတူစီးလာသော ကျွန်တော်တို့ ရဲဘော်များအား ဒဏ်ရာ အနာတရ ဖြစ်ရသည်ကလည်း ကွက်၍ ကွက်၍ ဖြစ်နေသလို ထူးခြားလှပါသည်။

ညမှောင်နက်သောလျှိုထဲကိုကျရောက်ခဲ့ရငြားသော်လည်း တဦးတယောက်မျှ သေကြေပျက်စီးခြင်း မရှိခဲ့ခြင်းကလည်း ထူးခြားလှန်းသော အခြေအနေပင် ဖြစ်ပါသည်။

နတ်ငါးစားမိ၍ နတ်ဖမ်းစားသောကြောင့်ပဲ ဆိုဆို၊ ကားမကောင်း၍ ချောက်ထဲကျသည်ပဲ ထားထား၊ ဒရိုင်ဘာ မကျွင်လည်၍ မှောက်ခဲ့ရသည်ပဲ ပြောပြော လက်တွေ့အားဖြင့် ဗုဒ္ဓ၏ ဂုဏ်တော်ကျေးဇူးကြောင့် ကျွန်တော်နှင့် ဒရိုင်ဘာမှာ ဘေးဒုက္ခအပေါင်းမှ လွတ်ကင်းခဲ့ရသည်ကတော့ အမှန်ပင်။

စပယ်ဦးစာပေ (တတိယအကြိမ်)

ထို့ကြောင့် ကျွန်တော်သည် ဗုဒ္ဓ၏ ဂုဏ်တော်များကို ထိုအချိန်မှစ၍ ယုံယုံကြည်ကြည်ဖြင့် ရွတ်ဖတ် သီကျူးလာခဲ့ရာ၊ ယခုအချိန်အထိ ဘေးအန္တရာယ် အပေါင်းမှ လွတ်ကင်းကာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာခဲ့ရပါတော့သည်။

ဗုဒ္ဓအား ဦးထိပ်ပန်ရွက် အဝဉ် ရှိခိုးပါ၏။
အနန္တော အနန္တအား အစဉ်ရှိသေ ဦးခိုက်လျက်။

တက္ကသိုလ် ကျော်ကျော်လှိုင်

## အကျိုးပေးမြန်သော
## သရဏဂုံ မန္တန်များ

### ရတနာသိဒ္ဓိ အန္တရာယ်ကင်း ပုတီးစိပ်

(အောက်ပါ ပုတီးစိပ်ကို စိပ်သောအားဖြင့် ဘေးရန်အန္တရာယ်ကင်း၍ကြံတိုင်းအောင်၍ဆောင်တိုင်း မြောက်သည်။)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။
ဓမ္မံ သရဏံ ဂစ္ဆာမိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။
သံဃံ သရဏံ ဂစ္ဆာမိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

အထက်ပါ သရဏဂုံကို တပုဒ်လျှင် ပုတီးတလုံးချ၊ ပုတီး သုံးပတ်ရအောင် စိပ်ရမည်၊ ထို့နောက် ဒုတိယမ္ပိ၊ တတိယမ္ပိ သို့၍ အထက်နည်းအတိုင်း ပုတီးတပတ်စီ စိပ်ရမည်။ ပေါင်း ပုတီး ကိုးပတ်ဖြစ်ပါသည်။ တဖန်-

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ (ပုတီးတလုံးချ၊ တပတ်စိပ်)
ဧဝံ အစိန္တိယာ ဓမ္မာ၊ (ပုတီးတလုံးချ၊ တပတ်စိပ်)
ဧဝံ အစိန္တိယာ သံဃာ၊ (ပုတီးတလုံးချ၊ တပတ်စိပ်)

အထက်ပါ ပုတီးစိပ်များကို စိပ်ခြင်းအားဖြင့် ဘုန်းကြီး၍ အသက်ရှည်သည်။ ကြိုးစား၍ သရဇ္ဈာယ်ကြပါကုန်။

(မှတ်ချက်။ ။ ဧဝံအစိန္တိယာ ဂါထာသည် စာမျက်နှာ ၂၃-တွင်ပါသည်။)

## ကြံတိုင်းအောင်သော
## အန္တရာယ်ကင်း အကွယ်အကာ ပုတီးစိပ်

၁။ ဗုဒ္ဓဂုဏော အနန္တော၊
ဓမ္မဂုဏော အနန္တော၊
သံဃဂုဏော အနန္တော၊
မာတာပိတုဂုဏော အနန္တော၊
အာစရိယ ဂုဏော အနန္တော။

၂။ ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊
ဓမ္မော မေ သရဏံ အညံနတ္ထိ၊
သံဃော မေ သရဏံ အညံနတ္ထိ။

၃။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

၄။ သောဥတ္တိ၊ ဂစ္ဆာအမုမ္ပိ၊
ဩကာသေ တိဋ္ဌာဟိ။

အထက်ပါ ပုတီးစိပ်ကို တနေ့လျှင် ပုတီးကိုးပတ် ရအောင် စိပ်ပါ။ ၎င်းအနန္တဂုဏ်တော်တို့အား ရေမှာဖြစ်စေ၊ သံမှာဖြစ်

စေ၊ ကျောက်ခဲမှာဖြစ်စေ၊ သလဲမှာဖြစ်စေ၊ သစ်သီးမှာ ဖြစ်စေ၊ သစ်ရွက်မှာ ဖြစ်စေ၊ ခဲဘွယ်ဘောဇဉ်မှာ ဖြစ်စေ၊ (၃၇) ခေါက်မန်းပြီး လိုရာကိုသုံးနိုင်သည်။

အထက်ပါ ပုတီးစိပ်ကို ပွားများခြင်းအားဖြင့် ကပ်ဆိုးကြီးများ မကပ်ရောက်နိုင်၊ ချမ်းသာသုခတိုးတက်၍ သူတော်ကောင်းတရားများကို ပူပင်သောကမရှိပဲ လွယ်လင့်တကူ အားထုတ်နိုင်ကြောင်းကို ပညာရှင် ပုဂ္ဂိုလ်အပေါင်းတို့က အစဉ်မြွက်ဆိုတော်မူခဲ့ကြသော ပုတီးစိပ်များ ဖြစ်ပါသည်။

## သောကကင်းဝေးပုတီးစိပ်နည်း

၁။ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

၂။ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊

၃။ အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ၊

၁။ အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿနိယျာဒေမိတိ ဓာရေထ။

၂။ အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဓမ္မဿနိယျာ ဒေမိတိ ဓာရေထ။

၃။ အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ သံဃဿနိယျာ ဒေမိတိ ဓာရေထ။

အထက်ပါ ပုတီးစိပ်နည်းများကို မနက် (၉) ပတ်၊ ည(၉)ပတ်၊ နေ့စဉ် ပွားများအားထုတ်ပါက ပူပင်သောက

ကင်းဝေး၍ အကျိုးပေးမြန်သည်ဟု ရှေးသူတော်ငင်တို့ အမိန့်ရှိပေသည်။

## ဆင်းရဲခြင်းကင်းသော ပုတီးစိပ်

ကျွန်တော် အားလပ်သည့် အချိန်တိုင်း ရန်ကုန်မြို့ အိမ်တော်ရာ ဘုရားတိုက်ရှိ ပန်းလှိုင်ကျောင်းမှ ဆေးဘုန်းတော်ကြီး ဦးဇယန္တနှင့် သွားရောက်တွေ့ဆုံ၍ တိုင်းရင်းဆေးပညာရပ်များနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းမိပါသည်။

ဦးဇယန္တ (ပန်းလှိုင်) အား ကျွန်တော်သည် ယခင် သမားတော် စာစောင်၌ပင်လျှင် သိကျွမ်းခဲ့ရပါသည်။ ထိုစဉ်က ဆရာတော်သည် သမားတော်စာစောင်၌ တိုင်းရင်းဆေးပညာ ဆောင်းပါးများကို ဆက်တိုက် ရေးခဲ့ပါသည်။ ကျွန်တော်သည် ထိုစဉ်ကပင်လျှင် ဆရာတော်၏ ဆောင်းပါးများနှင့် ရင်းနှီးပြီးသား ဖြစ်ပါသည်။

ဆရာတော်သည် ဆေးပညာရပ်သာ မက ရှေးမြန်မာ သူတော်ကောင်းကြီးများ ထားခဲ့သည့် ဗေဒင်ပညာ၊ နက္ခတ်ပညာ စသည်တို့ကိုပါ တတ်ကျွမ်းပါသည်။ တနေ့ ဆရာတော်ထံ သွားရောက်၍ ဝတ်ပြုဖူးမြင်း [illegible] မေးမိပါသည်။ [illegible] ရှိကြောင်းလည်း ညည်းမိသည်။ ဆရာတော်[illegible] ကျွန်တော်[illegible] အားပေး[illegible] ကြည့်ပြီး [illegible] အောက်ပါ ပုတီးစိပ်နည်း ကလေးကို ပေးပို့ ပြောပါသည်။ ဤပုတီးစိပ် နည်းကလေးကို စိပ်ရန်ပြောပါသည်။ ပုတီးစိပ်နည်းမှာ [illegible] ကလေးဖြစ်သည်။ ဘုရား၊ တရား၊ သံဃာ စသော ရတနာ သုံးပါးကို ပူဇော်သည့် သရဏဂုံသုံးပါးဖြစ်သည်။

အဂ္ဂေါ-ဗုဒ္ဓေါ၊

အဂ္ဂေါ—ဓမ္မော၊

အဂ္ဂေါ—သံဃော ဝိပါကော ဟောတု၊

အစိန္တိယော

ဟူသောပုတီးစိပ်ပင် ဖြစ်ပါသည်။

ဆရာတော်၏ မိန့်ဆိုချက်အရ ထိုပုတီးစိပ်အား အညာမှ ဆရာတော်တပါးထံမှ ရရှိကြောင်း၊ အဆိုပါပုတီးစိပ်ကိုတနေ့ကိုးပတ်၊ (ဂါထာတပုဒ်ဆိုးမှပုတီးတလုံးချ)ပွားများခြင်းဖြင့်ဆင်းရဲခြင်းကင်းကြောင်း၊ မရှိမရှားရှိမရှားဘဝဖြင့်နေထိုင်ရကြောင်း တရားဘာဝနာကို မပူမပင်ရပဲ အေးအေးချမ်းချမ်း အားထုတ်နိုင်ကြောင်း၊ တရားထူးတရားမြတ်နှင့် ပညာထူးပညာမြတ်များ ရရှိနိုင်ကြောင်း ပြောဟော၍ ပေးလိုက်ပါသည်။

ကျွန်တော်သည် ဆရာတော်ထံမှ အထက်ပါပုတီးစိပ်ကို ရရှိပြီး တာတ်ခန့်အကြာတွင် ကျွန်တော်လိုချင်သော ပညာရပ်များနှင့်ပတ်သက်သည့် ခက်ခဲနက်နဲသော စာများကို ဟိုကရဒီက ရ,ရရှိလာပါတော့သည်။ ပြီးတော့လည်း ယခင်က မကြာခဏ ဘိုင်ကျနေသောဘဝမှသည် ဝင်ငွေများ ရလာပါသည်။ ဝင်ငွေမှာ မများသော်လည်း ကျွန်တော်တို့ မိသားစုအတွက် အလျင်မပြီး အသက်ဆက်နိုင်သောဘဝသို့ ရောက်လာပါသည်။

ဤသည်မှာ ကျေးဇူးရှင် ဆရာတော် ဦးဇယန္တ ချီးမြှင့်လိုက်သော ပုတီးစိပ်၏ ကျေးဇူးကြောင့်ဖြစ်ပါသည်။ ဆရာတော်

၏ ပုတီးစိပ်နည်းကို တနေ့ ကိုးပတ်ထက်မနည်း အားတိုင်း ပွားများလျက်ရှိပါသည်။ မူလ ယင်းပုတီးစိပ်နည်းကို ပွားများတော်မူသော ဆရာတော်ကြီးမှာမူ ဘုန်းကံကြီး၍ လိုလေသေးမရှိ လောကီပစ္စည်းဥစ္စာတို့ ပေါများလှသည်ဟု အမိန့်ရှိပါသည်။

အချင်းသူတော်ကောင်း မမေ့မလျော့ပွားများပါကုန်။

# ထူးခြားသော ပထဝီဇယ မန္တန်ကြီး
# နှစ်ပုဒ်

## ပထဝီဇယမန္တန်ငယ်

## ၁၄ ဂါထာပါဠိ

၁။ သြိ - ပထဝီဇယ သမ္ဗုံ၊ အနေက အန္တရာယိကံ၊ ဇယံ
ပစ္စေက ဗုဒ္ဓါစ၊ ဇယံ ပရိ မဟေသယော။

၂။ ဇယံ ဟရော ဟရိ ဒေဝေါ၊ ဇယံ ဗြဟ္မာ ဓတရဋ္ဌော၊
ဇယံ နာဂေါ စ ဝိရူဋ္ဌော၊ ဝိရူပက္ခော စ စန္ဒိမာ။

၃။ ဝိဠန္ဒာ ဝေနတေယျော စ၊ ကုဝေရော ဝရုဏောပိ စ၊
အဂ္ဂိဝါရဏော ပဇ္ဇုန္နော၊ ကုမာရော စတုပါလကော။

၄။ အဋ္ဌာရသ မဟာဒေဝေါ၊ သုခိတာ စ ပသိဒ္ဓိယော၊
အသီတိ မဟာသာဝကာ၊ သမ္ဗုံ ဇယံ ဒဒန္တု မေ။

၅။ ဇယော ဓမ္မော စ သံဃော စ၊ ဒသ ဗလော စ ဇေယျ
ကော၊ တေန သစ္စဝဇ္ဇေန၊ ဇယော သုခါ ဘဝန္တု မေ။

၆။ နရာ ဒေဝါစ ဗြဟ္မာနော၊ ယက္ခာ နာဂါ,စ ဂရုဠာ၊
တေပိ ဒိသွာ ပိယာမယှံ၊ ပုတ္တံ မမေဝ သိနေဟာ။
၇။ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ,စ၊ အရဟာ အဂ္ဂသာဝကာ၊
သဗ္ဗေ ကရောန္တု မေ မေတ္တံ၊ သဗ္ဗေ တိဋ္ဌန္တု မတ္တကေ။
၈။ တေသံ မေတ္တာနုဘာဝေန၊ သဗ္ဗေ ရောဂါ သုသီတလာ၊
သဗ္ဗေ ဘယာ ဝိနဿန္တု၊ သဗ္ဗေ နဿန္တု ပဒ္ဒဝါ။
၉။ ဣမသ္မိံ စက္ကဝါဠေ,စ၊ ဗဟူ အနန္တ ပါဏိနော။
အနန္တ စက္ကဝါဠေ,စ၊ ဗဟူ အနန္တ ပါဏိနော။
၁၀။ ဣမေ သတ္တာ အဝေရာ,စ၊ အညမညံ ပိယာဟောန္တု၊
ဣမေ သတ္တာ အဝေရာ,စ၊ အညမညံ သုခါဟောန္တု။
၁၁။ နေရယိကာ တိရစ္ဆာနာ၊ ပေတာ အသုရကာ ယမာ၊
ဣမေ သဗ္ဗေ ယထာ သတ္တာ၊ ဒုက္ခာ မုစ္စန္တု တတ္တကာ။
၁၂။ ဒသကောဋိ ဒကဇာစ၊ ထလဇာ နဝကောဋိယော၊
သံသေဒဇာ ပပါတိကာ၊ ဒိသာယုကာ ဘဝန္တုတေ။
၁၃။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ,စ္စ အဓော ယာဝ အဝီစိတော၊
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
၁၄။ အဗျာပဇ္ဇာ နိဝေရာ,စ၊ နိဒ္ဒုက္ခာ,စ နုပဒ္ဒဝါ၊
သဗ္ဗေ သတ္တာ အဝေရာ,စ၊ သဟ သ[illegible] ဘာဂိနော။

---

မှတ်ချက်။ ။ပေါရာဏာ စရိယတို [illegible] (သဒ္ဒါ [illegible]
ပဒိတ်ဘော်) သုဓိ-ဒ္ဓိ [illegible] ပါ၊ မ[illegible]
ကျက်သရေ [illegible] ပေါင်း [illegible] ပေါ်စေသည် [illegible]
အမြဲပွားသ် [illegible] သူပေ [illegible]
ကြီးများကလည်း [illegible] (ဒေါ [illegible]
မဲ)၍ စောင် [illegible] သည်။

## ပထဝီ ဇယ မန္တန်(၁၄)ဂါထာ အနက်

(၁) အနေက အန္တရာယိကာ၊ တပါးမက မျှားလှသွယ်သွယ် အန္တရာယ်ကို ပြုတတ်သော။ ပထဝီဇယ သဗ္ဗံ၊ မြေအပြင်၌ အောင်မြင်ဖွယ်ဟူသမျှ တစမကြွင်း ရန်ခပင်းကို။ သြ°–ကောင်းကျိုး လျှမ်းတောက် ချမ်းသာရောက်အောင်၊ မျက်မှောက်ထင်ထင် အောင်မြင်ပါစေသတည်း။ ပစ္စေကာဗုဒ္ဓါစ၊ ပစ္စေက ဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း။ မေ၊ အကျွန်ုပ်အား။ (နော အကျွန်ုပ်တို့အား)။ ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးတော်မူကြပါစေကုန်သတည်း။ မဟေသယောစ၊ မြတ်သော သီလက္ခန္ဓ စသည်ကို ရှာတော်မူကြပြီးကုန်သော။ ပညာဓိကာ၊ သဒ္ဓါဓိကာ၊ ဝီရိယာဓိက ဘုရားသခင်, အရှင်အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက ရဟန္တာမြတ်တို့သည်လည်း။ ဟာရိ၊ ထက်ဝန်းကျင် အကြွင်းမရှိသောအားဖြင့်။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား) ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးသနားတော် မူပါစေကုန်သတည်း။

(၂) ဟာရော၊ ဟာရမည်သော နတ်သည်လည်းကောင်း။ ဟာရိဒေဝေါ၊ ဟာရိမည်သော နတ်သည်လည်းကောင်း။ မေ၊ အကျွန်ုပ်အား (နော-အကျွန်ုပ်တို့အား) ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးသနားပါစေကုန်သတည်း။ ဗြဟ္မာ၊ ဗြဟ္မာသည်လည်းကောင်း။ ဓတရဋ္ဌော၊ ဓတရဋ္ဌ နတ်မင်းသည် လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ (နော–အကျွန်ုပ်တို့အား) ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။ နာဂေါစ၊ မဟာနာဂနတ်မင်းသည် လည်းကောင်း။ ဝိရူဠှော၊ ဝိရူဠှက

နတ်မင်းသည်လည်းကောင်း။ ဝိရူပက္ခော၀၊ ဝိရူပက္ခနတ်မင်းသည် လည်းကောင်း။ ဧရိမာပိ၊ လ-နတ်သားသည် လည်းကောင်း။

(၃) ဝိဇ္ဇုဗ္ဗော၀၊ အထူးထူးသော နတ်တို့ကို အစိုးရသော သိကြားမင်းသည် လည်းကောင်း။ ဝိနတေယျာ၀၊ ဝိနတာ အမည်ရှိသော နတ်သမီး၏ သားဖြစ်သော နတ်မင်းသည်လည်း ကောင်း။ ကုဝေရော၀၊ ကုဝေရ နတ်မင်းသည်လည်းကောင်း။ ဝရုဏောပိ၀၊ ဝရုဏနတ်မင်းသည်လည်းကောင်း။ အဂ္ဂိ၀၊ မီး နတ်သားသည်လည်းကောင်း။ ဝါရုဏော၀၊ လေနတ်သားသည် လည်းကောင်း။ ပဇ္ဇုန္နော၀၊ မိုးနတ်သားသည် လည်းကောင်း။ ကုမာရော၀၊ ကုမာရနတ်သည်လည်းကောင်း။ စတုပါလကော၀၊ လောကပါလနတ်သားလေးယောက်သည် လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ [နော-အကျွန်ုပ်တို့အား]ဇယံ၊ အောင်ခြင်းကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။

(၄) သုခိတာ၊ ချမ်းသာအောင် ဆောင်နိုင်ကုန်သော။ အဋ္ဌာဝီသ မဟာဒေဝါ၀၊ ဘဆယ့်ရှစ်ယောက်ကုန်သော နတ်မင်း ကြီးတို့သည်လည်းကောင်း။ ပဉ္စဒ္ဓိဃော၊ အထူးထူးအပြားပြား စီးပွားချမ်းသာကို ပြီးစေတတ်ကုန်သော။ အသီတိ မဟာသာဝ ကာ၀၊ ရှစ်ကျိပ်သော မဟာသာဝက ရဟန္တာအရှင်မြတ် တို့သည် လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ (နော အကျွန်ုပ်တို့အား) သဗ္ဗ ဇယံ၊ အောင်ခြင်းဟူသမျှကို။ ဒဒန္တု ပေးတော်မူကြပါစေ ကုန်သတည်း။

(၅) ဓမ္မော၀၊ ဆယ်ပါးသော တရားတော်တို့သည် လည်း ကောင်း။ သံဃော၀၊ သမ္ဗုဒ္ဓ၊ မြတ်နှစ်ရပ်သော [illegible]

တော်တို့သည် လည်းကောင်း။ ဇယော၊ ရန်ဟူသမျှကို အထူး အောင်မြင်တော်မူပေ၏။ ဒသ ဗလောစ၊ ကာယဉာဏ်တော် အားဆယ်ဖော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် လည်း။ ဇေယျကော၊ ရန်မျိုးဥဿုံ အလုံးစုံကို ချက်ကုံမကြွင်း ခုတ်စင်းဖျက်ခြေ အထူး အောင်မြင်တော်မူပေ၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ဆိုငြား မှန်စကားကြောင့်။ ဇယာ၊ ရန် အပေါင်းကို အထူးအောင်မြင်ခြင်းတို့သည် လည်းကောင်း။ သုခါ၊ ကိုယ်စိတ်နှင့်ဖြာ ချမ်းသာခြင်းတို့သည် လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ (နော-အကျွန်ုပ်တို့အား) ဘဝန္တု၊ ဖြစ်ပါ စေကုန်သတည်း။

(၆) နရာစ၊ လူတို့သည် လည်းကောင်း။ ဒေဝါစ၊ နတ်တို့ သည်လည်းကောင်း။ ဗြဟ္မာနောစ၊ ဗြဟ္မာတို့သည်လည်းကောင်း။ ယက္ခာစ၊ ဘီလူးတို့သည်လည်းကောင်း။ နာဂါစ၊ နဂါးတို့ သည်လည်းကောင်း။ ဂရုဠာစ၊ ဂဠုန်တို့သည်လည်းကောင်း။ တေပိ၊ ထိုလူ, နတ်, ဗြဟ္မာ, ဘီလူး, နဂါး, ဂဠုန်တို့သည်လည်း။ မံ၊ အကျွန်ုပ်အား။ (နော-အကျွန်ုပ်တို့ကို) ပိယာ၊ မြတ်နိုးချစ်ခင် ကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ပုတ္တံ၊ မိမိတို့၏ သားကို။ သိနေဟာ ဣဝ၊ ချစ်ခင်ကြကုန်သကဲ့သို့။ မမ၊ အကျွန်ုပ် အား။ (နော-အကျွန်ုပ်တို့အား) ပိယာ၊ မြတ်နိုးချစ်ခင်ကြကုန် သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

(၇) ဗုဒ္ဓါစ၊ မြတ်စွာဘုရားတို့သည် လည်းကောင်း။ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း။ အရဟာစ၊ ရဟန္တာတို့သည်လည်းကောင်း။ အဂ္ဂသာဝကာစ၊ အဂ္ဂသာဝက တို့သည်လည်းကောင်း။ သဗ္ဗေ၊ အလုံးစုံကုန်သော ဘုရား,

ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာဝကတို့သည်။ မေ၊ အကျွန်ုပ်အား။ (နော- အကျွန်ုပ်တို့အား) မေတ္တံ၊ ချစ်ခြင်း မေတ္တာကို။ ကရောန္တု၊ ပြုတော်မူပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရဟန္တာ၊ အဂ္ဂသာဝကတို့သည်။ မေ၊ အကျွန်ုပ်၏။ (နော- အကျွန်ုပ်တို့၏) မတ္တကေ၊ ဦးခေါင်းထက်၌။ တိဋ္ဌန္တု၊ ရပ်တည်တော်မူပါစေကုန်သတည်း။

(၈) တေသံ၊ ထိုဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရဟန္တာ၊ အဂ္ဂသာဝကတို့၏ မေတ္တာနုဘာဝေန၊ မေတ္တာ၏ အာနုဘော်တော်ကြောင့်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ရောဂါ၊ ကိုးဆယ့်ခြောက်ဖြာအနာရောဂါတို့သည်။ သုဿိတလာ၊ အလွန်ငြိမ်းအေးကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘယာ၊ ကြောက်မက်ဖွယ် ဘေးမျိုး တို့ သည်။ ဝိနဿန္တု၊ ပျောက်ကွယ်ကြပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဥပဒ္ဒဝါ၊ ကပ်ရှိနိုပ်စက်တတ်ကုန်သော ဥပဒ္ဒဝေါတို့သည်။ ဝိနဿန္တု၊ ပျက်စီးကြပါစေကုန်သတည်း။

(၉) ဣမသ္မိံ စက္ကဝါဠေ၊ ဤစကြဝဠာ၌။ ဗဟူ၊ များစွာကုန်သော။ အနန္တ ပါဏိနော၊ အဆုံးအပိုင်းအခြားမရှိကုန်သော သတ္တဝါအပေါင်းတို့သည်လည်းကောင်း။ အနန္တစက္ကဝါဠေ၊ အဆုံး အပိုင်းအခြား မရှိကုန်သော စကြဝဠာ တိုက်အပေါင်း၌။ ဗဟူ၊ များစွာကုန်သော။ အနန္တပါဏိနော၊ အဆုံးအပိုင်းအခြား မရှိကုန်သော သတ္တဝါ အပေါင်းတို့သည်လည်းကောင်း။

(၁၀) ဣမေ သတ္တာ၊ ဤဆိုအပ်ကုန်ပြီးသော သတ္တဝါ အပေါင်းတို့သည်။ အညမညံ၊ အချင်းချင်း တယောက်သည်

တယောက်အား။ အဝေရာ၊ရန်မရှိကြကုန်သည်ဖြစ်၍။ ပိယာစ၊ မြတ်နိုးချစ်ခင်ကြ ကုန်သည်လည်း။ ဟောန္တု ဖြစ်ပါစေကုန် သတည်း။ ဣမေသတ္တာ၊ ဤဆိုအပ်ကုန်ပြီးသော သတ္တဝါ အပေါင်းတို့သည်။ အညမညံ၊ အချင်းချင်း တယောက်သည် တယောက်အား။ အဝေရာ၊ ရန်မရှိကြကုန်သည်ဖြစ်၍။သုခါစ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

(၁၁) နေရယိကာစ၊ ငရဲသားတို့သည် လည်းကောင်း။ တိရစ္ဆာနာစ၊ တိရစ္ဆာန်တို့သည် လည်းကောင်း။ ပေတာစ၊ ပြိတ္တာတို့သည် လည်းကောင်း။ အသုရကာစ၊ အသူရကာယ် တို့သည်လည်းကောင်း။ ယမာစ၊ ငရဲသနင်း ယမမင်းတို့သည် လည်းကောင်း။ ယထာ၊ အကြင်သို့သောအခြင်းအရာအားဖြင့်။ ဇာတာ၊ ဖြစ်ကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဣမေ သတ္တာ ဤသို့ဆိုအပ်ကုန်ပြီးသော သတ္တဝါ အပေါင်းတို့သည်။ သန္တိ၊ရှိကြကုန်၏။ တတ္တကာ၊ ထိုမျှလောက်ကုန်သော သတ္တဝါ အပေါင်းတို့သည်။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ မုစ္စန္တု ကင်း လွတ်ကြပါစေကုန်သတည်း။

(၁၂) ဒသကောဋ္ဌိဒကဇာစ၊ ရေ နေ ဆယ် ကု ဋေ သော သတ္တဝါအပေါင်းတို့သည်လည်းကောင်း။ ထလဇာ နဝကောဋိ ယောစ၊ ကုန်းနေ ကိုးကုဋေသော သတ္တဝါ အပေါင်းတို့ သည်လည်းကောင်း။ သံသေဒဇောပပါတိကာစ၊ အညှိဥ ဖြစ် ကုန်သော သတ္တဝါ၊ ကိုယ်ထင်ရှားဖြစ်ပေါ်သော သတ္တဝါ အပေါင်းတို့သည်လည်းကောင်း။ တေ၊ ထိုဆိုအပ်ကုန်ပြီးသော

သတ္တဝါအပေါင်းတို့သည်။ ဒီဃာ ယုကာ၊ အသက်ရှည်ကြကုန်သည်။ ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း။

(၁၃) သမန္တာ၊ ထက်ဝန်းကျင်အရပ်မှ၊ စက္ကဝါဠေသု၊ အဆုံးအပိုင်းအခြား မရှိကုန်သော စကြဝဠာတိုက်အပေါင်းတို့၌။ ဥဒ္ဓံ၊ အထက်၌။ ယာဝ ဘဝဂ္ဂါ၊ နေဝသညာ နာသညာ ယတန ဘဝဂ် ဘုံတိုင်အောင်လည်းကောင်း။ အဓော၊ အောက်၌။ ယာဝအဝီစိတော စ၊ အဝီစိငရဲဘုံတိုင်အောင်လည်းကောင်း။ ယေ သတ္တာ၊ အကြင် သတ္တဝါအပေါင်းတို့သည်။ ပထဝီစရာ၊ မြေရေနှစ်ပြင် ထက်ကောင်းကင်၌ ကျင်လည်လှည့်သွား ကျက်စားကြကုန်၏။

(၁၄) သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ သတ္တာ ထိုသတ္တာဝါအပေါင်းတို့သည်။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်။ သဟ၊ တကွ။ အဗျာပဇ္ဇာစ၊ စိုးရိမ်ကြောင့်ကြမရှိကြကုန်သည်လည်းကောင်း။ နိဝေရာစ၊ အငြိုးမရှိကြကုန်သည်လည်းကောင်း။ နိဒ္ဒုက္ခာစ၊ ဆင်းရဲဒုက္ခမရှိကြကုန်သည်လည်းကောင်း။ အနုပဒ္ဒဝါစ၊ ဥပဒ္ဒဝေါ မရှိကြကုန်သည်လည်းကောင်း။ အဝေရာစ၊ အတွင်းရန် မရှိကြကုန်သည်လည်းကောင်း။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

## မဟာ အတုလ ပထဝီဇယ ပန္တ်တော်ကြီး

(၁) ကြောင်း-ဗုဒ္ဓဇယော၊ ဓမ္မဇယော, သံဃဇယော၊ မဟာ တဗ္ဗ ဇယော၊ ဇယော သဗ္ဗညု သဗ္ဗာ သမ္ဗုဒ္ဓေါ၊ အနန္တဂုဏာ ဓရိနော။

(၂) ဇယာ ပစ္စေကဗုဒ္ဓါ၊ ပစ္စေက ဗောဓိမုတ္တမာ၊
ဇယာ သဒ္ဓမ္မ အရဟန္တာ၊ ဝီတရာဂါ အနာသဝါ။

(၃) ဇယာ အ, ရူပဗြဟ္မာနော၊ ရူပ,ဗြဟ္မာစ သောဠသ၊
ဆ, ကာမာ ဝစရာ ဒေဝါ၊ သက္ကောမာဃော
ပုရိန္ဒဒေါ။

(၄) ဒွတ္တိံသ ဒေဝရာဇာနော၊ တာဝတိံ သေ
သုပါကဋော၊

သူယာမော သန္တုသိတောစ၊ ဒေဝသုတောစ
မာတလိ။

ဝါမကော ဣန္ဒ ကောစေဝ၊ ဇဝနော, ဇဝန
သဘော။

(၅) ဓတရဋ္ဌော ဝိရူဠှကော၊ ဝိရူပက္ခောတိ နာမကော၊
ဝေဿဝဏ္ဏော, မဟာရာဇာ၊ ပုဏ္ဏကော အာဠွ
ဝကောပိစ၊

ပထဝီ, အာပေါ, တေဇော, ဝါယောပိစ ပစ္စုန္နော။

(၆) တထာ, ဝေပစိတ္တိစ၊ ရာဟုစ ပရမိဿရော၊
သတ္တ ဗ္ဘတ္တရာ မဟာဒေဝါ၊ သိနေရု ပဗ္ဗတ
နိဿိတာ။

(၇) ဧတေစ, ဩစ, ရာဇာနော၊ သိနေရု ပဗ္ဗတ
သမန္တတော၊
မဟိဒ္ဓိကာ သဗ္ဗဒေဝါ၊ ဣန္ဒာ ဒေဝ သဗြဟ္မကာ။

(၈) သဗ္ဗသတ္တာနံ သဗ္ဗေသံ၊ သဗ္ဗညုဗုဒ္ဓါနံ အရဟန္တာနံ၊
မဟာဒေဝါနံ သဗ္ဗေသံ၊ ဗြဟ္မာနံ မဟာဗြဟ္မာနံ။

(၉) အာနုဘာဝေန ဇယော ဇယော၊ မမဇယော ဟောတိ၊

ဇယော ဇယော ဟောတိမို၊ ရော ယောတော ဓအ ပဒါ။

(၁၀) ဒွိပဒါ စတုပ္ပဒါစ၊ ဗဟုပ္ပဒါမိ သဗ္ဗေ သက်ဝန္တု။

(၁၁) ဝံ အင်္ဂုလိယာ ဗုဒ္ဓါ၊ ဗုဒ္ဓ ဂုဏာ အင်္ဂုလိယာ၊
အင်္ဂုလိယေ ပယုန္တာနံ၊ ဝိပါကော ဟောတု
အင်္ဂုလိယော။

(၁၂) ဝံ အင်္ဂုလိယာ ဓမ္မာ၊ ဓမ္မ ဂုဏာ အင်္ဂုလိယာ၊
အင်္ဂုလိယေ ပယုန္တာနံ၊ ဝိပါကော ဟောတု
အင်္ဂုလိယော။

(၁၃) ဝံ အင်္ဂုလိယာ သံဃာ၊ သံဃ ဂုဏာ အင်္ဂုလိယာ၊
အင်္ဂုလိယေ ပယုန္တာနံ၊ ဝိပါကော ဟောတု
အင်္ဂုလိယော။

(၁၄) အင်္ဂုလိယ ဂုဏာ သဗ္ဗေ ဂတာ၊ [illegible] ဒုတာနံ
အာနုဘာဝေန၊

မမ သဗ္ဗေ ရောဂါ ဝိနဿန္တု။

[illegible] ဒုတာနံ ပယိ၊ [illegible] မ [illegible]
သဗ္ဗမင်္ဂလာ သိဒ္ဓိ ဘဝန္တု။

(၁၆) ဣစ္ဆိတံ ပတ္ထိတံ မယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော
ယထာ

(၁၇) ဣစ္ဆိတံ ပတ္ထိတံ မယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိ ဇောတိရသော
ယထာ။

(၁၈) သြှောင်း-ဇယော ဇယော, မဟာ ဇယော၊
ဇယော, သဗ္ဗဇယော, ဇယော၊
မဟာပထဝိဇယော၊ သိဒ္ဓိသွားဟုံ-ဟုံ၊
မဟာသိဒ္ဓိ သွား ဟုံ-ဟုံ။ ။

## မဟာအတုလ မန္တန်တော်ကြီး၏ အနက်

၁။ ဗုဒ္ဓဇယော၊ မြတ်ဘုရား၏ အောင်ခြင်း
မင်္ဂလာ၊
ဓမ္မဇယော၊ မြတ်တရားတော်၏ အောင်ခြင်း
မင်္ဂလာ၊
သံဃဇယော၊ မြတ်သံဃာတော်၏ အောင်ခြင်း
မင်္ဂလာ၊
မဟာဇယော၊ ကြီးမြတ်သော အောင်ခြင်း
မင်္ဂလာ၊
သဗ္ဗဇယော၊ ခပ်သိမ်းသော အောင်ခြင်း
မင်္ဂလာ

တို့သည်။ ခြောင်း၊ ပြီးစီးအောင်မြင်ခြင်းသို့။ (မေ၊ အကျွန်ုပ်အား။ ဒေတု၊ ပေးသနားတော်မူပါစေသတည်း။) အနန္တဂုဏာကရိနော၊ အတိုင်းအဆအပိုင်းအခြားမရှိကုန်သော ဂုဏ်ကျေးဇူးတော်တို့ကို ဆောင်တော်မူသည့်။ သဗ္ဗညု၊ ဉေယျဉဿံ၊ အလုံးစုံကို သိတော်မူသော။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးထပ်တရားမြတ်သို့ ပိုင်းဖြတ်ထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား၏။ ဇယော၊ အောင် တော် မူခြင်းသည်လည်း ကောင်း-

(၂) ပစ္စေက ဗောဓိမုတ္တမာ၊ သစ္စာလေးပါး သိသောအားဖြင့် မြင့်မြတ်ကြည်လင်။ ပစ္စေကဗုဒ္ဓါ၊ ပစ္စေက အရှင်မြတ်တို့သည်။ ဇယာ၊ အောင်ခြင်းသို့ ရောက်တော်မူကြလေကုန်ပြီ။ ဝီတရောဂါ၊ ရာဂကင်းစင် ဖြူစင်ခြင်းသို့ ရောက်တော်မူကြလေကုန်ပြီ။ အနာသဝါ၊ ကိလေသာယာဉ် တဏှာမျှင်ကို ခုတ်ဆွင်ရှင်းလင်း ကင်းစင်ခြင်းသို့ ရောက်တော်မူကြကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အရဟန္တာ၊ ရဟန္တာ အရှင်မြတ်တို့သည်။ ဇယာ အောင်ခြင်းသို့ ရောက်တော်မူကြ လေကုန်ပြီ။

(၃) သဗ္ဗေ၊ ခပ်သိမ်းကုန် သော။ အရူပဗြဟ္မာ နော၊ အရူပဗြဟ္မာ တို့သည်လည်းကောင်း။ သောဠသ၊ တဆယ့်ခြောက်ဘုံ အလုံးစုံတည်ရှိကြကုန်သော။ ရူပဗြဟ္မာစ၊ ရူပဗြဟ္မာတို့သည်လည်းကောင်း။ ဆကာမာဝစရဒေဝါ၊ နတ်ပြည်ခြောက်ထပ် ဘုံအမြတ်ဝယ် နေလတ် ထောင်သောင်း နတ်အပေါင်းတို့သည်လည်းကောင်း။ ပုရိန္ဒဝေါ၊ အသုလက်ဦး စွန့်ပေးဖူးသော။ မာဃော၊ မာဃလုလင် အမည်တွင်သည့်။ သက္ကောစ၊ သိကြားမင်းသည်လည်းကောင်း-

(၄) တာဝတိံသေ၊ တာဝတိံသာ နတ်ပြည်၌။ သုပါကဋ္ဌော၊ကောင်းစွာ ထင်ရှားကြကုန်သည့်။ ဒွတ္တိံသ ဒေဝရာဇာနော၊သုံးကျိပ်နှစ်ယောက်သော နတ်မင်းတို့သည်လည်းကောင်း။ သန္တုဿိတော စ၊ သန္တုဿိတ နတ်မင်း သည်လည်းကောင်း။ ဒေဝသုတော စ၊ သိကြားတမန်။ မာတလိ စ၊ မာတလိနတ်သား သည်လည်းကောင်း။ ဝါမနော ဂန္ဓဗ္ဗော စေဝ၊ ဝါမနနတ်၊ ဂန္ဓဗ္ဗ နတ်တို့သည်လည်းကောင်း။ ဇဝနော ဇဝနသဘော စ၊ ဇဝနနတ်နှင့် ဇနဘနတ်သားတို့သည်လည်းကောင်း–

(၅) ဓတရဋ္ဌော၊ ဝိရူဠှကော၊ ဝိရူပက္ခော တိနာမကော၊ ဓတရဋ္ဌ၊ ဝိရူဠှကနှင့် ဝိရူပက္ခ အမည်ရှိသော နတ်မင်းကြီးတို့နှင့် တကွ၊ ဝေဿဝဏ္ဏော မဟာရာဇာ၊ ဝေဿဝဏ္ဏ နတ်မင်းကြီး လေးပါး တို့သည်လည်းကောင်း။ ပုဏ္ဏကော အာဠဝကော ပိ စ၊ ပုဏ္ဏကနတ်မင်း အာဠဝက နတ်မင်းနှင့်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ပိ စ ပစ္စုဏ္ဏော၊ ပထဝီနတ်၊ အာပေါနတ်၊ တေဇောနတ်၊ ဝါယောနတ်နှင့်တကွ မိုး နတ် သား တို့ သည် လည်းကောင်း–

(၆) တထာ၊ ထိုမှတပါး၊ ဝေပစိတ္တိ၊အသူရာမင်း။ ဝေပစိတ္တိ စ၊ အသူရာ နတ်သား တို့သည်လည်းကောင်း၊ ပရိမိဿရော၊ ရန်ကို အစိုးရသော။ ရာဟု၊ ရာဟု အသူရိန် နတ်မင်းကြီးတို့သည် လည်းကောင်း။ သိနေရု ပဗ္ဗတာ နိဿိတာ၊ မြင်းမိုရ်တောင်ကြီး ကို မှီ၍ နေကြကုန်သော၊ မဟာဒေဝါ၊ နတ်မင်းကြီးတို့သည် လည်းကောင်း၊ သတ္တဗှုန္တရာ၊ သိတာခုနစ်တန်၊ တောင်ယံ ခုနစ် ထပ်တို့၌ စောင့်ကြပ်နေကြကုန်သော၊ မဟာဒေဝါ စ၊ တန်ခိုး ကြီးမားသော နတ်မင်းကြီးတို့သည်လည်းကောင်း–

၇။ ဧဝေ၊ ဆိုအပ်ခဲ့ပြီး ထိုနတ်မင်းတို့မှ။ အမေ့၊အလား တူကုန်သော။ သိနေရုပဗ္ဗတ သမန္တတော၊ မြင်းမိုရ်တောင်ကြီး၏ ပတ်ဝန်းကျင်ဒိသာရပ်မျက်နှာမှ။ ရာဇာနော၊ နတ်မင်းကြီးတို့ သည်လည်းကောင်း။ မဟိဒ္ဓိကာ၊ တန်ခိုးအဟုန် ကြီးမားကုန် သော။ သဗ္ဗေဒေဝါ၊ ခပ်သိမ်းကုန်သော [ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ နတ်တို့သည်လည်းကောင်း၊ ရွာစောင့်၊ မြို့စောင့်၊ တောစောင့်၊ တောင်စောင့်နတ် အပေါင်းတို့သည်လည်း ကောင်း]။ ဗြဟ္မာဒေဝါ၊ သဗြဟ္မကာ၊ ဗြဟ္မာနှစ်ဆယ်နှင့်တကွ ဗြဟ္မနတ်တို့သည်လည်းကောင်း။ သဗ္ဗေသံ၊ ကြွင်းမဲ့ဥဿုံ အလုံး စုံကုန်သော–

၈။ သဗ္ဗသတ္တာနံ၊ တန်ခိုးမဟိဒ္ဓိရှိသည့်အရာ။ ဝိဇ္ဇာဓိုရ်၊ သိဒ္ဓိဆယ်ခွင် အောင်မြင်ပြီးမြောက်ခြင်းသို့ ရောက်ကုန်ပြီးသော ဝိဇ္ဇာဓိုရ်ကြီး အပေါင်းတို့သည်လည်းကောင်း

သဗ္ဗညုတဉ္ဉာဏ်နံ၊ သဗ္ဗညုတဉာဏ်ရှင် ဘုရားရှင်တို့၏ လည်း ကောင်း။ အရဟန္တာနံ၊ ရဟန္တာအရှင်တို့၏ လည်းကောင်း။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ မဟာဒေဝါနံ၊ နတ်မင်းကြီးတို့၏ လည်းကောင်း။ မဟာဗြဟ္မာနံ၊ ရှင်–အရှင်၊ သဟမ္ပတိ၊ သနင်္ကုမာန၊ ဟာရိတ စသည်များသော နတ်ဗြဟ္မာအပေါင်းတို့၏လည်း ကောင်း

၉။ အာနုဘာဝေန၊ တန်ခိုးအာနုဘော် အာဏာစက်တော် ကြောင့်။ ဇယော ဇယော၊ အောင်ခြင်းကြီးစွာ အောင်မင်္ဂလာ သည်။ [ဘဂဝါ] ဖြစ်ပါစေသတည်း။ မမ၊ အကျွန်ုပ်၏။ ဇယော၊ အောင်ခြင်းသည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

ပထဝီ၊ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာ ပထဝီ မြေကြီးသည်။ [ဇယော ယသာ၊ ခပ်သိမ်းသောရန်ကို သည်းခံမြဲစွာ အောင်ရာဖြစ်သကဲ့သို့] မေ၊ ငါ့အား။ ဇယာ၊ အောင်ခြင်းသည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

၁၀။ ပထဝီမှိ၊ ဤပထဝီမြေကြီး၌။ စရာ၊ ကျက်စားများစွာ သွားလာကြကုန်သော။ အပဒါ၊ အခြေမရှိကုန်သော သတ္တဝါ။ ဒွိပါဒါ၊ အခြေနှစ်ချောင်းရှိကုန်သော။ ယေသတ္တာ၊ အကြင် သတ္တဝါတို့သည် လည်းကောင်း။ (သန္တိ၊ ထင်ရှား) ရှိကုန်၏။ တေသဗ္ဗေ၊ ထိုအလုံးစုံကုန်သော သတ္တဝါတို့သည်။ မေ၊ အကျွန်ုပ်အား။ သက်မန္တု၊ကြောက်ရွံ့သောအား ချစ်လေးစားလျက် ခန့်ညားဆည်းကပ်ကြစေကုန်သတည်း။ ဇယော– ဇယော၊ အောင်ခြင်းကြီးစွာ အောင်မင်္ဂလာနှင့် ပြည့်စုံပါစေသတည်း။

(၁၁+၁၂+၁၃) ဗုဒ္ဓါ၊ ဓမ္မာ၊ သံဃာ၊ ဘုရား တရား သံဃာတော်မြတ် အပေါင်းတို့သည်။ ဧဝံ၊ ဤသို့။ အစိန္တိယာ၊ မကြံစည်နိုင်ကုန်သော တန်ခိုးသည် ရှိကြ၏။ ဗုဒ္ဓါ ဗုဒ္ဓါ၊ ဓမ္မာ ဓမ္မ၊ သံဃာ သံဃ၊ ဤသို့ ဘုရား တရား သံဃာတို့၏ ဂုဏ်ကျေးဇူး တော်တို့သည်။ အစိန္တိယာ၊ မကြံစည်နိုင်ကုန်။ အစိန္တိယေ၊ ဤသို့ မကြံစည်နိုင်ကုန်သော ဘုရား၊ တရား သံဃာတို့၏။ တန်ခိုး၌။ ပသန္နာနံ၊ ကြည်ညိုကုန်သော သူတို့အား။ အစိန္တိယာ၊ မကြံစည်နိုင်ကုန်သော။ ဝိပါကော၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။

၁၄။ အစိန္တိယ ဂုဏ သမ္ပန္နာ ဂတာ၊ မကြံစည်အပ်ကုန်သော။ အစိန္တေယျ ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော။ တိဏ္ဏံရတနာနံ၊ ရတနာသုံးပါးတို့၏။ အာနုဘာဝေန၊ တန်ခိုးတေဇော် အာနုဘော်အစွမ်းကြောင့်။ မေ၊ အကျွန်ုပ်အား။ သဗ္ဗရောဂါ၊ ခပ်သိမ်းသော အနာရောဂါဟူသမျှတို့သည်။ ဝိနဿန္တု၊ မကပ်မရောက် ပျောက်ပျက်ကင်းငင် လင့်ပါစေကုန်သဘည်း။

၁၅။ သဗ္ဗဇနာနံ၊ ခပ်သိမ်းကုန်သော လူအပေါင်းတို့၏။ ပိယံစိတ္တံ၊ ချစ်ခြင်းစိတ်သည်။ မယှံ၊ အကျွန်ုပ်အား။ ဘဝတု၊ ဖြစ်ပါစေကုန်သတည်း။ ဝါ၊ အကျွန်ုပ်၏။ ပိယံစိတ္တံ ချစ်ခြင်းအမြတ် မေတ္တာဓာတ်သည်။ သဗ္ဗဇနာနံ၊ ခပ်သိမ်းသော သူတို့အား။ ဘဝတု၊ ဖြစ်ပါစေကုန်သတည်း။ သဗ္ဗမင်္ဂလာ၊ ခပ်သိမ်းသော မင်္ဂလာအပေါင်း၏။ သိဒ္ဓိ၊ ပြီးစီးအောင်မြင်ခြင်းသည်။ ဘဝတု၊ ဖြစ်ပါစေကုန်သတည်း။

(၁၆+၁၇) ဣစ္ဆိတံ၊ အလိုရှိအပ်ကုန်သော။ ပတ္ထိတံ၊ တောင်းတ အပ်ကုန်သော။ သဗ္ဗေ၊ ခပ် သိမ်း ကုန် သော။ သင်္ကပ္ပါ၊ ကောင်းမြတ်သော အကြံအစည်ဟူသမျှသည်။ မယှံ၊ အကျွန်ုပ်အား။ ခိပ္ပမေဝ၊ လျင်မြန်စွာသာလျှင် ပြီးပြည့်စုံနိုင်ပါစေသတည်း။

ပန္နရသော၊ တဆယ့်ငါးရက်မြောက် တင့်ရှန်းမောက်သော။ စန္ဒောယထာ၊ လပြည့်ဝန်းကြီးကဲ့သို့။ ခိပ္ပမေဝ၊ လျင်မြန်စွာသာလျှင်။ သမိဇ္ဈတု၊ ပြည့်စုံစေပြီး။ မဏိဇောတိရသောယထာ၊

ဇောတိရတ် ပတ္တမြား မျက်ရှင် ရတနာစင်ကဲ့သို့ လိုတတိုင်းသာ ပြီးစီးအောင်မြင်ပါစေသတည်း။

၁၈။ ဩဘာင်း– ပြီးစီး အောင်မြင် ပါစေသတည်း။ ဇယော ဇယော၊ အောင်ခြင်းကြီးစွာ အောင်ပါစေသတည်း။ ဇယော သဗ္ဗဇယော၊ ခပ်သိမ်းသော အောင်ခြင်းမင်္ဂလာ အဖြာဖြာတို့သည် အောင်မြင်ပြီးစီးကြပါစေကုန်သတည်း။

မဟာပထဝိဇယော၊ ဤမဟာပထဝီမြေကြီး၏ အောင်ခြင်းကဲ့သို့။ ဇယော-ဇယော၊ အောင်ခြင်းပြီးမြောက် ပြီးစီးခြင်းသို့ [သွား–ဟုံ–ဟုံ] ရောက်စေကုန်သတည်း။ မဟာသိဒ္ဓိစ၊ သိဒ္ဓိ ဆယ်ခွင် ပေါက်အောင်မြင်သကဲ့သို့ (သွား-ဟုံ-ဟုံ) ရောက်စေကုန်သတည်း။

## တန်ခိုးလျှံသော ပထဝိဇယမန္တန်တော်များ

အထက်ပါ ပထဝိဇယမန္တန် ၂ ပုဒ်စလုံးသည် တန်ခိုး တေဇော်အာနုဘော် ကြီးမားလှပါသည်။ ပထမဦးဆုံးသော ပထဝိဇယမန္တန်သည်(အဝယ်)သာ ဖြစ်ပါသည်။ ထိုမန္တန်ငယ်သည်ရှေးခေတ်ကာပုံနှိပ်မှုအမျိုးမျိုးဖြင့် မူကွဲများစွာ ရှိနေခဲ့သော်လည်း စစ်ပြီးခေတ်နောက်ပိုင်းတွင် သန့်စင်ပြီးသော စာမူတခုတည်းကိုသာ တွေ့ရှိရပါသည်။ သူတော်စင် အများအပြားလည်းနှုတ်တိုင်အရမျှားကြပါသည်။

ပထဝိဇယမန္တန်ကြီးမှာ ယနေ့အချိန်အထိ ပုံနှိပ်မှုအဖြစ် မတွေ့ရသေးပါ။ ပေနှင့်ပုရပိုက်များ၌သာ တွေ့ရှိနေရပါသည်။

ထို့ကြောင့် ဤပဋ္ဌာနမန္တန်တော်ကြီးအား သူတော်စင်များရွတ်ဖတ်သရဇ္ဈာယ်နိုင်ရန်စေတနာမွန်ဖြင့်မူကွဲများကိုညှိနှိုင်း၍ တင်ပြလိုက်ရပါသည်။

ပထမ ပဋ္ဌာနမန္တန်မှာ မေတ္တာနှင့်သစ္စာကိုအဓိကအရင်းခံထားသလို၊ဒုတိယပဋ္ဌာနမန္တန်တော်ကြီးမှာရတနာသုံးပါး၏ဟိတ်နှင့် နတ်ဗြဟ္မာအပေါင်းတို့၏တန်ခိုးတေဇော် အာနုဘော်တို့ကို အားယူထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

ဤပဋ္ဌာန မန္တန်တော်ကြီးနှစ်ပုဒ်လုံးသည် ရှေးသူတော်စင်သူတော်မြတ်အပေါင်းတို့ အလေးအမြတ်ထားပြီး နေ့စဉ်ဝတ်ထားကာ ရွတ်ပွားခဲ့သော မန္တန်တော်များ ဖြစ်ကြပါသည်။ရှေးသူတော်စင်ကြီးများအလေးအမြတ် ထားသလောက်လည်း ကြီးမားသောတန်ခိုးတေဇော် အာနုဘော်တို့ဖြင့် ကြီးမားလှပါသည်။ အဘယ့်ကြောင့်ဆိုသော် ရတနာသုံးပါးတို့နှင့်တကွ သစ္စာမေတ္တာသည် ကြီးမားသော တန်ခိုးဣဒ္ဓိတို့ဖြင့်ပြည့်စုံသောကြောင့် ဖြစ်ပါသည်။

ဤသို့ အစဉ်အလာ ကြီးမားသော မန္တန်တော်ကြီးများကို အဓိဋ္ဌာန်ဝင်သော သူတော်စင်တိုင်း နေ့စဉ်မပြတ် ရွတ်ပွားရန်သင့်လှပါသည်။ တိုက်တွန်းလိုသည်မှာ အဓိဋ္ဌာန်ဝင်နေစဉ်ဤမန္တန်တော်ကြီးများကိုလည်း အဓိဋ္ဌာန်နှင့်၍ တနေ့အနည်းဆုံး (၉)ခေါက်ဖြစ်စေ၊ (၁၁)ခေါက်ဖြစ်စေ၊ (၂)ပုဒ်စလုံးကိုဖြစ်စေ၊မိမိကြိုက်နှစ်သက်သောတပုဒ်ကိုဖြစ်စေနေ့စဉ်မှန်မှန်ရွတ်ဖတ်ခြင်းဖြင့် အဓိဋ္ဌာန်ကိုပို၍ လျင်မြန်စွာ ပြီးမြောက်စေနိုင်ကြောင်း ရှေးသူတော်စင်ကြီးများ အမှာရှိခဲ့ပါသည်။ဤမန္တန်

တော်ကြီးများကို မရွတ်မီ အနန္တော အနန္တငါးပါးကိုကန်တော့ခြင်း။ ငါးပါးသိလခံယူခြင်းများကို ပြုလုပ်ပြီးနောက် "နမောတဿ"ကို သုံးခေါက်ပူဇော်၍ ဤမန္တန်တော်ကြီးများအား မနှေးမမြန် ပီပီသသရွတ်ဖတ်သရဇ္ဈာယ်ကြရမည်ဟု ဆိုထားပါသည်။ ဤသို့ အမိန့်ဒွာန်အတိုင်း ရွတ်ဖတ်ပြီးနောက် အမျှများ ပေးဝေခြင်းကို ပြုကြရပါမည်။

ဤမန္တန်တော်ကြီး နှစ်ပုဒ်သည် သူမြတ်ကျင့်စဉ်ကို ကျင့်ကြံအားထုတ်နေသော သူတော်စင်ကြီးများအတွက် လေးနက်ခိုင်ခန့်သော လက်နက်ကြီးများဖြစ်ပါသည်။ဤသို့ထူးမြတ်သည့် လက်နက်ကြီးများကို နှုတ်တိုက်ဆောင်၍ အမိန့်ဒွာန် ပါရမီစခန်းသို့ တက်လှမ်းနိုင်ကြပါစေကုန်သတည်း။

# ၇–ရက် သား–သမီးများအတွက် ကုသိုလ်ကံပွင့် ဘုရားရှိခိုး ဆုတောင်း ဂါထာတော်များ

## တနင်္ဂနွေသား– သမီးများ ကုသိုလ်ကံပွင့်စေရန် ရှိခိုး ဆုတောင်း ဂါထာ

မေဃင်္ကရော သောဘိတော စ၊
ပိယဒဿီ သိဒ္ဓိဇိနော။
ဂုဝိဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
နဝေနာဂနေန ဇမ္မေန၊
ပေါရာဏကံ ဝိနဿတု၊
စတုန္နံ ဗုဒ္ဓ တေဇေန၊
သဒါ သုခီ ဘဝန္တုမေ။

မေဃင်္ကရော၊ မေဃင်္ကရမြတ်စွာဘုရားသည်လည်းကောင်း။ သောဘိတော စ၊ သောဘိတမြတ်စွာဘုရားသည် လည်းကောင်း။

(တတိယအကြိမ်)

ပိယဒဿိစ၊ ပိယဒဿီ မြတ်စွာဘုရားသည် လည်းကောင်း။ သိဒ္ဓိဇိနော၁စ၊ သိဒ္ဓိမြတ်စွာဘုရားသည်လည်းကောင်း။ ရဝိဝါရေ၊ တနင်္ဂနွေနေ့၌။ အဘိဇာတာ၊ ဖွားမြင်တော်မူကြကုန်၏။ တေ၊ ထိုလေးဆူကုန်သော တနင်္ဂနွေနေ့ဖွား ရှင်တော်မြတ်ဘုရားကြီးတို့ကို။ အဟံ၊ တပည့်တော်သည်။ သာဒရံ၊ ကျိုးနွံလှစွာ ရှိခိုးလိုက်ပါ၏ အရှင်ဘုရား။

နမေနာနေန ကမ္မေန၊ ထိုသို့ရှိခိုးကန်တော့ရသော မြတ်ကုသိုလ်ကံကြောင့်။ ပေါရာဏကံ၊ ရှေးဘဝက ဖြစ်ခဲ့ဖူး၊ ပြုခဲ့ဖူးသော အကုသိုလ်ကံ ဟူသမျှသည်။ ဝိနဿတု၊ ခန်းခြောက်၍သာ ပျက်စီးပါစေကုန်သတည်း။

စတုန္နံ ဗုဒ္ဓတေဇေန၊ ထိုလေးဆူကုန်သော မြတ်ဘုရားကိုယ်တော်မြတ်ကြီးတို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ မေ၊ တပည့်တော်အား။ သဒါ၊ အခါခပ်သိမ်း။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းခြင်းသို့။ ဘဝန္တု၊ မုချမသွေ ဖြစ်ပါစေကုန်သတည်း။

## တနင်္လာ သား-သမီးများ ကုသိုလ်ကံပွင့်စေရန် ဘုရားရှိခိုး ဆုတောင်း ဂါထာ

သရဏင်္ကရော နောမာစ၊
အတ္ထဒဿီစ ဝေဿဘူ။
စန္ဒဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။

စပယ်ဦး၊စာပေ (ဒုတိယအကြိမ်)

နဝေနာဝနေန ကမ္မေန၊
ပေါရာဏကံ ဝိနာသတု။

စတုန္နံ ဗုဒ္ဓ တေဇေန၊
သဒါ သုခီ ဘဝန္တုမေ။

သရဏင်္ကရော၊ သရဏင်္ကရာမြတ်စွာဘုရားသည်လည်းကောင်း နောမာစ၊ အနောမဒဿီ မြတ်စွာဘုရားသည် လည်းကောင်း။ အတ္ထဒဿီစ၊ အတ္ထဒဿီ မြတ်စွာဘုရားသည် လည်းကောင်း၊ ဝေဿဘူစ၊ ဝေဿဘူ မြတ်စွာဘုရားသည် လည်းကောင်း၊၊ စန္ဒဝါရေ၊ တနင်္လာနေ့၌ ပွားမြင်တော်မူကြကုန်၏။ တေ၊ ထိုလေးဆူကုန်သော တနင်္လာနေ့ပွားမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးတို့ကို။ အဟံ၊ တပည့်တော်သည်။ သဒါ၊ ကျိုးနွံလျှစွာ ရှိခိုးကန်တော့ပါ အရှင်ဘုရား။

နဝေနာဝနေန ကမ္မေန၊ ထိုသို့ရှိခိုးကန်တော့ရသော ကုသိုလ်ကံကြောင့်။ ပေါရာဏကံ၊ ရှေးဘဝက ပြုခဲ့ဖူး၊ ပြုခဲ့ဖူးသော အကုသိုလ်ကံ ဟူသမျှသည်။ ဝိနာသတု ခန်းခြောက် ပျက်စီး ပပျောက်ပါစေသတည်း။

စတုန္နံ ဗုဒ္ဓတေဇေန၊ ထိုလေးဆူကုန်သော။ တနင်္လာပွား မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးတို့၏ တန်ခိုး တေဇော် အာနုဘော်ကြောင့်။ မေ၊ တပည့်တော်အား။ သဒါ၊ အခါခပ်သိမ်း အေးငြိမ်းခြင်းသို့။ ဘဝန္တု၊ မုချမသွေဖြစ်ပါစေကုန်သတည်း၊

(တဘိယအကြိမ်) ဝပယ်ဦး·ဝာပေ

## အင်္ဂါသား-သမီးများ ကုသိုလ်ကံပွင့်စေရန် ဘုရားရှိခိုး ဆုတောင်း ဂါထာ

ဒီပင်္ကရော ပဒုမောစ၊
ဓမ္မဒဿီ နိရုတ္တမော ကကုသန္ဓော။

ဘောပ ဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။

နဝေ နာနေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။

စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝန္တု မေ။

ဒီပင်္ကရောစ၊ ဒီပင်္ကရာမြတ်စွာဘုရားသည် လည်းကောင်း။ ပဒုမောစ၊ ပဒုမမြတ်စွာဘုရားသည် လည်းကောင်း။ ဓမ္မဒဿီ နိရုတ္တမော၊ ဓမ္မဒဿီ မြတ်စွာဘုရားသည် လည်းကောင်း။ ကကုသန္ဓောစ၊ ကကုသန်မြတ်စွာဘုရားသည် လည်းကောင်း၊ ဘောမ ဝါရေ၊ အင်္ဂါနေ့၌ ဖွားမြင်တော်မူကြကုန်၏။ တေ၊ ထိုလေးဆူကုန်သော အင်္ဂါနေ့ဖွား မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးတို့ကို။ အဟံ၊ တပည့်တော်သည်။ သာဒရံ၊ ကျိုးနွံလျှစွာ။ နမဿာမိ၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ကုသိုလ် နဝေနာနေန ကမ္မေန၊ ထိုသို့ ရှိခိုးကန်တော့ရသော စေတနာကြောင့်။ ပေါရာဏကံ၊ ရှေးဘဝက ဖြစ်ခဲ့ဖူး၊ ပြုခဲ့ဖူးသော အကုသိုလ်ကံကြွင်းကံစ ဟူသမျှသည်။ ဝိနဿတု၊ ခန်းခြောက်၍သာ ပျက်စီးပပျောက်ပါစေသတည်း။

စတုန္နံ ဗုဒ္ဓတေဇေန၊ ထိုလေးဆူကုန်သော အင်္ဂါနေ့ဖွား မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးတို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ မေ၊ တပည့်တော်အား၊ သဒါ၊ အခါခပ်သိမ်း။ သုခီ၊ အေးချမ်းခြင်းသို့။ ဘဝန္တု၊ မုချမသွေ ဖြစ်ပါစေကုန်သတည်း။

## ဗုဒ္ဓဟူး သား သမီးများ ကုသိုလ်ကံပွင့်စေရန် ဘုရားရှိခိုး ဆုတောင်း ဂါထာ

ကောဏ္ဍညော နာရဒေါ သတ္တာ၊
သိဒ္ဓတ္ထ ကောဏာဂမနော။

ဗုဒ္ဓဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။

နငဝ နာနေန ကပ္ပေန၊
ပေါရာဏကံ ဝိနာသယုံ။

စတုန္နံ ဗုဒ္ဓတေ တေဇေန၊
သဒါ သုခီ ဘဝန္တု မေ။

ကောဏ္ဍညော စ၊ ကောဏ္ဍည မြတ်စွာဘုရားသည်လည်းကောင်း။ နာရဒေါ သတ္တာ စ၊ နာရဒ မြတ်စွာဘုရားသည်လည်းကောင်း။ သိဒ္ဓတ္ထ စ၊ သိဒ္ဓတ္ထ မြတ်စွာဘုရားသည်လည်းကောင်း။ ကောဏာဂမနော စ၊ ဂေါဏဂုံ မြတ်စွာဘုရားသည်လည်းကောင်း။ ဗုဒ္ဓဝါရေ၊ ဗုဒ္ဓဟူးနေ့၌ ဖွားမြင်တော်မူကြကုန်၏။ တေ၊

ထိုလေးဆူကုန်သော ဗုဒ္ဓဟူးနေ့ဖွား မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးတို့ကို။ အဟံ၊ တပည့်တော်သည်။သာဒရံ၊ ကျိုးနွံလှစွာ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

နမေ နာနေန၊ ထိုသို့ ကန်တော့ရသော ကုသိုလ်ကံ စေတနာကြောင့်။ ပေါရာဏကံ၊ ရှေးဘဝက ဖြစ်ခဲ့ဖူး ပြုခဲ့ဖူးသော အကုသိုလ်ကံ ဟူသမျှသည်။ ဝိနဿတု၊ ခန်းခြောက်၍သာ ပျက်စီးပါစေကုန်သတည်း။

စတုန္နံ ဗုဒ္ဓတေဇေန၊ ထိုလေးဆူကုန်သော ဗုဒ္ဓဟူးနေ့ဖွား မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးတို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ မေ၊ တပည့်တော်အား။ သဒါ၊ အခါခပ်သိမ်း။ သုခီ၊ အေးချမ်းခြင်း ရှိကုန်သည်။ ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း။

ကြာသပတေး သား-သမီးများ ကုသိုလ်ကံ ပွင့်စေရန်
ဘုရားရှိခိုး ဆုတောင်း ဂါထာ

မင်္ဂလော ပဒုမုတ္တရော၊
တိဿော နာထော စ ကဿပေါ။

ဂုရုဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။

နမေနာနေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု၊

စတုန္နံ ဗုဒ္ဓ တေဇေန၊
သဒါ သုခီ ဘဝန္တုမေ။

မင်္ဂလောစ၊ မင်္ဂလ မြတ်စွာဘုရားသည် လည်းကောင်း။ ပဒုမုတ္တရောစ၊ ပဒုမုတ္တရ မြတ်စွာဘုရားသည် လည်းကောင်း။ တိဿောနာထောစ၊ တိဿမြတ်စွာဘုရားသည် လည်းကောင်း။ ကဿပေါစ၊ ကဿပ မြတ်စွာဘုရားသည် လည်းကောင်း။ ဂုရုဝါရေ၊ ကြာသပတေးနေ့၌။ အဘိဇာတာ၊ ဖွားမြင်တော်မူကြကုန်၏၊ တေ၊ ထိုလေးဆူကုန်သော ကြာသပတေးနေ့ပွား မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးတို့ကို။ အဟံ၊ တပည့်တော်သည်။ သဒါ၊ ကျိုးနွံလှစွာ ရှိခိုးကန်တော့လိုက်ပါ၏ အရှင်ဘုရား။

နမေနာနေန ကမ္မေန၊ ထိုသို့ကန်တော့ရသော ကုသိုလ်ကံ စေတနာကြောင့်။ ပေါရာဏကာ၊ ကံကြွင်း ကံစ ဟူသမျှသည်။ ဝိနာသဟု၊ ကင်းစင်လွင့်ပျောက်ပါစေကုန်သတည်း။

စတုန္နံဗုဒ္ဓတေဇေန၊ ထိုလေးဆူကုန်သော ကြာသပတေးနေ့ပွား မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးတို့၏ တန်ခိုးတေဇော အာနုဘော်တော်ကြောင့်။ မေ၊ တပည့်တော်အား။ သုခံ၊ အေးချမ်းခြင်းသို့။ ဘဝန္တု၊ မုချမသွေ ဖြစ်ပါစေကုန်သတည်း။

သောကြာ သား သမီးများ ကုသိုလ်ကပွင့်စေရန်
ဘုရားရှိခိုး ဆုတောင် ဂါထာ

သုမနော သုမေဓော ဗုဒ္ဓါ။
ဖုဿ ဇိနော စ ဂေါတမော။

သုက္ကဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
နဝေ နာနေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။
စတုန္နံ ဗုဒ္ဓ တေဇေန၊
သဒါ သုခီ ဘဝန္တု မေ။

သုမနော စ၊ သုမန မြတ်စွာဘုရားသည် လည်းကောင်း။ သုမေဓော ဗုဒ္ဓေါ စ၊ သုမေဓာမြတ်စွာဘုရားသည်လည်းကောင်း။ ဖုဿ ဇိနော စ၊ ဖုဿ မြတ်စွာဘုရားသည်လည်းကောင်း။ ဂေါတမော စ၊ ဂေါတမ မြတ်စွာဘုရားသည်လည်းကောင်း။ သုက္ကဝါရေ၊ သောကြာနေ့၌ ဖွားမြင်တော် မူကြကုန်၏။ တေ၊ ထိုလေးဆူကုန်သော သောကြာနေ့ဖွားမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးတို့ကို။ အဟံ၊ တပည့်တော်သည်။ သာဒရံ၊ ကျိုးနွံလှစွာ။ နမဿာမိ၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

နဝေနာနေန ကမ္မေန၊ ထိုသို့ ရှိခိုးကန်တော့ရသော ကုသိုလ်ကံ စေတနာကြောင့်။ ပေါရာဏကံ၊ ရှေးဘဝက ဖြစ်ခဲ့ဖူး၊ ပြုခဲ့ဖူးသော အကုသိုလ် ကံကြွင်းကံစ ဟူသမျှသည်။ ဝိနဿတု၊ ခန်းခြောက်၍သာ ပျက်စီးပါစေကုန်သတည်း။

စတုန္နံ ဗုဒ္ဓ တေဇေန၊ ထိုလေးဆူကုန်သော သောကြာနေ့ဖွား မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးတို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်။ မေ၊ တပည့်တော်အား။ သဒါ၊ အခါခပ်သိမ်း အေးချမ်းခြင်း ရှိကုန်သည်။ ဘဝန္တု၊ မုချမသွေ ဖြစ်ပါစေကုန်သတည်း။

## စနေ သား-သမီးများ ကုသိုလ်ကံပွင့်စေရန်
## ဘုရား ရှိခိုး ဆုတောင်း ဂါထာ

တကျက်ရော ရေဝတော စ၊
သုဇာတော စ ဝိပဿီကော။

သောရိဝါရေ အဘိဇာတာ၊
တေနမသာမိ သာဒရံ။

နဝေနာနေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။

စတုန္နံ ဗုဒ္ဓ တေဇေန၊
သဒါ သုခီ ဘဝန္တု မေ။

ကကျက်ရော စ၊ တကျက်ရ မြတ်စွာဘုရားသည်လည်းကောင်း။ ရေဝတော စ၊ ရေဝတ မြတ်စွာဘုရားသည်လည်းကောင်း။ သုဇာတော စ၊ သုဇာတ မြတ်စွာဘုရားသည်လည်းကောင်း။ ဝိပဿီကော စ၊ ဝိပဿီ မြတ်စွာဘုရားသည်လည်းကောင်း။ သောရိဝါရေ၊ စနေနေ့၌ ဖွားမြင်တော်မူကြကုန်၏။ တေ၊ ထိုလေးဆူကုန်သော မိုးရှုးသန့်စင်[illegible]ဖွားမြင်တော်မူကြကုန်သော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးများကို။ အဟံ၊ တပည့်တော်သည်။ သာဒရံ၊ ကြိုးစားလျက် ရှိခိုး ကန်တော့လိုက်ပါ၏ဘုရား။

နဝေနာနေန ကမ္မေန၊ ထိုသို့ ရှိခိုးရသော ကုသိုလ်ကံ စေတနာကြောင့်။ ပေါရာဏကံ၊ ရှေးဘဝက ပြုခဲ့ဖူး မြင်ခဲ့ဖူး

သော အကုသိုလ်ကံ ဟူသမျှသည်။ ဝိနဿတု၊ ခန်းခြောက်၍သာ ပျက်စီးပါစေကုန်သတည်း။

စတုန္နံ ဗုဒ္ဓ တေဇေန၊ ထိုလေးဆူကုန်သော စနေနေ့ဖွား မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးတို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ မေ၊ တပည့်တော်အား။ သဒါ၊ အခါ ခပ်သိမ်း အေးချမ်းခြင်း ရှိကုန်သည်။ ဘဝန္တု၊ မုချမသွေ ဖြစ်ပါစေကုန်သတည်း။

## ပန်ကြားချက်

ဤ ၇-ရက် သား-သမီးများအတွက် ကုသိုလ်ကံပွင့် ဘုရား ရှိခိုး ဆုတောင်း ဂါထာတော်များကို မိမိတို့၏ မွေးနေ့အလိုက် အရကျက်၍ နေ့စဉ် ဘုရားရှိခိုးပြီးတိုင်း ပုတီးတပတ် ရွတ်ပွား တော်မူကြပါကုန်။

အထူးသဖြင့် နံနက် အိပ်ရာထ ပုတီးတပတ် မွန်းတည့်ချိန် ပုတီးတပတ် ညဥ့်အိပ်ရာဝင် ပုတီးတပတ်စီတို့ကို နေ့စဉ် ပူဇော်ကန်တော့ပန်းဆင်ခြင်းဖြင့် ကြံသမျှ ဆန္ဒများကို ပြည့်ဝ စေနိုင်ပါသည်။

ဤသို့ နေ့စဉ် ဝတ်မပျက် ပုတီးစိပ်ခြင်းဖြင့် ကောင်းကျိုး မင်္ဂလာ အဖြာဖြာတို့သည် မုချမသွေ တိုးတက်ပါလိမ့်မည်။

ဤဂါထာတော်များကို နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ကံကောင်းလာသူ တယောက်အဖြစ် ခံစား စံစားရမည်ဖြစ် ကြောင်း လက်ဆောင်ကောင်း ပါးလိုက်ရပါသတည်း။

# မေတ္တာ ကုသိုလ်

ဘဝသမုတ်၊ ပေးအပ်ကံတွင်
မေတ္တာကံမျိုး၊ မီရိုးမပြင်၊
ဖြစ်ရာဘဝ၊ သာလှဂုဏ်အင်
လူနတ်ပေါင်း၊ ခညောင်းမြတ်ဘုရင်။

## ရွှေကျင်ဆရာတော်ကြီးနှင့် မေတ္တာ

မန္တလေးမြို့ ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတြားကြီး၏ လက်ထက်တော်၌ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ထင်ရှား ကျော်စောတော်မူသော "ရွှေကျင် ဆရာတော်ဘုရားကြီး"အား ဘုရင်နှင့်တကွ မှူးမတ်ပြည်သူအားလုံးသော ရဟန်းရှင်လူတို့သည် အထူးအားထား၍ဆည်းကပ် ကိုးကွယ် ကြလေသည်။

## မေတ္တာတရား လက်ကိုင်ထား

ထိုရွှေကျင် ဆရာတော်ဘုရားကြီးသည် လောကီဂုဏ် အလုံးစုံတို့နှင့် ရာဇလ္လဘမင်းနှင့် ကျွမ်းဝင်ခြင်း အမှုတို့ကို လွန်စွာ ကောင်ဆုပ်တော်မူလေသည်။ ထို့ကြောင့် သန္တုဋ္ဌိ၊ သံလေခ တရားတို့ဖြင့် နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတို့၏တရား ၌သာလျှင် အထူးမွေ့လျော် အားထားခြင်း စိတ်တော်ရင်း ရှိတော်မူလေသည်။ ထို့ကြောင့် ဂါမဝါသီ မနေပဲ မန္တလေးမြို့

ရန်ကင်းတောင်၏ အရှေ့တောင်ဦး အရည်ကင် တောရအရှင် ပြုလျက် ပွားများဆင်ခြင်ခြင်း "မေတ္တာတရား"ကိုသာလျှင် အထူးအားထားလျက် နေတော်မူလေသတည်း။

## မေတ္တာတန်ခိုး

ထိုသို့ ဆရာတော်ဘုရားကြီးသည် မေတ္တာတရားကို ပွားများ အားထုတ်နေစဉ် မုဆိုးတယောက်သည် ဆရာတော် ဘုရားကြီး အား အဝေးချုံကြားမှ မှုန်တိ မှုန်ဝါး သက်န်းရောင်ကို မြင် လေရာ သားသမင်ဟု မှတ်ထင်၍ မနီးမဝေးမှနေပြီးလျှင် မိမိ၌ ပါလာသော သေနတ်နှင့်ပစ်၏။ သေနတ်သည် ပစ်လိုက်တိုင်း ကျည်မထွက်ပဲ တခြောက်ခြောက်နှင့်သာ မြည်၍ အသန်သာ မြေကြီးပေါ်သို့ အခါခါကျ၍ သွားလေသတည်း။

## မေတ္တာဆင်ခြင် လူတိုင်းခင်

မုဆိုးက အောက်မေ့ ဆင်ခြင်သည်မှာ ငါ၏သေနတ်သည် ဆင်ကောင်ငင် မခံနိုင်ပါပဲလျက် သေနတ်လည်း မပျက်စီးပဲ ဤသို့ ဖြစ်ရခြင်းသည် အကြောင်းဟူး ဘယ်သို့ ရှိပါလိမ့်မလဲဟု အနားသို့ ချဉ်းကပ်၍ကြည့်ရှုပြန်သည်။ ထိုအခါ သားကောင် မဟုတ်ပဲ ရွှေကျင်ဆရာတော်ဘုရားကြီးသာ ဖြစ်၍နေကြောင်း သိလေမှ အလွန်ကြောက်လန့်တုန်လှုပ်ကာ ဆရာတော်ဘုရားကြီး အား ရှိခိုး တောင်းပန်လေသတည်း။

## မုဆိုးကျွတ်

ဆရာတော်ဘုရားကြီးသည် မုဆိုးအား မေတ္တာတရား တို့ဖြင့် ဟောကြားသွားပြီးလျှင် မုဆိုးသည် သားကောင်ကို သတ်ဖြတ်ခြင်း၏

အပြစ်၊ သူတပါး၏ အသက်ကိုမသတ်မဖြတ် မနှိပ်စက် မညှဉ်းဆဲပဲနေရခြင်း၏ အကျိုးထူးတရားများကို အထူးထူးသော ပုံပြင်ဝတ္ထုတို့ဖြင့် ဟောကြား ဆုံးမတော်မူလေသည်။ မုဆိုးသည် အထူးသံဝေဂရ၍ မိမိ၏ သားမယားတို့ကို စွန့်ပစ်ပြီးလျှင် တခါတည်း ရဟန်းပြု၍ တောထဲ၌ပင် ဆရာတော်ကြီး၏ အဆုံးအမကိုခံ၍ ဆရာတော်ကြီးအား ဝတ်ကြီးဝတ်ငယ်တို့ဖြင့် ပူဇော်ကန်တော့ကာ ရဟန်းတရားကို ကြိုးစား၍ အားထုတ်လေသတည်း။

## စေတနာထက် သဒ္ဓါထက်

ထိုမုဆိုး ရဟန်းပြုကြောင်းကို ပြည်သူအများတို့မှ မင်းစိုးရာဇာများ၊ အရာရှိများနှင့် ဘုရင့်ရွှေနားတော်အထိ ကြားသိတော်မူလေရာ မင်းတုန်းဘုရင်သည် နဂိုမူလကပင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ အပေါ်မှာ ကြည်ညို၍ အားမရ ဖူးလို့မဝ၊ လှူလို့ မတင်းတိမ်နိုင်၊ စေတနာ အလွန်ခိုင်၍ နေသည့်အထဲ ရဟန္တာပဲဟု ယုံကြည်သော သဒ္ဓါမြိုင်၍ လာပြန်လေသောကြောင့် ရှေးကထက် ဆတက်ထမ်းပိုး တိုးလျှိုးညွတ်ခ၍ ဆည်းကပ် ကိုးကွယ်လေတော့သတည်း။

ပထမ ရွှေကျင်ဆရာတော်ကြီးသည် ဤသို့ မေတ္တာတရား အမြဲပွားများသောကြောင့် ရှင်ဘုရင်နှင့်တကွ ပြည်သူပြည်သား အဂိုဏ်းဂိုဏ်းသော ရဟန်းရှင်လူ အများကပင် ရဟန္တာဟု အားထားယုံကြည်ခြင်းကို ခံရလေသည်။ ထို့အပြင် လက်နက်

ဘေးတို့မှ လွတ်ကင်းခြင်းစသော အကျိုးထူး တရားများကို ခံစားရတော် မူလေသတည်း။

## မေတ္တာကို ကုသိုလ်ရရုံ ပွားနည်း

| | | |
|---|---|---|
| ၁။ မိမိကို ရည်မှန်း၍ | (ချမ်းသာပါစေ) | ၃ ပုတီးတပတ် |
| ၂။ သားသမီးတွေကို ရည်မှန်း၍ | ။ | ။ |
| ၃။ တအိမ်သားလုံးကို ရည်မှန်း၍ | ။ | ။ |
| ၄။ တရပ်လုံးကို ရည်မှန်း၍ | ။ | ။ |
| ၅။ တမြို့တရွာလုံးကို ရည်မှန်း၍ | ။ | ။ |
| ၆။ တပြည်လုံးကို ရည်မှန်း၍ | ။ | ။ |
| ၇။ ဇမ္ဗူဒီပါ တခုလုံးကို ရည်မှန်း၍ | ။ | ။ |
| ၈။ စကြဝဠာ တခုလုံးကို ရည်မှန်း၍ | ။ | ။ |
| ၉။ သုံးဆယ့်တဘုံလုံးကို ရည်မှန်း၍ | ။ | ။ |
| ၁၀။ အရပ်ဆယ်မျက်နှာလုံးကို ရည်မှန်း၍ | ။ | ။ |

(ဤကား အနောဒိဿ မေတ္တာပွါး)

## အပ္ပနာစျာန် ရအောင် မေတ္တာပို့သနည်း

"အတ္တ"မိမိကိုယ်ကိုရည်မှန်း၍—ချမ်းသာပါစေ) ပုတီးတပတ်
ချမ်းသာပါစေ)
ချမ်းသာပါစေ)

"ပိယ"အချစ်ဆုံးသူနှင့် —ချမ်းသာပါစေ) ပုတီးတပတ်
ကျေးဇူးပြုဖူးသူ ချမ်းသာပါစေ)

(တယောက်ချင်းတယောက်
ချင်းကို မှန်း၍) ချမ်းသာပါစေ)

ဤသို့ချည်း မိမိချစ်သော သူတိုင်းကိုပင်၊ မိမိအား ကျေးဇူးပြုဖူးသူတိုင်းကိုပင် လိုက်၍ စျာန်ရအောင် မေတ္တာ ပို့လေ၊ ထိုသို့အပြန်အလှန် ပို့၍နေရာ တကျချစ် မဟုတ်ပဲ သဒ္ဓါချစ်သော သူတယောက်ကို တွေ့လတ္တံ့။ သဒ္ဓါ တရားဖြင့် ချစ်သော ထိုသူကို ခြေဆုံး ခေါင်းဆုံးမှန်း၍ မေတ္တာပို့သသော် ထိုပုဂ္ဂိုလ်မှာ ပျောက်မသွားပဲ အာရုံမိ၍ နေငြားအံ့။ ထိုအခါ 'ဥဂ္ဂဟနိမိတ်' ရပြီဟု မှတ်လေ။ ထိုသူ၌ ထပ်မံ၍ပင် ပွားများ၍နေသော် မကြာမီ စျာန်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ပထမစျာန်ကို ရလတ္တံ့။ ထိုသို့ပင် ထပ်ကာ ထပ်ကာ မေတ္တာပို့၍နေသော် ဒုတိယစျာန်၊ တတိယ စျာန်၊ စတုတ္ထစျာန် စသည် ပိုင်အောင် ရလတ္တံ့။

စပယ်ဦးစာပေ (တတိယအကြိမ်)

“မဇ္ဈတ္တ”မချစ်မမုန်းသူကိုမှန်း၍—ချမ်းသာပါစေ) ပုတီးတပတ်
ချမ်းသာပါစေ)
ချမ်းသာပါစေ)
“ဝေရီ”ရန်သူကိုရည်မှန်း၍ —ချမ်းသာပါစေ) ပုတီးတပတ်
ချမ်းသာပါစေ)
ချမ်းသာပါစေ)

ဤကား သြဒိဿ မေတ္တာ ဈာန်ရအောင် ပွားများနည်းတည်း။ မေတ္တာပို့သရာ၌ ဈာန်မရသော်လည်း ဆိုအပ်သော အကျိုးဆယ့်တပါးကို ရရှိလိမ့်မည်။

## မေတ္တာအဖွင့်

ပွားပုံ ပွားနည်း

ဤမည်သော အိမ်၌ရှိသော သတ္တဝါတို့သည် ဘေးရန်ခပ်သိမ်းကင်းငြိမ်းပါစေ။ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းပါစေ ဟူ၍ မေတ္တာ ပွားအပ်၏။ ထိုအိမ်၌ရှိသော သတ္တဝါတို့၌ စိတ်ကိုနှံ့သွားခြင်း၊ အမှု၌ခန့်ခြင်းကို ပြုမြဲလျှင် ၂ အိမ်၊ ၃ အိမ်၊ ၄ အိမ်၊ ၅ အိမ်၊ ၆ အိမ်၊ ၇ အိမ်၊ ၈ အိမ်၊ ၉ အိမ်၊ ၁၀ အိမ်၊ တလမ်း၊ တပိုင်း၊ တရွာ၊ တနယ်၊ တပြည်၊ စသည်ဖြင့် တိုး၍ အလုံးစုံသော သတ္တဝါတို့၌ မေတ္တာပွားရမည်ဟူ၏။

(တတိယအကြိမ်) စပယ်ဦးစာပေ

## ရဟန်းတော်များအတွက်

၁။ ငါသည်
၂။ ငါ၏ကိုယ်စောင့်နတ်တို့သည်
၃။ ငါတို့ကျောင်းရှိ သံဃာတို့သည်
၄။ ငါတို့ကျောင်းစောင့်နတ်တို့သည်
၅။ ငါတို့အရပ်ရှိ သံဃာတို့သည်
၆။ ငါတို့အရပ်စောင့်နတ်တို့သည်
၇။ ငါတို့ဆွမ်းခံရွာရှိ ဥပသကာ၊ ဥပါသိကာမတို့သည်
၈။ ငါတို့ဆွမ်းခံရွာရှိ အစိုးရများနှင့် တကွ၊ အလုံးစုံသောသူတို့သည်

(ဘေးရန်ခပ်သိမ်း
(ကင်းငြိမ်းပါစေ၊
(ကြောင့် ကြ ခပ်
(သိမ်း ကင်း ငြိမ်း
(ပါစေ။
(ဆင်းရဲ ခပ်သိမ်း
(ကင်းငြိမ်းပါစေ၊
(နှ လုံး စိတ် ဝမ်း
(အေးချမ်းပါစေ။

၉။ ငါတို့ဆွမ်းခံရွာစောင့်နတ်တို့သည် ။
၁၀။ ငါတို့ဆွမ်းခံရွာရှိ ကျွဲနွားတို့သည် ။
၁၁။ ဤရွာ၌ရှိသော ရဟန်းသံဃာတို့သည် ။
၁၂။ ဤရွာ၌ရှိသော ဥပါသကာ ဥပါသိကာမတို့သည် ။
၁၃။ ဤရွာ၌ရှိသော အစိုးရများနှင့်တကွ အလုံးစုံသော သူတို့သည် ။
၁၄။ ဤရွာကိုစောင့်သော နတ်တို့သည် ။
၁၅။ ဤရွာ၌ရှိသော ကျွဲနွားတို့သည် ။
၁၆။ ဤမြို့၌ရှိသော ရဟန်းသံဃာတို့သည် ။
၁၇။ ဤမြို့၌ရှိသော ဥပါသကာ၊ ဥပါသိကာမတို့သည် ။

စပယ်ဦးစာပေ (တတိယအကြိမ်)

၁၈။ ဤမြို့၌ရှိသော အစိုးရများနှင့်တကွ
အလုံးစုံသော သူတို့သည် ။

၁၉။ ဤမြို့ကို စောင့်သောနတ်တို့သည် ။

၂၀။ ဤမြို့၌ရှိသော ကျွဲနွားတို့သည် ။

၂၁။ ဤနယ်၌ရှိသော ရဟန်းသံဃာတို့သည် ။

၂၂။ ဤနယ်၌ရှိသော အစိုးရများနှင့်တကွ
အလုံးစုံသောသူတို့သည် ။

၂၃။ ဤနယ်၌ရှိသော ဥပါသကာ၊
ဥပါသိကာမတို့သည်

၂၄။ ဤနယ်ကို စောင့်သောနတ်တို့သည်

၂၅။ ဤနယ်ရှိ ကျွဲနွားတိရစ္ဆာန်တို့သည်

၂၆။ ငါတို့မြန်မာပြည်ရှိ
ရဟန်းသံဃာတို့သည်

၂၇။ ငါတို့မြန်မာပြည်ရှိ ဥပါသကာ၊
ဥပါသိကာမတို့သည်

၂၈။ ငါတို့မြန်မာပြည်ရှိ အစိုးရများ
နှင့်တကွ အလုံးစုံသော သူတို့သည်

၂၉။ ငါတို့မြန်မာပြည်ရှိ
နတ်အပေါင်းတို့သည်

၃၀။ ငါတို့မြန်မာပြည်ရှိ ကျွဲနွား
တိရစ္ဆာန်တို့သည်

၃၁။ သိကြားမင်းသည်

မှတ်ချက်
အထက်ပါ
(စေ) လေးပိုဒ်
ကိုအပုဒ်တိုင်းနှင့်
စပ်၍ရွတ်ဆိုပါ။

(ဘေးနှောင်ငပ်သိမ်း
(ကင်းငြိမ်းပါစေ။
(ကြောင့်ကြ ငပ်
(သိမ်း ကင်းငြိမ်း
(ပါစေ၊
(ဆင်းရဲ ငပ်သိမ်း
(ကင်းငြိမ်းပါစေ၊
(နှလုံး စိတ်ဝမ်း
(အေးချမ်းပါစေ။

၃၂။ ယမမင်းသည် ။
၃၃။ ဗြဟ္မာမင်းသည် ။
၃၄။ စတုလောကပါလ နတ်မင်းသည် ။

ဤကား....သိမင္ဂသံဃေသိမင္ဂ၊ ဒေဝတာသုစ ဂ္ဂဿရေ။
ဇနေဂေါစရဂါမမှို၊ ဝတ္ထုပါဒါယမာနုသေ။
ဟူသော ခုဒ္ဒသိက္ခာ အဋ္ဌကထာနှင့် အညီ ရဟန်းတော်များ ပွားများရန် ပြအပ်သော ဧကားရပ်တည်း။

လူများအတွက်

| | |
|---|---|
| ၁။ ငါတို့သည် | ဘေးရန် ခပ် |
| ၂။ ငါ၏ ကိုယ်စောင့်နတ်တို့သည် | သိမ်းကင်းငြိမ်း |
| ၃။ ငါတို့၏ အိမ်သူအိမ်သားတို့သည် | ကြပါစေ။ |
| ၄။ ငါတို့ အိမ်စောင့်နတ်တို့သည် | |
| ၅။ ငါတို့အိမ်ရှိ ကျွဲနွားတိရစ္ဆာန်တို့သည် | ကြောင့်ကြ ခပ်သိမ်းကင်း |
| ၆။ ငါ၏ မိခင်ဖခင်တို့သည် | ငြိမ်းပါစေ။ |
| ၇။ ငါ၏ ဆရာသမားတို့သည် | |
| ၈။ ငါ၏ အဆွေအမျိုးတို့သည် | ဆင်းရဲခပ်သိမ်း |
| ၉။ ငါ၏ဆွေမျိုး၏ ကျွဲနွားတိရစ္ဆာန်တို့သည် | ကင်းငြိမ်းပါစေ။ |

| | | |
|---|---|---|
| ၁၀။ | ငါတို့ရွာ၌ရှိ ရဟန်းသံဃာတို့သည် | နှလုံးစိတ် |
| ၁၁။ | ငါတို့ရွာသူရွာသားတို့သည် | ဝမ်းအေးချမ်း |
| ၁၂။ | ငါတို့ရွာ၌ရှိ အစိုးရမျှားနှင့်တကွ ခပ်သိမ်းသော သူတို့သည် | ပါစေ၊ |
| ၁၃။ | ငါတို့ရွာစောင့်နတ်တို့သည် | ပုဒ် တိုင်းယှဉ် |
| ၁၄။ | ငါတို့ရွာ၌ရှိ ကျွဲနွားတိရစ္ဆာန် တို့သည် | ။ |
| ၁၅။ | ငါတို့မြို့၌ရှိ ရဟန်းသံဃာတို့သည် | ။ |
| ၁၆။ | ငါတို့မြို့သူမြို့သားတို့သည် | ။ |
| ၁၇။ | ငါတို့မြို့၌ရှိ အစိုးရမျှားနှင့်တကွ | ။ |
| | ခပ်သိမ်းသောသူတို့သည် | ။ |
| ၁၈။ | ငါတို့မြို့စောင့်နတ်တို့သည် | |
| ၁၉။ | ငါတို့မြို့၌ရှိ ကျွဲနွားတိရစ္ဆာန် | ။ |
| | တို့သည် | ။ |
| ၂၀။ | ငါတို့နယ်၌ရှိ ရဟန်းသံဃာတို့သည် | ။ |
| ၂၁။ | ငါတို့နယ်သူနယ်သားတို့သည် | ။ |
| ၂၂။ | ငါတို့နယ်၌ရှိ ကျွဲနွားတိရစ္ဆာန် တို့သည် | ။ |
| ၂၃။ | ငါတို့နယ်စောင့်နတ်တို့သည် | ။ |
| ၂၄။ | ငါတို့မြန်မာပြည်၌ရှိ ရဟန်းသံဃာ တို့သည် | ။ |
| ၂၅။ | ငါတို့မြန်မာပြည်၌ရှိ ပြည်သူပြည်သား တို့သည် | ။ |

၂၆။ ငါတို့မြန်မာပြည်ရှိ အစိုးရများနှင့် ။
တကွ ခပ်သိမ်းသော သူတို့သည်
၂၇။ ငါတို့မြန်မာပြည်ရှိ နတ်တို့သည် ။
၂၈။ ငါတို့မြန်မာပြည်ရှိ ကျွဲနွားတိရစ္ဆာန်
တို့သည် ။
၂၉။ သိကြားမင်းသည် ။
၃၀။ ယမမင်းသည် ။
၃၁။ ဗြဟ္မာမင်းသည် ။
၃၂။ စတုလောကပါလ နတ်မင်းတို့သည် ။
၃၃။ တောစောင့်နတ်တို့သည် ။
၃၄။ တောင်စောင့်နတ်တို့သည် ။

ဤကား လူများမေတ္တာပွားရန် ပြအပ်သော စကားရပ်တည်း၊ သို့ပြဆိုခဲ့ပြီးသော ပွားများနည်းတို့ကို ထပ်တလဲလဲ ကြိမ်ဖန်များစွာ ပွားများကြကုန်ရာ၏။ အကျဉ်းပွားနည်း စသည်တို့ကို ပွားများကြကုန်ရာ၏။

## အကျဉ်း မေတ္တာ ပွားနည်း

ယခုအခါ၌ အဘိဓမ္မာ ပါဠိတော်နှင့်တကွ ထိုထိုသော သုတ္တန်ပါဠိတော်များ၌လာသော အကျဉ်းပွားနည်းကို ပြပေအံ့၊ ယခုလာလတ္တံ့သောနည်းကို အလျင်မပွားမူ၍ နောက်ကပြအပ်ခဲ့ပြီးသော နည်းကိုသာလျှင် ဦးစွာ ပွားများရာ၏။

၁။ အရှေ့အရပ်၌ရှိသော အလုံးစုံသော သူတို့သည် — ဘေးရန်ခပ်သိမ်း ကင်း ငြိမ်းပါစေ။

၂။ အရှေ့တောင် အရပ်၌ရှိသော အလုံးစုံသောသူတို့သည်

၃။ တောင်အရပ်၌ရှိသော အလုံးစုံသော သူတို့သည် — ကြောင့်ကြခပ်သိမ်း ကင်း ငြိမ်းပါစေ။

၄။ အနောက်အရပ်၌ရှိသော အလုံးစုံသောသူတို့သည်

၅။ အနောက်တောင်အရပ်၌ရှိသော အလုံးစုံသော သူတို့သည် ။

၆။ အနောက်မြောက်အရပ်၌ရှိသော အလုံးစုံသော သူတို့သည် ။

၇။ မြောက်အရပ်၌ရှိသော အလုံးစုံသော သူတို့သည် ။

၈။ အရှေ့မြောက်အရပ်၌ရှိသော အလုံးစုံသော သူတို့သည် ။

၉။ အထက်အရပ်၌ရှိသော အလုံးစုံသော သူတို့သည် ။

၁၀။ အောက်အရပ်၌ရှိသော အလုံးစုံသော သူတို့သည် ။

ဤကား [illegible] မေတ္တာ [illegible] ဝီသိ [illegible] ဗိဟာသိ၊ တထာ [illegible] တထာ [illegible]၊ [illegible] ဥဒ္ဓံ အဓော [illegible] သဗ္ဗဓိ သဗ္ဗတ္တတာ [illegible]

(တတိယအကြိမ်) ဝပယ်ဦး၊ ဓ၁၆ပ

သဗ္ဗဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန၊ မဟဂ္ဂတေန၊ အပ္ပမာဏေန အဝေရေန၊ အဗျာပဇ္ဇေန၊ ဖရိတွာ ဝိဟာသိ ဟူသော ပါဠိတော်နှင့်အညီ အကျဉ်း ပွားနည်းများ တည်း။

## မကျဉ်းမကျယ် မေတ္တာပွားနည်း

ယခုအခါ မေတ္တာသုတ် ဒေသနာတော်၌လာသော မကျဉ်း မကျယ် ပွားများနည်းကို ပြပေအံ့။

၁။ အလုံးစုံ ထိတ်လန့်တတ်သော (ဘေးရန် ခပ်သိမ်း<br>
ပုထုဇ္ဇန်သေက္ခတို့သည် (ကင်းငြိမ်းပါစေ။<br>
၂။ ထိတ်လန့်ခြင်းမရှိသော (ကြောင့် ကြ ခပ်<br>
ရဟန္တာတို့သည် (သိမ်း ကင်း ငြိမ်း<br>
၃။ မြင်ဖူးသော သတ္တဝါတို့သည် (ပါစေ။

၄။ မမြင်ဖူးသော သတ္တဝါသည် (ဆင်းရဲ ခပ်သိမ်း<br>
၅။ ဝေးသော သတ္တဝါတို့သည် (ကင်းငြိမ်းပါစေ၊<br>
၆။ နီးသော သတ္တဝါတို့သည် (နှလုံး စိတ် ဝမ်း<br>
၇။ ဖြစ်ပြီး ရဟန္တာသတ္တဝါတို့သည် အေးချမ်းပါစေ။)<br>
၈။ ဘဝသစ်၌ဖြစ်လတ္တံ့သော<br>
ပုထုဇ္ဇန် သေက္ခ သတ္တဝါတို့သည် ။<br>
၉။ ရှည်သောကိုယ်ရှိသော မြွေစသော<br>
သတ္တဝါတို့သည် ။

၁၀။ တိုသောကိုယ်ရှိသော ကြက်ငှက်စသော
သတ္တဝါတို့သည် ။

၁၁။ အလယ်အလတ် ကိုယ်ရှိသော
ကျွဲနွားစသော သတ္တဝါတို့သည် ။

၁၂။ ကြီးမားသော ကိုယ်ရှိသော
ပိုးမွှားစသောသတ္တဝါ တို့သည် ။

၁၃။ သေးငယ်သောကိုယ်ရှိသော
ပိုးမွှားစသော သတ္တဝါတို့သည် ။

၁၄။ အလယ်အလတ်သော ကိုယ်ရှိသော
ပိုးမွှားစသော သတ္တဝါတို့သည် ။

၁၅။ ဝန်းဝိုင်းပြည့်ဖြိုးသော ကိုယ်ရှိသော
ငါး၊ လိပ်စသော သတ္တဝါတို့သည် ။

၁၆။ မဝန်းဝိုင်း မပြည့်ဖြိုးသော ကိုယ်ရှိသော
ရေပိုး ရေမွှားစသော သတ္တဝါတို့သည် ။

၁၇။ မဝန်းဝိုင်း မပြည့်မဖြိုး မသေးငယ်နန်း
သဖြင့် အလယ်အလတ်သော ကိုယ်ရှိသော
သတ္တဝါတို့သည် ။

တပါးသောသူသည် တပါးသောသူအား အမျက်ထွက်ခြင်းမှ ကင်းပါစေ။ တစုံတခုသောအကြောင်း၌ တစုံတယောက်သောသူကိုတစုံတယောက်သောသူ ကညှဉ်းဆဲချုပ်ချယ်လိုသော ကာယကံ၊ ဝစီကံပြုသော် လည်းကောင်း၊ခိုက်ရန်မျက်မွှား ငြိုးထားသော စိတ်ဖြင့်သော်လည်းကောင်း၊ အချင်းချင်း၏ ဆင်းရဲဒုက္ခကို အလိုမရှိပါစေလင့်။

ဤကား မေတ္တသုတ် ဒေသနာတော်၌ လာသော မေတ္တာ ပွားနည်းတည်း။ ဤမေတ္တာ ပွားများသောသူက မိခင်ဖြစ်သူသည် တယောက်တည်းသာဖြစ်သော သားကို အသက်ကြောင့် စောင့်ရှောက်သလို အလုံးစုံသော သတ္တဝါတို့၌ မေတ္တာစိတ်ဖြစ်အောင် ပွားများရမည်။ ပွားများသောအခါ၌လည်း အထက်အရပ်၊ အောက်အရပ် တူရူဖြစ်သောအရပ်၊ အထောင့်ဖြစ်သော အရပ်ဟုဆိုအပ်သော အလုံးစုံသော အရပ်တို့၌ဖြစ်စေ၊ အိပ်၍ ဖြစ်စေ ပွားများရာ၏။ အကြင်မျှလောက် ကာလပတ်လုံး ငိုက်မြည်းခြင်း၊အိပ်လိုခြင်းကင်း၏။ ထိုမျှလောက်သော ကာလပတ်လုံးကို မေတ္တာနှင့်ယှဉ်သော သတိကို ပွားများရမည်ဟူ၏။ ဤသို့ မေတ္တာကို ပွားများ၍ နေခြင်းကို ဗြဟ္မာတို့၏နေခြင်းဟူ၍ ဘုရားစသော ပညာရှိတို့ ဆိုကြကုန်၏။

ဤမေတ္တာ ပွားနည်း၌ "ဧတ္တဟိ တသာထာဝရ ဒုက်ံ ဒိဋ္ဌာ ဒိဋ္ဌ ဒုက်ံ ဒူရသန္တိက ဒုက်ံဘူ–တသမ္ဘဝေသိ ဒုကန္တိ ဧတ္တာ ရိ ဒုကာနိ ၊လ၊ ဒိဃ မဇ္ဈိမ ရဿတိက်ံ မဟန္တ္တာနုက မဇ္ဈိမတိက်ံ ထူလ မဇ္ဈိမကိသ တိကန္တိ၊ တယောတိကေ ဒိပေတိ" ဟူသော သုတ္တနိပါတ် အဋ္ဌကထာအရ ပြလိုက်သည်။ "တပါးသော သူသည်" စသော စကားကိုလည်းကောင်း၊ မေတ္တာ ပွားနည်း အမှာကိုလည်းကောင်း ပါဠိတော်အတိုင်း ရေးထည့်လိုက်သည်။

## အကျယ် မေတ္တာ ပွားနည်း

ယခုအခါ၌ ပဋိသမ္ဘိဒါမဂ်၌ လာသော မေတ္တာ အကျယ် ပွားနည်းကို ပြအံ့။

| | | |
|---|---|---|
| ၁။ | အာချိုငါးပါး၌ တပ်တတ်ကုန်သော ခပ်သိမ်းကုန်သော သတ္တဝါတို့သည် | ဘေးရန် ခပ်သိမ်း ကင်းငြိမ်းပါစေ။ |
| ၂။ | ထွက်သက်ဝင်သက်ရှိကုန်သော ခပ်သိမ်းသောသတ္တဝါတို့သည် | ကြောင့် ကြ ခပ် သိမ်း ကင်း ငြိမ်း ပါစေ။ |
| ၃။ | ကံကိလေသာကြောင့် ဖြစ်ကုန်သော ခပ်သိမ်းကုန်သော သတ္တဝါတို့သည် | ဆင်းရဲ ခပ် သိမ်း ကင်း ငြိမ်း ပါ စေ။ |
| ၄။ | ထိုထိုသော သတ္တဝါတို့၏ အမျိုးကို ပြည့်စေတတ်ကုန်သော ခပ်သိမ်းကုန်သော သတ္တဝါတို့သည် | |
| ၅။ | အတ္တဘော၌ အကျုံးဝင်ကုန်သော ခပ်သိမ်းကုန်သော သတ္တဝါတို့သည် | နှ လုံး စိတ် ငြိမ်း အေးချမ်းပါစေ။ |
| ၁။ | ခပ်သိမ်းကုန်သော သတ္တဝါအမတို့သည် | ။ |
| ၂။ | ခပ်သိမ်းကုန်သော သတ္တဝါအဖိုတို့သည် | ။ |
| ၃။ | ခပ်သိမ်းကုန်သော အရိယာတို့သည် | ။ |
| ၄။ | ခပ်သိမ်းကုန်သော ပုထုဇဉ်တို့သည် | ။ |
| ၅။ | ခပ်သိမ်းကုန်သော နတ်ဗြဟ္မာတို့သည် | ။ |
| ၆။ | ခပ်သိမ်းကုန်သော လူတို့သည် | ။ |
| ၇။ | ခပ်သိမ်းကုန်သော အပါယ်ဘုံသားတို့သည် | ။ |

ဤ၌ (အနောဓိသ) မပိုင်းခြား မရည်ညွှန်း အပ်သော ပုဂ္ဂိုလ်ငါးယောက် (ဩဓိသ) ပိုင်းခြား ရည်ညွှန်းအပ်သော

ပုဂ္ဂိုလ်ခုနစ်ယောက် ပေါင်း ၁၂-ယောက်။ ၎င်း ၁၂ယောက်ကို အသီးသီး (စေ)လေးလုံးနှင့် စပ်၍ မေတ္တာ ပွားများရာ၏။ ဤသို့လျှင် ပုဂ္ဂိုလ် ၁၂ ယောက်ကို (စေ)လေးလုံးနှင့် မြှောက်လျှင် ၄၈ ရ၏။ ၎င်းပုဂ္ဂိုလ် ၁၂ ယောက်ကို (ဘုတ္တတာ၀ိကမ္မကိလေသာပဟိဇာတတ္တာ ပူရဏာတော ဂလနတောစ ပုဂ္ဂလာ၀တိနေရုတ္တာ၊ သတ္တာပဟိ နိဗ္ဗတ္တန္တာ တံတံသတ္တနိကာယံ၊ ပူရေန္တီ၀ိယ) စသည်ဖြင့်လာသော ၀ိသုဒ္ဓိမဂ်ဋီကာ အဋ္ဌကထာတို့၌ လာသော နည်းအတိုင်း မြန်မာသက်သက် ပြန်ဆိုလိုက်သည်။

### အရှေ့အရပ်၌

| | | |
|---|---|---|
| ၁။ | အာရုံငါးပါး၌ တပ်တက်ကုန်သော ခပ်သိမ်းကုန်သော သတ္တ၀ါတို့သည် | ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ။ |
| ၂။ | ထွက်သက် ၀င်သက်ရှိကုန်သော ခပ်သိမ်းကုန်သော သတ္တ၀ါတို့သည် | ကြောင့် ကြ ခပ်သိမ်း ကင်း ငြိမ်း ပါစေ။ |
| ၃။ | ကိလေသာကြောင့် ဖြစ်ကုန်သော ခပ်သိမ်းကုန်သော သတ္တ၀ါတို့သည် | ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ။ |
| ၄။ | ထိုထိုသော သတ္တ၀ါတို့၏ အမျိုးကို ပြည့်စေတတ်ကုန်သော ခပ်သိမ်းကုန်သော သတ္တ၀ါတို့သည် | နှလုံး စိတ် ၀မ်း အေးချမ်းပါစေ။ |

၅။ အတ္တဘော၌ အကျုံးဝင်ကုန်သော
ခပ်သိမ်းကုန်သော သတ္တဝါတို့သည် ။
၁။ ခပ်သိမ်းကုန်သော သတ္တဝါအဖိုတို့သည် ။
၂။ ခပ်သိမ်းကုန်သော သတ္တဝါအမတို့သည် ။
၃။ ခပ်သိမ်းကုန်သော အရိယာတို့သည် ။
၄။ ခပ်သိမ်းကုန်သော ပုထုဇ္ဇန်တို့သည် ။
၅။ ခပ်သိမ်းကုန်သော နတ်ဗြဟ္မာတို့သည် ။
၆။ ခပ်သိမ်းကုန်သော လူတို့သည် ။
၇။ ခပ်သိမ်းကုန်သော အပါယ်ဘုံသားတို့သည် ။

အနောက်အရပ်၌
တောင်အရပ်၌
မြောက်အရပ်၌
အရှေ့တောင်အရပ်၌
အနောက်တောင်အရပ်၌
အနောက်မြောက်အရပ်၌
အနောက်တောင်အရပ်၌
အထက်အရပ်၌
အောက်အရပ်၌

| | |
|---|---|
| ၁။ အာရုံငါးပါး၌ တပ်ငြိကုန်သော ခပ်သိမ်းကုန်သော သတ္တဝါတို့သည် | ဆင်းရဲ ခပ်သိမ်း ကင်းငြိမ်းပါစေ။ |
| ၂။ ထွက်သက်ဝင်သက်ရှိကုန်သော ခပ်သိမ်းကုန်သော သတ္တဝါတို့သည် | နှလုံး စိတ် ဝမ်း အေးချမ်းပါစေ။ |

၃။ ကံကိလေသာကြောင့် ဖြစ်ကုန်သော
ခပ်သိမ်းကုန်သော သတ္တဝါတို့သည် ။
၄။ ထိုထိုသော သတ္တဝါတို့သည် အမျိုးကို
ပြည့်စေတတ်ကုန်သော ခပ်သိမ်းကုန်
သော သတ္တဝါတို့သည် ။
၅။ အတ္တဘော၌ အကျုံးဝင်ကုန်သော
ခပ်သိမ်းကုန်သော သတ္တဝါတို့သည် ။

၁။ ခပ်သိမ်းကုန်သော သတ္တဝါအမတို့သည် ။
၂။ ခပ်သိမ်းကုန်သော သတ္တဝါအဖိုတို့သည် ။
၃။ ခပ်သိမ်းကုန်သော အရိယာတို့သည် ။
၄။ ခပ်သိမ်းကုန်သော ပုထုဇ္ဇန်တို့သည် ။
၅။ ခပ်သိမ်းကုန်သော နတ်ဗြဟ္မာတို့သည် ။
၆။ ခပ်သိမ်းကုန်သော လူတို့သည် ။
၇။ ခပ်သိမ်းကုန်သော အပါယ်ဘုံသား
တို့သည်

ကျယ်အံ့စိုး၍ ချုံးပြလိုက်ပါသည်။ သို့သော်လည်း ပွားသော အခါ အရပ်ဆယ်မျက်နှာကို တခုစီစေ့အောင် ပွားပါလေ။ ဤကား ပဋိသမ္ဘိဒါမဂ်လာ မေတ္တာဗြဟ္မဝိဟာရ တရားကို အကျယ်ပွားများပုံတည်း။

ဤပွားနည်း၌ (အနောဓိသ) မပိုင်းခြား မရည်ညွှန်းအပ် သော ပုဂ္ဂိုလ်ငါးယောက်၊ (ဩဓိသ) ပိုင်းခြားရည်ညွှန်းအပ် သော ပုဂ္ဂိုလ် ခုနစ်ယောက် ပေါင်း ပုဂ္ဂိုလ် တကျိပ်နှစ်ယောက်၊

ဂင်းပုဂ္ဂိုလ် တကျိပ်နှစ်ယောက်ကို (စေ) လေးလုံးနှင့် မြှောက် ၄၈ ရ၏။ ဂင်း၄၈ ကို မှတ်၍ထား၊ တဖန်တုံ ဂင်း၄၈ကို အရပ် ၁၀မျက်နှာနှင့်မြှောက် ၄၈၀ရ၏။ ယခင် ၄၈နှင့်ပေါင်း ၅၂၈ ရ၏။ လူပြိန်းများ သိလွယ် ပွားများလွယ်စေခြင်းငှာ ပါဠိမဖက် မြန်မာသက်သက် ရေးလိုက်သည်။

## ပါဠိလို မေတ္တာပွားနည်း

ပါဠိနှင့် ပွားများလိုသူများ ပွားလွယ်စေခြင်းငှာ ပါဠိနှင့် ပွားနည်းကိုလည်း အနည်းငယ်ပြဦးအံ့၊ အနက်ကို အလိုရှိလျှင် မြန်မာသက်သက် ပြန်ထားသည့်အတိုင်း တိုက်ဆိုင်ကြည့်လေ။

၁။ သဗ္ဗေသတ္တာ အဝေရာဟောန္တု
။ အဗျာပဇ္ဈာဟောန္တု
။ အနီဃာ ဟောန္တု
။ သုခီအတ္တာနံ ပရိဟရန္တု
၂။ သဗ္ဗေ ပါဏာ၊
၃။ သဗ္ဗေဘူတာ၊
၄။ သဗ္ဗေ ပုဂ္ဂလာ၊
၅။ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ၊
၁။ သဗ္ဗာ ဣတ္ထိယော၊
၂။ သဗ္ဗေ ပုရိသာ၊
၃။ သဗ္ဗေ အရိယာ၊
၄။ သဗ္ဗေ အနရိယာ၊

၅။ သဗ္ဗေ ဒေဝါ၊
၆။ သဗ္ဗေ မနုဿာ၊
၇။ သဗ္ဗေ ဝိနိပါတိကာ အဝေရာဟောန္တု၊
။ အဗျာပဇ္ဇာ ဟောန္တု
။ အနီဃာ ဟောန္တု၊
။ သုခီအတ္တာနံ ပရိဟရန္တု။
က။ ပုရတ္ထိမာယ ဒိသာယ၊
ခ။ ပစ္ဆိမာယ ဒိသာယ၊
ဂ။ ဥတ္တရာယ ဒိသာယ၊
ဃ။ ဒက္ခိဏာယ ဒိသာယ၊
င။ ပုရတ္ထိမာယ အနုဒိသာယ၊
စ။ ပစ္ဆိမာယ အနုဒိသာယ၊
ဆ။ ဥတ္တရာယ အနုဒိသာယ၊
ဇ။ ဒက္ခိဏာယ အနုဒိသာယ၊
ဈ။ ဥပရိမာယ ဒိသာယ၊
ည။ ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေသတ္တာ၊
။ ။ သဗ္ဗေပါဏာ၊
။ ။ သဗ္ဗေဘူတာ၊
။ ။ သဗ္ဗေပုဂ္ဂလာ၊
။ ။ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ၊
။ ။ သဗ္ဗာဣတ္ထိယော၊
။ ။ သဗ္ဗေပုရိသာ၊
။ ။ သဗ္ဗေအရိယာ၊
။ ။ သဗ္ဗေအနရိယာ၊

〃 〃 သဗ္ဗေဒေဝါ၊

〃 〃 သဗ္ဗေမနုဿာ၊

〃 〃 သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊

ဟေဋ္ဌိမာယ ဒိသာယ အဗျာပဇ္ဇာ ဟောန္တု၊

〃 〃 အနီဃာ ဟောန္တု၊

〃 〃 သုခီအတ္တာနံပရိဟရန္တု။

(ဤပါဠိကိုချုံး၍ပြရသော်လည်း မြန်မာပွားနည်းကဲ့သို့ခွဲ၍ ၅၂၈ သွယ် ပြည့်အောင် ခွဲထွင်၍ပွားများကုန်ရာ၏။)

## ကရုဏာ ပွားနည်းအမြွက်

ကရုဏာပွားနည်းမှာ မခက်ပြီ၊ ယခင် မေတ္တာပွားနည်း (ဧ)လေးလုံးနေရာတွင်-

"ဆင်းရဲဒုက္ခ၊ အပါယ်မှ၊ ကင်းလွတ်ကြပါစေ"

ပါဠိလိုဆိုလျှင်-

"ဒုက္ခာ မုစ္စန္တု" ဟူ၍၊ ဤမျှသာထူး၏။

## မုဒိတာ ပွားနည် အမြွက်

မုဒိတာ ပွားလိုလျှင်လည်း-

"ရအပ်ပြီးသော၊ စည်းစိမ်များမှ

မဆုတ်ယုတ်ကြပါစေနှင့်"

ပါဠိလိုဆိုလျှင်—
"ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု၊

### ဥပေက္ခာပွားနည်းအမြွက်

ဥပေက္ခာပွားလိုလျှင်—
"ကံသာလျှင် ဥစ္စာ ရှိကြပါကုန်၏ တကား"
ဟုဆို၊
ပါဠိလိုဆိုလျှင်—
"ကမ္မ ဿကာ"

### အကျယ်ပွားလိုလျှင်

ကရုဏာပွားရာ၌ ပုဂ္ဂိုလ် ၁၂-ယောက်ကို စေတလုံးနှင့် မြှောက် ၁၂ ပင်ရသည်။ တဖန် ဘုံ ၁၂ ကို အရပ်ဆယ်မျက်နှာနှင့် မြှောက် ၁၂၀ ရ၏။ ၎င်း ၁၂၀ မှာ တဖန်ပေါင်း ၁၃၂ ရ၏။

ဤမုဒိတာမှာလည်း ဤနည်းမြှောက်။
ဥပေက္ခာမှာလည်း ဤနည်းမြှောက်။

ဤသို့ဆိုလျှင်—
ကရုဏာ —၁၃၂
မုဒိတာ —၁၃၂
ဥပေက္ခာ—၁၃၂

စသည်ဖြင့် ရ၏။ ဤကရုဏာ၊ မုဒိတာ၊ ဥပေက္ခာပွားနည်းကို ကျယ်အံ့စိုး၍ အကျဉ်းသာ ပြလိုက်သည်။ (အကျယ်သိလိုသော သူတော်စင်သုတေသီများ၊ ပဋိသမ္ဘိဒါမဂ်၊ ၎င်းအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့ကို ကြည့်ကြပါကုန်။)

# မေတ္တာရှင် ဦးသီလကိုယ်တော်

## မုန့်ယိုဆင်ကြီး မေတ္တာစီး
## အပြီးလိုက်နာ တရားတော်

သက္ကရာဇ် (၁၂၇၀) ကျော် အခါလောက်က၊ အောက်မြန်မာပြည် ပဲခူးမြို့နယ်၌ သီလ၊ သမာဓိ၊ ပညာ ဟူသော အကျင့်မြတ်တရားတို့နှင့် ပြည့်စုံတော်မူသော ဦးသီလ အရှင်မြတ်တပါး ရှိသည်။ ထိုအရှင်မြတ်အား ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသာမက တရုတ်၊ ကုလား၊ အင်္ဂလိပ်၊ ယိုးဒယားစသော ဘာသာခြားတိုင်းတပါး လူမျိုးများကပင် အထူးသဖြင့် ကြည်ညို လေးစားခြင်းကို ခံရလေသည်။

## ရဟန္တာ

ထိုအရှင် ဦးသီလသည် ဂါမဝါသီကျောင်းကို လုံးလုံး နေတော်မူလေ့မရှိပေ။ အရညကင်မှုတင်၏ အဖြစ်ဖြင့် သင့်လျော်

သော တောကျောင်း၌ဖြစ်စေ၊ သစ်တပင် ဝါးတပင်အောက်၌ ဖြစ်စေ၊ နေတော်မူ၍ အမျိုးမျိုးသော ဓုတင်ကို ဆောက်တည်တော်မူလေသည်။ အမြဲသဖြင့်လည်း ရဟန်းတော်တိုင်း မကျက်မဆောင်ပဲ မနေရသော ဒွေမာတိကာ ပါဠိတော်ခေါ် ဝိနည်းငယ် နှစ်စောင်ကို နှုတ်ငုံအရ ဆောင်၍ ရောက်ရာ အရပ်တွင် သရဇ္ဈာယ်တော်မူခြင်း၊ မေတ္တာဘာဝနာကို ပွားများတော်မူခြင်း၊ မေတ္တာဘာဝနာကို ပုတီးစိပ်တော်မူခြင်းစသော အကျင့်မြတ်တရားတို့ကြောင့် ရွှေကျင်ဂိုဏ်း၊ သုဓမ္မာဂိုဏ်း၊ ဒွါရဂိုဏ်း၊ ကံဂိုဏ်၊ တောဂိုဏ်း၊ မြို့ဂိုဏ်း၊ ငှက်တွင်းဂိုဏ်းဟု ဆိုအပ်သော ဂိုဏ်းအသီးသီး၌ ရှိတော်မူကြကုန်သော ကျမ်းတတ်၊ အကျင့်မြတ် အသီးသီးသော ဆရာတော်ကြီးများကပင် ရဟန္တာဟူ၍ ယုံကြည်ထင်မှတ် လေးမြတ်တော် မူလေကုန်သတည်း။

## မေတ္တာပွား

တနေ့သ၌ ဆွမ်းခံပြန်၍အလာတွင် ရထားလမ်း၏ အနီးရွာသူရွာသားငယ်တို့ ထောင်၍ထားသော တခုသောကြက်ညွှတ်ကွင်း၌ဦးသီလအရှင်သူမြတ်၏ခြေထောက်တဘက်စွပ်လျက်မိလေသည်။ ရထားလမ်းအလယ်တည့်တည့်သို့ရောက်မှ ဆရာတော်မှာ သိတော်မူသည်။ ထို့ကြောင့် ရွှေကိုတိုး၍ ကြွသွားခြင်းမပြုတော့ပဲ သံလမ်း အလယ်တည့်တည့်၌သာ ရပ်တော်မူလျက် မေတ္တာတရားကိုသာလျှင် ပွားများ၍ နေတော်မူလေသတည်း။

## မေတ္တာ၏တန်ဖိုး

ထိုအခါ မန္တလေးမြို့မှ ထွက်လာခဲ့သော "မေစာပို့" ရထားကြီးသည် ဦးသီလနှင့် မလှမ်းမကမ်းသို့ရောက်၍လာသည့်

အခါ အလိုလိုရပ်၍သွားလေ၏။ ထိုအခါ ရထားပေါ်၌ ပါရှိလာသော စက်ဗိုလ်၊ ဂါတ်ဗိုလ်တို့သည် ပြူးတူးပြာတာနှင့်ရထား၌ စက်များပျက်လေသလားဟု သေချာစွာကြည့်ကြရာ ရထားလည်းမသွား စက်လည်း မပျက်သဖြင့် ဘယ်လိုမှ မလုပ်တတ်အောင်ဖြစ်၍ နေကြသည်။

ထိုစဉ် ရထားပေါ်မှ ပါရှိကုန်သော ခရီးသွားတို့ကလည်း ဟိုကြည့်သည်ကြည့်နှင့် ကြည့်ကြသဖြင့် မလှမ်းမကမ်းသောအရပ်၌ ဦးသီလအရှင်မြတ်ကို မြင်ကြလေ၏။ ထိုအခါ ရထားမင်းကြီးကလည်း ပါလာခိုက်နှင့်ကြုံ၍ ရထားမင်းကြီးနှင့်တကွ များစွာသောလူတို့သည် ဦးသီလထံသို့သွား၍ အဘယ့်ကြောင့် ရထားလမ်းတည့်တည့်၌ သီတင်း သုံးနေရသနည်းဟု မေးမြန်းလျှောက်ထား ကြလေသည်။

ဦးသီလ။ ။"တကာတို့ ငါ၏ခြေထောက်၌ညွှတ်ကွင်း မိနေသောကြောင့် မသွားနိုင်ပါ"

ရထားမင်းကြီး။ ။"အို…ဘုန်းကြီး ညွှတ်ကွင်းကလေး သေးသေးကလေးပဲ၊ ဘာဝန်လေးသလဲ၊ ကိုယ့်ဟာကိုယ် ဖြုတ်သွားပါလား"

ဦးသီလ။ ။"ငါတို့ဘုန်းကြီးမှာ သည်လိုမလုပ်ရဘူး၊ ညွှတ်ကွင်းမိတဲ့ သတ္တဝါကို လိုချင်လို့ ထောင်ထားတာဖြစ်ကလဲ၊ ယခု ငါဟာ ဤညွှတ်ကွင်းနှင့်အတူ ဖြစ်နေပြီ"

ရထားမင်းကြီး။ ။"မင်းကြီးသည်ပင်မ ဒေါသနှင့်ကော်ထန်ထန် ပြောသော်လည်း ဦးသီလ၏

> ကာယိန္ဒြေတရားသဖြင့် ချီသာစွာ ပြော
> သောအမူအရာကို မြတ်နိုးလာ၍ ချီသာ
> စွာပြောသည်မှာ 'ကိစ္စမရှိပါဘူး၊ ဘုန်းကြီး
> ဤရထားလမ်းကို ကျွန်ုပ် ပိုင်ပါတယ်။
> ကျွန်ုပ်တို့ ပိုင်သောလမ်း၌ ဤကဲ့သို့ ပြု
> လုပ်သော သူများကို အပြစ်ပေးရလိမ့်
> မယ်။ သို့အတွက် လမ်း၌ ဤကဲ့သို့ ပြုသူ
> များကိုလဲ ရှာ၍ အပြစ်မပေးရအောင်
> ဘုန်းကြီးလဲ အလိုရှိရာ သွားရအောင်၊
> ကျွန်ုပ် ဖြုတ်ပေးပါမည်'ဟု ပြောပြော
> ဆိုဆို ညှတ်ကွင်းကို ဖြုတ်ပေးမှ ဦးသီလ
> လည်း အလိုရှိရာ ကြွသွားပေသည်။

ထိုအခါ အားလုံးသော သူတို့သည် ရထားပေါ်တက်သည်နှင့် တပြိုင်နက်တည်း လူမပြုမပြင်ပဲ နဂိုစက်ရှိန်နှင့် ရထားမှာ သွားလေတော့သည်။

## ဒုတိယ မေတ္တာ၏ တန်ခိုး

တနေ့သောအခါ ဦးသီလ အရှင်မြတ်သည် တောထဲ၌ လှည့်လည်သီတင်းသုံးနေစဉ် တောဝက်များကို ထောင်နေသော တရုတ်မုဆိုးအား တွေ့ရှိရလေသည်။ ထို့ကြောင့် အကျိုးအကြောင်း ပြသ ဆုံးမ၍ ဤမုဆိုးအလုပ်ကို အလှူခံလေရာ၊ "တရုတ်မုဆိုး"ကလည်း မငြင်းဆန်ပဲ လှူဒါန်းပြီးလျှင် ရန်ကုန်

မြို့သို့သွား၍ အလိုက်အထိုက် လုပ်ကိုင်ရှာဖွေ စားသောက်လေသည်။ မကြာမီ "သဌေးကြီး" ဖြစ်၍ လာလေသည်။

တနေ့တွင် ထိုသဌေးကြီးသည် ငါဟာ အယင်နှစ်ပေါင်းများစွာ 'မုဆိုး' လုပ်နေတုန်းက စီးပွားမဖြစ်ဘူး၊ ယခု ၂ နှစ်၊ ၃ နှစ်တည်းနှင့် "သဌေးကြီး" ဖြစ်လာရတာဟာ သည်ဘုန်းကြီးကြောင့်ဟု ယုံကြည်ကာ မိမိ၏သားမယားများနှင့်တကွ လိုက်လံ၍ "ဦးသီလ" နေတော်မူတတ်သော ပဲခူးတော၌ ရှာဖွေလေသည်။ တွေ့ရှိလျှင် အထူးထူး အထွေထွေသော ဆွမ်း အသုံးအဆောင်တို့ကိုလည်းလှူ၊ "ဦးသီလ" အား ရှိသည့်နေရာ၌လည်း ကျောင်းဆောက်၍လှူပြီး ပစ္စည်းလေးပါး ဒါယကာလည်း ခံလေသတည်း။

## တတိယ မေတ္တာတန်ခိုး

[illegible]သောအခါ [illegible]ဘုန်းကြီးမတောင်တန်း၌ [illegible]နေသော "[illegible]" [illegible]သည် တောသား [illegible]တို့အား များစွာ [illegible]နေသည်။ [illegible]ကြောင့် "[illegible]" [illegible] "[illegible]" [illegible] "[illegible]" [illegible] "[illegible]" သည် [illegible] အမှုအရာ [illegible] ထို့ကြောင့် [illegible] မေတ္တာ [illegible] [illegible]သတည်း။

(ဘတိ သအကြံ) ဝပယ်ဦး၊ ဝ၁ဧပ

## မေတ္တာတန်ခိုးအမျိုးမျိုး

ထို "မုန်ယိုဆင်ရိုင်း" သာမကသေး၊ ကျားရိုင်း၊ မြွေရိုင်း တို့ကိုလည်း ဦးသီလ အရှင်မြတ် ဆုံးမသော အခြင်းအရာတို့သည် အလွန်ပင်များလှလေ၏။ ထို့ကြောင့် "ဦးသီလ" အရှင်မြတ်အား လူရော၊ နတ်ရော၊ တိရစ္ဆာန်ရော ကြည်ညိုလေးမြတ်ကြလေသည်။

ဤကား မေတ္တာ၏ တန်ခိုးတော်များပင် ပင်တည်း။ (ထို့ပြင်တပါး အကျယ်အကြောင်းကို သိရှိလိုက ဦးသီလအရှင်မြတ်၏ အတ္ထုပ္ပတ္တိစာတမ်းကို ကြည့်ရှုကြပါကုန်)

## နေ့စဉ် ပါရမီဆယ်ပါး လွယ်လွယ်နှင့်<br>အသားတက်သွားပုံနှင့် မျက်မှောက်တွင်<br>တွေ့ကြုံခံစားရသော မေတ္တာအကျိုးဆယ့်တပါး

တတိယရည်ရွယ်ချက်အကျယ်ကား။ ။မဂ်ဖိုလ် ရက်တိုတို နှင့် သွားနိုင်ရန် ရည်ရွယ်ချက်အရမှာ၊ အနှေးနည်း၊ အလတ်နည်း၊ အမြန်နည်းအားဖြင့် လူရှင် အများတို့ကျင့်ကြံအားထုတ်ကြရန် နည်းသုံးတန်ရှိရာတွင်-

၁။ နှေးနှေးနှင့် ပေါက်ရောက်နိုင်ကြသော နည်းကား....၊ (ဒါန၊ သီလ၊ နိက္ခမ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန၊ မေတ္တာ၊ ဥပေက္ခာ)ဟူသောပါရမီဆယ်ပါးတို့တွင်(ဒါန၊ သီလ၊ ဘာဝနာ) စသော ပြုပြုသမျှသော ကောင်းမှုတိုင်းတို့မှာ ပါရမီကုသိုလ်ကြီးတွေ ဖြစ်ကြရန် ဘဝ

အဆက်ဆက်တို့မှာ တွေ့ကြုံနေကြရသော အိုဘေးဒုက္ခ၊ နာဘေးဒုက္ခ၊ သေဘေးဒုက္ခ စသည်တို့ကို အမြဲရွက်ဆောင်နေသော မိမိ ခန္ဓာဆိုးကြီးတို့ကို ဘေးဆိုးကြီးတွေ၊ အဖြစ်ဆိုးကြီးတွေဟု ရှုလျက်၊ နိဗ္ဗာန်ဘက်၊ ပြည်ညာမှာ ၎င်းဘေးအဖြစ်ကြီးတွေ ကင်းကွာမှုအရသာကို လွန်မင်းစွာလိုချင်လျက်၊ (ဤကောင်းမှုကြောင့် အိုဘေးကြီး၊ နာဘေးကြီး၊ သေဘေးကြီးတို့မှ လျင်မြန်စွာ ကင်းလွတ်ရပါလို၏) ဟု ပါရမီဆုတောင်း နိဗ္ဗာန်ဘည်းဟူသော ဝိဝဋ္ဋ ဆုတောင်းကြီးကို တောင်းကာ တောင်းကာ နေ့စဉ်လှူဒါန်းရန် အဓိဋ္ဌာန်၍၊ဒါနပါရမီဘက်က အယုတ်ဆုံး၊ ရေစသည်တို့ကိုလည်းကောင်း၊နေ့စဉ်စောင့်ထိန်းရန်အဓိဋ္ဌာန်၍၊သီလပါရမီဘက်က အယုတ်ဆုံး ငါးပါးသီလ အာဇီဝဋ္ဌမကသီလတို့ကိုလည်းကောင်း၊ နေ့စဉ် ပါရမီဖြည့်ပါး အသားတက်အောင်အားကုတ်ကြကုန်ရာ၏၊ အချင်းချင်းတို့လည်း တိုက်တွန်းနှိုးဆော်ကြကုန်ရာ၏။ ၎င်း ဒါန– သီလ မှ ကြွင်းသော ပါရမီရှစ်ပါးတို့ကိုကား၊ မေတ္တာပါရမီ ပုတီးစိပ်ကြီးကို များများအဓိဋ္ဌာန်၍ နေ့စဉ် ပုတီးစိပ်သွားကြပါမူ၊ အလျော်အားဖြင့် ပြည့်ကျင့်ရာရောက်လေ၏။

ရောက်ပုံမှာ မေတ္တာပွားများမှုနှင့် ပုတီးစိပ်ခြင်းသည်ကား မေတ္တာပါရမီတည်း။

၁။ နေ့တိုင်း နေ့တိုင်း၊ ပုတီးပတ် ဘယ်နှစ်ရာစိပ် စိပ်မည်ဟု အဓိဋ္ဌာန်ပြုခြင်းသည်ကား အဓိဋ္ဌာန်ပါရမီတည်း။

၂။ ပုတီးပတ် တရာစသည် စိပ်ပါမည်ဟု အဓိဋ္ဌာန်တိုင်း ပြည့်စုံအောင် လုံ့လအားထုတ်ရသည်ကား၊ ဝီရိယ ပါရမီတည်း။

၃။ အဓိဋ္ဌာန်ပြုတိုင်း မှန်ကန်စွာ တရာစသည် ပြည့်အောင် စိပ်ခြင်းသည်ကား၊ သစ္စာပါရမီတည်း။

၄။ ညောင်းညာမှု ပျော်ပါး၍ နေလိုမှု စသည်တို့ကို ခံ၍ ပုတီးစိပ်ခြင်းသည်ကား၊ ခန္တီပါရမီတည်း။

၅။ မေတ္တာအာရုံသို့ ဉာဏ်ရောက်၍ ပွားများခြင်းသည်ကား၊ ပညာပါရမီတည်း။

၆။ ၎င်းမေတ္တာကို ပွားများနေသောအခါ ထိုထိုအာရုံ ကာမဂုဏ်တို့မှ ထွက်မြောက်၍ နေသည်ကား နိက္ခမ ပါရမီတည်း။

၇။ တရွာလုံးကို တပြည်လုံးတို့ကို မေတ္တာ ပွားများရာမှာ မုန်းသူချစ်သူ အကျိုးဆောင်သူ မဆောင်သူ စသည်တို့ မခြားနားပဲ တသားတည်း ချမ်းသာကြအောင် ပွား များခြင်းသည်ကား၊ ဥပေက္ခာ ပါရမီတည်း။

၈။ ဤရှစ်ပါးသော ပါရမီတို့ကို များများ အဓိဋ္ဌာန်ပြု၍ အားထုတ်ကြသော မေတ္တာပို့ ပုတီးစိပ်ကြီး အထဲမှာ အလျော်အားဖြင့် ပါလေသောကြောင့်၊ နေ့စဉ် ပါရမီ ဆယ်ပါး အသားတက်အောင် ရှေးက ပြခဲ့သော ပါရမီ ဆုတောင်းကြီးကို တောင်းကာ တောင်းကာ၊ ဒါန- သီလ-နှင့်တကွ၊ မေတ္တာပို့ ပုတီးစိပ် ဘာဝနာများကို

ကြိုးစားအားထုတ်သော သူတော်ကောင်း အပေါင်းတို့သည် နေ့စဉ်ပါရမီဆယ်ပါး အသားတက်ရုံမျှပင်မက၊ ယခု မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ပင် တဆင့်တပါးသော အကျိုးတို့ဟူသည်ကား–

၁။ ချမ်းသာစွာ အိပ်ရခြင်း။

၂။ ချမ်းသာစွာ နိုးကြားရခြင်း။

၃။ ကောင်းမြတ်ချမ်းသာသော အိပ်မက်များကို မြင်မက်ရခြင်း။

၄။ လူများအပေါင်းတို့ ချစ်ခင်မြတ်နိုးကြရခြင်း။

၅။ နတ်များအပေါင်းတို့လည်း ချစ်ခင် မြတ်နိုးကြရခြင်း။

၆။ မေတ္တာကို အဟုတ်ပွားများ အားထုတ်ကြသူတို့ကို ဘေးရန်အန္တရာယ်တို့ မနှောင့်ယှက်ရအောင် အခါခပ်သိမ်း နတ်များ အပေါင်းက ကောင်းကောင်းကြီး စောင့်ရှောက်ကြရခြင်း။

၇။ မီးလည်း မလောင်နိုင်၊ အဆိပ်ရှိသော သတ္တဝါများလည်း မထိပါးနိုင်၊ ဓားလှံစသော လက်နက်များတို့လည်း မစူးရှနိုင်ခြင်း။

၈။ သောကစသည့် အနှောင့်အယှက်ကင်း၍ ဉာဏ်တွေ ပြစ်ပွားလျက် စိတ်ဝိဘက် ဖြင့်ပါးနေကြသော အခါတို့မှာ မိမိတို့ ပွားများနေကြသော အာရုံတို့ကို စူးစိုက်ပြီး မေတ္တာကို နှာနှာပွားလျက် ပါ … ပြေးသွားနေသော စိတ်တို့၊ လျှင်မြန်စွာ တည်တံ့နိုင်ခြင်း။

၉။ မေတ္တာကို အဟုတ်ပွားများသူတို့၏ ကိုယ်သားကိုယ်ရေ အဆင်းတို့နှင့်တကွ၊ မျက်နှာလည်း ရွှေးကထက် ကြည်လင်ရွှင်ပျ လှပတင့်တယ်ခြင်း။

၁၀။ ခန္ဓာစဲ၍ သေပွဲသို့ ဝင်ကြရသောအခါ၊ တွေဝေမိန်းမောခြင်း မရှိ၊ သတိသမ္ပဇဉ်၊ ဉာဏ်နှင့် ယှဉ်၍ ကြည်ကြည်လင်လင် သေရခြင်း။

၁၁။ မသေခင် အဟုတ်ထင်မြင် ပေါက်ရောက်အောင် မေတ္တာကို ပွားများသူတို့ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတို့ကို အခြေခံပြီး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သို့လည်း ပေါက်ရောက်နိုင်ရာ၏။ အကယ်၍ မေတ္တာစျာန် သမာဓိကို ရပြီးမှ မဂ်ဖိုလ်တို့ကို မရသေးကာမူ၊ ဗြဟ္မာပြည်သို့ လာရခြင်း။

ဤတဆယ့်တပါးသော အကျိုးများကို ယခုဘဝ ပစ္စက္ခတွင်ပင် တွေ့မြင်ခံစားကြရလေ၏။ (၀၁) ခံစားကြရအောင် ကြိုးစား အားထုတ်ကြပါလေ၊ ပွားများပုံ နည်းလမ်းများကို ကား နောက်မှ သေချာစွာ ပြလတ္တံ့ပါတည်း။

## ဤတဆယ့်တပါးသော အကျိုးများကို မှတ်သား ဆောင်ရွက်ရန်ကား

ချမ်းသာသုံးမျိုး၊ အိပ်နိုးအိပ်မက်၊ ချစ်လျက်လူနတ်၊ စောင့်လတ်နတ်ချား၊ မီးကားမလောင်၊ ဆိပ်ရှောင်မသင့်၊ လက်နက်ဖြင့်ပ၊ မစူးရှုတည့်၊ လွှင့်ပစိတ်တည်၊ မျက်နှာကြည်ပေ၊ တွေဝေမရှိ၊ သေရဘိဆို၊ မဂ်ဖိုလ်မရ၊ ရှိပြန်ကလည်း၊ လားရဗြဟ္မာပြည်၊

ဆယ့်တလီမျှားသည် မေတ္တာ အကျိုးတည်း။ ဤကား ဤအလင်္ကာကို နှုတ်မှာရကြစေကုန်။

## မေတ္တာသီအစစ်ကို ကျမ်းဂန်နှင့် ညှစ်၍ ပြချက်

သည်သာ အကျိုးမကသေး၊ ယခုဘဝတွင် အချိုးကျကျအားထုတ်ကြသူတို့၊ ဈာန်လေးပါးတို့၏ချမ်းသာများကို ခံစား၍ ၎င်းဈာန်သမာဓိကို အခြေပြုကာ၊ ဝိပဿနာသို့ မကြာခင် ကူးပြောင်ရခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်သို့လည်း ပေါက်ရောက်နိုင်ခြင်း၊ ရောဂါဘေးရန်များကို ကုစားကယ်မနိုင်ခြင်း စသော အကျိုးအမျိုးမျိုး ကြီးမားလှပေသော ထိုမေတ္တာ မည်သည်ကား.... အတ္တတော၊ အဆီအနှစ်သာ၊ အကာမဖက်၊ အနက်တရား ကိုယ်အားဖြင့်၊ အဒေါသော၊ ချမ်းသာစေလိုသော-အဒေါသစေတသိက်တည်း။ ထို အဒေါသ ပြဋ္ဌာန်းသောစိတ်ဖြင့် မေတ္တာ အစင်ဖြစ်ကြစေရန် မေတ္တာပရိတ် သုတ္တန်၌-

သုခိနော ဝါ ၁။
ခေမိနော ဝါ ၂။
သုခိတတ္တာ ၃။

ပေါင်း သုံးပုဒ်တို့ကိုသာ ဘုရားဟောတော်မူ၏။ အနက်မြန်မာကား

သုခိနော ဝါ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည်လည်း။ ဟောန္တု ဖြစ်ကြပါစေကုန်သတည်း။

ခေမိနော၀ါ၊ တွင်းပန္နစ်တန် ဘေးရန်မရှိကြကုန်သည်လည်း ဟောတ္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သုခိတတ္တာ၊ ချမ်းသာသော ကိုယ်စိတ်ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဤသုံးပုဒ်လုံး၏ လိုရင်းအနက်သဘောအရသည်၊ ယခင် ပြခဲ့သော ချမ်းသာစေလိုသော အဒေါသ သဘောသို့ချည်းသာ အကုန်ပါ၀င်ကြကုန်ရာ၏။ ဝိသုဒ္ဓိမဂ် တကျမ်းလုံး၌ မေတ္တာပွားရန် လိုရင်းအချက်စကား၊ အဝေအရာဟောန္တု၊ ဤလေးချက်ကို သာပြတော်မူ၏။ အနက်မြန်မာကား-

အဝေရာ၊ ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြစေကုန် သတည်း။

သုခိ၊ ချမ်းသာစွာ၊ အတ္တာနံ မိမိကိုယ်ကို၊ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေ ကုန်သတည်း။ ဤလေးပုဒ်၏ လိုရင်း အနက်သဘောအရသည်လည်း ယခင်ပြခဲ့သော ချမ်းသာစေလို သောအဒေါသ သဘောသို့ချည်းသာ အကုန်ပါ၀င်ကြကုန်၏။ ဓမ္မပဒ၊ ဝိသုဒ္ဓိမဂ် တကျမ်းလုံး၌ မေတ္တာပွားရန် လိုရင်းအချက် စကား၊ အဝေရာဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခိအတ္တာနံ ပရိဟရန္တု၊ ဤလေးချက်ကိုသာ ပြတော် မူ၏။

အနက်မြန်မာကား။ ။အဝေရာ၊ ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။

စပယ်ဦးစာပေ (တတိယအကြိမ်)

အဗျာပဇ္ဇာ၊ ကြောင့်ကြခြင်း မရှိကြကုန်
သည်။ဟောန္တု၊ဖြစ်ကြစေကုန်သတည်း။
အနီဃာ၊ ဆင်းရဲခြင်း မရှိကြကုန်သည်။
ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။

သုခီ၊ ချမ်းသာစွာ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။

ဤလေးပုဒ်၏ လိုရင်း အနက်သဘော အရသည်လည်း ယခင်ပြခဲ့သော ချမ်းသာစေလိုသော အဒေါသ သဘောသို့ ချည်းသာ အကုန်ပါဝင်ကြကုန်၏။ ဓမ္မပဒ တိဿ သာမဏေ ဝတ္ထုစသည်တို့၌ (သုခိတာဟောန္တု)ဟု လာ၏၊

အနက်မြန်မာကား။ ။သုခိတာ၊ ချမ်း သာ ကြ ကုန် သည်။
ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဤအနက်သဘောလည်း ယခင်က ပြခဲ့သော ချမ်းသာစေလိုသောအခါ အဒေါသ သဘောသို့ချည်းသာ ပါဝင်၏။

ဤမျှမက ပွားများသည့် ပုဂ္ဂိုလ်တို့ စရိုက်သို့ လိုက်၍ သိန်းသန်းကုဋေမက မေတ္တာပွားသည့် ပုဒ်တွေ များစွာရှိကြစေကာမူ (ချမ်းသာကြကုန်သည့် အဒေါသ သဘော) တရားကိုယ် ဟူတည်းသို့သာ အကုန်ပါဝင်ကြရလိမ့်မည်။ ဤသို့ လိုရင်း အချက်ကောင်းကြီးများကို ပွားများနိုင်ကို မာဂဓဘာသာ နှင့် ဆိုသော်(သုခိတာဟောန္တု)ဟု [illegible]၏။ မြန်မာဘာသာနှင့် ဆိုသော် (ချမ်းသာကြပါစေ)ဟု [illegible] အဓိပ္ပာယ်ကို အရှိုး [illegible]

နောက်တောင် မပျောက်လောက်အောင် အသည်းမှာ မြဲမြဲ သံမှိုစွဲသကဲ့သို့ မှတ်ကြလေ။

## ဘယ်ဘာသာနှင့်မဆို မေတ္တာပွားများ၍ အကျိုးများသော နွားမ ဝတ္ထု

ယခု ကာလမှာကား ပါဠိဘာသာ အမြတ်ထား၍ ပါဠိဘာသာနှင့် မေတ္တာပို့သ ပွားများကြမှသာ မေတ္တာပို့ဟု မှတ်ထင်ကြကုန်၏။ ထင်သည့်အတိုင်း ပို့သကြရာ၌လည်း မိမိတို့ဘာသာမဟုတ်ကြသည့်အတွက် ရွတ်ဆိုပွားများ၍ ပို့သအပ်သောပုဂ္ဂိုလ်သတ္တဝါတို့အထံသို့ ရွတ်ဆိုသည့်အတိုင်း ညဏ်အမြင်ရောက်နေကြရန် အလွန်ပညာကြီးသော ပုဂ္ဂိုလ်၏ ဝိသေသတို့မှတပါး အခြား သူတို့ အလွန်ခဲယဉ်းကြကုန်၏။ ဉာဏ်မရောက်ပဲ ရွတ်ဖတ်ကြသည့် ပါဠိဘာသာ အရိုးအစဉ်အတိုင်း ရွတ်ဖတ်သူတို့မှာ ရွတ်ဖတ်သော ကုသိုလ်မျှသာရကြ၍ မေတ္တာအကျိုး တန်ခိုးအာနိသင်ကြီးမား၍ လိုအပ်သောကိစ္စ ပြီးစီးသွားကြဖို့ ခဲယဉ်းလှ၏။

မေတ္တာပို့သအပ်သော ပုဂ္ဂိုလ်သတ္တဝါကောင် တည်းဟူသော အနက်တို့ထံ ချမ်းသာစေလိုသော အသိဉာဏ် ရောက်၍ ဘယ်ဘာသာနှင့်မဆို ပို့သပွားများအပ်သော မေတ္တာဘာဝနာသည်သာ သံသရာလမ်းခရီး နိဗ္ဗာန်တိုင်နီးကြဖို့ အကျိုးကြီးမားသည်ကို မဆိုထားဘိဦး၊ ယခုမျက်မှောက်၌ပင် ဘေးရန်ကင်းမှုစသော အကျိုးထူးများကို ဖြစ်စေနိုင်သော သက်သေကိုကား

ဘယ်ဆရာကမှ ပါဠိဘာသာနှင့် မေတ္တာပို့ သင်မထားပါ၊ မိမိတို့၏ ဘာသာအလျောက် သားငယ်တည်းဟူသော အနက်သို့ ညွှတ်ရောက်စူးဝင်၍ ပို့သပ္ပားများအပ်သော နွားမ ဝတ္ထုကို ဝိသုဒ္ဓိမဂ်၌ အဋ္ဌကထာ ဆရာမြတ်ကြီးတို့ မိန့်အပ်သည်ကား—

"ဓေနုဝတ္ထုမှိ စေတ္ထကထယန္တိ ဧကာကိရဓေနုံ ဝစ္ဆက ခီရဓာရံ မုဉ္စမာနာ အဋ္ဌာသိ၊ ဧကောလုဒ္ဒကော တံ ဝိဇ္ဈိဿာမိတိ ဟတ္ထေန သမ္ပရိ ဝေဋ္ဌေတွာ ဒီဃ ဒဏ္ဍသတ္တိံ မုဉ္စ သာ တဿာ သရီရံ အာဟစ္စ တာလပဏ္ဏဝိယ ပဝဋ္ဋမာနာ ဂတာ နေ ဥပစာရ ဗလေန နအပ္ပနာဗလေန ကေဝလံ ဝစ္ဆကေ ဗလဝ ပိယစိတ္တာယ ဧဝံ မဟာနုဘာဝါ ယံ မေတ္တာတိ" ဟု အမိန့်ရှိသည်ကို သိအပ်၏။

အနက်မြန်မာကား။ ။၄—ဥပစာ အပ္ပနာသို့ ဆိုက်အောင် ပွားများသော မေတ္တာ၏အကျိုး ကြီးမားသည်မှတပါး ဥပစာ အပ္ပနာသို့ မဆိုက်ပဲ ထိုခဏင် အနက်သို့ ညွှတ်ဝင်၍ မေတ္တာ ပွားရာမှ အကျိုးများတာကို ဆက်၍ဆိုဦးအံ့။

ဤ၊ ဤမေတ္တာ အကျိုးကို စပ်မိတိုင်း ပြောဆိုကြရာ၌။ ဓေနုဝတ္ထုမှိ၊ နွားမဝတ္ထုကိုလည်း။ အာစရိယာ၊ ဆရာကြီးတို့ သည်။ ကထယန္တိ၊ ပြောဆိုကြကုန်၏။ ကိံ ကထ ယန္တိ၊ အဘယ် သို့ ပြောဆိုကြသနည်းဟူမူကား။ ဧကာ၊ [illegible]မသည်။ ဝစ္ဆကဿ၊ [illegible]ကားသော မိမိသား နွားငယ်[illegible]၊ ခီရဓာရံ၊ နို့ရည် အယဉ်ကို။ [illegible]မာနာ၊ လွှတ်လျက်။ အ[illegible]၊ ရပ်နေ၏။ ဧကော၊ တယောက်သော။ လုဒ္ဒကော၊ မုဆိုးသည်။ တံ၊ ထိုနွားမကို။

ဝိစ္ဆိုသာမိ၊ထိုးအံ့။ ဣတိ၊ ဤသို့ နှလုံးပိုက်၍။ ဟတ္ထေန၊ လက်ဖြင့်။ ဝေဠုတ္တေ၊ ကောင်းစွာရစ်ပတ် ကိုင်တွယ်လတ်၍။ ဒီဃဒဏ္ဍသတ္တိံ၊ အရိုးရှည်သော လှံမကြီးကို။ မုဥ္စိ၊ လွှတ်ထိုး၏။ သာ၊ ထိုလှံမကြီးသည်။ တဿာ၊ ထိုနို့စို့နေသော နွားသားငယ်အား မိမိတို့ဘာသာဖြင့် ချမ်းသာစေချင်သော မေတ္တာကို ပွားများလျက် ရပ်နေသော နွားမ၏။ သရီရံ၊ ကိုယ်ကို။ အာဟစ္စ၊ ထိခိုက်၍။ တာလပဏ္ဏဝိယ၊ ကျောက်တုံးကိုထိုးရာ ခွေခေါက်ပျော့လိမ်ကာ သွားသော ထန်းရွက်လှံမလားကဲ့သို့။ ပဝဋ္ဋမာနာ၊ ခွေလိပ်လျက်။ ဂတာကိရ၊ သွားသတဲ့။

အယံ မေတ္တာ၊ နွားမ ခမျာ မိမိတို့ဘာသာဖြင့် နို့စို့၍ နေရှာသည့် သားငယ်တည်းဟူသော အနက်ရှိရာသို့။ အသိဉာဏ် စူးစိုက်ပါ၍ ပွိုသကာ နေလိုက်သော မေတ္တာသည်။ ဥပစာရဗလေန၊ ဥပစာရဘာဝနာအစွမ်းဖြင့်။ နေဝ ဟောတိ၊ မဖြစ်။ အပ္ပနာဗလေန၊ ဈာန်အပ္ပနာ ဘာဝနာအစွမ်းဖြင့်။ နဟောတိ၊ မဖြစ်။ ကေဝလံ၊ သက်သက်။ ဝစ္ဆကေ၊ နို့စို့နေသော မိမိသားငယ်၌။ ဗလဝ ပိယစိတ္တာယ၊ အားကြီးသော ချစ်ခြင်း မေတ္တာ ဘာဝနာစိတ်ရှိသောကြောင့်။ ဧဝံအာနုဘာဝါ၊ဤသို့ အာနုဘော်အကျိုး တန်ခိုးရှိလှ၏။ ဣတိ၊ ဤသို့။ ဝါ၊ ဤလို ဤပုံ။ အာစရိယာ၊ ဆရာကြီးတို့သည်။ ကထယန္တိ၊ များစွာ စကားစပ် ပြောဆိုကြကုန်၏။ ဤသို့သော သာဓကကို ယုံကြည်ကြ၍။ အနက်သို့ ဉာဏ်ရောက်လွယ်ရာ မိမိတို့ဘာသာများနှင့် ကြိုးစား၍ ပွားများကြလေ။

စပယ်ဦးစာပေ (တတိယအကြိမ်)

## သူငယ်များပင် ပွားများချင်စရာ
## မေတ္တာပွားနည်း အမျိုးမျိုး

ဤသို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီးများ၏ ဘာဝနာ အာရုံ တည်းဟူသော အနက်သို့ ဉာဏ်ရောက်လွယ်အောင် ဘယ်ဘာသာ နှင့်မဆို ပွားလိုသော အချက်ကောင်းကြီးများကို မှတ်သား သိရှိကြပြီးသော ရဟန်းရှင်လူ ပြည်သူတလွှား သူတော်ကောင်း အများတို့နှင့်တကွ အယုတ်ဆုံး ငါးနှစ်-ခြောက်နှစ် အရွယ်မှ စ၍ အရွယ်အိုမင်းသော စာတတ်၊ မတတ်သော မိန်းမ ယောကျ်ားတို့ပါ ရလွယ်မှတ်လွယ် အနက်သို့ ဉာဏ်ရောက်လွယ် အောင် မိမိတို့မြန်မာဘာသာနှင့်သာ မေတ္တာဘာဝနာပွားများ ပုတီးစိပ်ကြပုံကား သားငှက်များကို ကွန်ရက်အုပ်၍ ဖမ်းသကဲ့ သို့ ယပုဂ္ဂိုလ်အစု အရာ၌ တည်သော မိမိတို့အိမ်ရှိ လူ၊ နတ်၊ ကျွဲ၊ နွားစသော အကုန်ရှိသမျှ သတ္တဝါတွေကို ဉာဏ်ကွန်ရက်နှင့် အိမ်ပေါ်က အုပ်ခြုံပြီးလျှင် (တို့အိမ်လုံး ချမ်းသာကြပါစေ၊ တို့အိမ်လုံး ချမ်းသာကြပါစေ)ဟု ပွားလည်းကောင်း—

ထို့အတူ မိမိတို့အိမ်သားအောက် အချစ်လျော့ခြင်းဖြင့် မရွေး ပုဂ္ဂိုလ်စု အရာ၌တည်သော မိမိတို့ရွာရှိ လူ၊ နတ်၊ ကျွဲ၊ နွား မှစ၍ အကုန်ရှိသမျှ သတ္တဝါတွေကို ဉာဏ်ကွန်ရက်နှင့် ရွာ ပေါ်က အုပ်ခြုံပြီးလျှင် (တို့တရွာလုံး ချမ်းသာကြပါစေ (တို့ တရွာလုံး ချမ်းသာကြပါစေ) ဟု ပွားလည်းကောင်း—

ထို့အတူ မိမိတို့ပြည်ရှိ သတ္တဝါတွေကို ရပ်ရွာနယ်ကျဉ်း ကျဉ်းကလေး ဉာဏ်ပိုသမျှ၌ နှံ့၍ ဉာဏ်ကွန်ရက်နှင့် ပြည်ပေါ် က အုပ်ခြုံပြီးလျှင် (တို့တပြည်လုံး ချမ်းသာပါစေ၊ တို့တပြည်

လုံး ချမ်းသာပါစေ) ဟူ၍လည်းကောင်း၊ သုံးဌာနကို တနေ့ တနေ့ (၁၀၈)လုံးရှိသည့် ပုတီးပတ် (၅၀)စီ ဖြစ်စေ၊ ရှေးက ပြခဲ့သည့် ပါရမီဆယ်ပါး အသားတက်ရန် ယခုဘဝ ပစ္စက္ခ ဘေးရန်ကင်းပ၍ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ကြရန် သမထ ယာနိက ယောဂီအမျိုးမျိုး၊ ဝိပဿနာယာနိက ယောဂီ အမျိုးမျိုး၊ ယောဂီမဟုတ်သူ အမျိုးမျိုးတို့ပင် အားထုတ်သင့် အားထုတ်ထိုက် အားထုတ်အပ်ကြောင်းနှင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်း တို့၌အင်္ဂကလာ ဆရာမြတ်တို့ပြအပ်ကြပေသတည်း။ ဤသို့ ပြအပ် သည်ကို မတွေ့ မသိ၊ မရိပ်မိကြသူတို့သည်လည်းကောင်း—

သီလ၊ သမာဓိ၊ ပညာ၊ သာသနာ သုံးရပ်တို့တွင် မေတ္တာ ဘာဝနာသည် သမာဓိသာသနာ ဖြစ်ကြောင်းကိုလည်း မတွေ့- မသိ၊ မရိပ်မိကြသူတို့သည်လည်းကောင်း၊ ထိုမေတ္တာ ဘာဝနာ ဟာ သာသနာတွင်း တရားမဟုတ် သာသနာပတရားတည်း။

ဘုရားပွင့်မှ ပေါ်ပေါက်နိုင်သော ဝိပဿနာပညာအလုပ် သာ သာသနာတွင်း တရားဖြစ်၍ အားထုတ်သင့်၏ဟု စိတ်ထင် နှင့်ရမ်းပြီး တဘက်ကန်းတရားမျိုး ဟောတက်ကြသည်များကို မယောင်ကြကုန်ရာသတည်း။ အဘယ်ကြောင့်ဆိုသော် ပညာ သာသနာ မျက်စိသာ ရှိ၍ သီလ၊ သမာဓိ သာသနာ မျက်စိ မပါသောကြောင့်တည်း။

အချို့ ဆရာတို့ကဝိပဿနာ အားထုတ်သူတို့ ပညတ်ခုခံမှာ စိုး၍၊ မေတ္တာ မပွားအပ်ဟုဆိုကြ၏။ ထိုဆရာတို့ အယူမှား ဘေးအန္တရာယ်ကင်းရန် သမာဓိဖြစ်ရန်တို့ဘက်ကတော့ ပညတ်ကို ကြောက်ကြသည်။ နေ့စဉ်တွေ့ကြုံနေကြသော ဆရာတွေ တပည့် တွေ လင်မယား-သားသမီး စသော သတ္တဝါပညတ် စသည်တို့

ကိုတော့ အဘယ်ကြောင့် မကြောက်ကြပဲ အတူပေါင်းဆုံ၍ နေပုံရှာကြသည်ဖွဲ့ အလွန်အံ့ဩဖွယ်ကောင်းလှ၏။ ၎င်းဝိပဿနာ ယောဂီတို့ ဒိဋ္ဌိဝိသုဒ္ဓိ အခြေခံ၍ ဝိပဿနာ တက်ရန် အလိုရှိသူ တို့မှာ အသက်ရှင်သော မိဘ—ဆရာ စသည် တယောက်ယောက် ကိုသာ စူးစိုက်စွဲမြဲ၍ ပွားများရာ၏။ ပွားများပုံကား (အမိ ချမ်းသာပါစေ၊ အဖချမ်းသာပါစေ၊ ဆရာချမ်းသာပါစေ၊ မည်သည့် ကိုယ်တော်ကြီး ချမ်းသာပါစေ)စသည်ဖြင့် မိမိတို့ အလိုရှိကြသည့် ပုဂ္ဂိုလ်တည်းဟူသော (ပရိကမ္မ နိမိတ်)ရှိရာသို့ ဉာဏ်လွှတ်၍ တနာရီ–နှစ်နာရီစသည် ပွားများသော ယောဂီ မြတ်တို့သည်လည်းကောင်း၊ပရိကမ္မနိမိတ်ဖြစ်သော ပုဂ္ဂိုလ်ရှိရာမှ ခွာ၍၊ မိမိတို့ အလိုရှိရာ အနီးအနားသို့လည်းကောင်း ပုဂ္ဂိုလ် အာရုံကို ဆောင်ယူ၍ရနိုင်လျှင် (ဥဂ္ဂဟနိမိတ်)ကို ရသည်မည်၏။

ဤပရိကမ္မ ဥဂ္ဂဟ နိမိတ်နှစ်ပါးကိုင် အာရုံပြု၍ ပွားများ သော ဘာဝနာအစဉ်တို့ မတည်သေးသည့်အခါ (ပရိကမ္မ ဘာဝနာ) မည်၏။ ၎င်း ဥဂ္ဂဟ နိမိတ်ကိုင် အာရုံ ပြုပြီးလျှင် အခါခါပွားများ၍ ကာမစ္ဆန္ဒစသော နီဝရဏတို့ ကင်းပြီး လျှင် အာရုံထဲသို့ စိတ်ဝင်၊ စိတ်ထဲသို့ အာရုံဝင်သကဲ့သို့ ဖြစ်လျက်၊ ဈာန်အင်္ဂါတို့လည်း ထင်ရှားလာ၍ ငြိမ်သက် တည်ကြည်စွာ ဖြစ်ပေါ်လာသော သမာဓိ ဘာဝနာသည် (ဥပစာရဘာဝနာ) မည်၏။

ဤဘာဝနာ အဆင့်ဆင့်တို့ကို ဝသီဘော် ငါးပါးတို့ဖြင့် လေ့လာ၍ ဈာန်စျာန်ဝင်အောင် ကျက်နိုင်လေ၏။ ဤသို့ မေတ္တာဘာဝနာ လုပ်ငန်းကြီးကို အကြိမ်ကြိမ် အထပ်ထပ် မပြတ်မလပ် အားထုတ်ကြပါမူ ပရိကမ္မ နိမိတ် ဥဂ္ဂဟ နိမိတ်

၂ ပါးကို ရရှိ၍၊ ပရိကမ္မဘာဝနာ ဥပစာဘာဝနာ အပ္ပနာဘာဝနာ သမာဓိကျအောင် အဆင့်ဆင့် ဆိုက်ရောက် နိုင်ကြလေသတည်း။

ရောဂါဘေးရန်စသည်အကြောင်းရှိမူ ရှိသူကို ဉာဏ်စူးစိုက်၍ (ထိုသူ ချမ်းသာပါစေ၊ ချမ်းသာပါစေ)ဟု များများပွားရာ၏။ အမည်နာမနှင့် ကိစ္စရှိသူကိုပွားများလိုမူ ထိုသူ၏အမည် ဖော်ထုတ်၍ (ကိုလှကြီး ချမ်းသာပါစေ၊ ကိုမြကြီး ချမ်းသာပါစေ၊) ဘေးရန်တွေ့မူ (ရန်သူတွေ ချမ်းသာပါစေ၊ မြွေကြီး ချမ်းသာပါစေ၊ ကျားကြီး ချမ်းသာပါစေ) စသည် အလိုရှိရာ သတ္တဝါတို့ကို အာရုံပြု၍ ဘေးရန်ကင်းရန် ပါရမီဆယ်ပါး၊ အသားတက်ရန် ဝိပဿနာအလုပ် အားထုတ် လိုသူတို့လည်း သမာဓိသာသနာ အခြေပါရန် များစွာပွားများ အားထုတ် သင့်လှကြပေသတည်း။

ဤပါရမီဆယ်ပါး နေ့စဉ်အသားတက်အောင် ရှေးက ပြခဲ့သော ပါရမီဆုတောင်းကြီးကို တောင်းကာ တောင်းကာ ဒါန သီလနှင့်တကွ၊ မေတ္တာဘာဝနာ ပုတီးစိပ်ကြီးများကို ကြိုးစားအားထုတ်ကြပေသော သူတော်ကောင်း အပေါင်းတို့သည် ဤဘုရားသာသနာတော်မှာမပါ ချွတ်လွဲစေကာမူ၊ သုဂတိဘဝချင်းအဆက်ဆက်ကူးသွား၍၊ နောက်ဘုရားသာသနာတော်မှ နှေးနှေးသာ ပေါက်ရောက်နိုင်ရာသော နည်းဖြင့်၊ မဂ်ဖိုလ်ကို ရက်တိုတိုနှင့် ပေါက်နိုင်ရာ၏။

မိုးညှင်းတောရကိုယ်တော်ကြီး
ရေး
ဂတိဝိသုဒ္ဓိ ကျင့်စဉ်တရားမှ

# မေတ္တာဖြင့် စည်းချခြင်း

ရှေးသူတော်စင်သူတော်မြတ်တို့သည် သွားလေရာလာလေရာ တို့၌ ကိုယ်၌ မေတ္တာစည်းကို ချလေ့ရှိကြသည်။ (၀၁) မေတ္တာပို့ ကြသည်။ ဤသို့ နယ်ကိုသတ်မှတ်၍ မေတ္တာစည်းချခြင်းဖြင့် ဘုန်းကြီးခြင်း၊ အသက်ရှည်ခြင်း၊ အန္တရာယ်ကင်းခြင်းနှင့် အကြံ အစည် အောင်မြင်ခြင်းစသည့် အကျိုးထူးများကို ခံစားစံစားနိုင် ကြသည်။ ထို့ကြောင့် ဤမေတ္တာကဏ္ဍ၌ ပိုမိုပြည့်စုံ လေးနက်စေ ရန် ဤမေတ္တာစည်းချခြင်းကို တင်ပြလိုက်ရပါသည်။

အရှေ့အရပ်

၁။ ပုရတ္ထိမာယ ဒိသာယ။
ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိဿောကာ၊ ဟောန္တု သဗ္ဗေပိ
ပါဏိနော။

အရှေ့တောင်

၂။ ပုရတ္ထိမာယ အနုဒိသာယ။
ဒုက္ခပ္ပတ္တာစ၊ လ။ ပါဏိနော။

တောင်အရပ်

၃။ ဒက္ခိဏာယ ဒိသာယ။
ဒုက္ခပ္ပတ္တာစ၊လ။ ပါဏိနော။

အနောက်တောင်

၄။ ဒက္ခိဏာယ အနုဒိသာယ။
ဒုက္ခပ္ပတ္တာစ၊ လ။ ပါဏိနော။

အနောက်

၅။ ပစ္ဆိမာယ ဒိသာယ။
ဒုက္ခပ္ပတ္တာစ၊လ။ ပါဏိနော။

အနောက်မြောက်

၆။ ပစ္ဆိမာယ အနုဒိသာယ။
ဒုက္ခပ္ပတ္တာစ၊လ။ ပါဏိနော။

မြောက်

၇။ ဥတ္တရာယ ဒိသာယ။
ဒုက္ခပ္ပတ္တာစ၊လ။ ပါဏိနော။

အရှေ့မြောက်

၈။ ဥတ္တရာယ အနုဒိသာယ။
ဒုက္ခပ္ပတ္တာစ၊လ။ ပါဏိနော။

အရှေ့အရပ်ကစ၍ ပြဋ္ဌာန်းသော်လည်း မိမိမွေးဂြိုဟ်အရပ်က စ၍ စည်းချပါ။ မူလကစ၍ ချထားသော အရပ်သို့ ပြန်၍ ထပ်မိ စေရမည်။

**အနက်။** ။ပုရတ္ထိမာယဒိသာယ၊ အရှေ့ မျက်နှာအရပ်၌။ ဒုက္ခပ္ပတ္တာ၊ ကိုယ်စိတ်နှစ်ဝ၊ ပင်ပန်းဆင်းရဲခြင်းသို့ရောက်ကြကုန် သော။သဗ္ဗေပိ၊ကြွင်းမဲ့ဥဿုံ၊အလုံးစုံလည်း ဖြစ်ကုန်သော။ပါဏိ နော၊သတ္တဝါတို့သည်လည်း။ဒုက္ခာ၊ဆင်းရဲခြင်းမရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။ ဘယပတ္တာ၊ ဘေးနှင့် တွေ့နေကြရကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဗ္ဘယာ၊ ဘေးရန်ကင်းပချမ်းသာအေးမြခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သောကပ္ပတ္တာ ဉာတိ၊ ဘောဂ၊ သီလ၊ ဒိဋ္ဌိ၊ကပ်ငြိရောဂ ငါးပါးသော ဗျသန ကြောင့်၊ စိုးရိမ်ပူဆွေးခြင်းသို့ ရောက်ကြကုန်သော။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊သတ္တဝါ တို့သည်လည်း။ နိသောကာ၊ စိုးရိမ်ပူဆွေးခြင်း၊ ကင်းပငြိမ်း အေးမြကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

၂။ ပုရတ္ထိမာယအနုဒိသာယ–အရှေ့တောင်အရပ်၌
၃။ ဒက္ခိဏာယဒိသာယ - တောင်မျက်နှာ အရပ်၌
၄။ ဒက္ခိဏာယအနုဒိသာယ အနောက် တောင်
အရပ်၌
၅။ ပစ္ဆိမာယ ဒိသာယ - အနောက် မျက်နှာ
အရပ်၌

၆။ ပစ္ဆိမာယ အနုဒိသာယ - အနောက်မြောက် အရပ်၌

၇။ ဥတ္တရာယ ဒိသာယ – မြောက် မျက်နှာ အရပ်၌

၈။ ဥတ္တရာယ အနုဒိသာယ-အရှေ့မြောက် အရပ်၌

ယုံယုံကြည်ကြည်နှင့် ၎င်း စည်းချ မေတ္တာပို့ကို ရွတ်ဖတ်၍ စည်းချပါ။ အကျိုးမှာ ကြီးမားလှသည်ဟု ရှေးသူတော်စင်တို့ မိန့်ကြားလေသည်။ ရှစ်မျက်နှာ စေ့အောင် မရွတ်ဖတ်နိုင်သော အခါ ပုရတ္ထိမာယဒိသာယ စသည်တို့ကို မထည့်ပဲ ဒုက္ခပ္ပတ္တာ ကစ၍ ရွတ်ဖတ်ကြလေကုန်။

## ပါဠိ-မြန်မာ မေတ္တာပို့ တမူ

အဟံ၊ငါသည်။ အဝေရော၊ ရန်မရှိသည်။ ဟောမိ၊ ဖြစ်ရလို၏။

အဗျာပဇ္ဇော၊ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း မရှိသည်။ ဟောမိ၊ ဖြစ်ရလိုပါ၏။

အနီဃော၊ ဆင်းရဲခြင်းကင်းသည်၊ ဟောမိ၊ ဖြစ်ရပါလို၏။

သုခီ၊ချမ်းသာစွာ၊ အတ္တာနံ၊ မိမိ ကိုယ်ကို၊ ပရိဟရာမိ၊ ရွက်ဆောင်နိုင်ရပါလို၏။

သဗ္ဗေ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံကုန်သော။ ဘိက္ခူ၊ သာသနာတော်ထမ်း၊ ရဟန်းသာမဏေ ဟူသမျှတို့သည်။ အဝေရာရန်မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်တော်မူကြပါစေ ကုန်သတည်း။ အဗျာပဇ္ဇာ၊ စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။အနီဃာ၊ ဆင်းရဲပင်ပန်းနွမ်းနယ်

ခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြ ပါစေကုန်သတည်း။ သုခီ၊ ချမ်းသာစွာ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရန္တု၊ ရှက်ဆောင်တော် မူနိုင်ကြပါစေကုန်သတည်း။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ မုစ္စန္တု၊ ကင်းလွတ်တော်မူကြပါစေကုန်သတည်း။

တေ၊ ထိုသာသနာ့ထမ်း ရဟန်းသာမဏေ ဟူသမျှသည်။ သုခေါဘသီလဝါ၊ ကောင်းစွာဖွပ်လျှော် ကြေးညှော်မတင်သန့်စင်သောသီလ ရှိကုန်သည်ဖြစ်၍၊ သီလဂန္ဓသုဝါသိတာ၊ သီလတည်းဟူသော နံ့ရနံ့တို့ဖြင့် တပျံ့ပျံ့တလှိုင်လှိုင် မွှေးကြိုင်ထုံသင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ တေ၊ တို့သည်။ အညမညဟိတေသနော၊ တယောက်သည် တယောက်၏ စီးပွားချမ်းသာ မင်္ဂလာကို ရှာမှီးကြကုန်သည်ဖြစ်၍။ ဘာဝနာသိရိတာ၊ သမထ၊ ဘာဝနာ ကမ္မဋ္ဌာန်း၌ ရှင်လန်းမွေ့ပိုက်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

မာတာပိတုနံ၊ ကျေးဇူးကြီးမားသော မိဘနှစ်ပါးတို့အား။ အဝေရာ၊ ရန်မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ၊ ငြိုးရှိမနှောင့်၍ ကြောင့်ကြခြင်းမရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အနီဃာ၊ ဆင်းရဲပင်ပန်းနွမ်းနယ်ခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ သုခီ၊ ချမ်းသာစွာ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရန္တု၊ ရှက်ဆောင်နိုင်ကြပါစေကုန်သတည်း။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ မုစ္စန္တု၊ ကင်းလွတ်ကြပါစေကုန်သတည်း။

အပေရာနံ၊ ကျေးဇူးသခင် ဆရာရှင်တို့အား (မာတာပိတုကဲ့သို့ ဆက်ပါ။)

ဉာတီနံ၊ ဆွေမျိုးပေါက်ဖော် တော်စပ်တော် မူကုန်သော သူအပေါင်းတို့အား။ မိတ္တာနံ၊ တခါတရံ မြင်ဖူးသော သံဒိဋ္ဌ၊ အတူတကွ စားသောက်ဖူးသော။ သမ္ဘတ္တ၊ မြဲမြံခိုင်ခံ့သော။ ဒဠှမိတ္တဟု ဆိုအပ်သော မိတ်ဆွေအပေါင်းတို့အား။ ပိယမဇ္ဈတ္တ ဝေရိပုဂ္ဂလာနံ၊ အသက်မျှ ချစ်ခင်အပ်သော ပုဂ္ဂိုလ်၊ မချစ်မမုန်း နှလုံးပြုအပ်သောပုဂ္ဂိုလ်၊ ရန်သူဖြစ်သော ပုဂ္ဂိုလ်တို့အား။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းများစွာ သတ္တဝါအပေါင်းတို့အား။ ဣမသ္မိံ ကာယေစ၊ ဤအကျွန်ုပ်၏ကိုယ်၌ လည်းကောင်း။ ဣမသ္မိံ ဂါမေစ၊ ဤအကျွန်ုပ်တို့၏ မြို့ရွာ၌လည်းကောင်း။ ဣမသ္မိံ ဂေဟေစ၊ ဤအကျွန်ုပ်တို့၏အိမ်၌လည်းကောင်း။ အာရက္ခတ္တာနံ၊ စောင့်ရှောက်၍ နေကြကုန်သော။ ဒေဝတာနံ၊ နတ်တို့အား။ သဗ္ဗယက္ခာနံ၊ ခပ်သိမ်းသော ဘီလူးတို့အား။ အန္တော ဗဟိဒေဝါနံ အတွင်းသုံးဆယ့်ခုနစ်မင်း အပြင်သုံးဆယ့်ခုနစ် မင်းနတ်တို့အား။ ဘုမ္မတ္ထဒေဝါနံ၊ မြေ၌ဘုံဗိမာန်ပြု၍ နေကြကုန် သော ဘုမ္မစိုးနတ်အပေါင်းတို့အား။ ရုက္ခတ္တဒေဝါနံ၊ သစ်ပင်၌ ဘုံဗိမာန်ပြု၍ နေကြကုန်သော ရုက္ခစိုးနတ်အပေါင်းတို့အား။ အာရည သင္ဍဒေဝါနံ၊ ကောင်းကင်၌ ဘုံဗိမာန်ပြု၍နေကြကုန် သော အာကာသစိုး နတ်အပေါင်းတို့အား။ သာသနေ၊ ဘုရား မြတ်စွာ သာသနာတော်၌။ အာရက္ခတ္တာနံ၊ စောင့်ရှောက်၍ နေကြကုန်သော။ ဒေဝါနံ၊ နတ်အပေါင်းတို့အား။ နာနာဌာ နေသု၊ အထူးထူးသော ဌာနတို့၌။ အာရက္ခတ္တာနံ၊ စောင့်ရှောက် ၍ နေကြကုန်သော။ ဒေဝါနံ၊ နတ်အပေါင်းတို့အား။ နာနာရ ဋ္ဌေ၊ အထူးထူးသော တိုင်းနိုင်ငံတို့၌။ အဓိဝတ္ထာနံ၊ အုပ်စိုး၍ နေကြကုန်သော။ ရာဇာနံ၊ တရားစောင့်လတ် မင်းကောင်း

မင်းမြတ်တို့အား၏ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟာရန္တု။ (ပုဒ်တိုင်း ပုဒ်တိုင်း ဤအတိုင်းသွားလေ။)

(အရိယာလက်စွဲစာတမ်းမှ)

## ပေးသနားတော်မူသော
## မေတ္တာကို ခံယူပုံ

ဗုဒ္ဓေါ မေ နာထော၊
ဓမ္မော မေ နာထော၊
သံဃော မေ နာထော။

ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ မေ၊ အကျွန်ုပ်၏၊ နာထော၊ ကိုးကွယ်ရာတည်း။

ဓမ္မော၊ တရားတော်မြတ်သည်။ မေ၊ အကျွန်ုပ်၏။ နာထော၊ ကိုးကွယ်ရာတည်း။

သံဃော၊ သံဃာတော်မြတ်သည်။ မေ၊ အကျွန်ုပ်၏။ နာထော၊ ကိုးကွယ်ရာတည်း။

ဗုဒ္ဓသာသီဝါဟံ မေတ္တံဂကျာမိ၊ ဓမ္မသာသီဝါဟံ မေတ္တံဂကျာမိ၊ သံဃာသာသီဝါဟံ မေတ္တံဂကျာမိ၊ မာတာပိတုနံ သီဝါဟံ မေတ္တံဂကျာမိ၊ အာစရိယာနံ သီဝါဟံ မေတ္တံ ဂကျာမိ၊ သဗ္ဗေဒေဝတာနံ သီဝါဟံ မေတ္တံ ဂကျာမိ၊ သဗ္ဗသတ္တာနံ သီဝါဟံ မေတ္တံ ဂကျာမိ၊ မယံ အာယုကိရိ ဝဍ္ဍတု။

(တတိယအကြိမ်) ဝပယ်ဦး၊ဓာဝေပ

၁။ အဟံ၊ အကျွန်ုပ်သည်။ ဗုဒ္ဓံသ၊ သစ္စာလေးရပ်တရား မြတ်ကို တတ်အပ်သိမြင် ဘုရားရှင်၏။ သီဝံ၊ ချမ်းမြ အေးကြည်လှစွာသော။ မေတ္တံ၊ သီတဂူမျှမကကြည် လင်မေတ္တာတော်ရေအေးလျှဉ်ကို။ ဂဏှာမိ၊ နှေးရောညပေါ ဘယ်ခါမလပ် အထပ်ထပ် ခံယူပါ၏။ ဗုဒ္ဓဿ၊ ၏။ သီဝံ၊ သော။ မေတ္တံ၊ သီတဂူမျှမက ကြည်လင်မေတ္တာ တော်ရေအေးလျှဉ်။ မယှံ၊ အကျွန်ုပ်၏။ မုဒ္ဓနိ၊ ထိပ်တော် ထက်၌။ ဖရိတွာ၊ ပျံ့နှံ့၍။ တိဋ္ဌတု၊ အမြဲမသွေ တည် ပါစေသတည်း။

၂။ အဟံ၊ အကျွန်ုပ်သည်။ ဓမ္မဿ၊ မဂ်လေးတန် ဖိုလ်လေး တန် နိဗ္ဗာန်ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်၏။ သီဝံ၊ သော။ မေတ္တံ၊ မေတ္တာကို။ ဂဏှာမိ၊ ၏။ ဓမ္မဿ၊ ၏။ သီဝံ၊ သော။ မေတ္တံ၊ မေတ္တာ သည်။ မယှံ၊ ၏။ မုဒ္ဓနိ၊ ၌။ ဖရိတွာ၊ ၍။ တိဋ္ဌတု၊ တည်း။

၃။ အဟံ၊ သည်။ သံဃဿ၊ မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန်၊ ရှစ်တန် ထင်ပေါ်၊ သံဃာတော်မြတ်၏။ သီဝံ၊ သော။ မေတ္တံ၊ ကို။ ဂဏှာမိ၊ ၏။ သံဃဿ၊ ၏။ သီဝံ၊ သော။ မေတ္တံ၊ သည်။ မယှံ၊ ၏။ မုဒ္ဓနိ၊ ၌။ ဖရိတွာ၊ ၍။ တိဋ္ဌတု၊ တည်း။

၄။ အဟံ၊ သည်။ မာတာပိတုနံ၊ ကျေးဇူးကြီးမား၊ မိဘ နှစ်ပါးတို့၏။ သီဝံ၊ သော။ မေတ္တံ၊ ကို။ ဂဏှာမိ၊ ၏။ မာတာပိတုနံ၊ တို့၏။ သီဝံ၊ သော။ မေတ္တံ၊ သည်။ မယှံ၊ ၏။ မုဒ္ဓနိ၊ ၌၊ ဖရိတွာ၊ ၍။ တိဋ္ဌတု၊ တည်း။

၅။ အဟံ၊ သည်။ အာစရိယာနံ၊ လောကီလောကုတ္တရာ ပညာသင်ပြ၊ ဩဝါဒပေး၊ ကျေးဇူးသခင် ဆရာအရှင် တို့၏။ သိဝံ၊ သော။ မေတ္တံ၊ ကို။ ဂဏှာမိ၊ ၏။ အာစရိယာနံ၊ တို့၏။ သိဝံ၊ သော။ မေတ္တံ၊ သည်။ မယှံ၊ ၏။ မုဒ္ဓနိ၊ ဦး။ ဖရိတွာ၊ ၍။ တိဋ္ဌတု၊ တည်း။

၆။ အဟံ၊ သည်။ သဗ္ဗဒေဝတာနံ၊ ·အလုံးစုံသော သမ္မာ ဒေဝသခင် ရှင်နတ်မင်းတို့၏။ သိဝံ၊ သော။ မေတ္တံ၊ ကို။ ဂဏှာမိ၊ ၏။ သဗ္ဗဒေဝတာနံ၊ တို့၏။ သိဝံ၊ သော။ မေတ္တံ၊ သည်။ မယှံ၊ ၏။ မုဒ္ဓနိ၊ ဦး။ ဖရိတွာ၊ ၍။ တိဋ္ဌတု၊ တည်း။

၇။ အဟံ၊ သည်။ သဗ္ဗသပ္ပုရိသာနံ၊ အလုံးစုံသော သူတော်ကောင်းတို့၏။ သိဝံ၊ သော။ မေတ္တံ၊ ကို။ ဂဏှာမိ၊ ၏။ သဗ္ဗသပ္ပုရိသာနံ၊ တို့၏။ သိဝံ၊ သော။ မေတ္တံ၊ ကို။ ဂဏှာမိ၊ ၏။ သဗ္ဗသပ္ပုရိသာနံ၊ တို့၏။ သိဝံ၊ သော။ မေတ္တံ၊ သည်။ မယှံ၊ ၏။ မုဒ္ဓနိ၊ ဦး။ ဖရိတွာ၊ ၍။ တိဋ္ဌတု၊ တည်း။ မယှံ၊ အကျွန်ုပ်၏။ အာယု၊ အသက်သည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတု၊ အမြဲ မသေ့ တည်ပါစေသတည်း။

အချင်းသူတော်ကောင်း....

သူတော်ကောင်းများ ပေးသောမေတ္တာကို ခံယူတတ်မှ ရရှိနိုင်ပါသည်။ ခံယူတတ်ဖို့လည်း လိုသည်။ ပေးသူက ပေး၍ မယူတတ်က မရပါ။

ထို့ကြောင့် သူတော်ကောင်းကြီးများ ပေးပို့သော မေတ္တာကို စနစ်တကျ ခံယူပါ။ သို့မှသာ ပေးပို့လိုက်သော မေတ္တာအား အပြည့်အဝ ရရှိမည် ဖြစ်ပါသတည်း။

## အမျှဝေ

၁။ မာတာပိတု ဂရုဗန္ဓု၊ ယမိန္ဒြဗြဟ္မာရာဇူနံ၊
အတ္တသာလာရာမ ပုရ၊ ပါလာနံ အဂတံ ရှဟံ။
၂။ ဝဏ္ဏာဒိကံဝ ဧတေသံ၊ သိဒ္ဓိနိဋ္ဌမ်ိယေဂတာ၊
အဋေသံ ပုညံ ဒဒါမိ၊ ပမောဒါမိ သဒါသမံ။

အဟံ၊ ငါသည်။ ပုညဋ္ဌ၊ နေ့စဉ်အမျှ ပြုနေရသည့် ကောင်းမှုကုသိုလ်အဖို့တွေကိုလည်း မာတာပိတု ဂရုဗန္ဓု၊ ယမိန္ဒြဗြဟ္မရာဇူနံ၊ မိဘ–ဆရာ ဆွေညာသင်းပင်း၊ ယမမင်းတဝ ဒေဝ-မင်းဖျား သိကြား-ဗြဟ္မာမင်း အဖြာဖြာတို့အား လည်းကောင်း၊ အတ္တသာလာရာမပုရ၊ ပါလာနံ၊ ကိုယ်ကျောင်းအိမ်အရာမ် မြို့တတန် စောင့်ကြနတ်များ အပေါင်းတို့အား လည်းကောင်း။ ဝဏ္ဏာဒိကံဝပါလာနံ၊ အင်းကွက်၊ စမလောကသာသနာ အရာရာစောင့်ကြ နတ်အပေါင်းတို့အား လည်းကောင်း။ ယေ၊ အကြင်–အရှင် အဋ္ဌဂေါ၊ ရှင်မထီး၊ ဓမ္မပါလ၊ ဓမ္မစေတီ မင်းခေါင်၊ ဘိုးဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်၊ ဦးအောင်ရသေ့၊ ဆံရှည်ကိုယ်တော် ဦးကောဏ္ဍည၊ ဝိဇ္ဇာဇော်ဂျီ၊ တပသီပေါက် ပုဂ္ဂိုလ်အပေါင်းတို့သည်။ သိဒ္ဓိနိဋ္ဌ၊ သိဒ္ဓိဆယ်ခွင်၊ အောင်မြင်ပြီးဆုံးခြင်းသို့။ ဂတာ၊ မုချပုံသေ ဆိုက်ရောက်တော် မူကြလေကုန်ပြီ။

ဧတေသံပိ၊ ထိုသိဒ္ဓိဆယ်ခွင် အောင်မြင်ပြီးဆုံးခြင်းသို့ ရောက်တော်မူကြကုန်သော အရှင်အဇ္ဇဂေါကျရှင်မထီးဓမ္မာပါလ ဓမ္မစေတီမင်း ဘိုးဘိုးမင်းခေါင် ဘိုးဘိုးအောင် ဦးအောင်ရသေ့ သံရှည်ကိုယ်တော်- ဦးကောဏ္ဍည အစရှိသော ဝိဇ္ဇာ ဇော်ဂျီ ဟပသိပေါက် ပုဂ္ဂိုလ်အပေါင်းတို့အား လည်းကောင်း။ အညေသံပိ၊ မိဘကစ ဆိုခဲ့သည်မှဘပါး များပြားလှစွာ အနန္တသတ္တဝါ အပေါင်းတို့အား လည်းကောင်း။ သမံ၊ အညီအမျှ အကျွန်ုပ် ရသကဲ့သို့။ ဒဒါမိ၊ ပတ္တိဒါန ပုညကုသိုလ် ဝေငှပေးလိုက်ပါ၏။ (ကုသိုလ် အမျှ--အမျှ--အမျှ)။

သာဓုနံ၊ သူတော်ကောင်း အပေါင်းတို့၏ ပုညဉ္စ၊ နေ့စဉ် အမျှ ပြုနေကြသည့် ကောင်းမှုကုသိုလ်အဖို့တွေကိုလည်း၊ သဒါ၊ အခါခပ်သိမ်း။ ပမောဒ ဒါမိ၊ သာဓုနုမော်ခေါ်ကာ နှစ်သက် ရွှင်ပြုံး ကျွန်ုပ် ဝမ်းမြောက်လှပါတော့သတည်း။

(သာဓု-သာဓု-သာဓု)
(ဝိဇ္ဇာဓရမန္တန်တော်မှ)

# မေတ္တာပို့ခြင်းနှင့် ပတ်သက်၍ ဖြည့်စွက် တိုက်တွန်းချက်များ

ကျောင်းနေဘက် ပင်စင်စားနှင့် ဆွေးနွေးခြင်း—

ပင်စင်။ ။'ဒီကနေ့ ဩဇာအာဏာ အကြောင်း ဆွေးနွေး မလားဗျို'

ကျွန်ုပ်။ ။'နေဦးဗျာ မေတ္တာဘာဝနာအကြောင်းနဲ့ ပတ်သက်လို့ နယ်ကစာတွေ ရောက်နေတယ်ဗျို၊ သူတို့ သိချင်တာကလေးတွေ ရှင်းပြဦးမှ ဖြစ်မယ်ဗျ'

ပင်စင်။ ။'ဘာတွေများ ပေးထားကြသလဲ'

ကျွန်ုပ်။ ။'နယုန်လပြည့်နေ့က တလတော့ စေ့သွားပြီတဲ့ဗျ၊ သူတို့မှာ အဖွဲ့ဝင်အင်အား တောင့်နေလို့ ဆက်လက်ပြီး မေတ္တာအလုပ်ကို လုပ်ချင်ပါသေးတယ်တဲ့ဗျ'

ပင်စင်။ ။'အတိုင်းထက်အလွန်ပဗျာ၊ လုပ်ပါစေလားဗျာ'

ကျွန်ုပ်။ ။ဒီလိုစာတွေရတာ သိပ်ဝမ်းသာတယ်ဗျာ'

ပင်စင်။ ။'ဘယ်လောက်များ ခင်ဗျားဝမ်းသာသလဲဗျ'

ကျွန်ုပ်။ ။'တရားအားထုတ်ခြင်း၊ ဟောပြောခြင်း၊ တိုက်တွန်း နှိုးဆော်ခြင်းမှစ၍ တသက်မှာ ပိုက်ဆံမကုန်ရတဲ့ ကောင်းမှု ကုသိုလ်ကလေးတွေ အကြိမ်ကြိမ်ပြုခဲ့ရဖူးပါတယ်၊ မေတ္တာဘာဝနာ ပွားများဖို့ အကြံပေး တိုက်တွန်းရာ အလုပ်လောက် အားရပါးရ ပီတိသောမနဿ ဖြစ်ခြင်းမျိုးတော့ တခါမှ မကြုံရဘူးဗျို့၊ နံနက် အိပ်ရာမှထတိုင်း ဒီအလုပ်ကို လက်ဦး သတိရပြီး ကြည်နူးလှပေသဗျာ'

ပင်စင်။ ။'ခင်ဗျား ကောင်းမှုကုသိုလ်ပြုလျှင် ပိုက်ဆံမကုန်ရတဲ့ ကုသိုလ်မျိုးမှ ရွေးလုပ်ချင်တဲ့ လူတယောက်နဲ့ တူတယ်'

ကျွန်ုပ်။ ။'တမင်တကာ ရွေးခြင်းတော့ မဟုတ်ပါဘူးဗျာ၊ သို့သော် ကျုပ်က ကောင်းမှုလုပ်လျှင် လူအများ လုပ်လို့ လိုက် လုပ်ချင် တတ် တဲ့ လူ မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် သတိရပြီး ဘွားကနဲ အကြံရလို့ ထလုပ်လိုက်ရတဲ့ ကောင်းမှု မျိုးကိုမှ ဝါသနာပါတတ်တယ်ဗျ'

ပင်စင်။ ။'မေတ္တာအလုပ်နဲ့ ပတ်သက်လို့ ဘာများ စိတ်ကူးသစ် ရထားသေးလဲဗျာ'

ကျွန်ုပ်။ ။'လောကမှာ တော်တဲ့လူတွေလဲ အင်မတန် တော်ကြပါတယ်၊ ပြောလိုက်လျှင် သဘောပေါက်

နားလည်ပြီး စိတ်အားတက်ကြွတတ်လို့မို့ ထလုပ် ချင်တဲ့လူတွေလဲ တွေ့ရပါတယ်၊ တချို့လဲ တော် တော် ထုံထုံထိုင်းထိုင်း ရှိကြသဗျာ၊ တခြားဟာ ထုံထိုင်းလို့ ကိစ္စမရှိဘူး၊ မေတ္တာ၏အကျိုး အာနိသင် အကြောင်းနဲ့ မရှိမပြီး မလုပ်မဖြစ်တဲ့ သဘာဝ အကြောင်းကို နားမလည် သူများနဲ့ မယုံကြည် သူများဟာ ဒီခေတ်မှာ တော်တော် ပေါများလာ ခြင်းဟာ အထူး ဝမ်းနည်းစရာ ကောင်းတယ်ဗျာ'

ပင်စင်။ ။'ဟုတ်တာပေါ့ဗျာ၊ ခင်ဗျားတို့ လုပ်ကြတဲ့ လွတ်မြောက်ရေးတရားတို့၊ လောကုတ္တရာ တရားတို့ ဆိုတာတွေက ကျုပ်တို့ လွတ်မြောက်ရေး အလိုမရှိ ပါဘူး၊ သံသရာမှာ သားနဲ့ မယားနဲ့ တင့်တောင့် တင့်တယ် ပျော်ပျော်ပါးပါး နေချင်ပါသေးတယ် လို့ ပြောတဲ့လူများ ကျုပ် ကြားရတဲ့အခါ သူ့ စကားဟာ အဓိပ္ပာယ်ရှိပေသကိုးလို့ ဝန်ခံရပါ တယ်၊ မင်းလဲ အတူတူပဲလို့ ကိုယ့်ကိုယ်ကိုယ်ဆုံးမမိပါ တယ်၊ မေတ္တာတရား ဆိုတာက လူ့ပြည်မှာ သူ ခြောက်ခန်းလေလေ ဒေါသတွေ ကြီးကုန်ကြပြီး အသတ်အဖြတ် အခုတ်အထစ်တွေ ပေါများလာကြ လေလေ ဖြစ်လေတော့ ပြောပြလိုက်လျှင် အညှာ လွယ်လွယ်နဲ့ ပါလာလိမ့်မယ်လို့ ကျုပ်တော့ ယူဆ မိတယ်ဗျ'

ကျွန်ုပ်။ ။'တချို့လူများ ယူဆကြပုံက စိတ်ထဲက လူတဘက် သား ကောင်းစားစေချင်ပါတယ်ဆိုလို့ ကောင်းစား လာရောလားတဲ့ဗျ'

ပင်စင်။ ။'ဒါမျိုးက ရုပ်ဝါဒသမားများ အားကြီးပြောလေ့ ရှိတယ်ဗျို၊ ကောင်းစားစေချင်တဲ့ စေတနာဟာ ကိုယ်ထိလက်ရောက် မလုပ်တော့သမျှ ကာလပတ်လုံး အလကားပါပဲလို့ ယူဆတတ်ကြတယ်ဗျ'

ကျွန်ုပ်။ ။'ဒီအယူအဆဟာ သိပ်မှားတယ်ဗျ'

ပင်စင်။ ။'ခင်ဗျားပဲ ရှင်းစမ်းဗျာ၊ ဘယ်လိုမှားပုံလဲဗျို'

ကျွန်ုပ်။ ။'မေတ္တာတရားလေ့ကျင့်ရေးနဲ့ ပတ်သက်လို့ ရှေးဦး စွာ လုပ်ယူရမှာက မိမိကိုယ်တိုင် မေတ္တာစိတ်ထား မျိုးမကပ်နိုင်သေးမီ လူတယောက်က လူတယောက် ကို ကျေးဇူးပြုခြင်း၊ အကူအညီပေးခြင်း၊ စောင့်မ ကြည့်ရှုခြင်း စသည်မျိုးကို ပြုလိုက်တဲ့အခါမှာ "တော်ပါပေတယ်" ဆိုတဲ့ ချီးကျူးမှုမျိုးစိတ်ထဲမှာ ဖြစ်ပေါ်စေရမယ်ဗျ၊ ၎င်းနောက် "တော်ပါပေ တယ်၊ ငါ့ထက် သာပါပေတယ်" ဆိုတဲ့ ဝန်ခံချင်မှု မျိုး ဖြစ်ပေါ်လာစေရမယ်ဗျ'

ပင်စင်။ ။'ကောင်းသဗျို၊ ဒီအကျင့် ကျုပ်တောင်လုပ်ပါရဦး မယ်ဗျာ'

ကျွန်ုပ်။ ။'တယောက်ကိုတယောက် ကျေးဇူးပြုခြင်းကို တွေ့မြင်ရသည့်အခါ ချီးမြှောက် ထောက်ခံချင်တဲ့ စိတ်မျိုး ဖြစ်ပေါ်လာတတ်ခြင်းသည် လူကောင်းတယောက်၏ အင်္ဂါဖြစ်တယ်လို့ မှတ်ထားလိုက်ဗျာ'

ပင်စင်။ ။'လူညံ့ကတော့ ဘယ်လိုဖြစ်သွားလဲဗျာ'

ကျွန်ုပ်။ ။'မထိမဲ့မြင်သော်လည်းကောင်း (သည့်ထက်ဆိုးတာက) သူမို့လို့ ရှာရှာဖွေဖွေ လုပ်ချင်တတ်ပေသနော် ဆိုတဲ့ မျက်နှာထားမျိုး ဖော်ပြခြင်းပေါ့ဗျ၊ ထိုသို့သော လူများသည် ကြံရည်ဖန်ရည်ရှိလို့ ဘယ်လောက်ကြီးပွားစေ၊ စိတ်ချမ်းသာမှု မရတတ်၊ ပူလောင်မှုမျိုးကိုသာ ခဏခဏ တွေ့တတ်တယ်လို့ မှတ်လိုက်ဗျား'

ပင်စင်။ ။'ဟုတ်ကဲ့ဗျား၊ နို့ဗျာ သည်လိုလူမျိုးကော ကြီးပွားနိုင်သေးလားဗျ'

ကျွန်ုပ်။ ။'ကြီးပွားခြင်းကို သည်လောက် မကြည့်ပါနဲ့၊ အတိတ်က ကာမာဝစရကံရယ်၊ လူပေါ် လူဇော် လုပ် နည်း က လေး လေ့ကျင့်ထားတဲ့ ကြံရည်ဖန်ရည် စသည်များက ထောက်ပံ့နေတဲ့အခိုက်အတန့်မှာတော့ ဘယ်လောက် စိတ်ယုတ်မာ ရှိရှိ ခဏတဖြုတ်တော့ ကြီးပွားနိုင်တာပဲဗျ'

ပင်စင်။ ။'ခဏတဖြုတ်ပဲလားဗျ'

ကျွန်ုပ်။ ။'တချို့လဲ ကြာတယ်ပေါ့လေဗျာ၊ သို့သော် စိတ်ဖြောင့်စင်းမှု မကပ်လျှင်တော့ ကြီးပွားစေဦး စိတ်မချမ်းသာတတ်ပါဘူးဗျာ'

ပင်စင်။ ။'ဒါက ဘုရားဟောလားဗျာ'

ကျွန်ုပ်။ ။'ဟောတော်မူမှာပေါ့ပဲ၊ သို့သော် ကျုပ်က ကျမ်းဂန်သင်ပြန့်ပေပ်တဲ့ လူတယောက် မဟုတ်လေတော့ ဘယ်နေရာမှာ ဟောတယ်လို့ မမှတ်မိဘူးဗျာ'

ပင်စင်။ ။'မမှတ်မိပါနဲ့ ဘာကြောင့် [illegible] ပြောနေသလဲဗျာ'

ကျွန်ုပ်။ ။'[illegible]က [illegible]တ်သဘော [illegible] ကြီး [illegible] ဆင်ခြင် [illegible] သာ [illegible] ဖြ [illegible] ကြ [illegible] [illegible] က် သဘော [illegible] ပျော်ရွှင် [illegible] တ [illegible]'

ပင်စင်။ ။'ကြ [illegible] က် ရလောက်အောင် မ [illegible] ပါ [illegible] သော [illegible] မေးမြန်း ခြင်း [illegible]'

ကျွန်ုပ်။ ။ကြီးတော့ [illegible] ဒေသ [illegible] ရောက် [illegible] ပေါ်သ [illegible] လေးဟာ [illegible] သ [illegible] "မေတ္တာ" [illegible] ကောင်း [illegible] မှ [illegible] ပါဘူးလဲ [illegible]'

ပင်စင်။ ။'နေ့ရမ်း၊ ကျုပ် ရှင်ကြ [illegible] 'ကမ္ဘာသား [illegible] ချင်း သင့်သ [illegible] မြတ်ကြိမ်မြတ် [illegible] ကြင်ကြင်နေ [illegible] ချ [illegible] သွေ့ကျက် သဒ္ဒါကြည်ညို [illegible]

ကြပါစေသတည်း''တဲ့၊ ဟုတ်သားပဲဗျို့၊ မေတ္တာ မပါပါပဲလားဗျ'

ကျွန်ုပ်။ ။'ဟုတ်ပါတယ်၊ ကျုပ်က တမင်တကာ သည် စကားလုံးကို ချန်လှပ်ထားခြင်း ဖြစ်ပါတယ်'

ပင်စင်။ ။'သယ်၊ မေတ္တာပို့တယ်ဆိုပြီး ဘာကြောင့် သည် စကားလုံး ချန်ထားသလဲဗျ၊ ကျုပ်တောင် ခပ်ရှံရှံ ဖြစ်သွားတယ်ဗျို့'

ကျွန်ုပ်။ ။'ကျုပ်က တမင်တကာ ချန်ထားခြင်းပါ'

ပင်စင်။ ။'ဘာကြောင့်'

ကျွန်ုပ်။ ။'မေတ္တာဆိုတဲ့ ပါဠိစကားလုံးဟာ တချို့လူတွေ အဓိပ္ပာယ် အယူအဆမှားပြီး အသုံးအနှုန်း ချော် တတ်ကြလို့ပါဗျာ'

ပင်စင်။ ။'ဆိုစမ်းဗျာ'

ကျွန်ုပ်။ ။ကျုပ်လဲ ရေးခဲ့ဖူး လှပါပြီ၊ လူငယ် တယောက် မိန်းကလေး တယောက်ကို ချစ်ကြိုက်တဲ့ အခါမှာ ''မင်းကို မေတ္တာရှိပါတယ်လို့'' ပြောတတ်တယ်ဆို မဟုတ်လား''

ပင်စင်။ ။'ဟုတ်ကဲ့၊ လူပျိုလှည့်ကြတော့တကယ်ပြောမပြော မဆိုနိုင်ဘူး၊ စာထဲမှာတော့ ပြောကြတယ် ဆိုတာပဲ'

ကျွန်ုပ်။ ။'ခင်ဗျားကိုယ်တိုင် မပြောဖူးဘူးလား'

ပင်စင်။ ။'ဟာ....မှတ်မိဘူးဗျာ၊ မေ့ကုန်ပြီဗျို့၊ ကြီးတောင် ကြီးမှ လာစစ်ဆေးနေတယ်ဗျာ'

ကျွန်ုပ်။ ။'ကျုပ်ဆိုချင်တာက ယောကျ်ားလေး တယောက် က မိန်းကလေး တယောက်ကို ချစ်ကြိုက်စုံမက်ခြင်း ဟာ လူတွေပွားများထိုက်တဲ့ (ဗြဟ္မစိုရ်) မေတ္တာ မဟုတ်ဘူးဗျ'

ပင်စင်။ ။'ကျုပ်လဲ တွေးမိပါတယ်၊ ဒီမေတ္တာမျိုး ပွားများ လျှင်တော့ ကိစ္စများကုန်ကြမှာပဲလို့'

ကျွန်ုပ်။ ။'သူ့ဟာက ရာဂစိတ်ပဲဗျ၊ မေတ္တာမှမဟုတ်ပဲ'

ပင်စင်။ ။'အောင်မယ်၊ ကြင်နာမှုကလေးတော့ တွဲလျက် သွားပဲဗျ'

ကျွန်ုပ်။ ။'ခဏကလေးပါ၊ တော်တော်ကြာလို့ မိန်းကလေးက စိတ်ပြောင်းပြီး ဒီပြင် တယောက်ကို ကြိုက်တော့ ဘယ့်နှယ့်ရှိသလဲဗျာ'

ပင်စင်။ ။'သတ်ပစ်ချင်တာပေါ့လေဗျာ'

ကျွန်ုပ်။ ။'ဒါဟာ မေတ္တာဟုတ်နိုင်ပါ့မလားဗျာ'

ပင်စင်။ ။'ဒါဖြင့် မေတ္တာဆိုတဲ့ စကားအဓိပ္ပာယ်က ဘယ်လို လဲဗျ'

ကျွန်ုပ်။ ။'နေဦးဗျ....ရှိသေးတယ်၊ အင်္ဂလိပ်လိုပဲ "မေတ္တာ" ဆိုတဲ့ စကားလုံးကို (LOVE) ချစ်ခြင်း မေတ္တာလို့ ဘာသာပြန်ထားတယ်ဗျ'

ပင်စင်။ ။'မှန်ရဲ့လားဗျာ'

ကျွန်ုပ်။ ။'နှစ်လုံးစလုံး မကြိုက်ဘူးဗျာ'

ပင်စင်။ ။'ဘယ်နှယ်လဲဗျာ၊ စကားတလုံးကို ဘာသာ ပြန်ရာမှာ နှစ်လုံးတောင် မှားရသလားဗျ'

ကျွန်ုပ်။ ။ဒီလိုပါဗျာ၊ "မေတ္တာ"ဆိုတဲ့ စကားလုံးကို ခရစ်ယာန် သာသနာပြုဆရာကြီး ယုဒသန်က အင်္ဂလိပ်လို (LOVE) ဗမာလို "ချစ်ခြင်းမေတ္တာ" လို့ဘာသာပြန်ခဲ့ဖူးတယ်၊ နှစ်ခုစလုံးမကြိုက်ဘူးဗျ'

ပင်စင်။ ။'မှားသလားဗျာ'

ကျွန်ုပ်။ ။'မှားတယ်လို့ ကျုပ်မဆိုပါဘူးဗျ၊ မကြိုက်ဘူးလို့ ပြောမိခြင်းပါ'

ပင်စင်။ ။'ခင်ဗျားပဲ ခုနင်က ပြောပြီးတော့'

ကျွန်ုပ်။ ။ကျုပ်မပြောပါဘူး၊ ခင်ဗျားပြောခြင်းပါဗျာ၊ ကော်နေပြီဗျို့၊ ခင်ဗျားနဲ့ စကားပြောယင် တိတ်ရိကော်ဒါ ယူထားမှ ဖြစ်မယ်ထင်တယ်'

ပင်စင်။ ။'ကိုင်းပါဗျာ၊ မကြိုက်ပုံ ပြောပါဦး'

ကျွန်ုပ်။ ။ဗုဒ္ဓဘာသာမှာသုံး "မေတ္တာ"ဆိုတဲ့စကားလုံးဟာ သူတို့ရဲ့(လာ့ဗ်) ဆိုတဲ့စကားလုံးနဲ့ မတူသင့်ဘူးဗျ၊ (လာ့ဗ်)ဆိုတာက ချစ်ကြိုက်ခြင်း၊ (အတူနေခြင်း)

မျှသာဖြစ်တယ်၊သူတို့ရဲ့(လာဘ်) ဆိုတဲ့စကားလုံးက ကျုပ်တို့ အခေါ်အရ "၅၂၈" အတွက်လဲ သုံးတာပဲ၊ "၁၅၀၀" အတွက်လဲ သုံးတာပဲဗျ၊ ဒါကြောင့်"မေတ္တာ"ကို (လာဘ်) လို့ဘာသာပြန်ခြင်းကိုလဲမကြိုက်ဘူး၊နောက်ပြီးတော့မာလို "ချစ်ခြင်းမေတ္တာ"လို့ဆရာကြီး ယုဒသန်က ဘာသာပြန်ခြင်းကိုလဲ မကြိုက်ဘူးဗျ'

ပင်စင်။ ။'ဘာကြောင့်လဲဗျာ'

ကျွန်ုပ်။ ။'ချစ်ခြင်းမေတ္တာဆိုတဲ့ စကားလုံးဟာ ငွေငယ်နံ့ သာသနာပြု ကျောင်းတော်နံ့တယ်ဗျာ၊ ဗမာခရစ်ယာန်တွေ သိပ်သုံးကြတာပဲဗျို့'

ပင်စင်။ ။'ခင်ဗျားက ဘုန်းကြီးကျောင်းစော်နံ့ ကြိုက်သလားဗျ'

ကျွန်ုပ်။ ။'ပြောပါတော့ဗျာ၊ ပါဠိကို မြန်မာလိုပြန်ရာမှာတော့ ဘုန်းကြီးကျောင်းစော် နံတာကို ကြိုက်တယ်ဗျ'

ပင်စင်။ ။'ဗြဟ္မစိုရ် မေတ္တာကို ဘယ်လိုခေါ်မလဲဗျာ'

ကျွန်ုပ်။ ။'ချစ်ခြင်းမေတ္တာလို့ မခေါ်ပါနဲ့၊ မေတ္တာလို့ ခေါ်ပါ၊ ချစ်ကြိုက်တာကိုလဲ ချစ်ကြိုက်တယ်လို့ပဲ ခေါ်စေချင်တယ်'

ပင်စင်။ ။'ဗြဟ္မစိုရ် မေတ္တာရဲ့ အဓိပ္ပာယ်အရင်းအစစ်က ဘယ်လိုလဲဗျ'

ကျွန်ုပ်။ ။'တဘက်သား ကောင်းစားစေချင်တဲ့ ဆန္ဒပဲဗျ၊ အတူတူနေချင်တဲ့ ရည်ရွယ်ချက်မျိုးကို မဆိုလိုဘူးဗျ'

ပင်စင်။ ။'ပြီးတော့ကောဗျာ၊ မေတ္တာပွါးခြင်းအလုပ်နဲ့ ပတ်သက်ပြီး ဘာများပြောစရာ ရှိသေးလဲဗျ'

ကျွန်ုပ်။ ။'ဦးဣန္ဒောဘာသ ဆရာတော်က 'ပြည်ထောင်စုသား အချင်းချင်းဆိုတဲ့ အသုံးကို ကြိုက်တယ်၊ ကျုပ်က 'ကမ္ဘာသား အချင်းချင်းဆိုတဲ့ အသုံးကောကိုကြိုက်တယ်၊ ပြည်ထောင်စုသား အချင်းချင်းဆိုလိုက်တော့ ကောင်းစားစေချင်တဲ့ ဆန္ဒဖြစ်ဖို့ လွယ်ကူတယ်ပေါ့လေဗျာ၊ သို့သော် ကမ္ဘာသား အချင်းချင်းဆိုလိုက်တော့ ''ငါ'' မဖက်ပဲ သဘောပါပြီး ပို၍ကျယ်ပြန့်တယ်၊စင်ကြယ်တယ်လို့ ကျုပ်က ယူဆတယ်ဗျ'

ပင်စင်။ ။'ဒါဖြင့် ပိုပြီးကျယ်ပြန့်အောင် သတ္တဝါအချင်းချင်း ဆိုလျှင်ကောဗျ'

ကျွန်ုပ်။ 'ပို၍ ကျယ်ပြန့်ပါတယ်၊ သို့သော် သင့်သင့်မြတ်မြတ် ရှိကြဖို့တွေ ဘာတွေကတော့ တိရစ္ဆာန်တွေ အချင်းချင်းထက် လူအချင်းချင်းအတွက် အာရုံပြုခြင်းက ပို၍ လက်တွေ့ကျတယ်ဆိုပြီး ရွေးချယ်ခြင်း ဖြစ်ပါ

တယ်ဗျ၊ သို့သော် ပိုပြီးကျယ်ပြန့်အောင် သတ္တဝါ အချင်းချင်းဆိုဆို၊ ပို၍နီးစပ်အောင် ပြည်ထောင်စု သားအချင်းချင်းဆိုဆို ကိုယ်ကြိုက်ရာ ရွေးနိုင်ကြ ပါတယ်ဗျ'

ပင်စင်။ ။'ပြီးတော့ကောဗျာ'

ကျွန်ုပ်။ ။'မေတ္တာပို့သူ ထောင်ပေါင်းများစွာ ရှိလာကြပြီ လို့ သဘင်းရသော်လဲ ကျက်မှတ်ထားပြီးနှုတ်တိုက် ရွတ်ဆိုကြသူများဖြစ်နေကြမည်ကို စိုးရိမ်တယ်ဗျာ၊ တပိုဒ်စီ တပိုဒ်စီရွတ်ယင်းရွတ်ယင်း သူ့အဓိပ္ပာယ်ကို စိတ်ထဲမှာ ပေါ်ပေါ်လာအောင် သတိပြုတတ်ဖို့ ထပ်လောင်းပြီး သတိပေးချင်တယ်ဗျာ'

ပင်စင်။ ။'ခင်ဗျားဟာက ကပ်ခါထင်ခါ ရှိသျှော့ချေကကား ဗျာ'

ကျွန်ုပ်။ ။'ထပ်သင့်တယ်ထင်လို့ပါဗျာ၊ဘာကြောင့်ဆိုတော့ နှုတ်မှရွတ်ရုံရွတ်တဲ့လူ ၁၀ ယောက်ရဲ့ ဆောင်ရွက်မှု ထက် ကျုပ်ပြောသလို တပိုဒ်စီ နှလုံးသွင်းပြီးရွတ်ဆို တတ်သူ တယောက်၏ ဆောင်ရွက်မှုက ပိုမိုပြီး အကျိုးအာနိသင် ကြီးကယ်ခြင်းကို သဘော ပေါက်စေချင်လှန်းလို့ အထပ်ထပ် သတိပေးခြင်း ဖြစ်ပါတယ်ဗျာ'

ပင်စင်။ ။ 'ပြီးတော့ကောဗျာ'

ကျွန်ုပ်။ ။ 'နောက်ဆုံးအပိုဒ်ကလေး အရေးကြီးပုံကို ရှင်းပြချင်သေးတယ်ဗျာ'

ပင်စင်။ ။ 'သဒ္ဒါကြည်ဖြူကူညီစောင်မ နိုင်ကြပါစေသတည်းလား'

ကျွန်ုပ်။ ။ 'ဟုတ်ပြီဗျို့၊ အထက်ပိုင်းကတော့ စိတ်ဖြင့် ဆန္ဒပြုရုံပဲရှိတယ်၊ နောက်ဆုံးအပိုဒ်ကတော့ ကမ္ဘာ့သား အချင်းချင်း ကူညီကြရုံသာ မကဘူး၊ ဝတ်ကျေဝတ်ကုန်ကူညီခြင်းမျိုးလည်း မဟုတ်၊ သဒ္ဒါကြည်ဖြူစွာ စောင်မကြခြင်းကို မြင်ပါရစေလို့ ဆန္ဒပြုခြင်းကိုးဗျ'

ပင်စင်။ ။ 'ဟုတ်ပါတယ် နားလည်လောက်ပါပြီ'

ကျွန်ုပ်။ ။ 'သည်းခံပါဗျာ နည်းနည်းကလေး ထပ်ဆင့်လိုက်ချင်သေးလို့ပါ၊ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်စက ရန်ကုန်မှာ ဂျပန်လေယာဉ်ပျံတွေ ဗုံးကြဲတော့ မြို့သူမြို့သားတွေက မီးရထားနဲ့ထွက်ပြေးကြရာမှ ရန်ကုန်မန္တလေး လမ်းမကြီးတလျှောက် ဘူတာရုံတွေမှာ မြို့အသီးသီးမှ လူတွေထွက်ထွက် လာကြပြီး အဆင်သင့် ချက်ပြုတ်ကြော်လှော်ထားကြတဲ့ စားသောက်ဖွယ်တွေကို ဗုံးပြေး ဒုက္ခသည်များအတွက် ဆိုပြီး မီးရထားပေါ်သို့ ပစ်ပစ်တင်ပေးကြတဲ့ အခြင်း

အရာကို ကျုပ် အကြိမ်ကြိမ် ရေးပြခဲ့ဖူးတယ်၊ ပြောပြခဲ့ဖူးတယ်၊ ဗမာလူမျိုး၏စေတနာကောင်းပုံ ဆိုပြီး ဝါဒဖြန့်ခဲ့ဖူးပါတယ်၊ သည်အကြောင်းကို အခု ပြောပြယင်းတောင် စိတ်ထဲမှာ ပီတိ ဖြစ်လာသေးသဗျို့'

ပင်စင်။ ။'ခဏခဏ ခင်ဗျား ပြောဖူးလှပါပြီ'

ကျွန်ုပ်။ ။'မေတ္တာပို့ လေ့ကျင့်သူများကို ကျုပ်ပြောတာက သူတို့မှာလဲ ယခုလို လူအချို့က၊ သို့မဟုတ် လူတယောက်က အခြားလူများအား စေတနာထက်သန်စွာနဲ့ ဝမ်းပန်းတသာ၊ အားရပါးရ ပျော်ပျော်ရွှင်ရွှင် ကူညီထောက်ပံ့တဲ့ အခြင်းအရာမျိုးကို တွေ့ကြုံဖူးကြ ပါလိမ့်မည်။ မေတ္တာ ပို့ကြသူများသည် နောက်ဆုံးအပိုဒ် ရောက်တဲ့အခါမှ ၎င်းအဖြစ်အပျက်ကို စိတ်ထဲက ပြန်လည် ပေါ်တက်ပြီး အာရုံပြုကတ်ကြဖို့ သတိပေး နှိုးဆော်လိုက်ချင်သဗျာ'

ပင်စင်။ ။'အခုမှပဲ ပြောရသလားဗျာ'

ကျွန်ုပ်။ ။'လေ့ကျင့်ယင်း ပေါ်လာခိုက် ပြောရခြင်းပါဗျာ'

ရွှေဥဒေါင်း
(လုပ်သားပြည်သူ့နေ့စဉ် သတင်းစာမှ)

# စာရေးသူ၏ နိဂုံး

အချင်းသူတော်ကောင်း....

သင့်လက်ထဲ၌ ရှိနေသော ဤ "ဂုဏ်တော်တန်ခိုးနှင့် သိဒ္ဓိအမျိုးမျိုး" စာအုပ်သည် သင့်ရှေ့၌ ရှိနေသော ကျောက်မျက်ရတနာများအဖြစ် လည်းကောင်း၊ သင့်ရှေ့၌ ရှိနေသော အမွှေးနံ့သာတုံးများအဖြစ် လည်းကောင်း ကြိုက်နှစ်သက်သလိုသွေး၍ ရယူနိုင်သည်။

ကျောက်မျက် ရတနာများမှာ သင့်ရှေ့၌ လည်းကောင်း၊ အမွှေးနံ့သာတုံးများမှာ သင့်ရှေ့၌ လည်းကောင်း အသီးသီး ရှိနေကြပေပြီ၊ သွေးရန်မှာ သင့်၌သာ တာဝန်ရှိပါသည်။

ထို့ကြောင့် မမေ့မလျော့၊ မလျော့မတင်း၊ မပျင်းမရိ၊ ဝီရိယကို အဦးထား၍၊ ကြိုးစားပွားများ အားထုတ်ပါ၊ ဤမျှသာ ပန်ကြားလိုက်ရပါသတည်း။

သုသုက

စာမူကြိုတင်ခွင့်ပြုချက်အမှတ် (၉၂၇)

ပုထုဇနော ဥမ္မတကောဟု ဆိုသည့်အတိုင်း
လူတိုင်း လူတိုင်းတွင် စိတ်ရောဂါဟူသည်
အနည်းနှင့်အများ ရှိနေတတ်ကြသည်သာတည်း။

- စိတ်ရောဂါ ဖြစ်တတ်သော အကြောင်းရင်းများ
- စိတ်ရောဂါ အမျိုးအစားများ
- စိတ္တဇရောဂါ အရေးပေါ် အခြေအနေများ
- စိတ်ရောဂါပညာသမိုင်း စသည် စသည်ဖြင့်-

စိတ်ရောဂါအကြောင်း ပြည့်ပြည့်စုံစုံ သိရှိရမည်။

စိတ်ရောဂါအထူးကုဆေးရုံကြီးမှ
သမားတော်ကြီးများကိုယ်တိုင် ပြုစုရေးသားသည့်

# အခြေခံစိတ်ရောဂါပညာ

## ဒေါက်တာဦးနေဝင်း
M.B.B.S; D.P.M (LOND.) F.R.C. PSYCH.

## ဒေါက်တာအုန်းမောင်
M.B.B.S, D.P.M (LOND.)

[illegible] (၅၀၀) ခန့်၊ ထုထုထဲထဲ ပြည့်ပြည့်စုံစုံဖြင့် ထွက်နေပါပြီ။
တအုပ်- တဆယ့်ရှစ်ကျပ်
တဦးချင်း အလိုရှိသူများ တိုက်ရိုက်မှာကြားနိုင်ပါသည်။

**စပယ်ဦးစာပေဖြန့်ချိရေး**
အမှတ် ၂၄၅/၂၄၇၊ ဘားလမ်း၊ ရန်ကုန်မြို့။ (ဖုန်း [illegible])

စာမူကြိုတင်ခွင့်ပြုချက် (၀၁၀)

စာပေစေတနာ-စာပေဝါသနာ မရှိခဲ့ယင်
ကနေ့လိုအချိန်မှာ ဒီစာအုပ်မျိုး ထွက်လာနိုင်မည် မဟုတ်ပါ။
ဒါကြောင့်
စပယ်ဦးမှ စာပေဝါသနာ၊ စာပေစေတနာ ရှေ့ထား၍
တစုဘပေါင်းတည်း (အစ-အဆုံး) ရိုက်နှိပ်လိုက်ပါပြီ။
ဝယ်လို့မရ၊ ရှာလို့မရ၊ ကုန်ကုန်ပြောမယ်၊ ငှားဖတ်လို့တောင်
မရနိုင်တော့တဲ့ စာအုပ်ကို ဖတ်ဖြစ်အောင် ဖတ်ကြည့်စမ်းပါ။

# ဆရာကြီး ရွှေဥဒေါင်း

# တသက်တာမှတ်တမ်း

## နှင့်

# အတွေးအခေါ်များ

## (ပေါင်းချုပ်)

မဂ္ဂဇင်းဆိုက် အရွယ်ကြီး ဆိုက်ကြီး၊
စာမျက်နှာ (၈၀၀) ကျော်၊ ထူထူထဲထဲ၊ ခန့်ခန့်ညားညား

တအုပ်-ငါးဆယ်ကျပ်

တဦးချင်းအလိုရှိသူများ တိုက်ရိုက် မှာကြားနိုင်ပါပြီ။

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း၊ ရန်ကုန်မြို့။ ဖုန်း-(၇၆၃၇၀)

စာမူကြိုတင်ခွင့်ပြုချက်အမှတ် (၀၂၄၄)

အခြေခံအထက်တန်းမှ ဘွဲ့ရ ဘွဲ့လွန်တန်းများအထိ
အင်္ဂလိပ်စာ သင်ကြားနေသူတို့သာမက
အင်္ဂလိပ်စာကို တသက်လုံး လေ့လာနေသူတို့ပါ လေ့လာနိုင်သည့်
အင်္ဂလိပ်သဒ္ဒါ ကျမ်းကြီးဖြစ်သည်။

အင်္ဂလိပ်စာသင်ရာတွင်
အဘိဓာန် လိုအပ်သည်နှင့်အမျှ လိုအပ်သော

# တက်တိုး

# အင်္ဂလိပ်သဒ္ဒါ နှင့် အင်္ဂလိပ်စာ

[illegible]

# TET TOE'S
# LESSONS IN ENGLISH GRAMMAR & COMPOSITION.

[illegible]
[illegible]

သာမန်ကျောင်းသုံး မဟုတ်။ အင်္ဂလိပ်စာ လေ့လာသူအားလုံး
အတွက် သဒ္ဒါကျမ်းကြီးအဖြစ် ထွက်နေပါပြီ။

စာပယ်ဦး စာပေဖြန့်ချိရေး
အမှတ် ၂၃၁/၂၃၃၊ ဘားလမ်း၊ ရန်ကုန်မြို့၊ (ဖုန်း ၇၆၁၇၈)

စာမူကြိုတင်ခွင့်ပြုချက်အမှတ် (၀၇၇၈)

ခပ်သိမ်းကုန်သော ရုပ်ဝတ္ထု၊ နာမ်ဝတ္ထု အစုစုတို့ကား
အနိစ္စနှင့် အနတ္တချည်းသာလျှင် ဖြစ်ကုန်၏-ဟု
ဗုဒ္ဓက ညွှန်ပြတော်မူ၏။

"အို.... ဂေါတမ၊ ဝဋ်ဆင်းရဲဟူသည်ကား သမုဒ္ဒရာကြီးနှင့် တူပေစွ၊ ထိုဝဋ်ဆင်းရဲဟူသော သမုဒ္ဒရာကြီးကို အဘယ်သို့သော အခြင်းအရာ၊ အဘယ် သို သော နည်း ဖြင့် လွတ်မြောက်အောင် ကူးခတ်နိုင်ပါမည်နည်း"ဟု အာဠဝကဘီလူးက မေးလျှောက်လေရာ လောကသုံးပါး၌ ပူဇော်အထူးခံ ဗုဒ္ဓဘုရားရှင်သည် ကြမ်းတမ်းရိုင်းပြသူ တို့အား ယဉ်ပါးအောင် ဆုံးမတော်မူနိုင်ပေ၏။

# ဗုဒ္ဓကိုယ်တိုင်ဖြေကြားခဲ့ရသော

# မေးခွန်းနှင့်ပြဿနာများ

## ဒဂုန်ဦးစန်းငွေ

ဗုဒ္ဓစာပေ၊ ဗုဒ္ဓအမွေရှာမှီးသူများ၊ ဗုဒ္ဓဝင်စာပေ နှစ်သက်သူများအတွက်
အထူးထုတ် ဘာသာရေးစာအုပ်။
စပယ်ဦးစာပေ၏မူအတိုင်း အတွင်းသရုပ်ဖော်ပုံပေါင်းများစွာဖြင့်
သေသေသပ်သပ် ခန့်ခန့်ညားညားနှင့် ထွက်ပါပြီ။
အရွယ်ကြီး ဆိုက်ကြီး၊ ဂျပ်ကတ်နှစ်ထပ်ဖုံး။
တအုပ် — သုံးဆယ့်ငါးကျပ်။
တဦးချင်း အလိုရှိသူများ တိုက်ရိုက်မှာကြားနိုင်ပါပြီ။
စပယ်ဦးစာပေဖြန့်ချီရေး
အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း၊ ရန်ကုန်မြို့။ (ဖုန်း ၇၆၃၇၈)

ဘာသာရေးစာမူ ကြိုတင်ခွင့်ပြုချက် အမှတ် (၀၃၄)

ဤစာအုပ်သည် ဗုဒ္ဓဓမ္မကို ဗိုဗိုပြင်ပြင် သိမြင်၍
စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခအမျိုးမျိုးမှ လွတ်မြောက်စေမည်။

ဗုဒ္ဓရှင်တော်မြတ်သည် မှန်ကန်သော သစ္စာဓမ္မဖြင့် လူသားတို့အား
လောဘ ဒေါသ မာန်မာနများ ခေါင်းပါးချုပ်ငြိမ်းအောင် ဟောကြား
ညွှန်ပြတော်မူခဲ့ပေ၏။

# ဗုဒ္ဓ၏ ကိုယ်တွေ့ဝတ္ထုများ

## (ပေါင်းချုပ်)

## ဓမ္မာစရိယ ဦးယောင်ဖောင်လေး

ဗုဒ္ဓ၏ ဓမ္မတရားများသည် နောင်တမလွန် ဘဝအတွက်သာ
အားကိုးအားထား ပြုရသည်မဟုတ်၊ မျက်မှောက်ဘဝ၌လည်း
ဒိဋ္ဌဓမ္မ အကျိုးပေး၏။

စပယ်ဦးစာပေ၏ မူအတိုင်း အတွင်း သရုပ်ဖော် ပုံပေါင်းများစွာဖြင့်
သေသေသပ်သပ် ခန့်ခန့်ညားညားနှင့် ထွက်နေပါပြီ။

အား [illegible] ကြီး [illegible] ( ၁၁) ခန်း။

ဘာသာ - [illegible]

စပယ်ဦးစာပေဖြန့်ချိရေး

အမှတ် [illegible]၊ ဘားလမ်း၊ ရန်ကုန်မြို့။ (ဖုန်း- [illegible])

စာမူကြိုတင်ခွင့်ပြုချက်အမှတ် (၀၉၈)

၁၉၈၀ ပြည့်နှစ်

အမျိုးသားစာပေ (ဘာသာပြန်) ဆုရ စာအုပ်

ဉာဏ်ဒွန္ဒယာမှာ....ကိုယ်က သူများကိုနိုင်လျှင်

ကိုယ့်ကိုလည်း အလွှာအရှင်မြတ်က နိုင်တတ်ပါသည်။

* ဆရာကြီးသခင်ဘသောင်း ဘာသာမပြန်ရသေးသော ပုံဝတ္ထုများကို မြန်မာစာပေတွင် ‘ဇဆောင့်တည’ ဝတ္ထုများ (အစ-အဆုံး) ရှိစေရန် စပယ်ဦးစာပေမှ ဆက်လက် စီစဉ်ထုတ်ဝေသွားပါမည်။

# ဇဆောင့်တည

## ပုံပြင်များ

## ကျော်လှိုင်ဦး -မြန်မာပြန်-

အမှတ် (၁) အမှတ် (၂) အမှတ် (၃)

အတွင်းသရုပ်ဖော် ပုံပေါင်းများစွာဖြင့်-

မြိုင်မြိုင်ဆိုင်ဆိုင် ထူးထူးခြားခြားနှင့် ထွက်နေပါပြီ။

တဦးချင်းအလိုရှိသူများ တိုက်ရိုက်မှာကြားနိုင်ပါပြီ။

စပယ်ဦးစာပေဖြန့်ချီရေး

အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း၊ ရန်ကုန်မြို့။ (၇၆၃၇၀)

စာမူကြိုတင် ခွင့်ပြုချက်အမှတ်(၉၅၄)

**အမြတ်အစွန်းကို အဓိကမထားပဲ မိခင်မြတ်နိုးသူများ**

**မိခင်ကိုးကွယ်သူများအတွက် အထူးထုတ်ဝေသည့် စာအုပ်။**

**အမေ့မေတ္တာ၊ အမေ့စေတနာ၊ အမေ့ကျေးဇူးကို တသသ**

**ဖြစ်နေသူများ ဤစာအုပ်ကို အနည်းငယ် ရှုစမ်းဖတ်ကြည့်ပါ။**

★ ဤလောက၌ သင့်အပေါ် ဇနီးမယားထက် ကောင်းမွန်သောသူ တဦး ရှိ၏။ ထိုသူသည် သင်၏မိခင်တည်း။ မိခင်ကောင်းတယောက်၏ နှုတ်ရည်သည် ဆရာပေါင်း မြောက်မြားစွာ၏ နှမ်းရည်နှင့် ညီမျှ၏။

★ ယနေ့ ကမ္ဘာပေါ်တွင် အောင်မြင်ကျော်ကြား ကြီးမြင့်ခဲ့ဖူး သောနေပြီဖြစ်သော ပုဂ္ဂိုလ်ကြီးများကို ၎င်းတို့၏မိခင်များက ပြုပြင်ခန့်ထည်ခဲ့ကြ၏။

★ မိဘကို မိဘမှန်းမသိပဲ လေလွင့်တေလေနေသည့် လူငယ်လူရွယ်များအား ဤစာအုပ်မှ စာမျက်နှာ အနည်းငယ် ဖတ်ခိုင်းကြည့်ပါ။ မကြာမီ ပြုပြင် ပြောင်းလဲ၍ လိမ္မာရေးခြား ရှိလာမည်ဟု ခံဝံ့ကြွ ဆိုလိုက်ပါသည်။

# အမေနှင့် အမေ့အကြောင်း

## ချစ်စံဝင်း

အဖုံးသရုပ်ဆောင် ပန်းချီပေါင်းများစွာဖြင့် ခန့်ခန့်ညားညား ထွက်နေပါပြီ။
ဆိုင်တိုင်းမှာ မေးဝယ်နိုင်ပါသည်။

တဦးချင်း အလိုရှိသူများ တိုက်ရိုက်မှာကြားနိုင်ပါသည်။

**ဝပယ်ဦးစာပေဖြန့်ချိရေး**

အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း၊ ရန်ကုန်မြို့။ (ဖုန်း-၇၆၃၇၀)

## စပယ်ဦးစာပေဖြန့်ချိရေး
## မှာယူရရှိနိုင်သေးသော စာအုပ်များ


| စဉ် | စာရေးဆရာ | စာအုပ်အမည် | တန်ဖိုး |
|---|---|---|---|
| ၁။ | ဆရာကြီးရွှေဥဒေါင်း | တသက်တာမှတ်တမ်းနှင့် အတွေးအခေါ်များပေါင်းချုပ် | ၅၀ |
| ၂။ | ချစ်စံဝင်း | အမေနှင့် အမေ့အကြောင်း | ၃၅ |
| ၃။ | ကျော်လှိုင်ဦး | တထောင့်တညပုံပြင်များ (၁) | ၃၅ |
| ၄။ | ကျော်လှိုင်ဦး | ။ ။ (၂) | ၃၀ |
| ၅။ | ကျော်လှိုင်ဦး | ။ ။ (၃) | ၃၀ |
| ၆။ | စိုးမြိုင် | ရှားလော့ဟုမ်း (ပေါင်းချုပ်) | ၄၀ |
| ၇။ | ဒု-ဗိုလ်မှူးကြီးသောင်းထိုက် | မဟာဇမ္ဗူဟာ | ၂၅ |
| ၈။ | အရှင်ဇဋ္ဌသီရိ | မြတ်ဗုဒ္ဓ၏ သားတော်ရာဟုလာ (ရုပ်စုံ) | ၈ |
| ၉။ | အရှင်ဇဋ္ဌသီရိ | ညီတော်နန္ဒနှင့် ဇနပဒကလျာဏီ (ရုပ်စုံ) | ၈ |
| ၁၀။ | သိန်းဖေမြင့် | အရှေ့ကနေဝန်းထွက်သည့်ပမာ | ၅၀ |
| ၁၁။ | တက္ကသိုလ်နေဝင်း | ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်း | ၁၅ |
| ၁၂။ | စပယ်ဦးစာတည်းအဖွဲ့ဝင်- | ကမ္ဘာ့အံ့ဖွယ်မှတ်တမ်း | ၃၀ |
| ၁၃။ | မောင်စင်ကြယ် | အမေရိကန် အိမ်ဖြူတော်မှ သမ္မတကြီးများ (အတ္ထုပ္ပတ္တိ) | ၄၀ |
| ၁၄။ | မောင်စင်ကြယ် | အမေရိကန်သမ္မတကတော်များ | ၃၀ |
| ၁၅။ | နယည် | ပန်းဟောင်းလယ်နှင့် အခြားကဗျာများ | ၆ |
| ၁၆။ | နယည် | အလှပန်းဘုပွင့်နှင့်အခြားပုံပြင်များ | ၆ |
| ၁၇။ | ဇော်ဂျီ | လက်ရွေးစင်မြန်မာဝတ္ထုတိုများ | ၅ |
| ၁၈။ | ဆရာစန္ဒြ | ဘဝခရီးနှင့် အတွေ့အကြုံများ | ၃၅ |
| ၁၉။ | ဆရာစန္ဒြ | ကမ္ဘာ့ထိပ်သီးပုဂ္ဂိုလ်ကြီးများနှင့် ကိုယ်ခိုက်ကိုယ်တွေ့ | ၃၀ |
| ၂၀။ | မောင်ထင် | ဂါလီဗာ၏ခရီးစဉ် | ၁၀ |
| ၂၁။ | မောင်ထင် | ယောမင်းကြီးဦးဘိုးလှိုင် (အတ္ထုပ္ပတ္တိ) နှင့် ရာဇဓမ္မသင်္ဂဟကျမ်း | ၁၆ |

| စဉ် | စာရေးဆရာ | စာအုပ်အမည် | တန်ဖိုး |
|---|---|---|---|
| ၂၂။ | ဒေါက်တာနေဝင်း<br>ဒေါက်တာအုန်းမောင် | အခြေခံစ်ဘ်ရောဂါပညာ | ၁၈ |
| ၂၃။ | ဒေါက်တာအုန်းမောင် | အိမ်မွေ့ရပညာ | ၈ |
| ၂၄။ | သန်းလှိုင် စီစဉ်သည် | ခေတ်ဟောင်းတေးပေါင်းချုပ် | ၂၅ |
| ၂၅။ | ခမ္မာစရိယ ဦးမောင်မောင်လေး | ဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုများ | ၄၅ |
| ၂၆။ | ခမ္မာစရိယ ဦးမောင်မောင်လေး | ဗုဒ္ဓဝါဒအခြေပြ | ၁၅ |
| ၂၇။ | တက်တိုး | သောကကင်းဝေးနေနိုင်ရေး | ၂၅ |
| ၂၈။ | တက်တိုး | အင်္ဂလိပ်ဘာသာသိမှတ်စရာ (၂) | ၇ |
| ၂၉။ | တက်တိုး | အင်္ဂလိပ်စာသင်ကြားမှုနည်းပြစာစဉ်များ | ၂၅ |
| ၃၀။ | တက်တိုး | အင်္ဂလိပ်သဒ္ဒါနှင့် အင်္ဂလိပ်စာအရေးအသား | ၆၀ |
| ၃၁။ | တက်တိုး | ဥရောပဒဿနိကသုံးပုဒ် | ၈ |
| ၃၂။ | ဦးဖြူ | အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ | ၁၅ |
| ၃၃။ | တက္ကသိုလ်စန်း | နှစ်ဆယ်ရာစုနှစ် မြန်မာ့စာစီစာကုံးများ | ၁၀ |
| ၃၄။ | ဦးတင်မောင်ရင်<br>(မဟာဝိဇ္ဇာ) | သိပ္ပံပေါ်မင်း နှင့် အင်းဝမြို့သား<br>ဒပ်ဖရင် | ၁၅ |
| ၃၅။ | မင်းသုဝဏ် | ဟိုက္ကုကဗျာမြည်းစရာ | ၅ |
| ၃၆။ | ဦး ဝင်းမေ | ကိုင်နှို၏ တကယ်အတွေ့အကြုံ<br>ကိုယ်တွေ့မှတ်တမ်းများ | ၁၅ |
| ၃၇။ | ဒေါက်တာ [illegible] | ဂျပန်ခေတ်ဆေးရုံကြီးပေါ်ဝယ် | ၂၅ |
| ၃၈။ | မောင် [illegible] ကြွယ် | [illegible]နှံဘဝမှာ ဘဝ်၏<br>ခြုံငုံမှာ [illegible] | ၂ |
| ၃၉။ | [illegible] | [illegible] | ၁၅ |
| ၄၀။ | [illegible] | [illegible] | ၁၅ |
| ၄၁။ | [illegible] | [illegible] | ၁၅ |
| ၄၂။ | [illegible] | [illegible] | ၁၅ |


[illegible] တို့ [illegible] နိုင်ပါသည်။

စပယ်ဦး စာပေဖြန့်ချိရေး

[illegible] /၂၃၇ [illegible] (ဖုန်း - [illegible])

အရှော်

# ဂုဏ်တော်တန်ခိုး

နှင့်

# သိဒ္ဓိဆမျိုးများ

° ၁၃၁၈ °